

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၆၅၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၂၅၀၅၁၂ |
| ထုတ်ဝေခြင်း | - | ၂၀၁၂ ခုနှစ်၊ ဇွန်လ ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | - | L လင်း |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | - | ဦးနေမျိုး နေမျိုးစာပဒေသာ အမှတ် (၁)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဦးတင်ဝင်း(မြ-၀၉၄၇၁) မဟာမိဒီယာပုံနှိပ်တိုက်၊ အမှတ် ၃၁၅၊ ကန်သာယာ ၂ လမ်း၊ ကျည်ဝ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊ အမှတ် (၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။ |

ဂ၉၅·၈၃

မဒီခင်လေး

ပန်း၊ လိပ်ပြာ၊ ဝတ်ရည်ချို/ မဒီခင်လေး။ - ရန်ကုန် ၊ နေမျိုးစာပဒေသာ၊ ၂၀၁၂။

(၂၈၈) စာ၊ ၁၂·၂ × ၁၈·၁ စင်တီ။

(၁) ပန်း၊ လိပ်ပြာ၊ ဝတ်ရည်ချို

ပုညခင်စာအုပ်တိုက်

# မဒီခင်လေး

# ပန်း၊ လိပ်ပြာ၊ ဝတ်ရည်ချို



www.burmeseclassic.com

www.burmeseclassic.com





လိပ်ပြာလေးတွေဟာ ပန်းကလေးတွေဆီက
အများကြီး မတောင်းဆိုတတ်ကြပါဘူး။
သူတို့ တစ်ခုပဲ တောင်းဆိုကြတာပါ...
အဲဒါက ...
ပန်းကလေးတွေရဲ့ ရင်ခွင်မှာ
အစဉ်သဖြင့် ချိုမြိုတဲ့ ဝတ်ရည်ချိုကလေးတွေ
စုဆောင်းထားပေးဖို့ပါပဲ ...
ပန်းကလေး ပေးတဲ့ ဝတ်ရည်ကသာ
လိပ်ပြာလေးရဲ့ အသက်ဖြစ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

* * *

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ပန်းမွှေးခတ္တာပါရှင်"

"ပန်းမွှေးခတ္တာလား"

"ဟုတ်ကဲ့ရှင် ..."

ထင်လကျော် မျက်ခုံးကို ဆတ်ပစ်လိုက်ပြီး ကောင်မလေးကို အကဲခတ်လိုက်သည်။

ဆံပင်လေးက ကုပ်ပိုးကလေးပေါ်မှာ ကုတ်ကုတ်အိအိကလေးထောက်နေပြီး ရှေ့ဆံမြိတ်က မျက်ခုံးအုပ်အုပ် အတိကလေး ညှပ်ထားသည်။ မျက်ခုံးပါးပါး ရှည်ရှည်ကြီးနဲ့ မျက်အိမ်ကျယ်ကြီးတို့ကို ဝိုင်းဖွဲ့ထားတဲ့ မျက်တောင်ရှည်ကော့ကော့ကြီးများကြောင့် ကလေးဆိုပေမယ့် ညို့အားတစ်မျိုးကတော့ ရှိနေသည်။ နှာတံကလေးက ချွန်စင်းပြီး နှုတ်ခမ်း ထူဖောင်းဖောင်း ကလေးမို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်နေရင်တောင် မသိမသာလေး ပြုံးနေပုံ ပေါ်နေပါသည်။

တောက်ပတဲ့ မျက်ဝန်းဆိုပေမယ့် ကလေးဆိုမှာ စိုးရိမ်စိတ်ကလေး ဝင်နေမှန်း သိသာနေသည်။

ထင်လကျာကို မော်ကြည့်နေတဲ့ မျက်ဝန်းလေးက စိုးထိတ်မှိုင်းဆေနေပြီး နှုတ်ခမ်းကလေးက ဟန်ဆောင်ပြုံးနေခဲ့သည်။

ကလေးက ပြုံးပြပေမယ့် သူကတော့ ပြုံးနေမှာ မဟုတ်တာ သေချာလေသည်။

"မင်း အသက် ဘယ်နှစ်နှစ်ရှိပြီလဲ"

"ဆယ်နှစ်ပါ ..."

လက်ချောင်းကလေး ဆယ်ချောင်း ကားပြပြီး သွက်သွက်ကလေးပြောရှာပါသည်။ ဆယ်နှစ်ဆိုတော့ သူ့ထက်ဆယ်နှစ်ငယ်ပြီး ညီမလေး ခင်လကျာထက်တော့ တစ်နှစ်ငယ်သည်။

"မင်း ... ပျော်နေလား"

ထင်လကျာကို တစ်ချိန်လုံး သိမ်သိမ်ငယ်ငယ် ပြုံးပြနေပေမယ့် ဒီအမေးကြောင့် ကောင်မလေး မျက်နှာ လျှပ်တစ်ပြက် တင်းထန်သွားသည်။ ဒါပေမယ့် ခဏလေးသာ ဖြစ်သည်။ ချက်ချင်း ပြန်ပြုံးခေါင်းငုံ့သွားပြီး သူ့ရှေ့က ရှိုရှိုကျိုးကျိုးလေး ထွက်သွားလေသည်။

ရေကူးကန်လေးရဲ့ ဆောင်ပေါ်မှာ ဖင်တလွဲလေး ထိုင်ပြီး ကန်ထဲကိုပဲ အာရုံစိုက် ငုံ့ကြည့်နေသည်။





သူကတော့ ခြံအနောက်ဘက် အိမ်တန်းလျားလေးဘက် လျှောက်လာခဲ့သည်။ အိမ်တန်းလျားမှာ ဘကြီးကျော်နှင့် ဒေါ်ကြီးတို့ ရှိနေမည်လား။

သူ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာခဲ့သည်။

အိမ်တန်းလျားလေးက သူတို့နေသည့် အိမ်ကြီးနှင့် ယှဉ်လျှင် အလွန်ပင် သေးသိမ်လွန်းလှသည်။ သူတို့အိမ်အဖြူရောင်ရဲ့တိုက်ကြီးပေါ်မှာ ဒက်ဒီ ခွန်လကျာရယ်၊ သူ ထင်လကျာရယ်၊ ညီမလေး ခင်လကျာရယ် ... သုံးယောက်တည်း နေခဲ့ရတာ မာမီဆုံးပြီးကတည်းကဆို ငါးနှစ်တောင် ရှိပြီပေါ့ ...။

မာမီရှိတုန်းကတော့ စည်ကားနေခဲ့သည်။ မိသားစုသိုက်သိုက်ဝန်းဝန်း စည်ကားသည်ဆိုတာထက် မာမီရဲ့ ပါတနာများနှင့် ပါတီပွဲ ကျင်းပနေ၍ စည်ကားသည်က ပိုများပါသည်။

မာမီက ဒက်ဒီ့ကိုလည်း မချစ်၊ ဒက်ဒီနှင့် ရသည့် ဆင့်ကိုလည်း သားရယ်ဟုပင် လှိုက်လှိုက်လှဲလှဲ ခေါ်ဖူးခဲ့တာ [illegible]ပါတယ်။

"ဟဲ့ ... ကောင်လေး မာမီ့နား လာစမ်း"

မာမီ မွှေးမွှေး ခံချင်လွန်းလို့ စောင့်နေရင်တောင် သူ့အလှပြင်တာ ရှုပ်နေတယ်ဆိုပြီး အော်ငေါက်ချင် ငေါက်တတ် [illegible] ...။

လူကြီးကို ရိုသေရတယ်၊ ငယ်သူကို လေးစားရမယ် [illegible]ကောင်းကောင်း ဆက်ဆံရမယ်လို့ ယောင်ပြီးတောင် ဆုံးမ[illegible]တဲ့



www.burmeseclassic.com

www.burmeseclassic.com



မာမီမျိုး မဟုတ်။ ကိုယ်ဝန်ရှိလို့ မွေးပေးပြီး ထွက်သွားတာနဲ့ ပြီးရောဆိုတဲ့ စိတ်မျိုးနဲ့ မာမီက မွေးထုတ် ...။

ဒက်ဒီက ချမ်းသာကြီးပွားသထက် ကြီးပွားအောင် လုပ်ရင်း ထင်လက်ျာကို ဘကြီးကျော်တို့ လင်မယားနဲ့ပဲ တစ်နေ့ ကုန် တစ်နေခန်း ထားရစ်ခဲ့တဲ့ ဘဝမှာ ကြီးပြင်းလာရပြီး ကိုးနှစ် လောက်အကြာမှာ ညီမလေး ခင်လက်ျာကို မာမီ ထပ်မွေးခဲ့သည်။

ထင့်လို ခင်လက်ျာ အထီးကျန်မှာစိုး၍ ခင်လက်ျာ လေးကို ထင် လိုတာထက် ပိုဂရုစိုက်၊ အလိုလိုက်ခဲ့သည်။

ခင်က ဦးစားပေးခံရလွန်းသဖြင့် ကျောင်းမှာပါ သူငယ်ချင်းများအကြား အနိုင်ကျင့်တတ်လာခဲ့သော်လည်း ထင် လွှတ်ပေးထားခဲ့သည်။

ခင် ငါးနှစ်ကျော်ကျော်လေးမှာပဲ မာမီ သူ့ကိုယ်သူ သတ်သေသွားခဲ့သည်။ ထင်တို့ တိုက်ရဲ့ ဘားလှေကားကနေ အောက်ကို ခုန်ချပစ်ခဲ့သည်လေ ...။

ပွဲချင်းပြီး သေဆုံးသွားတဲ့ မာမီ့ကို ခင်လေးက တစ်ချက်လေးမှတောင် မတ ...။ ဘယ်တပ့ါမလဲ ...။ မာမီက စပ်စပ်စုစု သူ့ပစ္စည်းတွေ ဆွဲထုတ်၊ သွန်မှောက် ဆော့ကစားတဲ့ ခင့်ကို ကလေးနဲ့မတန်အောင် ခဏခဏ ကြိမ်ဖန်များစွာ ရိုက်နှက် ခဲ့ဖူးတာကိုး ...။

ထင့်မှာသာ ရုပ်ပျက်နေတဲ့ မာမီ့ကို မကြည့်ရက်နိုင် အောင် သနားပြီး မာမီ့အတွက် ဆွမ်းသွတ်၊ တရားနာ၊ အမျှဝေ





မေတ္တာပို့ခြင်းတွေကို ဘကြီးကျော်တို့နဲ့ တိုင်ပင်ပြီး လှူကြီးလို လုပ်ကိုင်ခဲ့ရတာ ...။

ဒက်ဒီကလည်း ချစ်လို့ရထားတာ မဟုတ်တဲ့အပြင် သူ့အပေါ်မကြင်နာသော ဇနီးမယား သေလည်းအေးတယ်သဘော ဖြင့် မာမီ့ ရက်လည်ပြီးသည်နှင့် ခရီးဝေးကိုပင် ထွက်သွားပြီး လုပ်ငန်းတိုးချဲ့သည်။

မာမီ ဘာလို့ ကိုယ့်ကိုယ်ကို သတ်သေသည်ဆိုတာ ကိုတော့ ဒက်ဒီလည်း မသိခဲ့တော့ ထင်တို့ပါ မသိခဲ့ရတော့။

ဒါပေမယ့် 'ဒက်ဒီနဲ့တော့ အရှုပ်အရှင်း ကင်းတယ် သား' လို့တော့ ဒက်ဒီ အာမခံနိုင်ခဲ့သည်။

"တစ်ခုခုနေမှာပေါ့၊ သူ့ရည်းစားဟောင်းတွေကြောင့်လား၊ သူ့လောင်းကစားကြွေးတွေကြောင့်လား၊ ဆေးဝါးများပွင်း သုံးစွဲမှုကြောင့်လား၊ တစ်ခုခုပေါ့ သားရယ်"

ဒက်ဒီက အဖြေအတိအကျမပေးနိုင်ဘဲ မာမီ့သေဆုံး ခဲ့ရပါသည်။

မာမီ သေဆုံးပြီးကတည်းက ထင်တို့ အိမ်ကြီးက ခြောက်သွေ့တိတ်ဆိတ်နေခဲ့ရတာ ဖြစ်သည်။

ဒက်ဒီက ရက်ရှည်လများ ခရီးထွက်နေတတ်သဖြင့် ထင် ဆယ်တန်းကိုတောင် ကိုယ့်ဘာသာ ကျက်မှတ် ဖြေဆိုခဲ့ရ သည်။

သူငွေးသားချင်း အတူတူတောင် သူများတွေက



www.burmeseclassic.com

www.burmeseclassic.com



ကလေးလိုပဲ မိဘထားတဲ့ ကျူရှင်၊ မိဘရှာပေးတဲ့ ဂိုက် (guide) ဖြင့် အဆင်သင့်နေကြရပြီး ထင်ကတော့ ကိုယ့်ဘာသာ guide တစ်ယောက် ငှားပြီး ကြိုးစားခဲ့ရသည်။

ထင်လကျာ ဆယ်တန်းအောင်တဲ့နေ့ကတော့ ဒက်ဒီ အတော်ကြီးပျော်ပြီး ထင်လကျာကို ချီးကျူးခဲ့ပါသည်။

ထင်လကျာ အမှတ်ကောင်းသဖြင့် ကြိုက်တဲ့ တက္ကသိုလ်ကို ဒက်ဒီ တက်ခွင့်ပေးခဲ့သဖြင့် ထင် ဂျပန်ဘာသာ စကားကို U. F. L မှာ သင်ကြားခဲ့ပြီး စီးပွားရေးကိုပါ တွဲလျက် လေ့လာသင်ယူခဲ့သည်။

ထင်တို့ မောင်နှမ နှစ်ယောက်ကတော့ ရန်လည်း မဖြစ်ဖူးသလို ကြင်လည်း မကြင်နာခဲ့ဖူးပေ။

ထင်က ခပ်တည်တည်နေတတ်ပေမယ့်ခင် တောင်း ဆိုလာရင်တော့ အလုံးစုံလုပ်ပေးခဲ့ပါသည်။ နောက်ဆုံးတော့ ထင်လကျာသည်လည်း ပညာကိုသာ တစိုက်မတ်မတ် ရှာဖွေနေ ခဲ့ပြီး အကြင်နာတရားနှင့် ဝေးကွာနေသောသူသာ ဖြစ်ခဲ့တော့ သည်။

ထင် ဒက်ဒီ့ ကုမ္ပဏီလုပ်ငန်းတွေကို လုပ်ကိုင်တတ်စ ပြုချိန်မှာပဲ ဒက်ဒီ့ သွေးတိုးရောဂါက အခြေအနေ ယိုယွင်းစပြုလာ ခဲ့ပြီး အိမ်မှာ အနားယူရသည့်ကိန်း ဆိုက်ခဲ့သည်။

ဒက်ဒီ ညွှန်ကြားချက်ဖြင့် နိုင်ငံပေါင်းစုံ လျှောက် သွား အုပ်ချုပ်နေရသော ဘဝကို ထင် ငယ်ငယ်ရွယ်ရွယ်နှင့် ရောက်ခဲ့ရသည်။





ထင် နိုင်ငံတကာ လှည့်လည်နေချိန်မှာပဲ ဒက်ဒီဟာ ဖူးစာရှင် နောက်တစ်ယောက်နှင့် ထပ်မံတွေ့ဆုံခဲ့တာဖြစ်သည်။

ဒက်ဒီက ဘယ်လောက်ထိ လှို့ဝှက်ခဲ့သလဲဆို ဒီနေ့ မနက် ၉ နာရီ ခြံထဲမှာ မင်္ဂလာဆည့်ခံပွဲ ကျင်းပမည်ဆိုလျှင် မနက် ၇ နာရီကျမှ ထင့်ကို ခေါ်ပြောခဲ့ခြင်းဖြစ်သည်။

ထင့်မှာ ကန့်ကွက်ဖို့လည်း အကြောင်းမရှိသလို အသိအမှတ်ပြုဖို့လည်း ဆန္ဒမရှိ ...။

ခင်ကတော့ ကလေးဆိုပေမယ့် ၁၁ နှစ်အရွယ်ဆိုတာ ခံစားနာကျင်တတ်ပြီဖြစ်သဖြင့် အခန်းအောင်း ငိုကြွေးရင်းဖြင့် ဆန္ဒပြနေခဲ့သည်။

ဒက်ဒီက ခင့်ကို ချော့ပေးဖို့ ထင့်ကိုပဲ တာဝန်လွှဲပြီး သူချစ်တယ်ဆိုတဲ့ အမျိုးသမီးနှင့် မင်္ဂလာဆောင်ဖို့ကိုပဲ စိုင်းပြင်း နေခဲ့ပါသည်။

"ပန်းနုကို ဒက်ဒီချစ်တယ် ထင်၊ ထင်တို့ မာမီနဲ့ ရေစက် ရှိခဲ့ပေမယ့် ဒက်ဒီ့မှာ ခံစားချက်မှ မရှိခဲ့တာ၊ ခု ပန်းနုက ဒက်ဒီ့ အချစ်ဦးပဲ ..."

တစ်ခါမှ ရင်မဖွင့်ဘူးတဲ့ ဒက်ဒီက ဒီနေ့မနက်မှ ရင်ဖွင့်ခဲ့သည်လေ ...။

"ပန်းနုက သမီးလေးတစ်ယောက် ရှိတယ်၊ ဒီနေ့ တစ်ခါ တည်း ပါလာလိမ့်မယ်၊ ကောင်းကောင်း ဆက်ဆံပါနော်၊ ခင့်ကိုလည်း မှာထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ မယားပါ သမီးပေါ့ ...။ ဤကလေးမ နာမည်က ပန်းမွှေးခတ္တာ ဆိုပါလား။

ဒက်ဒီနဲ့ သူ့မိန်းမတို့ ခြံထဲရောက်လာကတည်းက ထင်က ခင့် အခန်းကနေ ခင်နဲ့အတူ အကဲခတ်နေခဲ့တာပဲ ...။

ဒက်ဒီ့ မယားပါ သမီး ငယ်ငယ်လေးက ဂါဝန် ကားကားလေးနဲ့ သူ့အမေလက်ကို တန်းလန်းဆွဲပြီး ပါလာခဲ့သည်။ ဒက်ဒီတို့ ရှေ့နေကြီးရှေ့မှာ လက်မှတ်ထိုးနေကြချိန်မှာ ဒီကလေးမက တိုက်ထဲ လိုက်မဝင်ဘဲ ရေကူးကန်ဘေးမှာ ထိုင်ငေးနေခဲ့တာပေါ့ ...။

ညှော်သည်တွေ တဖွဲဖွဲဝင်လာလည်း သူမက ခပ်အေးအေးပဲ ဟိုဟိုဒီဒီ ငေးလို့ အေးစက်နေခဲ့တာပဲ။

ခင့် အခန်းကနေ ထွက်လာပြီး သူမ ရှိတဲ့ခြံထဲ ဆင်းခဲ့တဲ့ ထင့် ခြေလှမ်းတွေ သွက်နေခဲ့သလားလို့ ...။

သူမ ... ပန်းမွှေးခတ္တာ ပျော်နေလား၊ ကြေကွဲနေလား ထင် သိချင်နေသည်။

ခင်ဆို မိထွေးနှင့်နေရမှာ ကြောက်ပြီး အော်ငိုနေသည်။

ထင်လည်း မိထွေးကို မပြုံးပြချင် ဖြစ်နေသည်။

အဲသလို ခံစားချက်မျိုး ပန်းမွှေးခတ္တာဆီမှာ ရှိနေသလား။

ဒါမှမဟုတ် သူ့ဖွေးကြီးကို ပထွေးတော်ပြီး သူဖွေး





သမီးဘဝနှင့် နေရတော့မည်ကို အားရကျေနပ်နေသလား၊ ပျော်နေသလား ...။

ဒက်ဒီ့ မိန်းမကတော့ ပြုံးရယ်မဆုံး ရှိနေသည်။ သူ့ထက် ၁၅ နှစ်လောက်ကြီးတဲ့ ဒက်ဒီ့ကို သဘောကျသည် ဆိုကတည်းက ဒက်ဒီ့ စည်းစိမ် မမက်ပါဘူးဟု ထင့်ကိုမလိမ်နှင့်။ ဒါမျိုးတွေ ဂန္ထဝင်မြောက် ဝတ္ထုထဲတွေမှာ ကျန်ခဲ့ပြီ။

ဒေါ်ပန်းနုက ရယ်မောနေပြီး သူ့သမီးကလေးကတော့ တည်တည်ကလေး (နဂိုပြုံးပြီးသား နှုတ်ခမ်းကို ထည့်မတွေးလျှင်) ငြိမ်နေသည်မှာ စရိုက်ကွာနေသလိုလို ...။

"နှုတ်ဆက်ပြီးပြီလား လူလေးထင်"

ဘကြီးကျော်က ထင့် နောက်နားကို ကပ်လာပြီး မေးခွန်းထုတ်သဖြင့် ထင် နောက်လှည့်ကြည့်လိုက်သည်။

"ဘကြီးကျော်ကို ကျွန်တော် လာရှာနေတာ၊ အဲဒီကိစ္စပဲ ဘကြီး ... ကျွန်တော် နှုတ်ဆက်ရမလား၊ မနှုတ်ဆက်ရဘူးလား လာမေးတာ"

"နှုတ်ဆက်လိုက်ပါကွယ်၊ မိသားစုဝင် ဖြစ်လာပြီပဲ"

"မိသားစုဝင် ..."

ထင် လက်မခံနိုင်ပါ။ ပန်းမွှေးခတ္တာကို သူ့ညီမအဖြစ်၊ ဒေါ်ပန်းနုကို သူ့အမေအဖြစ် သူ ဘယ်တော့မှ အသိအမှတ် ပြုမှာမဟုတ်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

* * *

မွေးသည် ရေကူးကန်ဘောင်ပေါ် ဖင်တလွဲလေးထိုင်ကာ လက်ကလေးနှစ်ဖက်ကို ကျောက်ပြားပေါ် ပြန်ထောက်ပြီး ရေစိမ်းစိမ်းကလေးများကိုသာ စိုက်ကြည့်နေမိသည်။

မွေး စိတ်က တစ်စုံတစ်ယောက်ကို ကုတ်ဆွဲချင်လောက်အောင် ဆိုး၍နေသည်။

ကိုယ့်ရဲ့ တစ်ဦးတည်းသော မိခင်တစ်ယောက်လုံးကို တစ်ယောက်တည်း မူပိုင်ချစ်ခွင့်မရဘဲ ပထွေးတစ်ယောက်လက်ထဲ ထည့်ပေးဝေမျှလိုက်ရချိန်မှာ မွေးကိုများ 'ပျော်နေလား ...' တဲ့။

စိတ်နာလိုက်တာ ပြောမနေပါနဲ့တော့။

အရပ်ရှည်ရှည်၊ အသားညိုဖန့်ဖန့်နဲ့ အစ်ကိုကြီးတစ်ယောက်က မွေးဘာသာ အေးအေးလေးနေနေတာကို စကားလာပြောတာလေ။





အဲဒီအစ်ကိုကြီးက ဘယ်သူမှန်းလဲ မွေး မသိပါဘူး။ မွေးကို မေးခွန်းလာထုတ်နေလို့ မွေးက ကောင်းကောင်းပဲ ပြန်ဖြေခဲ့တာပါ။ သူ့ပုံစံက သူ့ဗွေးသားရုပ်ကလေးနှင့် သန့်သန့်ထည်ထည်ကလေးမို့ မွေးက လူကောင်းတစ်ယောက်လို့ ယူဆပြီး သူမေးသမျှ ဖြေတာပေါ့။

သူ့မျက်လုံးတွေကလည်း မွေးရဲ့ကိုကိုလိုပဲ နွေးထွေးနေခဲ့တယ်လို့ မွေး ခံစားလိုက်လို့ပါ။ ဒါပေမယ့် ...

"မင်း ပျော်နေလား"

ဆိုတဲ့ သူ့မေးလိုက်သံကတော့ မွေး ခံစားချက်တွေနဲ့ ဆန့်ကျင်ဘက်ကို ဖြစ်နေခဲ့ရတာပါပဲ။

မွေး ဘယ်အတွက်ကြောင့်များ ပျော်နိုင်ရမှာလဲရှင်။

မွေး ငါးနှစ်သမီးအရွယ်လောက်ကတည်းက မွေးကိုကိုနဲ့ ဖေဖေ ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးပါးခဲ့ကြတာလေ ...။

ဖေဖေနဲ့ ကိုကို ဆုံးတာ မတော်တဆ ဆိုပေမယ့် ဖေဖေတို့ကို ကားနှင့်တိုက်ခဲ့မိတဲ့ သူက အမျိုးသမီးတဲ့။

ထိုအမျိုးသမီးက လူသေမှုနဲ့ ထောင်ကျရမှာစိုးရိမ်ပြီး သူ့ကိုယ်သူ သတ်သေခဲ့တာတဲ့ ...။

မွေးမေမေမှာလေ နေ့နေ့ညည ငိုလိုက်ရတာ မွေး မှတ်မိနေတုန်းပဲ။ မေမေနဲ့ မွေးက ဖေဖေ မရှိတော့တာနဲ့ မလုပ်တတ်၊ မကိုင်တတ်ဘဝနဲ့ ဒုက္ခမျိုးစုံ ခံနေခဲ့ရတာ။ တစ်နှစ်လောက်ရှိမှာပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နောက်ပိုင်း မွေးနဲ့ မေမေ ပြန်ပြေလည်ခဲ့ပါတယ်။ အိမ်ကိုလည်း ဦးခွန်လကျ်ာဆိုတဲ့ လူတစ်ယောက် အမြဲတစေ ဝင်ထွက်လာခဲ့တယ်လေ။ ဦးခွန်လကျ်ာက မေမေ့ထက် အများကြီး အသက်ကြီးလို့ မေမေက 'ကိုကို' လို့ခေါ်တယ်။ အဲ့ဒီလို ရင်းနှီးခင်မင်ခဲ့ပြီး ခု မွေး ငါးတန်း တက်နေချိန်ကျမှ မေမေက မွေးကို ဖွင့်ပြောခဲ့တာလေ ...။

"မွေး ... မေမေ ဦးခွန်လကျ်ာကို လက်ထပ်တော့မယ်၊ ဦးခွန်လကျ်ာက မေမေနဲ့မွေးကို စောင့်ရှောက်ပေးလိမ့်မယ်"

"သူ မစောင့်ရှောက်လည်း နေလို့ရတာပဲ မဟုတ်လား မေမေ"

"နေလို့ပဲ ရမှာပေါ့ သမီးရဲ့၊ ဘယ်ကြီးပွားပါ့မလဲ၊ ဦးခွန်လကျ်ာက မေမေ့ကို သိပ်ချစ်တာ၊ အရင်ဘဝက ဝဋ်ကြွေးတွေလည်း ပါရင်ပါမှာပေါ့လေ၊ ဒီဘဝမှာတော့ ဦးခွန်လကျ်ာ မိန်းမ တင်ခဲ့တဲ့ အကြွေးတွေကို ဦးခွန်လကျ်ာက ကိုယ်စား အကြွေးဆပ်မယ့် သဘောပေါ့ကွယ်၊ မေမေနဲ့ မွေး အဆင်ပြေမှ မွေးဖေဖေနဲ့ ကိုကိုလည်း ဘဝကူးဖြောင့်မှာပေါ့"

မွေး ဘာမှနားမလည်နိုင်ပါ။ ဝဋ်တွေ၊ အကြွေးဆပ်တာတွေ မွေး ဘာမှမသိခဲ့ရပါဘူး။ မွေးသိတာ မေမေ လက်ထပ်ပြီ။ မွေး ပထွေးရပြီ။ ဦးခွန်လကျ်ာက မွေးဖြစ်ချင်တာ၊ လိုချင်တာ ဝယ်ချင်တာမှန်သမျှ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးနေခဲ့လည်း မွေးက ဖေဖေ့နေရာမှာ အစားမထိုးနိုင်။





ဦးခွန်လကျ်ာက မွေးကို ဘယ်လိုပဲ အလိုလိုက်ပေမယ့် မွေးမှာ သိမ်ငယ်စိတ်တော့ ရှိနေတာပဲလေ။

"မေမေရယ် ... မွေးတို့အိမ်လေးမှာပဲ ဆက်နေရအောင်လေ၊ ဦးခွန်လကျ်ာပါ ဒီအိမ်မှာ လာပြောင်းနေလိုက်ပေါ့"

မွေးက ကလေးပီပီ မွေးဖြစ်ချင်တာကို တောင်းဆိုလိုက်ပါသည်။

"ဟင်း ... ဟင်း ... ဘယ်ဖြစ်မလဲ မွေးရဲ့၊ ဦးခွန်လကျ်ာက မေမေ့ကို တရားဝင် လက်ထပ်တာ မွေးရဲ့၊ မေမေက ဦးခွန်လကျ်ာရဲ့ ဇနီး၊ မွေးက ဦးခွန်လကျ်ာရဲ့ သမီးအဖြစ် သီရိလက်ာ ဆိုတဲ့ အိမ်ကြီးမှာ လိုက်နေရမှာ"

ဟင့်အင်း ... မလိုက်ချင်ပါဘူး။

မွေး ရင်ထဲကသာ ငြင်းဆန်လိုက်ရပါသည်။ မေမေ့ဘာသာ လိုက်သွား၊ မွေးကတော့ အိမ်မှာပဲ နေခဲ့မယ်ရယ်လို့လည်း မပြောနိုင်။ မွေး ဒီအရွယ်ကလေးနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ် ဘယ်လိုရပ်တည်နိုင်ဦးမှာလဲ။ ပြီးတော့ သိပ်ချစ်တဲ့ မေမေ့ကိုလည်း မွေး မခွဲနိုင်ဘူးလေ ...။

ဒီလိုနဲ့ မေမေ ဝတ်ပေးတဲ့ အဝါနုရောင် ဂါဝန်ကားကားလေး တစ်ထည်ပဲ ဝတ်ပြီး သီရိလက်ာ ဆိုတဲ့ အိမ်ကြီးကို ရောက်ရှိခဲ့ရပါသည်။ ခြံဝိုင်းအကျယ်ကြီးထဲ ခြေချလိုက်တာနှင့် မွေးရဲ့စိတ်ကလေးမှာ အလိုလို အားငယ်သွားရသည်။

မေမေက ဦးခွန်လကျ်ာနှင့်အတူ မင်္ဂလာဆောင်ပွဲလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအတွက် အာရုံစိုက်နေချိန်မှာ မွေးကတော့ ဒီတိုက်ဖြူဖြူကြီးထဲမှာ နှစ်ပေါင်း ဘယ်လောက်ကြာကြာ နေရမလဲဆိုတာပဲ တွေးနေခဲ့ရပါသည်။

"ဦးခွန်လက်ျာမှာ သားနဲ့ သမီး ရှိတယ်၊ သူတို့ကို မွေးက ရိုရိုသေသေ ဆက်ဆံရမယ်နော်"

မွေး စိတ်မွန်းကျပ်စွာ မျိုသိပ် ခေါင်းညိတ်လိုက်ရပါသည်။

ညနေခံပွဲမှာ ဦးခွန်လက်ျာက မွေး လက်ကလေးတစ်ဖက်ကို ဆွဲပြီး ...

"ဒါ ... ကျုပ်သမီးပေါ့ဗျ၊ ကြည့်ပါဦး ... ချောရဲ့လားဗျ"

ဆိုပြီး မွေးကို ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးသည်။ လူကြီးတွေကို မွေးက အဆင်ပြေသလိုလေးပဲ ပြုံးပြလိုက်ရုံနှင့်ပြီးသည်။

ဦးခွန်လက်ျာရဲ့ သားနှင့် သမီးကိုတော့ ဘယ်နေရာမှာမှ မတွေ့ရ။ ဘယ်သူကမှလည်း မိတ်ဆက်မပေးကြပါ။

နေ့ခင်းဘက် နေ့လယ်စာ စားပြီးချိန်မှာတော့ မေမေနှင့် ဦးခွန်လက်ျာက မွေးရဲ့ အခန်းကလေးကို လိုက်ပို့ကြသည်။

မွေး အခန်းလေးမှာ မွေးပျံ့ကျယ်ဝန်းပြီး ခုတင်ကလည်း ဇာခြင်ထောင် ဖြူလွှလွှကလေးဖြင့် နတ်သမီး အိပ်ရာလေးနှင့် တူသည်။ ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ တီဗီ၊ ဒီဗီဒီစက်အစုံနှင့် စန္ဒရားကြီးတောင် ထည့်ထားသေးသည်။ နံရံကပ် မှန်ဗီရိုကြီးထဲတွင်တော့ အရုပ်များက အပြည့်အလျှံ နေရာယူထားသည်။





မွေးနေချင်သော ပုံစံကလေးမို့ မွေး ဟတ်ခနဲ ရယ်မောလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ဦးဦး"

"ကျေးဇူးတင်တယ်ဆို မွေးက ဒီနေ့ကစပြီး ဒက်ဒီ့ကို ဒက်ဒီလို့ပဲ ခေါ်ရမယ်နော်"

"ရှင် ..."

မွေးသည် နေရာမှာပဲ တောင့်တောင့်ကလေးရပ်ပြီး အကြာကြီး စဉ်းစားပြီးမှ ...

"ဟုတ်ကဲ့ ဒက်ဒီ ..."

ဟု ခေါ်လိုက်ရပါသည်။

မွေး မေမေက မျက်နှာကလေး ရွှင်ပြုံးလန်းဆန်းသွားတာပဲ မွေး ကျေနပ်ပါပြီ။ မွေး ပျော်တာ၊ မပျော်တာ ဘယ်သူကမှ မမေးစေလိုပါ။ မွေး မျိုသိပ်ထားလိုက်ပါမည်။

"မွေး အခန်းရဲ့ ကပ်ရပ်က ဒက်ဒီ့သား ထင့် အခန်း၊ ဟိုးဘက် စင်္ကြံတစ်ဖက်က တံခါးမှာ အရုပ်ကလေးဆွဲထားတဲ့ အခန်းက ခင့်အခန်း၊ ဒက်ဒီနဲ့ မွေးမေမေက အောက်ထပ် အခန်းမှာနေတယ်၊ ဟိုး ... အောက်ဘက်မှာတော့ မီးဖိုနဲ့ အလုပ်သမားတွေရဲ့ အခန်းရှိတယ်၊ မွေးတစ်ခုခုဆို လာပြောနော်၊ လိုတာရှိရင်လည်း ဘယ်သူ့ကိုမဆို ပြော၊ ခုတော့ မွေး နားလိုက်၊ ညနေကျရင် ဒက်ဒီတို့ မိသားစု Dinner လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်လကျာ မှာတဲ့အတိုင်း မွေး အခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရပါသည်။

တကယ်ဆိုရင်တော့ မေမေ့ရင်ခွင်ထဲမှာ မှီပြီး ဒီအိမ်ကြီးထဲက လူတွေအကြောင်း တတွတ်တွတ်မေးပြီး နေချင်သည်။

မေမေက mic ကိုင် သီချင်းဆိုလျှင် မွေးက ကွေးနေအောင် ကမည်။ ရေခဲသေတ္တာထဲက ဂျယ်လီဘူးတွေ ဖောက်၊ ဖောက်ပြီး စားမည်။ မုန့်တွေဝါးမည်။

ဪ ... ဒီအဖြစ်တွေ ဆုံးရှုံးလိုက်ရပြီပေါ့ ...။

❑ ❑ ❑



## အခန်း(၃)

✱ ✱ ✱

နေ့ခင်းဘက် ပျင်းလာသည်နှင့် ဟိုငေး ဒီငေး တွေးနေရာမှ မွေး အိပ်မောကျသွားခဲ့သည်။ မွေး အိပ်ရာနီးနီးချင်းပဲ ရေချိုးကာ ဗီရိုထဲမှာ အဆင်သင့် ဝယ်ထည့်ပေးထားတဲ့ ဂါဝန်လှလှလေး များစွာထဲကမှ အနီရောင်ရဲရဲကို ဝတ်ဆင်ကာ ဆံပင်အကုတ်ကလေးကို ပိုနီတေးပုံလေး စည်းနှောင်လိုက်သည်။

သနပ်ခါး ကျောက်ပြင် ရှာကြည့်သော်လည်း မတွေ့တဲ့အဆုံး မျက်နှာကို ပြောင်သလင်းလေးပဲ ထားလိုက်သည်။

"ဟဲလို ... ဒက်ဒီ့ သမီးငယ်လေး၊ ထမင်းစားရအောင်"

ဦးခွန်လကျာက ချိုသာသော အသံလေးဖြင့် မွေး အခန်းထဲသို့ ဝင်လာခဲ့သည်။

"ဟုတ်ကဲ့ ..."

ဦးခွန်လကျာ ကမ်းပေးသော လက်တစ်ဖက်အား



www.burmeseclassic.com

www.burmeseclassic.com



မွေး လှမ်းဆုပ်ကိုင်လိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ မွေးတို့ အခန်းပြင်ရောက်တာနှင့် မြင်ကွင်းထဲမှာ တစ်ဖက် စင်္ကြံမှ လျှောက်လှမ်းလာသော မေမေ့ကို တွေ့လိုက်ရသည်။

မေမေ့ကို တွေ့ရတာ ဝမ်းနည်းစရာမဟုတ်သော်လည်း မေမေ့ရှေ့က ခပ်တည်တည် မျက်နှာထားနှင့် လျှောက်လှမ်းလာသော ကောင်မလေးနှင့် မေမေ့ကို မြင်လိုက်ရတာကတော့ စိတ်မကောင်းစရာပင် ဖြစ်သည်။

မေမေက မွေးကို လှမ်းပြီး ပြုံးပြသဖြင့် မွေးလည်း ပြုံးပြလိုက်ရသည်။

မွေးတို့လည်း အခန်းရှေ့ စင်္ကြံကနေ လှေကားထိပ်ဆီ လျှောက်လာသလို မေမေနဲ့ ခင်တို့လည်း လျှောက်လာနေခဲ့သည်။

လှေကားထိပ် အရောက်မှာ မျက်နှာချင်းဆိုင် ဆုံတွေ့ကြသည့်တိုင် မွေးနှင့် ခင်တို့ ဆက်ဆံရေးမှာ အပြုံးပန်းများ တစ်ပွင့်မှ ပွင့်မလာခဲ့ပေ။

"ထမင်းစားခန်းထဲရောက်မှ ကလေးတွေကို မိတ်ဆက်ပေးရအောင် ပန်းနု"

"ဟုတ်ကဲ့ ... ကိုကို"

မွေးတို့အားလုံး ကိုယ့်နေရာနှင့်ကိုယ် နေရာယူပြီးကြချိန်မှာပဲ ခင်က မွေးဘေးမှာ ထိုင်နေရာကနေ ခေါက်ခနဲ ထလိုက်သည်။





"ဒက်ဒီ ... မာမီ့နေရာမှာ ခင် ထိုင်မယ်"

ခင့်စကားက ဘယ်လိုကြီးပါလိမ့်။ ဒက်ဒီနဲ့ ကပ်ရပ်က သူ့မာမီနေရာ ဖြစ်ခဲ့တဲ့အတွက် ခု ဒက်ဒီဇနီးဖြစ်တဲ့ မေမေ ထိုင်နေတာ ပြီးရောပေါ့ ...။ သူက ဘာသဘောနဲ့ ထိုင်မှာပါလိမ့် ...။

"အေး ... လာပါ ခင်၊ မာမီ ဖယ်ပေးပါ့မယ်"

မွေး မေမေက ထိုင်နေရာမှ ထလိုက်ပြီး ခင့်ကို ဦးစားပေးနေသည်။

"မာမီလို့ မပြောနဲ့လို့ ခင် ပြောထားတယ် မဟုတ်လား၊ ခင့်မှာ မာမီ မရှိတော့ဘူး၊ မာမီ သေပြီ"

"ခင် ..."

ဦးခွန်လက်ျာထံမှ ခင့်နာမည်ကို ခပ်တင်းတင်း အော်လိုက်သံ ထွက်လာသည်။ ထိုအချိန်မှာ ထမင်းစားခန်းဝမှာ လူတစ်ယောက် လာရပ်သည်။ စတိုင်လ်ဘောင်းဘီထဲ လက်ထည့်ကာ ဆွယ်တာအနီ အင်္ကျီလေး ဝတ်ထားတဲ့ ယောက်ျားတစ်ယောက်။

ဪ ... မွေးကို မနက်က စကားလာပြောတဲ့ လူကြီးပါလား။

သူ့မျက်လုံးတွေက မွေးတို့အားလုံးကို တစ်ချက် ဝေ့ဝဲပြီးကြည့်သည်။ နောက်ဆုံး သူ့မျက်လုံးများက သူထိုင်ရမည့် ခုံဆီသို့သာ အာရုံစူးစိုက်ပြီး လျှောက်လှမ်းလာသည်။ သူ့ကို ထမင်းချက် အစ်မကြီးက စားပွဲအောက်မှ အဆင်သင့် ဆွဲထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အခန့်သား ဝင်ထိုင်လိုက်သည်။

"ထင်ဟ ရောက်လာပြီဆိုတော့ ဒက်ဒီ စကားပြောစရာရှိတယ်၊ ခု ဒက်ဒီ့ဘေးမှာ ထိုင်နေတာ ဒက်ဒီ့ဇနီး ပန်းနု၊ ဒေါ်ပန်းနု တဲ့၊ သူက မင်းတို့ရဲ့ မာမီပဲ၊ အထူးသဖြင့် ခင် ...၊ ခင်က မာမီပန်းနုကို မာမီလို့ ခေါ်ရမယ်၊ ရိုသေရမယ်၊ ခင်တို့ မာမီထက် နွေးထွေးတဲ့ မေတ္တာ၊ စေတနာ၊ အကြင်နာတွေ ဒီမာမီဆီက ခံယူပါ၊ သူပေးပါလိမ့်မယ်၊ ထင့်ကိုရောပေါ့ ...၊ ပန်းနု ကိုကို့နားမှာ ထိုင်ပါ၊ ခင် ကိုယ့်နေရာ ကိုယ်ထိုင်နေပါ၊ ဒက်ဒီ မိတ်ဆက်ပေးဦးမယ်"

ဒက်ဒီက စကားလုံး အရှည်ကြီးတွေပြောပြီး ထင်နဲ့ ခင့်ကို ချုပ်ကိုင်နေတာပဲ၊ ခုချိန်ထိ ထင်ကတော့ ဘာတစ်ခွန်းမှ ဝင်မပြောရသေးပါ။ ထင် ဝင်လာကတည်းက မိုးတိုးမတ်တတ် ဖြစ်နေတဲ့ ဒေါ်ပန်းနုနဲ့ ခင့်ကို အတွေ့သား။

ခု ဒက်ဒီ့ စကားဆုံးတော့မှ ခင်က ထင့်ဘေးကို ပြေးကပ်လာပြီး ထင့်ဘေးမှာ ဆောင့်အောင့်ပြီး ဝင်ထိုင်သည်။

ဒေါ်ပန်းနုက ခင့်အခြေအနေကို စောင့်ပြီးမှ ဒက်ဒီ့ဘေးမှာ ကပ်ထိုင်လိုက်သည်။

ထမင်းစားပွဲမှာ ဟင်းတွေ၊ ထမင်းတွေ အစုံအလင်နှင့်စားမြိန်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ဒေါ်ကြီးတို့က ပြင်ဆင်ချက်ပြုတ်ပေးထားခဲ့သော်လည်း ထင်တို့ မြိန်မြိန်ယှက်ယှက် စားခွင့်မသာသေးပေ။





"ဒါကတော့ ပန်းနု၊ ခင်တို့ မာမီပဲ၊ သူလေးကတော့ ပန်းနုရဲ့ တစ်ဦးတည်းသော သမီး ပန်းမွှေးခတ္တာတဲ့၊ ထင့်ထက် ဆယ်နှစ်ငယ်တယ်၊ ခင့်ထက်တော့ တစ်နှစ်နီးပါးငယ်တယ်၊ ထင်နဲ့ ခင်ရဲ့ ညီမအငယ်ဆုံးလေးပဲ၊ ကိုယ့်ညီမအရင်းလို့ပဲ သတ်မှတ်ပြီး ဂရုစိုက်ချစ်ခင်ရမယ်"

ခင်ကတော့ နှုတ်ခမ်းစူပြီး တစ်ဖက်လှည့်သွားသည်။ ပန်းမွှေးခတ္တာကတော့ သူမရဲ့ ထုံးစံအတိုင်း နဂိုပြုံးပြီးသား နှုတ်ခမ်းလေးကို တင်းတင်းစေ့ပြီး ခပ်မဆိတ်လေး ငြိမ်နေသည်။

တစ်ချက်တလေတော့ ထင်တို့ကို အကဲခတ်နေသည်။ ထင်က ပြန်ပြီး အကဲခတ်လိုက်လျှင်တော့ သူမနှင့် အကြည့်ချင်း ဆုံသွားသည်။

"မွှေး သူတို့နှစ်ယောက်ကတော့ ဒက်ဒီ့ သားကြီးနဲ့ သမီးငယ်ပဲ၊ ထင့် နာမည်က ထင်လက်ကျော်၊ ခင်ကတော့ ခင်လက်ကျော်ပေါ့၊ သူတို့က မွှေးရဲ့ ကိုကိုနဲ့ မမပဲ ...၊ ချစ်ချစ်ခင်ခင် နေရမယ်နော်"

"ဟုတ်ကဲ့ ... ဒက်ဒီ"

ဒက်ဒီ့ကို ဒက်ဒီလို့ ခေါ်လိုက်တာများ အသံကရှင်းကြည်နေတာပါပဲလား။ ဤသူငယ်မ ဘယ်တုန်းကတည်းကများ ထင်တို့ ဒက်ဒီ သူဌေးကြီးကို ဒက်ဒီခေါ်ဖို့ တက်တက်ကြွကြွလေ့ကျင့်ထားသလဲ မသိ။

"ကဲ ... ထမင်းစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ စကားသံကြားရတော့မှ ထင် ခက်ရင်းနဲ့ဖွန်းကို ကိုင်ပြီး ထမင်းစားသည်။

"ဒါလေး ပန်းနု စားတတ်မယ်ထင်လို့ ကိုကို ခေါ်ထိုက်ကို ချက်ခိုင်းထားတာ၊ များများစားနော်"

ဒက်ဒီကိုယ်တိုင် ခူးခပ်ပြီး ဒေါပန်းနု ပန်းကန်ထဲ ထည့်ပေးလိုက်သော ဟင်းကို တစ်ချက်ကြည့်လိုက်မိသည်။ ဒေါပန်းနုနဲ့ အနီးဆုံး ကပ်ထားတဲ့ ဟင်းပန်းကန်ကြီးက ဟိုတစ်နေ့က ထင် ဆိုး(လ်)က ဝယ်လာတဲ့ အမဲသား မီးနီသားကို ပေါင်းထားတဲ့ ဟင်းဖြစ်သည်။ ထင်က ကိုရီးယားမှာ ရှားပါးတဲ့ အသားကို ဈေးကြီးပေးပြီး ဝယ်လာခဲ့တာ ဒက်ဒီ စားစေချင်လို့ဖြစ်သည်။

"မွေး ကြိုက်တဲ့ ဝက်စတူးကို ဒက်ဒီ ဟိုတယ်က တကူးတက မှာထားပေးတယ်၊ မွေး ... စားနော်"

"ဟုတ်ကဲ့ ..."

"ခင်လည်း ဝက်စတူး ကြိုက်တယ် ဒက်ဒီ"

ခင့်အသံ စူဆာဆာလေးက ထွက်ပေါ်လာသည်။ ပန်းမွေးခတ္တာ ဝါးနေဆဲ ထမင်းလုတ်က ဆတ်မဝါးတော့ဘဲ ရပ်တန့်သွားသည်။

ဒက်ဒီက မျက်နှာပျက်သွားခဲ့သည်။ ဒေါပန်းနုက မွေးကြိုက်တဲ့ ဝက်စတူးပန်းကန်ကို ခင့်ရှေ့ ချလဲပေးလိုက်သည်။ ခင်က အားပါးတရ ကုန်အောင် စားတာကို ပန်းမွေးခတ္တာက မမြင်ဖူးခဲ့သဖြင့် ငေးကြည့်ပြီး တခြားဟင်းဖြင့် ထမင်းဆက်စားနေသည်။





"ဆောရီး၊ ခင် ကြိုက်တတ်မှန်း ဒက်ဒီ မသိလို့ပါ၊ နောက်တစ်ခါဆို ခင် ကြိုက်တတ်တာ မှန်သမျှ ခေါ်ထိုက်ကို ဝယ်ခိုင်းပြီး အဝစားနော် ခင်"

ခင်က ဘာမှပြန်မပြောဘဲ ခက်ရင်းဖြင့် ထမင်းပန်းကန်များကို ဆယ်ချက်လောက် ဆောင့်ထိုးပြီး တဂျစ်ဂျစ်မြည်အောင် ခြစ်နေသည်။

ခင် ကြားချင်တာ၊ ခင် ဖြစ်ချင်တာ ဒီလိုစကားမျိုး မဟုတ်။ ဒက်ဒီက မယားပါ သမီး အကြိုက်ကိုတော့ သိပြီး ခင့်အကြိုက်တော့ မသိရကောင်းမလားဆိုပြီး ဝမ်းနည်းတာက တစ်ကြောင်း။

"ခင် ဘာကြိုက်သေးလဲ၊ ဒက်ဒီ ဝယ်ခဲ့ပေးမယ်"

လို့တော့ မပြောဘဲ ခေါ်ထိုက်ကို ဝယ်ခိုင်းပြီး အဝစားနော် ဆိုတာကြီးက စိမ်းကားမနေဘူးလား။

အင်းလေ ... ဒါ စိမ်းကားတာရယ်လို့တော့ ပြောလို့မရဘူးမဲ။ ခင်တို့ မောင်နှမနဲ့အတူ ဒက်ဒီ ဘယ်နှစ်ကြိမ်များ ထမင်းလက်ဆုံ စားတတ်လို့လဲ ...။ ကိုထင်က နိုင်ငံခြားတွေ လျှောက်သွား၊ ဒက်ဒီက ကုမ္ပဏီနဲ့ အိမ်နဲ့ ကူးလိုက်သန်းလိုက်၊ အပန်းဖြေ ခရီးသွားလိုက်နဲ့ အိမ်မှာ ဘယ်တုန်းက မိသားစုစုံလင်ခဲ့ရလို့လဲ။ ခင်ကလည်း ခင့်ဘာသာ ခေါ်ထိုက်ကြီးကို ခေါ်ပြီး စားသောက်ဆိုင် ကောင်းကောင်းတွေမှာပဲ စားပစ်လိုက်တာပဲလေ။ ခင့်အကြိုက် ဒက်ဒီ မသိတာ မဆန်းဘူးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ထင် ထမင်းစားပြီးရင် သစ်သီးစားရင်း စကားလေး ဘာလေး ပြောလေ၊ ထင် ဆိုး(လ်)က ပြန်လာပြီး ဆိုင်ခွဲ အကြောင်း ဒက်ဒီနဲ့ မဆွေးနွေးရသေးဘူးနော်"

"ထင် ဒီနေ့ အချိန်မရလို့ ဒက်ဒီ၊ ဆိုး(လ်)ဆိုင်ခွဲက ဝန်ထမ်းသစ် (၇)ယောက်ကို ခေါ်လာတယ် ဒက်ဒီ၊ ဒီမှာ သူတို့ကို အစမ်းခန့်ကာလ သုံးလစာနေခိုင်းပြီး ရန်ကုန် ဆိုင်ခွဲတွေမှာ သင်တန်းဆင်းခိုင်းဖို့ စီစဉ်ထားတယ်၊အသေး စိတ် အချက်အလက်နဲ့ ဝန်ထမ်းတွေရဲ့ ကိုယ်ရေးရာဇဝင် တွေကို ဒက်ဒီ့ဆီ ထင် mail ပို့ထားပေးမယ်၊ ကျန်တာ တော့ နောက်မှ ဆွေးနွေးပါမယ်၊ ဒီနေ့ည ဝန်ထမ်းသစ် လေးတွေကို ကြိုဆိုပွဲလေး စီစဉ်ပေးဖို့ ဟိုတယ် လိုက်သွား လိုက်ဦးမယ် ဒက်ဒီ"

ထင်က ဒက်ဒီ အတုပ်အနှောင်ကိုအလုပ်အကြောင်း အနည်းအကျဉ်းပြောပြ၍ ရှောင်ထွက်လိုက်ပါသည်။ စားသောက်ပြီး ပြီမို့ နေရာမှ ထရပ်လိုက်သည်။

"ညစ်မနက်နဲ့နော် သားကြီး၊ သား ဒက်ဒီ စိတ်ပူနေမယ်"

ဒေါ်ပန်းနု ဝင်ပြောလိုက်သံကြီးက ထင့်နားဝမှာ ခါးသက်သွားခဲ့သည်။

"ဒက်ဒီ ... ထင်သွားမယ်"

ဒေါ်ပန်းနု စကားကို ထင် မတုံ့ပြန်ဘဲ ဒက်ဒီ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။





ဒက်ဒီက ထင့်ကို စိတ်မပူတတ်ပါဘူး။ ထင့်အသက် နှစ်ဆယ်။ သူများတွေ မိဘပိုက်ဆံ လက်ဖြန့်တောင်း၊ အဖွဲ့တွေ နဲ့ပြီး Hip Hop သီချင်းတွေ စင်ပေါ်တက် ဝုန်းနိုင်နေချိန်မှာ ထင်ကတော့ လူကြီးရှာန်ဝင်စားပြီး နိုင်ငံပေါင်းစုံက ထင်တို့ပိုင်တဲ့ ဆိုင်ခွဲကြီးတွေကို လှည့်လည်အုပ်ချုပ်နေခဲ့ရတာ ဘယ်လောက် စိတ်ပင်ပန်းမှာလဲလို့ ဒက်ဒီ တွေးပေးမှာ မဟုတ် ...။

"သားကြီးက စီးပွားရေး အုပ်ချုပ်နိုင်မှု၊ စီမံခန့်ခွဲနိုင်မှုမှာ ကိုတို့ထက်တောင် တော်သေးတယ် ပန်းနုရဲ့၊ သူ့အသက် အရွယ်လေးနဲ့ နိုင်ငံတကာမှာ ဖွင့်ထားတဲ့ ဆိုင်ခွဲတွေကို သူကိုယ်တိုင် သွားစီစစ်အုပ်ချုပ်ပေးတာ၊ ကိုကို့တုန်းက တောင် ဆိုင်ခွဲမန်နေဂျာတွေနဲ့ပဲ ပြီးခဲ့တာ ...၊

"ဒါ့ကြောင့်လည်း သားကြီထင် လက်ထက်မှာ ရောင်းအားတွေ ပိုတက်လာခဲ့တယ်လေ၊ ကိုကို့ဘက်က ပေးနိုင်တာ ဒီစီးပွားရှာတဲ့ အတတ်ပညာပဲရှိတာ၊ ဒါကြောင့် သားမှာ စီးပွားရေးအကြောင်းပဲ နားလည်တယ်၊ မိသားစု တွင်းမှာ အကြင်နာ မေတ္တာတွေ ပေးရကောင်းမှန်း သူမသိ တတ်ဘူး၊ ကိုကို မသင်ခဲ့လို့ပေါ့ကွယ်၊ ဒါကြောင့် သားနဲ့ ခင်ရဲ့ ဆက်ဆံရေးကို ပန်းနုနဲ့ မွေးက သည်းခံပြီး ပြုပြင် ပေးပါနော်"

ထင် ဆိုတဲ့သူ ထွက်သွားခဲ့ချိန်မှာ ဦးခွန်လကျ်ာက သားအကြောင်း ချီးမွမ်းနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ … ကိုကို၊ ပန်းနု ဂရုစိုက်ပေးပါ့မယ်"

မေမေက ကတိပေးလိုက်သည်။ ခင်ကတော့ ပန်းသစ်တော်နှင့် နို့လိမ့်မှော်တစ်ခွက် အချိုတည်းကာ ထွက်သွားခဲ့သည်။

မွေးလည်း အခန်းကို ပြန်နားဖို့အတွက် ခွင့်တောင်းရသေးသည်။ မွေး ထွက်လာတဲ့အထိတော့ ဦးခွန်လကျ်ာက …

"ကိုတို့သား တော်တယ်မဟုတ်လား၊ သားကို ကိုကိုစိတ်ချတယ်၊ သား အသက်နှစ်ဆယ် ငယ်သေးတယ်ဆိုပေမယ့် အိမ်ထောင်ပြုလို့ ရနေပါပြီ၊ ကိုကို့ အသိုက်အဝန်းထဲကနေ မျိုးမအလောင်းအလျာလေးတွေ ကိုတို့စိတ်ကြိုက် ရှာနေတယ်၊ ပန်းနုလည်း ကူရှာပေးပါဦးနော်"

ဒါဆို ကိုကြီးက လက်ထပ်တော့မှာပေါ့။ ကိုကြီးလက်ထပ်ပြီးသွားရင် ဒီအိမ်ကြီးမှာ မနေလောက်တော့ဘူးပေါ့ …။

ဘုရားရေ … မွေးက ထင်လကျ်ာဆိုတဲ့ အစ်ကိုကြီးကို "ကိုကြီး"လို့ ခေါ်နေမိပါလား။ ဘာပဲဖြစ်ဖြစ် ကိုကြီးရဲ့ မျက်လုံးတွေက စိမ်းကားရိုင်းတွေ သမ်းဝေနေပေမယ့် နက်ရှိုင်းရွှဲ နွေးသက်မှုကို မွေး ဘာကြောင့် မြင်နေမိသလဲ မသိ။ ကိုကြီးက ဒီလောက်တောင် တော်တယ်ဆိုတော့ မွေး အားကျလိုက်တာ။ မွေးကလည်း အဲသလို ထက်မြက်ချင်တာလေ …။

မွေး ကိုကြီးကို မွေးရဲ့ Hero လို့ သတ်မှတ်လိုက်ပြီပဲ။

❑ ❑ ❑



## အခန်း(၄)

* * *

"ဒင် … ဒေါင် … ဒင် … ဒင် … ဒင် … ဒေါင်"

ထင်သည် ဘယ်လိုအသံကြီးမှန်း ခန့်မှန်းလို့မရပါပဲ နှင့် နားထဲ ကန့်လန့် ဝင်လာသော ဆူညံသံကြီးကို ထောင်းခနဲ ဒေါသထွက်သွားသည်။

ခေါင်းအုံးကို လက်နှင့် ခေါင်းအောက်ကနေ ပြန်ဆွဲယူတက်၊ နားမှာ ဖိကပ်ကာ ပိတ်ထားသော်လည်း စည်းဝါး မညီညာသော ထိုအသံကြီးက နားဝကိုပဲ လာရောက်တိုးဝှေ့နေသည်။

ဆက် သည်းခံစောင့်စားနေပါသော်လည်း ညာဘက်အခန်းမှ စန္ဒရားသံက မရပ်မနား ထွက်ပေါ်လာနေဆဲဖြစ်သည်။

ထင်သည် ဒေါသထွက်လက်စနှင့်ပင် ခုတင်ပေါ်မှ ခုန်ဆင်း၊ အခန်းတံခါးကို ဆွဲဖွင့်၊ အပြင်ဘက် နှစ်လှမ်းလောက်လှမ်းပြီးသည်နှင့် ရောက်နေသော တစ်ဖက်အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားခလုတ်လေးတွေကို လက်ညှိုးကလေးနှင့် ထိုးထိုးပြီး အသံထွက်လျှင် ပြီးပြီးရော တီးနေသည့် ပန်းမွှေးခတ္တာကို တွေ့လိုက်ရသည်။

ပန်းနုရောင် ပိုးဂါဝန်ကလေးနှင့် လန်းဆန်းနေသော သူငယ်မသည် ရုတ်တရက် ခပ်ကြမ်းကြမ်း စုန်ဝင်လာသော ထင့်ကို မော့ကြည့်ပြီး တုန်လှုပ်သွားသည်။ စန္ဒရားခလုတ်ပေါ် တင်ထားတဲ့ သူမလက်များ လွှတ်လိုက်ပြီး ထိုင်နေရာမှ ထလိုက်ပါသည်။

ထင့်ရဲ့ စူးရဲသောအကြည့်များကို မခံနိုင်သည့်အလား မျက်နှာကို တစ်ဖက်လွှဲထားသည်။ သူမရဲ့ ဘေးဘက် မျက်နှာလေးကိုတော့ ပြတင်းဝမှာ ဖြာကျလာသည့် အလင်းရောင်နှင့်အတူ မြင်တွေ့ရလေသည်။

သွယ်လျလျ မျက်နှာပြင်လေးမှာ ပြေပြစ်သော နဖူး၊ ချွန်သွယ်သော နှာတံ၊ နှုတ်ခမ်းထူထူလေးကြောင့် ဘေးတိုက်အမြင်မှာတောင် သူငယ်မဆီမှာ ညှို့အားတစ်မျိုးက ရှိနေသည်။

ထင်သည် ဘာကြောင့်မှန်းမသိ တစ်ချက်ကလေး ငေးစင်းသွားပြီးမှ သတိပြန်ဝင်လာခဲ့သည်။

"မင်း ဘာလို့ ဆူညံမှုကို ဖန်တီးနေတာလဲ၊ ငါ့အပါအဝင် မိသားစုတွေအားလုံး အိပ်နေတယ်ဆိုတာ မင်းမသိဘူးလား၊ ခုမှ မနက်ငါးနာရီခွဲဆိုတာ အစောကြီးရှိသေးတယ်လေ၊ သာယာနာပျော်ဖွယ် မဟုတ်တဲ့ ဒီအသံကို မင်းပဲ အားမနာ လျှာမကျိုး တီးတယ်"





"မဟုတ်ပါဘူး ကိုကြီး၊ မွှေး တမင်လုပ်တာ မဟုတ်ပါဘူး၊ တစ်အိမ်သားလုံး အပြင်သွားကြပြီ ထင်လို့ပါ"

"ဘာကိစ္စ အပြင်သွားရမှာလဲ၊ မနက်အစောကြီး ရှိသေးတယ်၊ ဒက်ဒီတို့တောင် အိပ်ကောင်းတုန်း"

"မဟုတ်ဘူး၊ ဒက်ဒီတို့ အစောကြီး ထွက်သွားကြပြီ"

"ဘာ … ဘယ်ကို သွားတာလဲ၊ မင်းက ဘယ်လိုသိတာလဲ"

"မွှေးမေမေ ပြောတာ၊ ဒက်ဒီနဲ့ မေမေနဲ့ ဟန်းနီးမွန်းအဖြစ်ရော၊ ဒက်ဒီ ကျန်းမာရေးအတွက်ကော ခရီးထွက်တာ၊ အာရှတိုက်အနှံ့ လည်မယ်တဲ့၊ တစ်လလောက် နေမယ်ပြောတယ်"

"မင်း ဘာလို့ မလိုက်သွားတာလဲ"

"မွှေး အေးအေးပဲ နေခဲ့ချင်လို့ပါ၊ ပြီးတော့ တစ်အိမ်လုံးလို့ ပြောတော့ ခင်နဲ့ ကိုကြီးပါ ပါရင် မွှေး မပျော်လို့ပါ"

"ဘာကွ …၊ ငါတို့ပါတော့ ဘာဖြစ်လဲ"

"စိတ်အိုက်လို့ပါ …"

"တဖြည်းဖြည်းတော့ ပျော်သွားမှာပေါ့၊ မင်း လိုက်သွားသင့်တယ်"

"ကိုကြီးကျတော့ ဘာလို့ မလိုက်သွားလဲ"

"ငါမှ မအားပဲ၊ ဒက်ဒီ အဲသလို ခရီးထွက်နိုင်တာ ငါ မအားနိုင်အောင် အလုပ်တွေ များနေခဲ့လို့ပဲ၊ ထားပါလေ … ဒါတွေ မင်းမသိလည်း အရေးမကြီးပါဘူး၊ မင်း စန္ဒရား မတီးတတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ထင့်အမေးအကြောင့် သူငယ်မလေးက ခေါင်းညိတ်ကာ ပြုံးလိုက်ပြီး ...

"မတီးတတ်ဘူး၊ မွေး ဓါသနာပါတာပါ၊ အခန်းက အသံလုံတယ်ထင်လို့ မွေး လျှောက်နှိပ်ကြည့်နေရင်း ပျော်လို့ ဆက်တီးဖြစ်တာပါ၊ ကိုကြီး မကြိုက်ရင် မွေး မတီးတော့ပါဘူး"

"အေး ... ကောင်းတယ်"

ထင် သူငယ်မ အခန်းထဲက ပြန်ထွက်လာခဲ့သည်။ ထင် အခန်းထဲ ပြန်ဝင်လာပြီး ဘကြီးကျော်တို့ အဆောင်ဖုန်းကို ခေါ်လိုက်သည်။ တစ်ဖက်မှ ချက်ချင်း ကိုင်လိုက်တာကြောင့် ...

"ဘကြီးကျော် ... ဒက်ဒီတို့ ခရီးထွက်သွားတယ်ဆို"

"ဟုတ်တယ် ထင်၊ ခင်လေးပါ လိုက်သွားတယ်၊ ထင့် ဒေါ်ကြီးပါ ခေါ်သွားကြတယ်"

"ဟုတ်လား ...၊ ဒါဆို အိမ်မှာ ထင်နဲ့ ဟိုကလေးမပဲ ရှိတာပေါ့"

"အေး ... ဟုတ်တယ် ထင်၊ ဒါပေမယ့် ဒေါ်ကြီးမရှိလို့ အစားအသောက်အတွက် မပူပါနဲ့၊ တင်တင်လည်း ကောင်းကောင်း ချက်တတ်ပါတယ်၊ ဘကြီးလည်း ရှိတာပဲကွယ်"

"ဟုတ်ကဲ့ပါ ...၊ ဒါဆို ဒီမနက်အတွက် ကြက်အူချောင်းရယ်၊ ကြက်ဥရယ်၊ ပေါင်မုန့်ရယ် ကြော်ပေးပါ၊ ကော်ဖီ မကြိုက်ဘူးဆိုတော့ ကွေကာပူပူလေး နှပ်ထားပေး၊ ထင်





ခြောက်နာရီခွဲ ဆင်းလာစားမယ်၊ ဪ ... နှစ်ပွဲနော် ဘကြီး၊ ဟိုသူငယ်မအတွက်ပါ ထင်နဲ့ ဆင်တူလုပ်ထားလိုက်"

"ကောင်းပါပြီ ထင် ..."

ထင်သည် မှာစရာရှိတာမှာပြီး ခုတင်ပေါ် ပြန်လှဲအိပ်ဖို့ ပြင်ဆင်လိုက်သည်။

ခုတင်ပေါ်မှာ လှဲနေရပေမယ့် ထင့်စိတ်အာရုံတို့က ဆောက်ယက်ခတ်နေသည်။ တစ်ဖက်အခန်းမှ စည်းဝါးမကိုက်တဲ့ စန္ဒရားသံကြီးများ ထွက်ပေါ်လာဦးမလား စောင့်စားနေမိသေးသည်။

စန္ဒရားသံတော့ ထွက်ပေါ်မလာဘဲ ဒေါက်ဖိနပ်ဖြင့် အုတ်လှေကားတွေကို တခေါက်ခေါက်နှင့် အဆက်မပြတ်နင်းနေသံကို ကြားလိုက်ရသဖြင့် ထင် စောင်ကို ဆွဲယူကာ ကွေးနေလိုက်မိသည်။

ထို ဒေါက်ဖိနပ်သံက ထင့်နေ့ရက်တွေကို ခြောက်လှန့်နေခဲ့တာ ငါးနှစ်တောင်ရှိပြီပဲ။ ထင့် အခန်း ခေါင်းရင်းမှာ သားလှေကားကြီးတစ်ခုရှိသည်။ မာမီ ခုန်ချသေခဲ့တဲ့ လှေကားပေါ့။

မာမီက ဒက်ဒီနှင့် စိတ်ဆိုးတိုင်း ထိုလှေကားက အပေါ်ဆုံးထပ် လသာဆောင်ကို ဒေါက်ဖိနပ်စီးထားလျှက်နှင့် တခေါက်ခေါက် ပြေးတက်ကာ သွားငိုနေတတ်ခဲ့ဖူးတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မာမီဆုံးသွားပြီးလည်း ထိုဒေါက်ဖိနပ်သံ တခေါက်ခေါက်ကတော့ တစ်လတစ်ခါလောက် ထင့်ကို ခြောက်လှန့်နေကျ ဖြစ်သည်။

အရင်က ညသန်းခေါင်မှာ ဒီအသံ ထွက်ပေါ်လာတတ်သော်လည်း ခုတော့ မနက်ကတည်းက ကြားလိုက်ရသဖြင့် ထင့် ခေါင်းနားပန်းကြီးသွားရလေသည်။ နာရီဝက်လောက်အဆက်မပြတ် ထွက်ပေါ်နေသော အသံကလေးသည် ခြောက်နာရီထိုးပြီး ဆယ့်ငါးမိနစ်လောက်မှ တိခနဲ ရပ်တန့်သွားသည်။

ထင့် ရင်တထိတ်ထိတ်နှင့်ပင် စောင်ခြုံထဲမှထွက်ကာ ရေချိုးလိုက်ရပါသည်။ ထင့် ရေချိုးပြီးတော့ ခြောက်နာရီခွဲနေခဲ့ပြီ။

အကျီလဲကာ အခန်းပြင်ထွက်ခဲ့ပြီး တစ်ဖက်အခန်းတံခါးကို ခေါက်လိုက်သည်။ ပန်းနုရောင် ပိုးဂါဝန်လေး ဝတ်ထားသော ပန်းမွှေးခတ္တာ မျက်နှာလေး တံခါးဝမှာ ပေါ်လာသည်။

"breakfast စားရအောင်"

"ဟုတ်ကဲ့ ... ကိုကြီး၊ မွှေး ရေချိုး ..."

"ချိုးမနေပါနဲ့၊ တစ်ခါတည်း ဆင်းလာခဲ့ပါ"

"ဟုတ်ကဲ့ ..."

ထင့် အရှေ့က ဆင်းလာခဲ့သလို နောက်အပါးဆီမှ ပန်းမွှေးခတ္တာ လိုက်ပါလာသည်။ ထမင်းစားခန်းမှာ ဘကြီးကျော်နှင့် တင်တင် အဆင်သင့်စောင့်နေပြီး ထင်မှာတဲ့အတိုင်း အစားအသောက်များ ပြင်ဆင်ထားပေးခဲ့သည်။

ထင်နှင့် ပန်းမွှေးခတ္တာသည် မျက်နှာချင်းဆိုင်လိုက်ပြီး အတူထိုင်ခဲ့ကြသည်။





"ဘကြီးနဲ့ တင်တင် လုပ်စရာရှိတာ သွားလုပ်ပါ၊ ခိုင်းစရာရှိရင် ထင် ခေါ်လိုက်ပါမယ်"

"ကောင်းပြီ ထင်၊ ဘကြီး ခြံထဲမှာပဲ ရှိတယ်"

"ကောင်းပါပြီ"

ဘကြီးတို့ ထွက်သွားပြီးသည်နှင့် ထင်တို့ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်၍ သွားလေသည်။

"စားလေ ... များများစား"

"ဟုတ်ကဲ့ ... ကိုကြီး"

"မင်း ခု မွှေ ကျောင်းပိတ်ထားတုန်း ခရီးလိုက်သွားသင့်တယ်၊ အတွေ့အကြုံနဲ့ ဗဟုသုတတွေလည်း ရတယ်၊ ကျန်းမာရေးလည်း ကောင်းတယ်၊ ခရီးအနဲ့ ရောက်ဖူးနေခဲ့တော့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဘယ်ကိုမဆို သွားလာရဲနိုင်တယ်၊ ခရီးထွက်တာ ကောင်းတဲ့ အလေ့အကျင့်တစ်ခုပဲ"

"မွှေး မသွားချင်သေးလို့ပါ၊ မွှေး ကြီးလာမှ တစ်ယောက်တည်း လျှောက်သွားမှာ ..."

"တစ်ယောက်တည်း မလွယ်ပါဘူးကွာ၊ အင်္ဂလိပ်စကားပြော ကျွမ်းမှ"

"သင်မှာပေါ့ ..."

"အင်း ... ထားပါ၊ ဒါနဲ့ စကားမစပ် မင်း မနက်က ဒေါက်ဖိနပ်နဲ့ လမ်းလျှောက်တဲ့အသံ ကြားသေးလား"

"ဟင့်အင်း ... မကြားပါဘူး၊ ကိုကြီး လျှောက်လို့လား"

"ဟာ ... ငါက ဘာကိစ္စ လျှောက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်သူလျှောက် ..."

"သရဲလေ ..."

"ဟုတ်လို့လား ..."

"ဟား ... ဟား ... နောက်တာပါ"

ထင်က သူငယ်မလေးများ လန့်မလားဟု စကားစကြည့်သော်လည်း ကောင်မလေးက မှုပင်မမှု ခပ်အေးအေးပဲ မုန့်စားနေသည်။ တစ်အိမ်သားလုံး ဒက်ဒီကလွဲလို့ ထင်လိုက်မေးကြည့်ခဲ့ဖူးသည်။ ဘယ်သူမှ ဒီအသံကို မကြားရပါတဲ့။

ထင် တစ်ယောက်တည်းသာ ကြားနေရခြင်းဖြစ်သည်။

"မင်း အိမ်မှာ ပျင်းနေမှာပေါ့"

"မွေး ပန်းချီဆွဲနေရရင် မပျင်းပါဘူး"

"အိမ်မှာ ကားအပိုတွေရှိတယ်၊ မင်း ကစားကွင်းတွေမှာ သွားကစားချင်ရင် ဒရိုင်ဘာခေါ်ပြီး သွား၊ ပိုက်ဆံကတော့ ငါ့ဆီကပဲ ယူပေါ့ ..."

"နေပါစေ ..."

"ငါကတော့ မနက် ကိုးနာရီလောက်က အပြင်ထွက်ပြီး ညဆယ်နာရီခွဲလောက်မှ အိမ်ရောက်တယ်၊ ဪ ... မင်း အရုပ်တွေ လိုချင်ရင် ငါတို့ပိုင်တဲ့ center တွေကို shopping ထွက်ပေါ့၊ မင်းကို ဒက်ဒီ့သမီး အငယ်ဆုံးဆိုတာလောက်တော့ ဆိုင်က BM တွေ မှတ်မိပါလိမ့်မယ်"





"ထားလိုက်ပါ"

"မင်း ကွန်ပျူတာ တတ်သင့်တယ်၊ ခြောက်တန်းစာတွေ ခုကတည်းက ကျက်ထားသင့်ပြီ"

"ဟုတ်ကဲ့ ..."

ထင်သည် စိတ်လိုလက်ရနှင့် ပန်းမွေးခတ္တာကို ဆရာကြီးလုပ်ဖြစ်နေသည်။ အခန်းပြန်ရောက်ရှိချိန်မှာတော့ လိပ်စာတစ်ခုကိုရှာပြီး ဖုန်းခေါ်လိုက်သည်။ စန္ဒရားအတီးသင်တန်းကျောင်းတစ်ခုဆီသို့ ... ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

* * *

မွေး ခြံထဲက ဒန်းကလေးမှာ ဒန်းစီးရင်း သီချင်းတလူလူဖြင့် စိတ်အပန်းဖြေနေခဲ့သည်။ ကိုကြီး ကုမ္ပဏီသွားတော့မည်ဆိုပြီး ထွက်သွားကတည်းက မွေးလည်း အိမ်ကြီးထဲမှာ မနေချင်တော့သဖြင့် ခြံထဲမှာပဲ အချိန်ကုန်ခံနေခြင်း ဖြစ်သည်။

နေ့ခင်းကတော့ မတင်တင် ချူးခပ်ကျွေးသော ထမင်းကိုစားပြီးခဲ့တာပင်။

မွေး ထိုင်နေရာ ဒန်းအနီးသို့ ဘကြီးကျော် ရောက်လာပြီး …

"သမီး မွေး … စန္ဒရားဆရာမ ရောက်နေတယ်"

"ရှင် … စန္ဒရား ဆရာမ"

"ဟုတ်တယ်၊ မွေးကို သင်ပေးဖို့ ဒီနေ့ပဲ ထင် ငှားလိုက်တာဖြစ်မယ်၊ မွေး ပြောထားလို့လား"





"ဟင့်အင်း … မွေး ကိုကြီးကို မပြောထားပါဘူး၊ မွေးဘဝ၊ မွေးအခြေအနေက ဟိုဟာဖြစ်ချင်တယ်၊ ဒီဟာဖြစ်ချင်တယ် ဆိုပြီး ပြောခွင့်မရှိပါဘူး၊ မွေး မပူဆာရဲပါဘူး"

"ဒါဖြင့် စန္ဒရားတီးတာကော မွေး ဝါသနာပါလို့လား"

"ဟုတ်ကဲ့ … ဘကြီးကျော်၊ မွေး အရမ်းဝါသနာပါလို့ မနက်ကတောင် တီးဖြစ်ပါသေးတယ်၊ ကိုကြီးတောင် နားညည်းလို့ မတီးခိုင်းဘူး"

"သြော် … ဒါဆို မွေး ဝါသနာပါမှန်းသိလို့ ငှားပေးတာဖြစ်မယ်၊ လာ … မွေး ဆရာမ ဟိုမှာစောင့်နေတယ်၊ မွေး အခန်းထဲခေါ်သွားပြီး ကောင်းကောင်းသင်ယူနော်"

"ဟုတ်ကဲ့ …, ဘကြီး"

မွေးလည်း ဆရာမ ရှိသည့် အိမ်ရှေ့ ဆင်ဝင်အောက် ပြေးလာပြီး ဆရာမကို မိတ်ဆက်ကာ မွေးအခန်းထဲသို့ ခေါ်လာခဲ့သည်။

ဆရာမက မွေးကို ချိုချိုသာသာကလေး ဆက်ဆံပြီး အသေအချာ သင်ပေးသည်ကို မွေးလည်း စိတ်ပါလက်ပါ တီးခဲ့သည်။ ဆရာမက တစ်ချက် တစ်ချက်တော့ ကိုကြီးအကြောင်း မေးတတ်ပါသည်။

"မွေးတို့ ကိုကြီးက အရမ်းချောတာပဲနော်၊ သူက မင်းသား မဟုတ်ပေမယ့်မြန်မာနိုင်ငံရဲ့ ကျော်ကြားတဲ့သူစာရင်းထဲမှာတော့ ထိပ်ဆုံးကပါတာပဲနော်၊ သူ့အကြောင်း မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ဆရာမတို့ အမြဲတမ်း ဖတ်ရတယ်၊ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ညာဏ်ကောင်းပြီး ထက်မြက်တယ် ... သိလား၊ ဆိုင်နာမည်ခွဲတွေနဲ့ Super Centre ကြီးတွေ ဖွင့်ထားတဲ့ သူဌေးကြီး ဦးခွန်လကျ်ာရဲ့ သား ထင်လကျ်ာက ဒါရိုက်တာရာထူးယူပြီး ကုမ္ပဏီကြီးကို အုပ်ချုပ်နေတဲ့ သတင်းက မွှေးနေတာပဲ၊ အိမ်မှာကော မွှေးတို့ကိုချစ်လား၊ ရည်းစားကော ရှိလားဟင်"

မွှေးက ဆရာမရဲ့ ချီးကျူးသံတွေနှင့်ထပ်တူ ကိုကြီးကို အထင်ကြီး လေးစားနေမိပါသည်။ မွှေးလည်း သူ့လို တစ်ခုံတစ်ခုမှာ ထူးချွန်ထက်မြက်ဖို့ ကြိုးစားရဦးမည်။

"ကိုကြီးမှာ ရည်းစား ရှိ မရှိတော့ မသိပါဘူး၊ ဒက်ဒီကတော့ မိန်းမ ပေးစားတော့မယ်တဲ့"

"ငယ် ... ငယ်ငယ်လေး ရှိသေးတာကို၊ နမြောလိုက်တာ"

"ရှင် ..."

"ဪ ... ဟိုလေ၊ ထင်လကျ်ာက ငယ်ငယ်လေးနဲ့ အိမ်ထောင်ပြုလိုက်ရင် စီးပွားရေးလုပ်ငန်းတွေမှာ လစ်ဟာသွားမလားလို့ပါ"

မွှေးကတော့ အဲဒီအပိုင်းတွေ သိပ်နားမလည်သဖြင့် နှုတ်ဆိတ်၍သာ နေလိုက်ပါသည်။ ဆရာမအပြန် အိမ်ရှေ့ထိလိုက်အပို့ ဧည့်ခန်းထဲမှာ ထင်လကျ်ာရဲ့ ဓာတ်ပုံလေး တစ်ပုံလောက်တောင် ချိတ်မထားဘူးနော်ဟု ဆရာမက ပြောသွားသဖြင့် မွှေးလည်း သတိထားမိလိုက်ပါသည်။

❑ ❑ ❑





ထင့်လက်မှာ ပတ်ထားတဲ့ နာရီကိုကြည့်တော့ ညဆယ့်တစ်နာရီပင် ထိုးနေခဲ့ပြီ။

နောက်ဆုံး ရန်ကုန်မှာ ဖွင့်ထားပြီးတဲ့ ဆိုင်ခွဲကြီးက ည ဆယ်နာရီအထိ ဖွင့်လှစ်ခဲ့သောကြောင့် ထင်က ထိုဆိုင်ကြီးရဲ့ အခြေအနေကို ညစဉ် စောင့်ကြည့်ပြီးမှ ပြန်လာခဲ့သဖြင့် ခုလို ညဉ့်နက်ရခြင်းဖြစ်သည်။

လှေကားထစ်များ နင်းတက်လာခဲ့ပြီး ဂါဝန်လေးတွေဝတ်ကာ အေးအေးလေး နေတတ်သော ကလေးမလေး အခန်းဘက်သို့ ငဲ့ကြည့်လိုက်သည်။ တိတ်ဆိတ်နေသောကြောင့် သူမ အိပ်လောက်ပြီဟု မှန်းဆလိုက်သည်။

ထင်လည်း ကိုယ့်အခန်းထဲ ဝင်လာခဲ့သည်။ တစ်နေကုန် ပင်ပန်းပြီး လူက ငြီးစီစီကြီး ဖြစ်နေသောကြောင့် ရေစိမ်ဖို့ ပြင်ဆင်လိုက်သည်။

ရေစိမ်ရင်းဖြင့် ထင် အိပ်ငိုက်နေမိသလို ခံစားရသည်။ ဒါပေမယ့် ထင် အိပ်ပျော်သွားတာတော့ မဟုတ်ပါ။

နေ့လယ်က ပန်းမွှေးခတ္တာဆီကို စန္ဒရားဆရာမလာပြီး စန္ဒရားအတီးပညာ သင်ပေးသွားသည်ဟု ဘကြီးကျော်က ထင့်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင် တုံ့ပြန်မပြောပေမယ့်လည်း ကျေတော့ ကျေနပ်မိသားပင်။ ပန်းမွေးခတ္တာ အိမ်မှာနေရင်း မပျင်းတော့လောက်ရင်တော့ ထင် စီစဉ်ပေးရကျိုး နပ်နေပါပြီ။

စန္ဒရား သင်တန်းဆီ ဖုန်းဆက်စုံစမ်းတုန်းကတောင် ထင့်မှာ အမျိုးသမီးဆရာမကိုပဲ လွှတ်ပေးဖို့ အထပ်ထပ်မှာရသည်ပင် ...။

တစိမ်း ယောကျ်ားတစ်ယောက်နှင့် ကလေးကို အိမ်ကြီးရဲ့ အပေါ်ဆုံးထပ် အခန်းကြီးထဲမှာ နှစ်ယောက်တည်း ရှိမနေစေချင်သောကြောင့် ဖြစ်သည်။

ထင် ရေစိမ်လို့ အေးစိမ့်သလို ခံစားလိုက်ရမှ ရေစိမ်ခြင်းကို အဆုံးသတ်လိုက်သည်။ ဝိုင်ကို ဖန်ခွက်ထဲငှဲ့ထည့်ပြီး တစ်ငုံလောက် သောက်ကာ ထင့်ဆီကို ရောက်နေသည့် E-mail များကို ဖွင့်ဖတ်လိုက်သည်။

နိုင်ငံခြားမှ မိတ်ဆွေများနှင့် ဆိုင်ခွဲမန်နေဂျာများ ပေးပို့ထားသော message များက စိတ်ဝင်စားစရာ မကောင်းပေမယ့်လည်း ဒက်ဒီဆီက ရောက်နေနှင့်သော message ကတော့ စိတ်ဝင်စားစရာ ကောင်းနေခဲ့ပါသည်။

"ထင် ...

ထင့်ဆီကို ပန်းမြတ်မိုးဟန် ဆိုတဲ့ မိန်းကလေး တစ်ယောက် ရောက်လာလိမ့်မယ် ...။

ဒက်ဒီ့ မိတ်ဆွေရဲ့ သမီးလေးပါ။ တကယ်လှ





ပါတယ်။ ထင် ကုမ္ပဏီကို နှစ်ရက်လောက် မသွားဘဲ ပန်းမြတ်လေးကို ဧည့်ခံလိုက်ပါ။ ဧည့်ဝတ်ကျေပါစေနော် ... ထင် ..."

ထင်သည် မျက်နှာကြက်ကြီးကို မော့ကြည့်ကာ ရယ်လိုက်ပါသည်။

ထင် စိတ်အပျက်ဆုံးအလုပ်ကို ဒက်ဒီက လုပ်နိုင်းလိုက်တာပါပဲလား။

ထင် ကွန်ပျူတာကိုပါ ပိတ်ချလိုက်ပြီး ခုတင်ပေါ် လှဲချလိုက်ပါသည်။ အခန်းမီးကို ကြိုးဖြင့်ဆွဲပိတ်လိုက်ပြီး ထင် အိပ်ပျော်ရန် ကြိုးစားလိုက်ပါသည်။

ထင် အိပ်မပျော်ခင်မှာပဲ ခေါင်းရင်းဆီက ခေါက်နိပ်သံ တခေါက်ခေါက်က ထင့်နားစည်ထဲ တိုးဝင်လာခဲ့ပါသည်။ ထင် စောင်ကို ခေါင်းမြီးခြုံကာ နားကို ဖိအုပ်ပစ်သော်လည်း တွယ်ကျယ်လောင်လောင် ကြားလိုက်၊ တိုးသွားလိုက်၊ ပြန်ကျယ်ဒါလိုက်ဖြင့် ထင့်ကို ခြောက်လှန့်နေသည်။

ထင် အိပ်မောကျသွားအောင် ကြိုးစားသော်လည်း တယ်လိုမှ အသံက ရပ်တန့်မသွားဘဲ နာရီအတော်ကြာ ကြားနေခဲ့သည်။

နောက်ဆုံး ထင် သည်းမခံနိုင်သည့်အဆုံး ခေါင်းအုံးဆွဲကာ အခန်းထဲမှ ပြေးထွက်လာခဲ့သည်။ အိမ်အောက်အထပ်သို့ ပြေးချင်ပေမယ့်လည်း ထင် မရဲဝံ့တော့ပေ။ အနီးဆုံးက



www.burmeseclassic.com

www.burmeseclassic.com



ပန်းမွေးခတ္တာ အခန်းတံခါးကို ထင် တွန်းဖွင့်လိုက်တော့ တံခါးက အလွယ်တကူပဲ ပွင့်သွားသည်။

ညအိပ်မီး ပြာလဲ့လဲ့အရောင်ဖြင့် မွေးပွ စောင်ထူကြီး အောက်မှာ အိပ်မောကျနေသော ပန်းမွေးခတ္တာ မျက်နှာကလေးကို မြင်နေရသည်။

ကြောက်လန့်စိတ်ဖြင့် ထင့်နဖူးမှာ ချွေးတို့သီးနေသည်။

"ဟိတ် ... ပန်းမွေးခတ္တာ၊ ပန်းမွေးခတ္တာ"

ထင် သူမ နဖူးလေးကို လက်ညှိုးဖြင့် တွန်း၍ လှုပ်နှိုးလိုက်ပါသည်။ အအိပ်ဆတ်ပုံရသော သူမ မျက်လုံးကလေး ပွင့်လာပြီး ထင့်ကိုအမြင်မှာ ကြောက်လန့်စွာ ထထိုင်လေသည်။

"ကိုကြီး ... ဘာလုပ် ...၊ မွေးအခန်းထဲကို ..."

စကားစတွေ ပြတ်တောက်စွာဖြင့် သူမ တုန်ယင်နေရှာသည်။

"ရှူး ... ငါ မင်းကို ဘာမှမလုပ်ပါဘူး၊ ငါ မင်းကို အကူအညီတောင်းမလို့ပါ"

"ဘာအကူအညီလဲ၊ ဒီအချိန်ကြီး ..."

"ငါ မနက်မှ အပြည့်အစုံ ရှင်းပြမယ်၊ ဒါပေမယ့် ခုဒီည တော့ ငါ မင်းအခန်းထဲမှာ အိပ်မယ်"

"ရှင် ... ဒါဆို မွေးက ဘယ်မှာအိပ်ရမလဲ"

"မင်းက ခုတင်ပေါ်မှာပဲ အိပ်၊ ငါက အောက်မှာအိပ်မယ်"





"ဘာဖြစ်လို့လဲ ... "

"မင်း သရဲကြောက်တတ်လား"

"ဟင့်အင်း ... "

"ငါ ကြောက်လို့"

"ဘာကြီးရယ် ..."

"ကြောက်လို့ ...၊ ကြောက်လို့ကွာ ...၊ ငါ့အခန်းထဲမှာ ငါ တစ်ယောက်တည်း မအိပ်ရဲလို့ ..."

"ဟုတ်လို့လား ..."

ထင်သည် ရှက်နေမိပြီး မှောင်နေပေမယ့်လည်း ထင့် မျက်နှာကို မြင်မှာစိုး၍ နေမိသည်။ ဘာမှ ဆက်မပြောတော့ဘဲ အခန်းမီးဖွင့်ကာ ကြမ်းပြင်မှာ ခေါင်းအုံးချ၍ သူမကို ကျောခိုင်း ကာ ဘေးစောင်း အိပ်လဲ့ချလိုက်ပါသည်။

ဘာအေါက်ဖိနပ်သံမှ မကြားရတော့သည့်အဆုံး ထင့် သက်ပြင်းချလိုက်မိပါသည်။

"ကိုကြီး ... အပေါ်မှာ တက်အိပ်လေ၊ မွေး အောက်ဆင်း ပေးပါ့မယ်"

ထင် လက်ကို မြှောက်ခါပြလိုက်ပြီး အောက်မှာပဲ လှဲအိပ်နေရင်း အိပ်မောကျသွားခဲ့ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် ကိုကြီးဆီက အသံကျွသံတွေ ပုံမှန်ဖြစ်ပြီး အိပ်ပျော်သံကြားလိုက်ရသည့်တိုင်အောင် အိပ်မပျော်သေးပေ။

ရင်တွေခုန်၊ ခြေလက်တွေတုန်ကာ အိပ်မရနိုင်သေး။ ကလေးဖြစ်သည့်အလျောက် အိပ်မောကျနေခဲ့ချိန်မှာမှ တစ်စုံတစ်ယောက်က လှုပ်နှိုးခြင်းခံရပြီး ထိုတစ်စုံတစ်ယောက် ဆိုတာက လည်း သိကျွမ်းဖူးသည်မှ တစ်ရက်သာရှိသေးသော၊ သွေးမတော်သားမစပ်သည့် ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့လျှင် ဘယ်မိန်းကလေးက မကြောက် ရှိလိမ့်မလဲ။

ပြီးတော့ ထိုယောကျ်ားရဲ့ မျက်နှာက နီရဲတင်းထန်ပြီး ချွေးစေးစက်လက်ဖြင့် မွေးကို ငုံ့မိုးကြည့်နေခဲ့တော့ မွေးမှာ အာပြဲအောင် အော်ပစ်လိုက်ချင်ခဲ့သည်။

ကိုကြီးပေးသော အကြောင်းတရားကလည်း သိပ်ပြီး အခိုင်အလုံကြီးလည်း မဟုတ်လှ။

ဒါပေမယ့် ညအိပ်မီးရောင်အောက်မှာ မြင်နေရသော သူ့မျက်နှာကတော့ တကယ် ထိတ်လန့်နေပုံရသဖြင့် မွေး ယုံသလိုလိုတော့ ရှိသည်။

မွေးက သရဲတွေ၊ ဝိညာဉ်တွေကို မကြောက်တတ်သဖြင့် ကိုကြီးကို သံသယရှိနေခြင်း ဖြစ်သည်။





မွေး အိပ်မပျော်ဘဲ ကိုကြီးကို စောင့်ကြည့်နေခဲ့သည်မှာ မနက် သုံးနာရီပင် ခွဲလာခဲ့ပါပြီ။

မွေး မျက်စိများ ကျိန်းစပ်လာပြီး မျက်လုံးက မှေးစင်းလာခဲ့သည်။ ဒါပေမယ့် စိတ်ဒုံးဒုံးချပြီး မအိပ်စက်ရဲသေးခင်မှာပဲ ကိုကြီးဆီမှ အသံတိုးသက်သက်သက်ကလေး လွင့်ပျံ့လာသည်။

"အင်း ... ဟီး ... ဟင်း ... အင်း ... အင်း ... အင်း ... ကျွတ်ကျွတ် ..."

ညည်းသံကလေးဖြစ်သည်။ နေမကောင်းသောသူများ မသက်မသာ ညည်းတွားသော အသံကလေးဖြစ်သည်။ မွေးလည်း မကြာခဏ နေမကောင်းဖြစ်တတ်သဖြင့် ဤညည်းသံမျိုးက မွေးနှင့် မစိမ်းပေ။

မွေး ခုတင်ပေါ်မှ ဆင်းကာ ကိုကြီး နဖူးလေးကို စမ်းလိုက်မိသည်။ နဖူးပေါ်ရောက်သွားသည့် လက်ဖဝါးမှာပင် ပူရှိန်းရှိန်းကြီး ခံစားလိုက်ရသဖြင့် ကိုကြီး ဖျားနေပြီဆိုတာကို မွေး သဘောပေါက်လိုက်သည်။

မွေး ဗီရိုထဲထည့်ထားသည့် မွေးဖျားလျှင် သုံးနေကျ တစ်ခါသုံး ရေခဲဝတ် (cool skin gel sheet) ထုပ်ကလေးတစ်ခုကို ဖောက်၍ ကိုကြီးနဖူးမှာ ကပ်ထားပေးလိုက်သည်။ မွေးရဲ့ မွေးပွခြုံစောင်ကြီးကို ဆွဲယူကာ ကိုကြီး ခန္ဓာကိုယ်ပေါ်မှ လုံခြုံအောင် လွှမ်းခြုံပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မွေးလည်း အိပ်မပျော်တော့သဖြင့် ကိုကြီးဘေးမှာ ငုတ်တုတ်ကလေး ထိုင်စောင့်နေလိုက်သည်။

မနက်ခင်းရောင်စဉ်ပြာလဲ့လဲ့က ပြတင်းဝမှာ ခိုတွယ်လာချိန်မှာတော့ မွေး ခဏလေး အိပ်ပျော်သွားခဲ့ပါသည်။

❑ ❑ ❑



## အခန်း(၆)

* * *

ထင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲစွာဖြင့် နိုးထလာသည်။ ထင် မျက်ခွံတွေ ဖွင့်လိုက်ချိန်မှာ မြင်နေကျမဟုတ်သော မြင်ကွင်းမို့ ဘေးဘီကို ဝေ့ဝဲကြည့်လိုက်လျှင် ခုတင်ကို မှီကာ အိပ်ပျော်နေသော ဝန်းမွေးခတ္တာကို တွေ့လိုက်ရသည်။

"ဩော် ... ညက"

ထင် ညကအဖြစ်ကို သတိရသဖြင့် ရေရွတ်ကာ ထထိုင်လိုက်ပါသည်။

"ဟိတ် ... ဟိတ်"

ပန်မွေးခတ္တာ၏ နဖူးလေးကို တွန်းနှိုးလိုက်စဉ်မှာ သူမ လှုပ်ရှားလာပါသည်။

မျက်ခွံလေး ပွင့်လာပြီး ထင့်ကို မြင်သွားသည်။

"ဟင် ... ကိုကြီး နိုးလာပြီလား၊ သက်သာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ..."

"ကိုကြီး ညကဖျားတယ်လေ၊ အပြင်းဖျားတာ၊ မွေး ရေခဲဝတ် ကပ်ထားပေးတယ်လေ ..."

"ဩော် ... ဟုတ်လား၊ အင်း ... သက်သာပါပြီ၊ ကျေးဇူးပဲ ကိုယ် သွားတော့မယ်"

"ရှင် ... ဟုတ်"

ကိုကြီးက အခန်းထဲမှ အလျင်အမြန် ထွက်သွားသဖြင့် မွေး သမ်းဝေလိုက်ပြီး သူခြုံခဲ့သော မွေး၏ စောင်ပုံကြီးပေါ်မှာ မှောက်ချလိုက်စဉ်မှာပဲ အခန်းတံခါး ပြန်ပွင့်လာခဲ့သဖြင့် မွေး ခေါင်းပြန်ထောင်လိုက်ရသည်။

"မနက်စာကို မင်းကြိုက်တာ လုပ်ခိုင်းလိုက်၊ ငါက ဒီနေ့ ဆန်ပြုတ်ပဲ စားမှာ ..."

"ဟုတ် ...၊ မွေးလည်း ဆန်ပြုတ်ပဲ"

"မဟုတ်တာ၊ မင်း လူမမာမှ မဟုတ်တာ"

"မွေး ဆန်ပြုတ်ကြိုက်လို့"

"ကောင်းပြီလေ၊ များများ ပြုတ်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့၊ ကိုကြီး ..."

"ဘာလဲ ..."

"ဆေးသောက်လိုက်ဦးနော်"

မွေး သတိပေးလိုက်တော့ သူ ဘာမှမတုံ့ပြန်သွားပေမယ့်လည်း ဆေးသောက်လိုက်မယ်ဆိုရင်တော့ မွေး ကျေနပ်ပါသည်။





မွေးသည် စောင်ပုံကြီးပေါ်မှာပဲ ခေါင်းပြန်မှောက်ပြီး ကွေးလိုက်လျှင်ပဲ တစ်ညလုံး အိပ်ရေးပျက်ထားသမျှ အတိုးချပြီး အိပ်မောကျသွားခဲ့ပါသည်။

မွေး အိပ်ရာက နိုးလာတော့ အချိန်က နေ့ခင်း ဆယ့်တစ်နာရီပင် ထိုးနေခဲ့ပါပြီ။ ကိုကြီး မနက်စာ စားပြီးပြီထင်တယ်ဟု တွေးပြီး မွေး ရေချိုးလိုက်ပါသည်။

ရေချိုးပြီး ပိုးဂါဝန်အဝါနုလေးဝတ်ကာ အခန်းပြင် ထွက်လာလျှင်ပဲ မတင်တင်နှင့် ဆုံလေသည်။

"မွေး ... နိုးပြီလား၊ မတင်က မွေး ထမင်းစားဖို့ လာခေါ်တာ၊ မနက်စာတောင် ဆင်းမစားနိုင်အောင် အိပ်ပျော်နေတာကိုး"

"ဟုတ်တယ် ... ဟင်း ..."

မွေးသည် ထမင်းစားခန်းထဲ ဝင်လာနေရင်းက ကိုကြီးကို ရှာနေမိသည်။ ကိုကြီး ကုမ္ပဏီ သွားပြီထင်တယ်။

ပူပူနွေးနွေး ချူးခပ်ထားသော ထမင်းဟင်းများကို ငေးနေပြီး တစ်ယောက်တည်း စားရမှာကို ပျင်းနေမိသည်။ ကိုကြီး နေရာလေးကို သတိတရ ကြည့်မိသေးသည်။

"ကိုထင် ဖျားနေတယ် မွေးရဲ့၊ ကုမ္ပဏီ မသွားနိုင်ဘူး၊ ဒါပေမယ့် နိုင်ငံခြားက ဧည့်သည်တစ်ယောက် ရောက်မယ်ဆိုလို့ လေဆိပ်မှာ သွားကြိုတယ်၊ ကားတောင် မမောင်းနိုင်လို့ ဘကြီးကျော် မောင်းပို့ပေးတယ်လေ"

www.burmeseclassic.com



"ဟုတ်လား..."

မွေး တစ်ယောက်တည်းပဲ ထမင်းစားလိုက်ရသည်။

ထမင်းစားပြီး ကိုယ်လက် လှုပ်လှုပ်ရှားရှားကလေး လုပ်ရအောင် ခြံထဲဆင်းလာပြီး မြက်ခင်းပြင်လေးပေါ်မှာ ကစား နေလိုက်ပါသည်။ မကြာခင်မှာပဲ...

"မွေး... ဆရာမ လာပြီ"

အိမ်ရှေ့ ဆင်ဝင်အောက်မှ လှမ်းအော်ပြောသော မတင်တင် အသံကြောင့် ကစားခြင်းကို ရပ်တန့်လိုက်စဉ်မှာပဲ ကိုကြီးရဲ့ မာစီဒီး အနက်ကလေး ခြံထဲ မောင်းဝင်လာတာ တွေ့ လိုက်ရလေသည်။

မွေးလည်း အိမ်ထဲဝင်ဖို့ မြက်ခင်းပြင်ကို ဖြတ်သန်း ပြီး လျှောက်လှမ်းလာခဲ့သည်။ ဆင်ဝင်အောက် အရောက်မှာတော့ ကိုကြီးလည်း ကားပေါ်က ဆင်းလာသည်နှင့် ဆုံသည်။ ကိုကြီးနှင့် တစ်ပြိုင်နက်တည်းမှာပဲ ကားပေါ်မှ အစ်မကြီးတစ်ယောက် ဆင်း လာလေသည်။

ထိုမမကို မွေးက ငေးမဝနိုင်အောင် ဖြစ်သွားရသည်။ တော်တော်ကြီး လှတဲ့ မမပါလား...။ သူမရဲ့ ငွေရောင်ဆံပင်များ က အရောင်စိုကာ နေကာမျက်မှန် ခဲရောင်ကို မာန်ပါပါ တပ်ထား ပုံက စတိုင်ကျလှပါသည်။ အသားလေးက ဖြူနုဝင်းပနေပြီး နှုတ်ခမ်းလေးကလည်း ပြုံးချို၍နေလေသည်။

"မင်း ဆရာမ ရောက်နေတာလား"





ကိုကြီးကလည်း နေကာမျက်မှန်ကို ပင့်တင်၍ မွေး ကို မေးဆတ်ပြကာ မေးလာပါသည်။ မွေး ဖြေမည်ကြံတုန်းမှာပဲ ဆရာမဆီမှ အသံက ထွက်ပေါ်လာပါသည်။

"ဟုတ်ပါတယ်... ကျွန်မက မွေးရဲ့ စန္ဒရားအတီးသင် ဆရာမပါ ကိုထင်လကျော်၊ ကိုထင်လကျော်က မိန်းကလေး ဆရာမပဲ သင်စေချင်တယ်ဆိုလို့ ကျွန်မကို ကျောင်းအုပ်ကြီး က လွှတ်လိုက်တာပါ၊ စိတ်ချပါနော်၊ မွေးကို ကျွန်မ သေချာ သင်ပေးပါမယ်၊ ကလေးကလည်း ဉာဏ်ကောင်း ပါတယ်၊ ပြီးတော့..."

"ဟုတ်ပါပြီ၊ သေသေချာချာလေး သင်ပေးပါ၊ ကျေးဇူးပါ ပဲ"

စကားကြောရှည်ချင်နေသော ဆရာမကို ကိုကြီးကပဲ ခပ်တည်တည်လေးဖြင့် စကားစဖြတ်လိုက်ပါသည်။

မွေးက ဆရာမလက်ကို ဆွဲကာ...

"ဆရာမ... မွေး အခန်းထဲ သွားရအောင်"

ဆရာမကို ခေါ်ပြီး အပေါ်ထပ်သို့ ရှေ့ကတက်လာ စဉ်မှာပဲ နောက်အပါးဆီမှ စကားသံလေး ကြားလိုက်ရပါသည်။

"ယူ့ညီမ အငယ်ဆုံးဆိုတာလေးလား"

"ဆိုပါတော့..."

"ယူက ညီမကို အတော်ချစ်ရှာသားပဲ၊ စန္ဒရားတီးတာ တောင် အသေအချာ သင်ပေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာပါတယ် ဆိုလို့ပါ"

"တို့နဲ့လည်း မိတ်ဆက်ပေးဦးလေ"

"ဖြည်းဖြည်းပေါ့"

မွေး တစ်ခွန်းမကျန် ကြားရပြီးမှ အခန်းထဲရောက်ခဲ့သည်။

"မွေး ကိုကြီးက တစ်မျိုးပဲနော်၊ အဲ့ဒါ သူ့အမျိုးသမီးလား"

"ဟုတ်မယ် ထင်ပါတယ်"

"ချောတယ်နော်၊ ကိုထင်လကျာ်ကလည်း ဓာတ်ပုံတွေထဲက ထက်တောင် ကြည့်ကောင်းနေသေးတယ်"

"ဟင်း..."

ထို့နောက်မှာတော့ မွေး စန္ဒရားပဲ တီးနေပြီး အချိန်ကုန်သွားခဲ့ပါသည်။

နေ့ခင်းဘက်မှာတော့ အိမ်မှာ ကိုကြီးကော၊ ညွှ်သည် မမကော မရှိကြတော့။

မွေးလည်း အခန်းထဲမှာပဲ တီဗီကြည့်လိုက်၊ သီချင်းနားထောင်လိုက်ဖြင့် အချိန်ကုန်ခံနေလိုက်ပါသည်။

ညနေ ထမင်းစားချိန်မှာလည်း ကိုကြီး ပြန်မရောက်သေးပါ။ ကိုကြီးက နေကောင်းတာလည်း မဟုတ်ဘဲနဲ့...။

မွေး ညဘက် စန္ဒရားအတီးပြန်ကျင့်နေချိန်မှာ အခန်းပြင်က စကားသံများ ကြားလိုက်ရသည်။

"ပန်းမြတ်မိုးဟန်က ဟိုတယ်မှာ မတည်းချင်ဘူးဆိုလို့သာ





အိမ်ခေါ်လာရတာ၊ အိမ်က အခန်းလွတ်တွေက မရှင်းရသေးဘူး၊ အဲ့ဒါကြောင့် ကျွန်တော့် ညီမလေးရဲ့ အခန်းထဲမှာ အတူတည်းပေါ့... ရမလား"

"အို... တို့က နှစ်ယောက် မအိပ်တတ်ဘူး၊ သီးသန့်ခန်းပဲ စီစဉ်ပေးပါ ထင်လကျာ်"

"အိုကေလေ... စီစဉ်လိုက်ပါ့မယ်"

ထိုစကားသံ ဆုံးသွားသည်နှင့် မွေး အခန်းတံခါးကို ခေါက်လိုက်သံ ကြားလိုက်ရသည်။ မွေးက...

"ဟုတ်ကဲ့..."

အသံပေးလိုက်သည်နှင့် အခန်းတံခါး ပွင့်သွားပြီး ကိုကြီးနှင့် ညွှ်သည်မမကို တွေ့လိုက်ရသည်။

"မွေး..."

ဘုရား။ ကိုကြီးနှုတ်ခမ်းက မွေးကို မွေးလို့ခေါ်တာ ဒါ ပထမဆုံး အကြိမ်ပါပဲ။ ပြီးတော့ အသံကိုက နွေးထွေးညှို့သက်ခဲ့တာ...။ ဘာကြောင့် ရုတ်တရက် ပြောင်းလဲသွားသလဲဆိုတာ မွေးတော့ တွေးကြည့်၍ပင် မရတော့။

"ဟုတ်ကဲ့... ကိုကြီး"

"မွေး... ဒီည ကိုကြီးအခန်းမှာ လာအိပ်နော်၊ မမက မွေးအခန်းကို ခဏယူချင်လို့ ပေးလိုက်နော်"

"ရှင်..."

ကိုကြီး လက်က မွေးလက်မောင်းလေးကို ဆိုင်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ အခန်းပြင်သို့ ဆွဲထုတ်လိုက်ချိန်မှာ မွေး ယောင်နနကလေး ပါသွားရလေသည်။

"ဖြစ်ပါ့မလားထင် လကျာ၊ ယူပြောတော့ ညီမအရင်း မဟုတ်ဘူးဆို၊ အန်ကယ်ခွန်လကျာရဲ့ မယားပါ သမီးဆို"

"ဟုတ်တယ်လေ . . ."

"တစီမ်း မိန်းကလေးနဲ့ တစ်ခန်းတည်း နေလို့ဖြစ်မလား"

"သူက ကလေးပဲ"

"ကလေးဆိုပေမယ့် ယူနဲ့တော့ သွေးသားမှ မတော်တာ တစိမ်းတွေပဲလေ"

"ကိစ္စမရှိဘူး၊ သူက တစ်ချိန် ကိုယ့်ဇနီးဖြစ်မယ့်သူပဲ"

"ဘာ . . . ဘာ"

ညွှံသည်မမဆီက အံ့သြတကြီး မေးသံရယ်၊ ကိုကြီး နှင့် လက်တွဲထားသော မွေးတို့ကို ကြည့်သည့် အကြည့်ရယ် . . .၊

အမှတ်မထင် ပြောပစ်လိုက်သော ကိုကြီး စကားလုံး တွေရယ်။ အို . . . မွေးတစ်ကိုယ်လုံး တုန်ယင်၍ နေသည်။

"မင်း သက်သောင့်သက်သာ နားပါ ပန်းမြတ်မိုးဟန် . . .၊ ကိုယ်လည်း နားလိုက်ဦးမယ်၊ ကိုယ့်မှာ အဖျားသွေး ရှိနေ သေးတယ်လေ"

ဒေါတသကြီး မတ်တတ်ရပ်နေသော ညွှံသည်မမ ကို အခန်းတံခါးပိတ်ပေးလိုက်ပြီး ကိုကြီး အကြည့်တွေက မွေး ဘက် လှည့်ကျလာပါသည်။





မျက်လုံးတစ်ဖက်ကို မှိတ်ပြပြီး မွေးပခုံးလေးကို ဖက်ထားလျက်ကပဲ သူ့အခန်းထဲကို အတူဝင်လာစေသည်။

အခန်းထဲရောက်တော့ စာအုပ်စင်များ ပတ်လည် ဝန်းရံကာ သန့်ရှင်းနေသော ကိုကြီးအခန်းရဲ့ တိတ်ဆိတ်မှုကြောင့် မွေး ရင်တွေခုန်လာခဲ့ပါသည်။

ကြောက်စိတ်ဖြင့် ခုန်နေသော ရင်ခုန်သံကို နားစည် ကွဲသွားမတတ် ပြန်ကြားနေခဲ့ရသည်။

ဒီတစ်ညတာက တကယ်ကို ရှည်လျားပြီး အိပ်ပျက် ရဦးမယ် ထင်ပါရဲ့ကွယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

* * *

ထင်သည် နုံးချိစွာ ခံစားနေရသည်။ အဖျားသွေး ရှိပါလျက်နှင့် ကောင်းကောင်း အနားမယူရပါဘဲ ဒက်ဒီ လွှတ်လိုက်သော ပန်းမြတ်မိုးဟန်ကို သွားကြိုရ၊ သူမနှင့်အတူ ထင့်ဆိုင်အခြေအနေတွေ လိုက်ရှင်းပြရ၊ လျှောက်လည်ရနှင့် စိတ်မှာ အတော့်ကို ပင်ပန်းနေခဲ့ရပါသည်။

အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော သီရိလင်္ကာဆိုတဲ့ ထင်တို့အိမ်ကြီးမှာ ပန်းမြတ်မိုးဟန်အတွက် အခန်းတစ်ခန်း ပြင်ဆင်ပေးလိုက်ဖို့ အခက်အခဲမရှိပါသော်လည်း ထင်တမင်ကို မရှင်းလင်းခိုင်းခဲ့ခြင်း ဖြစ်သည်။

ပန်းမြတ်မိုးဟန်အား ဟိုတယ်တစ်ခုသို့ လိုက်ပို့ပေးခဲ့ပါသော်လည်း သူမက ထင့်အိမ်မှာပဲ လိုက်နေချင်ပါသည်ဟု ပွင့်ပွင့်လင်းလင်း တောင်းဆိုလာသဖြင့် မခေါ်ချင်ဘဲ အိမ်ထိခေါ်လာရခြင်း ဖြစ်သည်။





အိမ်ရောက်တာနှင့် သူမ အမြန်ဆုံးနည်းနှင့် ဩစတြေးလျကို ပြန်သွားချင်စိတ်ပေါက်အောင် လုပ်ပစ်မည်ဟု ဆုံးဖြတ်ပြီးမှ ခေါ်လာခဲ့ခြင်းဖြစ်သည်။

ထင့်မှာလည်း ကြိုတင်စဉ်းစားထားပြီးသော နည်းပရိယာယ်ကလည်း အဆင်သင့်မရှိသဖြင့် ပန်းမွှေးခတ္တာကိုပဲ အသုံးချဖို့ စီစဉ်ပစ်လိုက်ရခြင်း ဖြစ်သည်။ ဘယ်လိုပဲ အသုံးချဖို့ ရည်ရွယ်ခဲ့ပါသော်လည်း တစ်ချိန် ထင့် ဇနီးဖြစ်မှာပဲဆိုတဲ့ စကားလုံးကတော့ ထင့်နှုတ်ဖျားမှ အဘယ်ကြောင့် ထွက်ပေါ်သွားခဲ့သလဲ ထင် ကိုယ်တိုင် မသိလိုက်ပေ။

“ငါ ရေချိုးလိုက်ဦးမယ်”

ထင်က အင်္ကျီချွတ်ပြီး ပြောလိုက်တော့ ပန်းမွှေးခတ္တာက တစ်ဖက်သို့ လှည့်သွားပြီး…

“ဖျားနေသေးတယ် မဟုတ်လား”

“ရေနွေးနဲ့ပဲ ချိုးမှာပါ”

ထင် ရေချိုးခန်းထဲ ဝင်လာပြီး ရေနွေးဖြင့် ရေချိုးပစ်လိုက်မှ ကိုယ်လက် ကိုက်ခဲမှုက သက်သာသလို ရှိသွားသည်။

ရေချိုးခန်းထဲက ထွက်လာချိန်မှာ ပန်းမွှေးခတ္တာကို မတွေ့ရတော့သဖြင့် စိတ်ပူသွားသည်။ အခန်းထဲက ထွက်လာပြီး အောက်ထပ်တွေမှာ ပတ်ရှာခဲ့ပြီး မီးဖိုထဲရောက်တော့မှ ဂတ်(စ)အိုးဖွင့်ပြီး တစ်ခုခုတည်နေသော ပန်းမွှေးခတ္တာကို တွေ့လိုက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဘာလုပ်နေတာလဲ"

ရုတ်တရက် ထင့်အသံ ကြားလိုက်ရသဖြင့် သူမ ကျောပြင်ကလေး တုန်သွားပြီးမှ ထင့်ကို မော့ကြည့်လာသည်။

"ဆန်ပြုတ် နွေးနေတာလေ ကိုကြီးရဲ့၊ ကိုကြီး အစာရှိမှ ဆေးသောက်လို့ ရမှာလေ"

"ဪ ..."

"အခန်းပြန်ပြီး အင်္ကျီဝတ်လိုက်ပါဦးလား၊ အအေးမိနေဦးမယ်"

သူမ ပြောမှ ထင့်ကိုယ်ထင် ငုံ့ကြည့်မိသည်။ ရေချိုးခန်းထဲက ထွက်လာတဲ့ သဘက်ကို ခါးမှာပတ်ထားတဲ့ မုံစံအတိုင်း အောက်ထပ်ကို ဆင်းလာခဲ့မိတာပဲ။

"အဲဒါဆို မင်း ဆန်ပြုတ်ကို ယူပြီး ပြန်တက်လာခဲ့ ..."

"ဟုတ်ကဲ့ ..."

ထင် အခန်းဆီပြန်တက်လာပြီး ရေစက်လက်တို့ကို သုတ်ကာ ပုဆိုးနှင့် စပို့ရှပ်ထူထူလေး ဝတ်ပြီး သူမကို စောင့်နေလိုက်သည်။

မကြာခင်မှာပဲ အခန်းတံခါးလေး ပွင့်လာပြီး ပန်းမွေ့ ခတ္တာ ဝင်လာလေသည်။ လင်ဗန်းကလေးထဲမှာ ဆန်ပြုတ်ပန်းကန်နှင့် ရေနွေးပူပူလေးထည့်ယူလာခဲ့သော ဤကလေးမ ဟန်ပန်ကလေးကို ထင် သဘောတကျ ပြုံးလိုက်မိသည်။

ထင့်ညီမလေး ခင်ဆို ဒါမျိုးလုပ်ပေးတတ်မှာမဟုတ်။





"ကိုကြီး ... သောက်လိုက်နော်၊ ပြီးရင် ဆေးသောက်လိုက်ဦး"

သူငယ်မက ထင့်စာကြည့်စားပွဲပေါ်တင်ပေးရင်းဖြင့် မှာနေသလိုမျိုး ပြောကာ လှည့်ထွက်သွားဖို့ ပြင်နေသည်။

"မင်း ... ဘယ်လဲ"

"ဟို ... ကိုကြီး စိတ်ချလက်ချ အိပ်ရအောင် မွေး မတင်နဲ့ သွားအိပ်မလို့ပါ"

ထင့် မျက်လုံးစိမ်းကြီးများ အလိုလို တွန့်ရှုံ့သွားသည်။ သူမက ထွက်သွားဖို့ရန်အတွက် တံခါးကိုပင် ဆွဲဖွင့်နေပြီ။

"မသွားပါနဲ့ ..."

ပန်းမွေ့ခတ္တာ ခြေလှမ်းများ ရပ်တန့်သွားသည်။

"မသွားပါနဲ့ မွေး၊ ငါနဲ့ ပန်းမြတ်မိုးဟာန် အဆင်မပြေတာကို တခြားသူတွေ မသိစေချင်ဘူး၊ မင်း ငါ့ရှေ့ကို ခဏလာခဲ့ပါ၊ ငါ ပြောစရာရှိလို့ ..."

ထင်ရှေ့ကို သူမ ခေါင်းလေးငုံ့ပြီး ရောက်လာသည်။ ထင်က အသံကို တိုးသထက် တိုးလိုက်ပြီး ...

"ပန်းမြတ်မိုးဟာန်နဲ့ ငါ့ကို ဒက်ဒီ သဘောတူထားတယ်၊ အဲဒါကြောင့် ငါနဲ့နီးစပ်အောင် သူ မြန်မာပြည်ကို လာလည်တာ၊ ဒါပေမယ့် ငါ သူ့ကို သဘောမကျဘူး၊ သူ့ကို ငါ အတင်းကြီး ငြင်းပယ်လိုက်ရင် သိပ်မကောင်းတတ်လို့ သူ့ဘာသာ ငါ့အပေါ် စိတ်ပျက်သွားအောင် ဟန်ဆောင်နေတာ၊ အဲဒါကြောင့် မင်း ငါ့ကိုကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကူညီရမှာလဲ ..."

"သိပ်တော့ မခက်ပါဘူး၊ ငါ ဘာပဲလုပ်လုပ် မင်း အလိုက်သင့်ကလေး နေဖို့ပါ၊ မင်း မနစ်နာစေရပါဘူး"

"ဟုတ် ..."

"ကဲ ... မင်း အိပ်နှင့်တော့"

ပန်းမွှေးခက္ကာသည် အခုအချိန်ထိ သူ့ကိုမယုံသင်္ကာနှင့်ပင် သူ့အနားက ခွာသွားသည်။

"ခုတင်ပေါ်မှာ အိပ်ပါ"

"ဟင့်အင်း ... အောက်မှာပဲ အိပ်ပါရစေ"

"ဒါဆို ငါ အိပ်ယာခင်းတွေ ပေးမယ်"

ထင်က အပိုရှိသည့် အိပ်ရာခင်း၊ ခေါင်းအုံးနှင့် စောင်များကို သူမ အိပ်ဖို့ အသင့်ခင်းပေးလိုက်ပါသည်။ သူမ အိပ်ရာမှာ လှဲအိပ်လိုက်တဲ့အထိ စောင့်ကြည့်ပြီးမှ ထင်လည်း မီးပိတ်ကာ ခုတင်ပေါ်မှာ လှဲချပစ်လိုက်ပါသည်။

ဒီညတော့ ထင်ပဲ ပင်ပန်းနေခဲ့လို့လားမသိ၊ ဘယ်လို အသံမျိုးကိုမှ မကြားရတော့ဘဲ အိပ်မောကျသွားခဲ့တော့သည်။

❑ ❑ ❑

မွှေးသည် အိပ်ချင်ယောင်ဆောင်နေရင်းကမှ ကိုကြီးကို ခိုးကြည့်နေမိသည်။ မွှေးဘက်ကို ကျောခိုင်းပြီး အိပ်မောကျနေသော ကိုကြီးဟာ ဘယ်လိုလူမျိုးပါလဲလို့ တွေးကြည့်နေမိသည်။





တစ်ခါတစ်ရံ စိမ်းဆတ်မာကျောသည်၊ တစ်ခါတစ်ရံ နွေးထွေး ညှို့သက်သည်၊ တစ်ခါတလေ မယုံနိုင်စရာကောင်းလောက်အောင် ကြောက်ရွံ့ထိတ်လန့်တတ်သည်။

ဘာပဲဖြစ်ဖြစ် ကိုကြီးကို မွှေးက ဒီအိမ်ကလူတွေအားလုံးထဲမှာတော့ အခင်တွယ်ဆုံး ဖြစ်ပါသည်။

"ပန်းမွှေးခက္ကာ ထတော့လေ ..."

မွှေး နဖူးလေးကို လက်ဖြင့် တွန်းနှိုးတတ်သော ကိုကြီးနှိုးမှ မွှေး နိုးလာခဲ့ပါသည်။

"ထ ... breakfast ဆင်းစားရအောင်၊ အောက်မှာ ပန်းမြတ်မိုးဟန် ရောက်နေပြီ"

"ဟုတ် ..."

မွှေး အိပ်ရာသိမ်းပေးဖို့ ပြင်သော်လည်း ကိုကြီးက သူ့ဘာသာ သိမ်းလိုက်သည်။ မွှေး မျက်နှာသစ်ပြီး ရေချိုးခန်းထဲက ထွက်အလာမှာ တဘက်တစ်ထည်ဖြင့် အဆင်သင့် စောင့်နေသော ကိုကြီးကို တွေ့ရလေသည်။

"ရော့ ... မျက်နှာသုတ်"

"ဟုတ် ... ကျေးဇူးပဲ"

မွှေး မျက်နှာသုတ်ပြီးသည်နှင့် ကိုကြီးက မွှေးခန္ဓာကိုယ်လေးကို ပွေ့ချီလိုက်လျှင် မွှေးလက်ထဲက မျက်နှာသုတ်ပဝါလေး ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။

"ကိုကြီး ... လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ကူညီမယ်ဆို"

မွှေးသည်မငြင်းသာတော့ဘဲ သူ့ကိုယ်ပေါ်မှာ အခန့်သားလေးပဲ လိုက်ပါလာခဲ့ရပါသည်။ အပေါ်ဆုံးထပ်မှ ဒုတိယထပ်၊ ဒုတိယထပ်မှ အောက်ဆုံးထပ်၊ ထိုမှ မီးဖိုခန်း ထမင်းစားခန်းထဲကို ဒီအတိုင်း ဝင်လာခဲ့သည်။

ကိုကြီး မျက်နှာက ရွှန်းရွှန်းမြမြကြီးကို ပြုံးရွှင်၍နေလေသည်။ ပန်းမြတ်မိုးဟာန်လို့ ခေါ်တဲ့ မမ မျက်နှာကတော့ မြင်ကွင်းကို မနှစ်မြို့စွာဖြင့် တင်းမာ၍နေသည်။

ဘကြီးကျော်နှင့် မတင်တင်က အံ့သြမင်သက်စွာ ငေးကြည့်၍ နေလေသည်။

"ဆောရီး ပန်းမြတ်မိုးဟာန်ရ၊ ကိုယ့် ညီမလေးကို စောင့်နှိုးနေရလို့၊ မင်းက မိတ်ဆက်ပေးလို့ ပြောထားတယ်မဟုတ်လား၊ အဲ့ဒါကြောင့် ခေါ်လာတာလေ၊ ကဲ … မွှေး ဆင်းတော့နော်"

သူ ချိုပွေ့ချင်တိုင်း ပွေ့လာခဲ့ပြီးမှ ဆင်းဖို့ကျတော့လည်း သူကပဲ ချော့ပြောနေပြန်သေးသည်။ မွှေးနှင့် ကိုကြီးက ကပ်ရပ်ထိုင်လိုက်ပြီး မမကို မျက်နှာချင်းဆိုင်ထားရသည်။

"ဘကြီး … တင်တင်ကို ကားမောင်းပြီး ဈေးလိုက်ပို့လိုက်ပါ၊ တင်တင်က ငါမှာထားတာတွေကို တစ်ခုမှမကျန်အောင် ဝယ်လာပါ၊ သွားကြတော့ …"

"ကောင်းပါပြီ ထင် …"





"ဟုတ်ကဲ့ … ကိုထင်"

ဘကြီးကျော်နှင့် မတင်တင် ထွက်သွားတော့မှ ကိုကြီးက …

"ပန်းမြတ်မိုးဟာန် breakfast စားလေ …၊ ကိုယ်က တစ်ယောက်တည်းဆိုရင် ဘာမှ ဖွယ်ဖွယ်ရာရာ ချက်မစားဖြစ်ဘူး၊ မင်းကို ဧည့်ဝတ်မကျေသလို ဖြစ်နေပြီ၊ နေ့လယ်ကျမှ မနက်စာကို ကောင်းကောင်း ပြင်ဆင်ခိုင်းထားတယ်၊ ခုတော့ ဒါနဲ့ပဲ ပြီးလိုက်ရအောင်နော်"

ကော်ဖီခါးခါးနှင့် ရွှေပုစွန်ကိတ်တွေ လှီးပြီး ခြောက်ခြောက်ကပ်ကပ် ပြင်ဆင်ထားတာ ကိုကြီး တမင်လုပ်တယ်ဆိုတာ မွှေးတော့ သိနေသည်။

မွှေးနဲ့ နှစ်ယောက်တည်းတောင် ဒီ့ထက် စားမြိန်တာမျိုး ကိုကြီး ပြင်ဆင်ခိုင်းနေကျပင်။

"မွှေး … စားလေ"

"ဟုတ်ကဲ့ … ကိုကြီး"

"ထင်လကျ်ာ ရှင် မနေ့ညက ပြောတာ အမှန်ပဲလား"

"ဘာကိုလဲ …"

မမက မွှေးဆီ မေးငေါ့ပြပြီး …

"သူနဲ့ ရှင် တစ်ချိန် …"

"ဟုတ်တယ် …၊ ကိုယ် တကယ် ပြောတာပါ …"

"ဟုတ်လား မွှေး၊ ညီမလေး သူ့ကို တကယ် လက်ထပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

မွေးသည် လည်ချောင်းဝမှာ နင်လာသော ကိတ်မုန့်ကို ဆက်ပဲ မျိုချရမလား၊ ထွေးပဲထုတ်ရမလား စဉ်းစားမရနိုင်အောင် ဖြစ်သွားရတော့သည်။

မွေးဘက်ကို မြားဦး လှည့်လာခဲ့လေပြီ ...။

"မင်း ... ကလေးကို မေးမနေပါနဲ့၊ ငါ သူ့ကို လက်ထပ်မှာပါ၊ ငါ့ ဆုံးဖြတ်ချက်ပါ၊ မွေးမှာ ငြင်းပိုင်ခွင့် မရှိပါဘူး"

မွေး ရင်မှာနင့်အောင် ခံစားလိုက်ရလေသည်။

မွေးကို ကိုကြီးက လက်ထပ်မှာတဲ့ ...။ ကိုကြီး ဆုံးဖြတ်ချက်ကို မွေးမှာ ငြင်းပိုင်ခွင့်မရှိဘူးတဲ့ ...။

ဘာလဲ ... ဒီလိုပြောရအောင် မွေးက ကိုကြီးရဲ့အရုပ်မှ မဟုတ်တာ။

"ကောင်းပြီလေ ... ရှင့်စကား တည်ပါစေ ထင်လကျာ တို့တော့ ရှင့်လို ယောကျ်ားတစ်ယောက်နဲ့ မိတ်ဆွေအဖြစ် တောင် ခင်ချင်စိတ် မရှိတော့ပါဘူး၊ ကိုယ် ခူးဆွတ်မယ့် ပန်း ကိုယ့်ဘာသာ စိုက်ပျိုးတတ်တဲ့ ရှင့်လို ယောကျ်ားမျိုး အဆိပ်ပန်း မစိုက်မိပါစေနဲ့လို့ တို့ ဆုတောင်းပါတယ် တို့ ဒီနေ့ပဲ ပြန်မယ်"

မမက ဒေါသ ပြင်းပြင်းပြပြထွက်၍ ရေရွတ်နေတာကို ကိုကြီးက ပခုံးတွန့်ကာ ပြုံးလိုက်ပြီး ...

"ကောင်းပြီလေ၊ ဒါတော့ မင်းသဘောပါပဲ၊ ကိုယ့်မှာ တခြား တားမြစ်ပိုင်ခွင့် မရှိပါဘူး"





"တောက် ..."

မမက စိတ်ဆိုးစွာဖြင့် လှေကားထစ်တွေဆီ နင်းတက်သွားခဲ့သည်။

မွေးလည်း ကိုကြီးကို သိပ်မကြည့်ချင်တော့သဖြင့် မျက်နှာကို ခပ်လွှဲလွှဲလေး ထားလိုက်သည်။

"ငါ အနိုင်ရအောင် ပြောလိုက်တာနော်၊ မင်း ဘာမှ စိတ်ထဲမထားနဲ့ ..."

မွေးလည်း ဘာမှ မတုံ့ပြန်တော့ဘဲ ခြံထဲပြေးဆင်းခဲ့ပါသည်။

ကိုကြီး မွေးကို အသုံးချနေတာလား။ အသုံးချရအောင် မွေးက ဒီအိမ်က ကျွန်လည်းမဟုတ်၊ အရုပ်လည်းမဟုတ်။

ဟင့် ... မသိဘူး၊ စိတ်ဆိုးတာပဲသိတယ် ...။

ကိုကြီး မာစီဒီးကား ခြံထဲကထွက်သွားတာကို မွေး မြင်လိုက်ရသည်။ မမကို ပြန်ပို့သည်ပေါ့ ...။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

* * *

မွေးသည် နောက်ရက်များမှာ ကိုကြီးကို စကားမပြောဘဲ တစ်ယောက်တည်း နေကျင့် ရလာခဲ့ပါသည်။

ကိုကြီးက တစ်ရက်တလေတော့ သူ့အခန်းမှာပဲ သူအိပ်၍ တချို့ရက်တွေမှာတော့ မွေးအခန်းထဲမှာ လာအိပ်တတ်ပါသည်။

သူလာအိပ်လည်း မွေးက ဂရုမစိုက်ဘဲ နေနိုင်ခဲ့ပါသည်။

မွေး ကိုကြီးကို ဘာလို့ စိတ်ကောက်နေခဲ့မိသလဲ ရေရေရာရာ မသိပေမယ့် ကိုကြီးက မွေးအပေါ် ကျောသည်ဟု ခံစားရ၍ ဖြစ်သည်။

ကိုကြီးကလည်း မွေးကို တစ်ခွန်းမှ မဟာခဲ့ပေ။

ပုံမှန်အတိုင်း မနက်စာ၊ နေ့လယ်စာ၊ ညစာ မရှိးရအောင် စီစဥ်မှာပေးပြီး သူလည်း ကုမ္ပဏီသွားသည်။





ဒါပေမယ့် မွေးအတွက် ကွန်ပျူတာ ဆရာမနှင့် ခြောက်တန်းစာ သင်ပေးမည့် ကျူရှင်ဆရာမတို့ကို ထပ်မံ၍ငှားပေးခဲ့ပါသဖြင့် မွေးမှာ အားရသည်ရယ်လို့ပင်မရှိဘဲ အချိန်ပြည့်စာဖြင့်ပဲ နပန်းလုံးနေခဲ့ရပါသည်။

အချိန်ကာလ တစ်လမပြည့်ခင် တစ်ညနေမှာပဲ မွေးရဲ့ မေမေ ပြန်ရောက်လာခဲ့ပါသည်။

ပြတင်းပေါက်မှနေ လေဆိပ်က ပြန်လာသည့် ဦးခွန်လကျ်ာ စီးနေကျ Surf အနက်ကြီး ခြံဝိုင်းထဲ မောင်းဝင်လာတာမြင်ရသဖြင့် မွေး ဆွေ့ဆွေ့ခုန်နေခဲ့ရပါသည်။

အခန်းပြင် ပြေးထွက်၊ လှေကားထစ်တွေ ကျော်ဆင်းကာ အိမ်ရှေ့ထိ ပြေးလာချိန်မှာ မေမေက အိမ်ရှေ့ထိရောက်နေခဲ့ပြီ ဖြစ်သည်။

"မေမေ ..."

မွေးသည် ကမ်းလင့်ကြိုနေသော မေမေ့ရင်ခွင်ထဲ ပြေးဝင်တိုးဝှေ့လိုက်ပါသည်။

"သမီး ... မေမေ့ကို အရမ်းလွမ်းနေတာလား"

"အင်းပေါ့ ... မေမေရဲ့"

မေမေက မွေး ကျောလေးကို တဖွဖွ ပုတ်ပေးသည်။

"ကဲ ... သားအမိတွေ အလွမ်းသယ်လိုက်ကြဦး၊ ကိုကိုတော့ ရေချိုးလိုက်ဦးမယ်၊ မွေးအတွက် ဒက်ဒီ လက်ဆောင်တွေ အများကြီး ဝယ်လာတယ်၊ ညကျရင် လာပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဒက်ဒီ"

"မာမီ ခင် ခဏနေရင် ရေချိုးမှာ၊ ရေနွေးစပ်ပေးဦးနော်"

ခင်က မေမေ့ကို မာမီဟုပင် ခေါ်ပြီး ခပ်ကျောကျော လေး ဆက်ဆံ၍နေတော့ မွေးမှာ ရန်တွေ့လိုစိတ်များပင် ပေါက် လာရသည်။

"စပ်ပေးမှာပေါ့ ခင်ရဲ့ ... ၊ မာမီ ခု လိုက်တက်လာခဲ့မယ် နော် ..."

မေမေကတော့ မွေးလို မခံစားရဘူးထင်။ ခင့်ကို ဆက်ဆံပုံက အရမ်းကို ချိုသာလို့ကလိုက်နေသည်။

"မေမေ ... ခင်နဲ့ အဆင်ပြေနေလားဟင်"

"အဆင်ပြေတာပေါ့ သမီးရဲ့၊ ခင်က လိမ္မာပါတယ်၊ မာမီ မာမီနဲ့ မေမေ့ကိုပဲ ကပ်နေတာ၊ မေမေမှာလေ မွေးလိုက် လာရင် သိပ်ကောင်းမှာပဲလို့ တလိုက်ရတာ သမီးရယ်၊ မွေးနဲ့လည်း မကြာခင် ညီမအစ်မလိုပဲ ချစ်သွားကြမှာပါ"

မွေးတော့ သိပ်မထင်ပါဘူး။ ခင့်မျက်နှာကနေ ခင့် အတွင်းစိတ် တစ်နေရာကို မွေး သိမြင်နေသလိုပါပဲ။ မောင်နမ ဆိုပေမယ့် ကိုကြီးလိုမှ ခင့်မျက်လုံးတွေက မနွေးထွေးတာ ...။

"ကဲ ... မွေး ခဏစောင့်နေဦးနော်၊ မေမေ ခင့်နောက်လိုက် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ ..."

မွေးသည် အောင့်သက်သက်နှင့်ပင် မေမေ့ကို ခေါ်င





သိတ်ပြလိုက်ရပါသည်။ အားငယ်စွာဖြင့်ပဲ အခန်းထဲဝင်လာပြီး ခန္ဓာရား တီးခတ်နေလိုက်သည်။

ညနေစာ ဆင်းစားတော့လည်း ခင် စားဖို့ မေမေ ကိုယ်တိုင် မီးဖိုထဲဝင် ဟင်းချက်ပေးခဲ့သည့်အဖြစ်ကို သိလိုက်ရ သည်။ အားလုံး စားသောက်ပြီး အပေါ်ပြန်တက်ချိန်ကျမှ မွေးက မေမေ့လက်ကို ဆွဲကာ ...

"မေမေ ... မွေးနဲ့ လာအိပ်နော်"

"ဩော် ... အင်း ... အင်းပါ သမီးရယ်"

ဆိုပြီး မေမေ အပေါ်တက်သွားခဲ့ပြန်သည်။ မွေးမှာ တော့ မေမေ အခန်းထဲ ဘယ်အချိန်ဝင်လာလေမလဲ စောင့်စား ရင်း တစ်ချက်တလေ အိပ်မောကျသွားခဲ့ပါသည်။

တံခါးခေါက်သံလေး ပြု၍ အခန်းထဲကို တစ်စုံတစ် ယောက် ဝင်လာခဲ့သော်လည်း မေမေ မဟုတ်ဘဲ ဦးခွန်လကျော် ဖြစ်နေလေသည်။

"ဒက်ဒီ ... မွေး မေမေကောဟင်"

လို့ မေးခဲ့ပေမယ့် မေမေ မလာတော့ဘူးဆိုတာ မွေး သလိုလိုခံစားနေရသည်။

"မွေး မေမေလား၊ ခင့်ကို သိပ်နေတယ် ထင်တယ်"

"ဩော် ..."

"ဒက်ဒီတို့ မရှိတုန်း မွေး ထင်နဲ့ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ဒက်ဒီ၊ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီတို့ သွားကာစက မမတစ်ယောက် လာလည်တယ် မဟုတ်လား မွေး၊ အဲ့ဒီ မမနဲ့ကော ထင်လက်ျာ ပြေလည်ရဲ့လား"

"ဟို … အဲ့ဒါတော့ မွေး သေချာမသိဘူး ဒက်ဒီ"

"သြော် … ဒါပေါ့၊ မွေးက ငယ်သေးတော့ ဘယ်သိပါဦးမလဲ …၊ မွေး ခြောက်တန်းစာတွေ သင်နေပြီဆို"

"ဟုတ်ကဲ့ … ဒက်ဒီ၊ ကိုကြီးက ဆရာမ ငှားပေးလို့ပါ"

"သြော် … သြော်၊ ကဲ … မွေး ဒက်ဒီ မွေးအတွက် ဝယ်လာတာတွေ ကြည့်လိုက်ဦးနော်၊ ဒက်ဒီ ဘုရားဝတ်ပြုလိုက်ဦးမယ် …"

မွေး မွေ့ရာပေါ်မှာ တင်ပေးသွားသော လက်ဆောင်ပစ္စည်းများစွာကိုကြည့်ရင်း မွေး မပျော်ဘဲ ငေးငိုင်နေရပါသည်။

ဘာလို့ မွေးနဲ့ မမေ အဝေးကြီး ဝေးသွားရတာလဲဟင် …။ အရင်က ပျဉ်ထောင်အိမ်သေးသေးလေးက ခုတင်တစ်လုံးထဲမှာ သားအမိနှစ်ယောက် ပူးကပ်စွာ အိပ်ခဲ့ကြတာ။

ပုံပြင်လေးတွေ ပြောပြရင်း မွေးပါးလေးကို ခဏခဏ မွေးကြူတတ်တဲ့ မေမေ … မွေးအပေါ် စိမ်းကားလိုက်တာကွယ် …။

မွေး ရင်ဘတ်ထဲက အောင့်နေအောင် ခံစားလိုက်ရပါသည်။ ငို၍လည်း မရပါဘဲနှင့် ရင်မှာ မွန်းကြပ်စွာ ခံစားရပါသည်။





ဒီလိုညမျိုးမှာမှ ကိုကြီးက မွေး အခန်းထဲ ရောက်လာပြန်လေသည်။ ကိုကြီး ဒီလို လာလာအိပ်နေခဲ့တာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို ယနေ့တိုင် ကိုကြီး မပေးသေးပေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

* * *

လုပ်ငန်းတွေ အဆင်ပြေရဲ့လား ထင်"

မနက်စာကို တိတ်ဆိတ်စွာ စားသောက်နေကြသည့် အထဲမှာမှ ဦးခွန်လကျာ်အသံက ထွက်ပေါ်လာခဲ့ပါသည်။

"ထင် ... ဒက်ဒီကို Email ကနေတစ်ဆင့် အမြဲ တင်ပြနေခဲ့တဲ့ အတိုင်းပါပဲ ဒက်ဒီ၊ အဲ့ဒါအပြင် တခြား အဆင်မပြေတာ မရှိပါဘူး"

ကိုကြီး စကားသံက အနှစ်သာရ မရှိပါဘဲ ပြောရမည့် စကားတစ်ခွန်းမို့ ပြီးစေသဘောနှင့် ပြောလိုက်မှန်း မွေးတောင် ခံစားလို့ရနေသည်။

တစ်လကြာမှ ပြန်တွေ့ရသည့် အဖေကို ဆက်ဆံပုံကလည်း လှိုက်မောမှုလည်းမရှိ၊ နွေးထွေးမှုလည်းမရှိ၊ ကိုကြီးမျက်နှာက တင်းထန်၍နေလေသည်။





ပြေလည်အောင် ပြန်မဖြေသော ကိုကြီး၏ ဆက်ဆံရေးကြောင့် ဦးခွန်လကျာ် လေသံများကပါ တင်းမာ၍လာလေသည်။

"အဆင်မပြေတာတစ်မျိုးတော့ ကျန်ဦးမှာပေါ့ ထင်လကျာ်၊ မင်း မပြောပေမယ့် ငါသိပြီးပါပြီ၊ အဲ့ဒီအတွက်ကော မင်း ဘယ်လို ဖြေရှင်းချက်ပေးမလဲ၊ ငါ နားထောင်ချင်တယ်"

ကိုကြီးက လက်ထဲမှ စတီးတူကို ငြင်သာစွာ ချလိုက်ပြီး ...

"အဲ့ဒီကိစ္စကို ဒက်ဒီက ဘယ်လောက် အတိုင်းအတာထိ သိထားလို့လဲ ..."

"မင်း ဘယ်လိုဆက်ဆံလိုက်တာလဲ၊ ပန်းမြတ်မိုးဟာန် အဖေက ဒက်ဒီ့လုပ်ငန်းမှာ ရှယ်ယာဝင်တစ်ယောက်ကွ၊ မင်း ငြင်းမယ်ဆိုရင်တောင် ယဉ်ယဉ်ကျေးကျေးပဲ ငြင်းမယ်သင့်တယ်၊ မင်း လုပ်ရပ်က ခြိုဝတ်မကျေတဲ့အပြင် မြန်မာ မိန်းကလေးတစ်ယောက်ကို စော်ကားရာ ကျမနေဘူးလား"

"မြန်မာမိန်းကလေးလို့ သတ်မှတ်စေချင်ရင် မြန်မာမပီပီ သိမ်သိမ်မွေ့မွေ့လေးတော့ ရှိရမှာပေါ့ ဒက်ဒီ၊ တစ်ဖက်သား ယောကျာ်းလေးက ဘယ်လိုခံစားချက်မျိုး ရှိတယ်ဆိုတာ အကဲမခတ်တော့ဘဲ ဣန္ဒြေမဆည်နိုင်အောင် ရင်းနှီးချင်တဲ့ မလေ့က မြန်မာ့ဓလေ့မဟုတ်ဘူး ဒက်ဒီ၊ ထင့်လည်း အာရုံ ဥရောပတစ်ခွင် နှံ့သလောက် ရှိနေခဲ့ပါပြီ၊ အဲ့ဒီထဲမှ



www.burmeseclassic.com

ခုတွေ့ရတဲ့ မိန်းကလေးက အနောက်နိုင်ငံသူတွေထက် တောင် ရဲတင်းပွင့်လင်းနေလွန်းလို့ မြန်မာဆိုတာတောင် ထင် မေ့လျော့သွားခဲ့ပါတယ်၊ အဲ့ဒါကြောင့် ထင်လည်း ပွင့်ပွင့်လင်းလင်းပဲ ငြင်းပယ်လိုက်တာပါ၊ ထင် အဲသလို မိန်းမမျိုးတွေအပေါ် ခံစားချက် မရှိပါဘူး ဒက်ဒီ"

"ဘယ်လိုမိန်းမကို ခံစားချက်ရှိတာလဲ၊ ကိုယ့်ထက် ဆယ်နှစ် လောက် ငယ်မှလား ...၊ ဟင်း ... မင်းရဲ့ ပွင့်လင်းမှု ငြင်းပယ်လိုက်ပုံအထိ ငါသိပြီးပါပြီ ထင်လကျာ"

"သိပြီးရင်လည်း ထင်ကတော့ ဆက်ပြောစရာ စကား မရှိတော့ပါဘူး"

"ပြောရမယ်ကွ၊ မင်း စကားတစ်ခွန်းကို မင်း အဆုံး တာဝန်ယူရမယ်"

"ဘယ်လို တာဝန်ယူရမှာလဲ"

"မင်း မွေး အရွယ်ရောက်တာနဲ့ မွေးကို လက်ထပ်ရမယ် ထင်လကျာ၊ မင်းပဲ မွေးကို တစ်ချိန် လက်ထပ်မယ်လို့ တရားဝင် ကြွေးကြော်လိုက်တယ် မဟုတ်လား"

"ဒက်ဒီ ..."

"ကိုကို ..."

မွေးသည် တုန်ယင်လာသော လက်ချောင်းများ ကြောင့် စတီးတူကိုချကာ လက်ကို ပေါင်ပေါ်တင်၍ ငြိမ်သက်နေ မိသည်။





ခင်နှင့် မေမေ့ဆီက ဦးခွန်လကျာကို ခေါ်လိုက်သံ များက အဖျားခတ်တုန်လှုပ်၍ ထွက်ပေါ်လာကြသည်။

"ဘာလို့ လက်ထပ်ရမှာလဲ ...၊ ကိုထင်နဲ့ မွေးက မောင်နှမ တော်နေပြီပဲ၊ လူသိရှင်ကြား လက်ထပ်ထားတာပဲ၊ ဒက်ဒီက မွေးတဲ့ သားနဲ့ မာမီက မွေးတဲ့ သမီးက တစ်ချိန် ဘယ်လို လုပ် လက်ထပ်လို့ရမှာလဲ ...၊ မဖြစ်နိုင်ဘူး ဒက်ဒီ၊ ကိုထင် ကလည်း ဘာကြောင့် ဒီလို ကြွေးကြော်ခဲ့သလဲ ခင်မသိ ပေမယ့် တကယ့် ခံစားချက် မရှိလောက်ပါဘူး၊ ဟုတ်တယ် နော် ကိုထင်"

ခင့်အသံစာစာကို ကိုကြီးက ဘာမှ တုံ့ပြန်မှုမပြုဘဲ ထမင်းစားပွဲမှထကာ အားလုံးကို ကျောခိုင်းလိုက်ပါသည်။ မွေးမှာ ဒီအိမ်ကြီးထဲကနေ လွတ်မြောက်ရာသို့သာ ပျောက်ကွယ်နိုင်တဲ့ အစွမ်းသတ္တိတွေ ရလိုက်ချင်စမ်းပါဘိ ...။

"မင်း အခန်းမှာ မွေးကို ခေါ်အိပ်ခိုင်းတယ်ဆို ..."

"အမယ်လေး ..."

မွေး မေမေက အခုမှ သိလိုက်ရသဖြင့် အလွန်အမင်း အံ့သြသွားပုံမျိုးဖြင့် ပါးစပ်ကို လက်ဖြင့် တင်းတင်းကြပ်ကြပ် ဖိအုပ်ကာ မွေးကို ကြည့်လိုက်၊ ကိုကြီးကို ကြည့်လိုက်ဖြင့် မင်သက် နေလေသည်။

မွေးကတော့ မျက်စိကို မှိတ်၍ နှုတ်ခမ်းများကို တင်းတင်းစေ့ထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကိုလည်း သတ်ပစ်ချင်လောက်အောင် စိတ်ဆိုးနေမိသည်။ သူ့ပြဿနာ ဖြေရှင်းလိုက်ပုံက မွေးဘဝ၊ မွေး တန်ဖိုး၊ မွေးသိက္ခာအထိပါ ပွန်းပဲ့စော်ကားရာ ကျမနေဘူးလား။

"ဒါတောင် သူ့ထံက စကားသံ တစ်ခွန်းမှ ထွက်မလာနိုင်တာ ဘာကြောင့်များပါလိမ့်။ ပြောလိုက်ပါတော့လား။ မွေးနဲ့သူ သန့်ရှင်းခဲ့တဲ့အကြောင်းကိုလေ ..."

"ကိုကြီးရယ် ... မွေးဘဝက ခုမှ အစပဲရှိပါသေးတယ်။ မွေးရဲ့ ဘဝတက်လှမ်းတွေကို ရှေ့တာ ပိတ်မပစ်ပါနဲ့နော်။ မွေးရဲ့ ပွးစာရှင်အစစ်ကို မွေး စိတ်သန့်သန့်နဲ့ ဆုံတွေ့နိုင်အောင် ကိုကြီး ဖြေရှင်းပေးပါဦး။ မွေး မေမေကတောင် မွေးကို သံသယတွေနဲ့ ကြည့်နေပြီ။ အဲဒီဒဏ်ခံရအောင် မွေးက အဲဒီအရွယ်လည်း မရောက်သေးပါဘူးရှင် ..."

"မွေးနဲ့ ထင် တစ်ခန်းတည်းအိပ်ခဲ့တာ အမှန်ပါပဲ"

ကျောခိုင်းထားလျက်ကမှ ပြတ်ပြတ်သားသား ထွက်ပေါ်လာခဲ့သော ကိုကြီးအသံကြောင့် မွေးမေမေဆို မျက်ရည်များပင် ကျ၍ ရှိုက်ငင်၍ နေလေပြီ။ ခင်ကတော့ အံ့သြနေလွန်း၍ အသက်ရှူသံများ ပြင်းပြစွာ ထွက်ပေါ်နေလေသည်။ ဦးခွန်လကျာကတော့ ကိုကြီးစကားကို ဆက်လက် စောင့်မျှော်၍နေသည်။

"ဒါပေမယ့် ... ထင် မွေးကို လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး၊ စိတ်နဲ့လည်း မပြစ်မှားခဲ့ပါဘူး၊ ညီမလေးတစ်ယောက်လိုပဲ ထင် ဆက်ဆံခဲ့တာပဲ၊ အဲဒါကို ပန်းမွေးခတ္တာ အသိဆုံးပါပဲ ..."





မွေး သက်ပြင်းချပြီး ခေါင်းကလေးကို အကြိမ်ကြိမ် ညိတ်နေခဲ့မိပါသည်။

"စိတ်ချပါ ... ထင့်စကားကို ထင် တာဝန်ယူမှာပါ"

ကိုကြီးက ခြေလှမ်းမှန်မှန်နှင့် ထမင်းစားခန်းထဲမှ ထွက်သွားခဲ့ပါသည်။ မွေးမေမေက မွေး လက်ကလေးကို ဆုပ်ကိုင်၍ တုန်လှုပ်နေရှာသည်။

"ပြောပါဦး မွေးရယ် ...၊ မွေး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မေမေ့ကို ပြောပါဦး၊ မေမေ မှားတာပါ၊ မွေး မလိုက်ပေမယ့်လည်း မေမေ ရအောင်ခေါ်သွားရမှာ"

"ဘာမှမဖြစ်ခဲ့ဘူးလို့ ကိုထင်ပြောသွားတာပဲ မာမီရဲ၊ စိတ်ပူမနေပါနဲ့၊ ကိုထင်က ဒီလိုလူမျိုး မဟုတ်တာ ခင် သိပါတယ်"

မွေးလည်း စိတ်မွန်းကြပ်လာခဲ့သဖြင့် အပေါ်ဆုံးထပ်သို့ ပြေးတက်လာခဲ့လိုက်သည်။ လှေကားထိပ်မှာ အပြင်သွားဖို့ ဆင်းလာသော ကိုကြီးနှင့် မျက်နှာချင်းဆိုင် ဆုံရလေသည်။

"ကိုယ် ... တောင်းပန်ပါတယ် ပန်းမွေးခတ္တာ၊ ကိုယ် မှားသွားခဲ့တယ် ထင်တယ်၊ ဒါပေမယ့် ကိုယ်ကတော့ မမှားဘူးလို့ပဲ လက်ခံထားတယ်၊ မင်းသာ လက်ခံမယ်ဆို ကိုယ့်စကားအတိုင်း မင်းကို လက်ထပ်ပါ့မယ်"

ပြောချင်ရာပြောတာ လှေကားတွေကို မြန်မြန်နင်းဖြတ်ပြီး အောက်ဆင်းသွားသော ကိုကြီးကို မွေး ဘာမှပင် မတုံ့ပြန်လိုက်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီညမှာတော့ မေမေက မွေးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါသည်။ အလွန်ကို လှပနူးညံ့သော ပိုးမဲ့ဂါဝန် ဖြူလွှလွှဖြင့် ရွှေရောင်ဆံခြည်မျှင်များကို ဒီအတိုင်း ဖြန့်ချထားသော မေမေ့အလှသည် အပျိုလေးတစ်ယောက်လို လှပတင့်တယ်၍ နေသည်။

မွေး မေမေက အရာရာကို ပြောင်းလဲလို့နေခဲ့လေပြီပဲ။

မွေး ကြုံတွေ့ခဲ့ရတဲ့ အဖြစ်များထဲမှ မွေး အခန်းထဲက ကြမ်းပြင်ပေါ်မှာ သံရဲကြောက်လို့ဟူသော အကြောင်းပြချက်တစ်ခုဖြင့် မကြာခဏ လာအိပ်တတ်သည့် ကိုကြီးအကြောင်းကလွဲ၍ ကျန်အရာများကို ပြောပြဖြစ်ခဲ့သည်။

ပန်းမြတ်မိုးဟန်ကို ပညာပြဖို့အတွက် မွေးကို အသုံးချခဲ့သည့် အဖြစ်များကိုပေါ့ …။ မေမေက အလုံးစုံ နားလည်သဘောပေါက်သွားပြီးသည့်နောက်မှာ မွေး တစ်ခါဖူးမှ မေမေ့ထံမှာ မမြင်ရတဲ့ အပြုံးမျိုးဖြင့် ပြုံးရယ်သွားသည်။

"ဟုတ်ပြီ မွေး၊ မွေး ဒီနေ့ကစပြီး လှအောင်နေရမယ်၊ ထင်လက်ကျာရှေ့မှာ မွေးဟာ အမြဲတမ်းလှပနေရမယ်၊ ငယ်သေးတယ်ဆိုပေမယ့် မွေးက အရပ်ရှည်တော့ အလှအပတွေနဲ့ ပြင်ဆင်ခြယ်သလိုက်ရင် မွေးအလှက ထင်လက်ကျာကို ဖမ်းစားနိုင်မှာ အမှန်ပဲ၊ ဘာမှမပူနဲ့ မွေး၊ မွေး နောင်ဆယ်နှစ်ကြာရင် ထင်လက်ကျာရဲ့ ဇနီး ဖြစ်ကိုဖြစ်လာစေရမယ်၊ မေမေ တာဝန်ထား"





အရောင် တဖျပ်ဖျပ် လဲ့နေသော မေမေ့စကားများကို မွေး ခေါင်းယမ်းပစ်နေမိသည်။

"ဟင့်အင်း … မွေးကို အလှမပြင်ပါနဲ့၊ မွေး မလှချင်သေးပါဘူး၊ မွေးက အခုမှ ကလေးပဲရှိပါသေးတယ် မေမေ၊ ကိုကြီးရဲ့ ဇနီးလည်း မဖြစ်ချင်ပါဘူး၊ ဟီး … ဟီး … ဟီး"

မွေးသည် မှုန်ကြပ် လောင်မြိုက်နေသလို ခံစားနေပါသည်။

လောဘတွေကို မုန်းသည်။ တပ်မက်မှုတွေကို မုန်းသည်၊ ဒါပေမယ့် ချမ်းသာမှု အဆောင်အယောင်တွေကို မုန်းလျက် ငုံ့ဝင် မွေးဟာ လူချမ်းသာ အသိုင်းအဝိုင်းတွေမှ တတ်နိုင်သည့် ကျောင်းမှာ ပြောင်းပြီး ခြောက်တန်း စတက်ရလေသည်။

အဲ့ဒီနေ့က စပြီး မွေးနဲ့ ခင့်ကြားမှ လေနီကြမ်းက မုန်တိုင်းအဖြစ်ကို စတင်ရောက်ရှိခဲ့ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

* * *

အရင်က၊ ကျောင်းမှာ ပေါ်ပြူလာအဖြစ်ဆုံးက ခ
လကျာ်သာ ဖြစ်သည်။ ခင့်ရုပ်ရည်၊ ခင့်အဆင့်အတန်း၊ ခင့်အ
အဆောင်များကို အထက်တန်းက စီနီယာမမကြီးတွေပင် မ

အခုတော့ ခင့်ရဲ့ PAJERO ကားကြီးပေါ်မှ ခင်
အတူလိုက်ဆင်းလာသော ပန်းမွေးခတ္တာကို အမြင်မှာ တစ်ကျေ
လုံး၏ မျက်လုံးများက ခင့်ဆီကို ခရုတ်ပြေးလေး လျှပ်သွာ
ပန်းမွေးခတ္တာဆီသို့သာ စုပြုံကျရောက်သွားလေသည်။

တက္ကသိုလ် ရင်ဖုံးအဖြူလက်ရှည်၊ လုံချည်
ကလေးကို ကြွကြွရွရွ ဝတ်ထားပြီး ကုတ်ကုတ်ကွေးကွေး ဆံ
လေးကို ဖွားလျားချကာ အလယ်ခွဲ ဆံပင်လေးရဲ့ ဦးခေါင်းထိပ်
ဖဲပြားအစိမ်းလေး စည်းနှောင်ထားပုံကိုက ရိုးရှင်းပြီး ချစ်စ
ဟန်ပန်လေး ပြည့်နေခဲ့သည်။





ခင်သည် မွေးကို လှမ်းခေါ်မနေတော့ဘဲ ခင် တက်ရမည့် အခန်းကိုသာ လျှောက်သွားလိုက်သည်။ ခင်တို့ကို သိသိသာသာကြီး ဝိုင်းဖွဲ့ကြည့်နေသော လူအုပ်ကြီးကို ဖြတ်တိုးလျှောက်လာစဉ်တွင် ဝေဖန်သံများကိုလည်း ကြားနေရပါသည်။

"အဲဒီ ကောင်မလေးကို ငါ ဂျာနယ်ထဲမှာ တွေ့ဖူးတယ်ဟဲ့၊ ခင်လကျာ်အဖေနဲ့ သူ့အမေ မင်္ဂလာဆောင်ခဲ့တဲ့ပွဲစဉ်ကလေ၊ ဓာတ်ပုံထဲမှာကတည်းက ဖြူဖွံ့ဖွံ့လေး ချစ်စရာလေးလို့ ထင်ထားတာ ခုတော့ ပိုတောင်ချောနေပါလားဟဲ့ ...၊ အသားလေးကလည်း ဖွေးလို့ပါလား"

"သူတို့နှစ်ယောက်က မတည့်ကြဘူးလား၊ ခင်လကျာ်က ခေါ်လည်း မခေါ်ဘူး သူ့ညီမကို ..."

"အေးလေ ... မနာလိုတာ နေမှာပေါ့၊ အရင်က သူက ချစ်ဖို့အကောင်းဆုံးကို၊ ခု ဟိုကောင်မလေးက သူ့ထက်ပိုချစ်ဖို့ကောင်းတော့ ဂျေဝင်တာနေလို့မှာပေါ့၊ ငါကတော့ အစတည်းက ခင်လကျာ်ကို ကြည့်မရပါဘူး၊ ဟိုလူ့ အနိုင်ကျင့်၊ ဒီလူ့ အနိုင်ကျင့်နဲ့ ..."

ခင်သည် ခြေလှမ်းတွေကို တုံ့ခနဲရပ်လိုက်ပြီး အသံလာရာဆီသို့ ဖျတ်ခနဲ ကြည့်လိုက်ပါသည်။

ခင့်အကြည့်ကြောင့် အတင်းပြောနေသော ကောင်မလေးနှစ်ယောက် ကြောက်လန့်စွာဖြင့် ပါးစပ်တွေ ပိတ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင် သူတို့အနားကို လျှောက်သွားလိုက်ပါသည်။ ခင့် ခြေလှမ်းတိုင်းကို ကြောက်ရွံ့စွာဖြင့် သူမတို့ အနောက်ဆုတ်သွားကြသည်။

ခင်က ပုဝဝ ရုပ်ဆိုးဆိုး ကောင်မလေး၏ ပခုံးကို ဖိချုပ်လိုက်ပြီး ...

"ဘာ အနိုင်ကျင့်တာလဲ၊ အနိုင်ကျင့်တယ်ဆိုတာ ဘာလဲ၊ ပြောလေ ...၊ မပြောတတ်ရင် ငါက ပုံဖော်ပြရမှာပေါ့"

ထိုကောင်မလေး ဆံပင်ကို ဆောင့်ဆွဲကာ နားခေါင်းကို လက်သီးဖြင့် တစ်ချက်လေးပဲ ဗိုက်ထိုးပစ်လိုက်ပါသည်။

"သိပြီလား ...၊ အတင်းပြောချင်ဦး"

ခင်သည် လက်သီးဆုပ်ထားသော ညာဘက် လက်ကောက်ဝတ်ကို တစ်ချက်၊ နှစ်ချက်ခါပြီး ခင့် ထမင်းဘူးနှင့် မုန့်ဘူးများထည့်ထားသော ခြင်းကို ကောက်ဆွဲနေစဉ်မှာပဲ ...

"ခင် ... နင် တော်တော် မိုက်ရိုင်းပါလား"

ထိုအသံကြောင့် ခင့်မျက်လုံးများ ပွရှိန်းသွားရသည်။ ဒေါ်သလည်း ပိုထွက်လာသည်။ သူက ခင့်ထက် တစ်နှစ်နီးနီး ငယ်တာပဲ မဟုတ်လား ...။ ခင့်ကိုများ နင်တဲ့။

မွှေးသည် ခင် အနိုင်ကျင့်ခြင်းကို ခံလိုက်ရသော ပုဝဝကောင်မလေးအား ထုမရင်းဖြင့် ထိုစကားကို ပြောထွက်သွားခြင်း ဖြစ်သည်။

မွှေး မြင်သလောက်တော့ ခင့်အလွန်ကြီးပါပဲလေ။





ခင်က ပေါင်းကြည့်လေ စိတ်ပုပ်လေလေဆိုတာ မွှေး ဒီနေ့မနက်မှ သိလိုက်ရခြင်း ဖြစ်သည်။

မေမေက မွှေးရဲ့ ထမင်းဘူးလေးထဲမှာ မွှေး ကြိုက်တတ်သည့် ဟင်းသုံးလေးမျိုးကို စားချင်စဖွယ် ထည့်ပေးထားပြီး ခုံပေါ်မှာ ခဏအအေးခံပြီး အဖုံးမပိတ်ထားသည့် အချိန်မှာ ခင်က အလောတကြီး ပြေးလာကာ မွှေးထမင်းဘူးကို ဝင်တိုက်ပစ်လိုက်သည်။

"အာ ... ဆောရီး ... ဆောရီး၊ ခင် လောနေလို့ မာမီ"

မေမေ့ကိုသာ ပါးစပ်က လောနေသည်ပြောပြီး ထမင်းစားခန်းထဲမှာ ဘာမှလည်းမလုပ်ဘဲ ဒီအတိုင်း လေတချွန်ချွန်ဖြင့် ထွက်သွားခဲ့ပုံကို မွှေးက အသည်းယား ဆွေ့ဆွေ့ခုန်ကာ ကျန်ခဲ့ရသည်။

မေမေက မွှေးပါးလေးကို နမ်းကာ ...

"သည်းခံလိုက်ပါ မွှေးရယ်၊ ခုနေ သည်းခံမှ နောင်တစ်ချိန် မွှေး အဆင်ပြေမှာ၊ မွှေး ဒေါသထွက်လည်း မေမေ့မျက်နှာကိုငဲ့ပြီး သည်းခံပေးနော်"

မွှေးကတော့ အင်း, အဲ လုပ်မနေတော့ဘဲ ပြဿနာကို အဆုံးသတ်လိုက်ပါသည်။ မှောက်ကျနေသော မွှေးရဲ့ ဟင်းလျာလေးများကို ငုံ့မကြည့်မိအောင် မွှေးမှာ တင်းခံထားရသည်။

ငါးသေတ္တာဘူးလေးပဲ ဖောက်ပြီး အလျင်မီအောင် ထည့်ပေးလိုက်သော ထမင်းဘူးကို ဆွဲပြီး ကျောင်းစတက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



မွေးအဖြစ်အပေါ် မခံချိမခံသာရပ်တည်ပေးမည့်သူ တစ်ဦးမှ
ပေ။

ဂံကောင်းလို့ ခင့်ကို အပြီးအပိုင် ဝယ်ထားပေးသ
PAJERO ကားပေါ်တက်စီးပြီး ကျောင်းတော့ အတူလာခွင့် ရခဲ့
ပင်။

ကားပေါ်ကဆင်းသည်နှင့် မွေးဘဝမှာ တစ်ခါ
မကြုံဖူးခဲ့တဲ့ လူအများအပြားရဲ့ ဝိုင်းအုံကြည့်ခြင်း ခံခဲ့ရသည
လူတွေမျက်စိရှေ့က လမ်းဖြောင့်ဖြောင့်လျှောက်ဖို့
သတ္တိမရှိသောကြောင့် ခင့်ကို အားကိုးမလားဟုပင် တွေးချိန်
လိုက်၊ ခင်က လူအုပ်ကြားထဲ တိုးဝင်သွားခဲ့သည်။

မွေးမှာ ခင့်ကိုအမီလိုက်ရင်းကလည်း ဝိုင်းကြည့်
သူများ၏ ဝေဖန်သံ၊ ချီးမွမ်းသံ၊ ကဲ့ရဲ့သံများကို မကြားဟန်ဆော
နေခဲ့ရသည်ပင်။

ခင့်ကို မွေး မီလုမီခင်မှာပဲ ခင်က ကောင်မလေ
တစ်ယောက် ဆံပင်ကို ဆောင့်ဆွဲပြီး အနိုင်ကျင့်နေသော မြင်ကွင
ကို မြင်လိုက်ရတာပင်။

မွေးလည်း အနိုင်ကျင့်ခံရတာကို မခံနိုင်၍ ပြောလိုက
ရသော်လည်း ခင့်ဒေါသများ မွေးဘက်ပြန်ကျလာမှာကိုတော့ အ
ရိမ်သားပင်။

"နင်က ဘာမို့ ဝင်ပါနေရတာလဲ ပန်းမွေးခတ္တာ၊ ကိုယ
အခန်းမှာ ကိုယ်သွားထိုင်နေ"





ခင်အော သိပ်အများကြီး မပြောဘဲ ဆက်လျှောက်သွား
ဘာမို့တော်သေးသည်။ မကြာခင်မှာပဲ ကျောင်းတက်ခေါင်းလောင်း
ထိုးလိုက်သဖြင့် မွေးလည်း ကိုယ့်အတန်းထဲ ကိုယ်ဝင်လိုက်တော့
သည်။

တစ်နေ့လုံး စာသင်နေခဲ့ရပြီး ညနေ ကျောင်းဆင်း
ချိန်မှာတော့ ခင်က မွေးဆီ ရောက်လာခဲ့ပါသည်။

ခင့် နှုတ်ခမ်းများက ပြုံး၍နေလေသည်။

ခင်က သူ့ခြင်းတောင်းကို မွေးလက်ထဲ ထည့်ပေး
ပြီး ...

"ခြင်း ခဏဆွဲပေး၊ ငါ တစ်နေကုန် စာရေးရတာ လက်
တွေညောင်းနေလို့ ..."

မွေးက မဆွဲပေးချင်သော်လည်း အောင့်အင်းကာ
ဆွဲပေးလိုက်ရပါသည်။ ခင်က မွေး အရှေ့ကနေ လျှောက်နေရင်း
ပင် ...

"သြော် ... မေ့တော့မလို့၊ ခုနက မာမီ ဖုန်းဆက်တယ်၊
ကျောင်းဆင်းရင် ခဏစောင့်နေပါတဲ့၊ နင့်ကို လာကြိုမလို့
တဲ့၊ နင်နဲ့ နှစ်ယောက်တည်း ဈေးဝယ်ချင်လို့ဆိုလား"

"ဟုတ်လား ..."

"အင်း ... ငါတော့ အားနာပါးနာနဲ့မခေါ်ဘူး၊ ခင် အရင်
ပြန်လိုက်နော်၊ မာမီနဲ့ မွေးပဲ သွားချင်လို့ဆိုပြီး ဖုန်းချသွား
တယ်၊ အေးပေါ့လေ ... သွားအမိနှစ်ယောက်တည်း သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်ရှာမှာပေါ့။ ဒါပေမယ့် နင်တစ်ယောက်တည်း စောင့်ေ
ရတာ ပျင်းမှာပေါ့၊ ငါ မာမီလာတဲ့အထိ စောင့်ပေးမယ်"

"တကယ်လား ..."

"ဒါပေါ့ ...၊ ရော့ ... အိတ်ခဏယူထားဦး၊ ငါနဲ့နင်သောက်
ဖို့ ပဲနို့ဘူး သွားဝယ်လိုက်ဦးမယ်"

ခင်က သူ့ပိုက်ဆံအိတ်ကလေးကိုပဲ ဆွဲပြီး မုန့်ဆိုင်
တွေဆီ ပြေးထွက်သွားသည်။

ဒီလိုဆိုတော့လည်း ခင်က ဘယ်ဆိုးလို့လဲ ...။

မွေးလည်း မေမေများ ရောက်လာမလား ဟိုဟိုဒီ
လည်ပင်းဆန့်ကြည့်သည်။ ကျောင်းပြန်ချိန်ဆိုတော့ အိမ်ကလာ
ကြိုသည့် ကားတွေနှင့် လမ်းမကြီးက ကျပ်ပိတ်နေပြီး အဖြူအစိမ်း
များနှင့် ယောက်ယက်ခတ်လို့နေသည်။

"ခင်ကလည်း ကြာလိုက်တာ ..."

ခင့် လွယ်အိတ်၊ မွေး လွယ်အိတ်၊ ခင့် ထမင်းဘူ
ခြင်း၊ မွေး ထမင်းဘူးခြင်းများ စုပြုံကိုင်ကာ ရပ်စောင့်နေရသော
မွေးသည် ညောင်းညာ လေးလံစပြုလာစဉ်တွင် ကျောင်းဂိတ်ဝ
အဖြူအစိမ်းများလည်း ကုန်သလောက် ပျောက်ကွယ်ကုန်ကြေ
ပြီ။ လူရိပ်လူယောင် နည်းပါးလာတော့မှ မွေးအလိမ်ခံလိုက်ရ
ဆိုတာ သိလိုက်ရတော့သည်။

ဒွန်လရဲ့ မိုးက မသက်မညှာစွာ မွေးကိုယ်ပေါ်
ပိုးပိုးပေါက်ပေါက် စီးကျ၍ လာကြလေပြီ။ မွေးသည် အိတ်အလေ
ကြီး နှစ်အိတ်ကို လွယ်ကာ ဖြည်းညှင်းညှင်း လျှောက်လာခဲ့သည်





ပါလာသော ထီးလေး ထုတ်ဆောင်းဖို့ကလည်း
လက်မအားသဖြင့် ထီးလည်း မဆောင်းရတော့ပေ။ Taxi စီးရန်
လည်း မွေးက သိရိလက်ာဆိုတဲ့ အိမ်နာမည်မှလွဲ၍ ခြံနံပါတ်၊
လမ်းနာမည် ဘာမှ မမှတ်မိသဖြင့် ဘာဆက်လုပ်ရမှန်းမသိအောင်
ပင် ဖြစ်နေခဲ့သည်။

မွေးကိုက ထက်မြက်ချင်စိတ်နဲ့ထိပ်တူ တုံးတာပါ
လေ။

မွေးသည် ဘာမှ ဆက်မလုပ်တတ်တော့သဖြင့်
ကျောင်းပလက်ဖောင်းကြီးအတိုင်း လမ်းလျှောက်လာခဲ့သည်။

ပြည်လမ်းမပေါ်က လိုင်းကားကြီးများကလည်းတဝီး
ဝီးဖြင့် မောင်းနှင်သွားနေကြသည်။

မိုးကလည်း မစဲတမ်း ရွာနေသဖြင့် မွေးမှာ ချမ်းစိမ့်
၍နေလေပြီ ...။

ထိုခဏမှာပဲ မွေး မျက်နှာမူထားရာဘက်ကနေ
မောင်းနှင်လာသော မာစီဒီးကားလေးတစ်စီး အရှိန်ပြင်းပြင်း မောင်း
နှင်လာပြီး မွေးဘေးကနေပဲ ဖြတ်သွားခဲ့သည်။ မွေးစိတ်ထဲက
'ကိုကြီး ကားလေးနဲ့တူတယ်' ဟု တွေးပြီး ဆက်လျှောက်နေဆဲ
မှာ ကားလေးက မွေးအနားသို့ နောက်ပြန်ဆုတ်လာလေသည်။
မွေး လှည့်ကြည့်လိုက်စဉ်မှာ ကားလေးက မွေးအနားမှာ စက်သတ်
သွားပြီး မှန်ပြတင်း ပွင့်လာစဉ်မှာ ကိုကြီးမျက်နှာကို မြင်လိုက်ရ
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးတော့ အိတ်တွေနှင့်သာ လေးမနေရင် ထတောင် ခုန်မိမှာ အမှန်ပင် ...။

"ဘာလုပ်နေတာလဲ ...။ ကားပေါ်တက်၊ ငါပြန်လိုက်ပို့ပေးမယ်"

မွေးသည် ကိုကြီး ဖွင့်ပေးလိုက်သော ကားအနောက်ခန်းထဲ ခပ်သွက်သွက်ကလေး ဝင်ထိုင်ကာ အိတ်များကို ပစ်ချလိုက်ပြီးမှ ပေါ့ပါးသွားလေသည်။ ကားအဲကွန်းကြောင့် ချမ်းစိမ့်သလိုတော့ အရှိသားပင်။

"ချမ်းနေပြီလား"

"ဟုတ် ... နည်းနည်း"

"အိမ်မပြန်ဘဲ ဘာလို့ ပလက်ဖောင်းပေါ် လမ်းလျှောက်နေတာလဲ၊ မင်းက ဂျစ်ပစီလား"

"ဟုတ် ..."

မွေးသည် စိတ်ထဲက ချဉ်တင်တင်ဖြင့် ရွဲ့ပြီး ဖြေလိုက်လေသည်။ ကိုကြီး ဘာမှဆက်မပြောတော့ဘဲ ကားပဲဆက်မောင်းနေသည်။

အိမ်ရောက်တော့ မေမေက စိတ်ပူစွာ စောင့်မျှော်နေတာ တွေ့ရလေသည်။ မွေးရဲ့ ရေစိုစက်လက် အိတ်ကလေးတွေဆွဲယူပြီး ...

"မွေးရယ် ... သူငယ်ချင်းတွေနဲ့ တွေ့နေတယ်ဆိုလည်း ဖုန်းဆက်မှပေါ့"





မေမေ့စကားကြောင့် မွေးသည် ခင့်ကိုပင် လက်ဖျားခါမိပြီး ကိုကြီးကတော့ အဓိပ္ပာယ်ပါစွာ မွေးကို တစ်ချက်ကြည့်ပြီး အပြင်ပြန်ထွက်သွားလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

* * *

ထင်သည် ညများစွာလိုလို အဆီးအတားမဲ့ ဝင်ထွက်နေသော အခန်းလေးရဲ့ တံခါးကို ယခုညမှ အပြင်ကခေါက်လိုက်ပါသည်။ ပန်းမွှေးခတ္တာ အမေ ဒေါ်ပန်းနု ရောက်နေမှာစိုးသောကြောင့် ဖြစ်သည်။

တံခါးလာဖွင့်သူမှာ ပန်းမွှေးခတ္တာပဲ ဖြစ်သဖြင့် စိတ်အေးသွားတော့မှ အခန်းထဲ ဝင်လာခဲ့သည်။

"မင်း ... နေမကောင်းဘူးလား"

"နည်းနည်းပါ၊ ကိုယ်ပူနေလို့ ..."

နဖူးမှာ ရေခဲဝတ်ကပ်ထားသဖြင့် ထင် မေးလိုက်ခြင်း ဖြစ်သည်။

ညနေက မွှေး ပလက်ဖောင်းမှာ လမ်းလျှောက်နေရသောအဖြစ်ကို ထင် တစ်စုံတစ်ခုကြောင့်ဆိုတာ ရိပ်မိပြီး ဖြစ်ပါသည်။





မွှေးကို ခင် ကြည့်မရဘူးဆိုတာလည်း ထင် သိပါသည်။

ထို့ကြောင့် ခင့်ကိုလည်း အပြစ်မတင်ချင်သဖြင့် ခင် ပေါက်သွားသည့် အပြစ်များကို ထင်က အနောက်မှ လိုက်အထေးရုံသာ ရှိသည်။

"ရော့ ... မင်း ဒီဖုန်းယူထား"

"မယူပါဘူး ..."

"ယူထားပါဆိုကွာ ...၊ နောက်တစ်ခါ ဘယ်လိုလုပ်ရမှန်းမသိရင် ငါ့ဆီပဲဖြစ်ဖြစ်၊ အိမ်ကိုပဲဖြစ်ဖြစ် ဆက်သွယ်လို့ရတယ်၊ ဒီအတိုင်း လမ်းလျှောက်နေစရာ မလိုဘူး"

မွှေးလက်ထဲကို ထင်က ဖုန်းလေး ထိုးပေးပြီး ပြောလိုက်ပါသည်။

"မင်း အမေ မင်းဆီ မလာဘူးလား"

"လာပါတယ်၊ ခုပဲ ထွက်သွားတာ ..."

"ခင့်အခန်းထဲ ရောက်နေတာပေါ့"

"ဟုတ်မှာပေါ့ ..."

မွှေးက သူ့ကိုဆို အဲသလိုလေး စိမ်းပြတ်ပြတ် ဆက်ဆံခဲ့တာ ကြာပါပြီလေ။ သူကသာ ဤသူငယ်မ အရိပ်အခြည်လေးကို စောင့်ငေးနေမိတာပဲ။ မကြာခဏ ညတိုင်းလိုလို ကလေးရဲ့ အခန်းမှာ ဝင်ဝင်အိပ်နေရတာကိုလည်း အားနာနေမိသားပင်သို့ပေမယ့်လည်း ထင့်မာမီ၏ ဖိနပ်သံကလေးကလည်း ထင့်ညများစွာကို ခြောက်လှန့်နေဆဲမို့ ထင် ကြောက်လန့်ဆဲပဲ ဖြစ်သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကနေ ခွဲထွက်ပြီး အပြင်မှာ ထင် တစ်ယောက်တည်း သွားနေသည့် နည်းဖြင့် ရှောင်ထွက်သွား၍ ရပါသော်လည်း ထင့်မှာ ထွက်ခွာမသွားနိုင် ဖြစ်နေရသည်။

"ငါ ဒီည လာအိပ်ဖြစ်မလား မသိသေးဘူး၊ သွားလိုက်ဦးမယ်"

"ကိုကြီး ..."

"ဟင် ..."

"ဘာလို့ လာလာ အိပ်နေရတာလဲ"

ထင်သည် မွေး မေးခွန်းကြောင့် ထူပူရှိန်းမြသွားခဲ့ရသည်။

"ငါ ကြောက်လို့ပါကွာ ..."

ကိုကြီး အသံလေးက သနားဖို့ကောင်းလှသဖြင့် မွေး ဆက်မမေးဖြစ်တော့ပေ။ ကိုကြီး အခန်းထဲက ထွက်သွားလေတော့ မွေး သက်ပြင်းချလိုက်မိပါသည်။

ပြီးနောက် မွေး စာကျက်ဖို့ ပြင်ဆင်လိုက်ရသည်။

မေမေကတော့ ခင့်ကို အလိုလိုက်နေရောပေါ့ ...။

ခင် ဒီနေ့ အကျင့်ယုတ်ပုံကို မွေးက မေမေ့ကိုတော့ တိုင်ပြီးသားပင် ...။

မေမေကတော့ သည်းခံလိုက်ဖို့ပဲ တဖွဖွပြောရှာပါသည်။ ပြီးတော့ ကိုကြီးနှင့်ဆုံပြီး နှစ်ယောက်တည်း ပြန်လာရတာကိုပဲ ကျေနပ်၍နေရှာသေးသည်။





"စိတ်မဆိုးပါနဲ့ မွေးရယ်၊ သူယုတ်မာတာ သူပဲ ဘုရားအပြစ်ပေးတာ ခံရမှာပဲ၊ ခုတောင် မွေးက ဘာနစ်နာသွားလို့လဲ၊ ထင်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံပြီး သနားကရုဏာသက်စွာနဲ့ အလုပ်မအားတဲ့ကြားထဲက အိမ်တိုင်ရာရောက် ပို့သွားတာပဲ မဟုတ်လား၊ သူယုတ်မာလေ မွေး ကံကောင်းလေပဲပေါ့ ..."

အားပေးရှာတာလား၊ မြှောက်ပေးရှာတာလား မသိဘဲ မွေးမှာ ငြိမ်နားထောင်လိုက်ရပါသည့် အဖြစ်။

အဲဒီညက ကိုကြီး မွေးဆီ ရောက်မလာခဲ့ပေ။ မနက်ကျမှ breakfast စားသည့် နေရာမှာတွေ့ပြီး ဦးခွန်လကျ်ာကို နှုတ်ဆက်ကာ အလုပ်ကို အမြန်ထွက်သွားခဲ့သည်။

မွေးကတော့ ကျောင်းသွားရဖို့အရေး ဘယ်သူ့ကား ကပ်စီးပြီးမှ ကျောင်းရောက်ရမလဲဆိုသည့်အဖြစ်ကို တွေးနေရသည်။

"ခင် ခေါ်တော့လည်း လိုက်စီးသွားလိုက်ပေါ့ သမီးရယ်၊ မာနတော့ သိပ်မကြီးပါနဲ့"

မွေး သဘောဆိုလျှင်တော့ ဘတ်(စ)နဲ့ပဲ သွားရလည်း သွားလိုက်ချင်သည်။ ခင့်ကားကြီးပေါ်တော့ လိုက်တက်မစီးချင်ပါပေ။

ခင်ကလည်း မွေးကို သိပ်ခေါ်ချင်ပုံမရ။ ဦးခွန်လကျ်ာက စောင့်ကြည့်မနေပေးတတ်တာကို အခွင့်ကောင်းယူကာ



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ပိုက်ဆံ ယူထား၊ Taxi ပဲ စီးသွားလိုက်၊ နောက် ငါ့ကား လိုက်မစီးနဲ့"

မေမေ့ရှေ့မှာတင် စိတ်ပုပ်ပြနေသော ခင်လကျာ် အချိုးကြောင့် မွေး လေပူများ မှုတ်ထုတ်ပစ်လိုက်သည်။

"ခင်လေးရယ် ... ပိုက်ဆံ ပိုကုန်ခံလို့ကွယ်၊ ခင့်ကားနဲ့ ညီမလေးကို ခေါ်သွားလိုက်ရောပေါ့၊ ဓာတ်ဆီလည်း ပိုကုန် တာမှ မဟုတ်ပဲကွယ်"

"နေပါစေ မာမီ၊ မွေးဘာသာ လိုင်းကားစီးသွားလိုက်ပ မယ်၊ မွေးလည်း လမ်းကောင်းကောင်း မှတ်မိနေပါပြီ"

"အေး ... ခုလို လူလိုသိတတ်တော့လည်း ပိုပေးရမှာပေ့ ရော့ ... ယူထား၊ တစ်သောင်းပေးမယ်"

ခင်လကျာ်က ပိုက်ဆံတွေ ထပ်ထုတ်ကာ မွေးထံ ကမ်းပေးပါသည်။

"မလိုပါဘူး၊ နင်သာ ဘေးကင်းရာ ဘေးကင်းကြောင်း ဆုတောင်းပြီး စိတ်ကောင်း စေတနာကောင်းနဲ့ ကျောင်း တက်ပါ"

"အောင်မာ ..."

"ခင် လာပါကွယ်၊ ကားပေါ်တက်ပါ၊ မာမီ တောင်းပန် ပါတယ်"

မေမေ ဆွဲခေါ်တော့မှ ခင်လကျာ်က သူ့ PAJERO ကားကြီးပေါ်သို့ ခေါနှင့်မာန်နှင့် ဆောင့်နင်းကာ တက်သွားလေ





သည်။ ခင်တို့ ကားကြီး ထွက်အသွားမှာ မေမေက မွေးကိုပဲဆူပါ သည်။

"မွေးရယ် ... နည်းနည်းလေး အောက်ကျခံလိုက်ပါလား ကွယ်၊ သူ့ကို သွားပြိုင်လို့ ကိုယ်ပဲ ကျောင်းတက်နောက်ကျ မှာပေါ့၊ နေဦး ... မေမေ လိုက်ပို့မယ်"

မေမေ့ စကားမှမဆုံးသေး မွေးတို့ခြံထဲသို့ ကားအဖြူ သေးသေးလေး တစ်စီး ဝင်လာခဲ့လေသည်။

ကားလေးက သေးသေးလေးနှင့် ကားမှန်မှာလည်း အရုပ်တွေ အများကြီး တွဲချိတ်ထားတာလေးက ချစ်စရာကောင်း လှလေသည်။

"ဧည့်သည် လာတာထင်တယ်၊ ဘယ်သူ့ဧည့်သည်လဲ မသိ ဘူး"

မေမေက စူးစူးစမ်းစမ်းလေး ကြည့်ကာ အပြောမှာ ပင် ကားအဖြူလေးက မွေးတို့သားအမိနားမှာ ရပ်တန့်၍ သွားလေ သည်။

ကားမောင်းသူ နေရာမှာ အမျိုးသမီးတစ်ဦး ဆင်း လာပြီး မေမေ့ကို မျက်နှာချင်းဆိုင်လိုက်ပါသည်။ ထိုအမျိုးသမီး က အပေါ်အောက် အနက်ရောင်ဝမ်းဆက်ဖြင့် ကုတ်နှင့် စတိုင်လ် ဘောင်းဘီကို တွဲဖက်ဝတ်ဆင်ထားပြီး နေကာမျက်မှန်လည်း တပ် ထားလေသည်။ အရုပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း သွယ် လျကျစ်လစ်သော သူမပုံစံက သက်တော်စောင့်နှင့် တူလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမွှေးခတ္တာနဲ့ တွေ့ချင်လို့ပါ"

"ရှင် ...၊ သြော် ... ဟုတ်ကဲ့၊ ကျွန်မ သမီးလေးက ဒီမှာပါ၊ ပန်းမွှေးခတ္တာပါပဲ"

မေမေက မွှေးနှင့် ထိုအမျိုးသမီးကို မိတ်ဆက်ပေးလိုက်လျှင် ထိုအမျိုးသမီးက မွှေးကို ငုံ့ကြည့်ပြီး ...

"မင်္ဂလာပါ မမလေး၊ ကျွန်မက မမလေး သွားရေးလာရေး အဆင်ပြေအောင် ဒီကားလေးနဲ့ လိုက်ပို့မယ့် ဒရိုင်ဘာပါ၊ ကျွန်မနာမည်က ကြည်ကြည်လင်းပါ၊ ဒီကားကတော့ မမလေးနာမည်နဲ့ ဒီမနက်ပဲ ကိုထင်လက်ျာကိုယ်တိုင် အရောင်းအဝယ် စာချုပ်နဲ့တကွ ဝယ်လိုက်တာပါ၊ မမလေးကို သူ လက်ဆောင်ပေးတာပါတဲ့၊ မမလေး ဒီစာချုပ်မှာ လက်မှတ်ထိုးပေးပါဦးနော်"

မွှေးရှေ့သို့ စာချုပ်ကြီး ထိုးပေးပြီး လက်မှတ်ထိုးခိုင်းနေသဖြင့် မွှေးမှာ မေမေ့ကို လှည့်ကြည့်လိုက်ပါသည်။ မေမေ့မျက်လုံးများက အရောင်တဝင်းဝင်းလဲ့၍ မွှေးကို ခေါင်းညိတ်ပြနေသည်။ မွှေးက လက်မှတ်ထိုးပေးလိုက်ပါသည်။

"လက်ခံပေးတာ ကျေးဇူးတင်ပါတယ် မမလေး၊ ခုမမလေးကို ကျွန်မ ကျောင်းလိုက်ပို့ပေးပါ့မယ်၊ ကားပေါ်တက်ပါ"

မွှေးမှာ မေမေ ခေါင်းညိတ်ပြတဲ့အတိုင်း ကားပေါ်တက်လိုက်လာရသည်။ မွှေးက ဘာမှ လိုက်မမီနိုင်အောင် မြန်ဆန်လွန်းတဲ့ အဖြစ်သနစ်ကို ကားပေါ်မှာ ကုတ်ကုတ်ကလေး လိုက်ပါရင်း တွေးလာမိသည်။





"မတ်မတ်ဆန့်ဆန့် ထိုင်ပါလား မမလေး"

"ရှင် ... ဟုတ်ကဲ့"

မွှေးက သူမပြောသလိုပင် မတ်မတ်ကလေး ထိုင်လိုက်ပါသည်။

"ဒီလိုမှပေါ့ မမလေးရဲ့၊ ဒါ မမလေးရဲ့ ကိုယ်ပိုင်ကားပဲ၊ မမလေး ဘာကိုမှ ကြောက်လန့်နေစရာမလိုဘူး၊ ရဲရဲဝံ့ဝံ့ပဲနေ၊ ကျွန်မက မမလေးရဲ့ ဒရိုင်ဘာလည်းဟုတ်၊ ဘော်ဒီဂတ်လည်းဟုတ်၊ guide လည်း ဟုတ်တယ်၊ ကိုထင်လက်ျာက မမလေးအပေါ် သံယောဇဉ်လည်းကြီး၊ အစိုးရိမ်လည်း လွန်ရှာပါတယ်၊ ဒရိုင်ဘာတောင် ယောကျ်ားဒရိုင်ဘာ လုံးဝမခေါ်ဘူး၊ မမလေးကို ကျောင်းမှာ အနိုင်ကျင့်တဲ့လူ မရှိအောင် ကျွန်မက အချိန်ပြည့် စောင့်ကြည့်ပေးပါတဲ့"

"ဟုတ်လား၊ ဟင်း ... ဟင်း"

မွှေးက အလိုက်သင့်ကလေးပဲ တုံ့ပြန်နေလိုက်ပါသည်။ ကျောင်းရောက်သည့်အခါလည်း အတန်းဝထိ လိုက်ပို့ပေးပြီး ကျောင်းတက်မှ ပြန်ထွက်သွားလေသည်။

ကျောင်းဆင်းချိန်ကျတော့လည်း အခန်းရှေ့ကနေ လာစောင့်ပေးနေပြန်သည်။

"အစောကြီး ထွက်လာတာလား မကြည်"

"မဟုတ်ဘူး၊ တစ်နေ့ကုန် စောင့်နေတာလေ၊ ကိုထင်လက်ျာက မွှေးအနားက တစ်ဖဝါးမှတောင် ခွာခိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“ဘုရားရေ . . .”

မွေးမှာ ဘုရားပင်တလိုက်မိပါသည်။ ကိုကြီး ဘယ်တုန်းက ဒီလောက် အကဲပိုသွားမှန်း မွေး သိပင်မသိလိုက်။

မွေးတို့ ကားအနားရောက်ချိန်မှာတော့ မွေး ဘော်ဒီဂတ်ကြီးဆီက ညည်းသံကြီး ထွက်လာပါသည်။

“ဟယ် . . . ဘယ်ကောင် ကားဘီးကို လေလျှော့သွားလည်း မသိဘူး၊ ခဏလေး အိမ်သာတက်ပြီး မွေးကို ကြိုနေတုန်း လေလျှော့သွားတာ၊ ဒုက္ခပါပဲ”

“ကဲပါ . . . ဘော်ဒီဂတ်ကြီးရယ်၊ မွေး ကြံလိုက်ပါဦးမယ်”

မွေး ကိုကြီးကို ဖုန်းခေါ်လိုက်ပါသည်။ ကိုကြီးက မွေး နောက်ကွယ်ကနေသာ မွေးအတွက် ဖြည့်ဆည်းပေးနေပေမယ့် တကယ်တမ်းကျတော့ လေသံက မာထားလေသည်။

“ဘာလဲ . . . ပန်းမွေးခွေ၊ ကျေးဇူးတင်ပါတယ် . . . ဘာညာ ပြောမလို့လား၊ အဲ့ဒါဆိုရင်တော့ ငါမအားသေးဘူးကွာ meeting လုပ်တော့မလို့”

“မဟုတ်ပါဘူး ကိုကြီးရဲ့ . . . ၊ ဒီမှာ မွေးတို့ကားဘီး လေလျှော့ခံလိုက်ရလို့”

“ဘာ . . .”

မွေးသည် နားနှင့်ဖုန်းကို အတော်လှမ်းလှမ်းလေး ခွာလိုက်ရပါသည်။ ကိုကြီးအသံက ကျယ်လောင်စွာ ထွက်ပေါ်လာသောကြောင့် ဖြစ်ပါသည်။





“ခု . . . ဘယ်မှာလဲ”

“ကျောင်းမှာ . . .”

“ကြည်ကြည်လင်းကော ရှိလား”

“ရှိပါတယ်”

“အေး . . . ဒါဆို ခဏစောင့်နေကြဦး၊ ကိုယ် လူလွှတ်လိုက်မယ်”

ထင်သည် ကိုယ်တိုင် သွားချင်စိတ် ရှိသော်လည်း meeting က တစ်ဖက်နှင့်မို့ car survice centre တစ်ခုကိုသာ ဖုန်းဆက်ပြီး မွေးတို့ဆီ လွှတ်လိုက်ရလေသည်။

ခင်နှင့် မွေးကတော့ အမြဲတမ်း ဒီလိုနှင့်ပင် တကျိတ်ကျိတ် ပြဿနာပေါင်း သောင်းခြောက်ထောင်တက်ရင်း ကြီးပြင်းလာကြတော့သည်။

ထင့်မှာလည်း ညီမလေး ခင်လက်ဖြင့် ခံစားရသမျှများလည်းသဖြင့် ခင့်ကို မဆူရက်နိုင်စွာဖြင့်ဘဲ မွေးရှေ့က ကာကွယ်ပေးရင်းဖြင့် မွေးအပေါ် စေတနာတွေ ယိုဖိတ်မှန်းမသိ ယိုဖိတ်နေခဲ့ရတော့သည်။

ထင့်စေတနာတွေကို ဒက်ဒီက သိသိလျက်ပင် မသိယောင်ဆောင်ပေးခဲ့သဖြင့် ထင် ကျေးဇူးတင်နေခဲ့ရပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

သို့ ...

ချစ်လှစွာသော

ကိုယ့်ရဲ့ ခတ္တာ ...

ပန်းဆိုတာ နေရောင်အောက်မှာ ပွင့်လန်းရစမြဲပဲ မဟုတ်လား၊ ကိုယ့်ရဲ့ ခတ္တာ ...

မင်းသာ စိတ်ဝင်စားမယ်ဆို ကိုယ့်အချစ်ရောင်စဉ်တွေနဲ့ လင်းပြောထားတဲ့ ဒီအချစ်ရောင်အောက်မှာ မင်းကို ထာဝရ ပွင့်ဝေစေချင်လိုက်တာ အချစ်ရယ် ...

နေရောင်

## အခန်း(၁၂)

* * *

မော်ဒယ်(Model)အမြင့်စား cygnus အဖြူကြီးပေါ်မှ ှင့်ကျလာသော အနက်ရောင် ပန်းလေးတစ်ပွင့်ကို နေရောင် ာက်မှာပဲ 'နေရောင်' မြင်တွေ့လိုက်ရပါသည်။

အဖြူရောင် ကြိုးသိုင်း ထောင့်ဖိနပ်ကလေး စီးထား ာ သူမ ခြေဖမိုးလေးက မို့မို့ဖြူနေပြီး ခြေချောင်းထိပ်နဲ့ ှာင့်လေးများက ခုံခြေထောက်ကလေးလို ရဲရဲနီနေသည်။ ခြေ ချောင်းမှ ခြေသည်းခွံလေးများက ဖြောင့်တန်းရှည်သွယ်ပြီး ပန်း ရောင်ရင့်ရင့် ခြေသည်းနီလေး ဆိုးထားသဖြင့် ခြေထောက်အလှ ည်းပဲနဲ့တောင် နေရောင်ကို တိမ်းမူးစေခဲ့သည်။

သူမက ပိုးအစစ် ချိတ်ပန်းဆီရောင်ရင့်ရင့် လုံချည် ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သိန်းကဒ္ဒေပေါင်းများစွာ သူမ ခြေလှမ်းအောက်မှာ ထွက်ပေါ်လာခဲ့မလား ထင်မှားအောင်ပင် ြန့်နှင့် တင့်တယ်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ဝတ်ရုံကားကားကြီးလို့ ဆိုပေမယ့် ဘွဲ့ဝတ်ရုံ ဆိုတဲ့ တန်ဖိုး ဘုန်းတန်ခိုးကတော့ ဘာနှင့်မှလဲမရအောင် တန် သည်လေ။

အင်ဂျင်နီယာတစ်ယောက်ရဲ့ ဘွဲ့ဝတ်ရုံဆိုတာ ထိုက် တန်တဲ့ အင်ဂျင်နီယာတွေပဲ ဝတ်ရုံကြရတာမဟုတ်လား။

ခု သူမက ဒီဝတ်ရုံကြီးနှင့် ပကတိ အဖိုးအနှ ထိုက်တန်လွန်းလှပါဘိ။ လက်ချောင်းကလေးများက ပန်းဆီရော ပုလဲစီးကွင့်များ မှုန်းခြယ်ထားသော လက်ကိုင်အိတ်ကလေးရဲ့ ကိုင်းကို ကိုင်ထားရင်း မကြာခဏ ကွေးဆန့်၍နေသည်။

ညီညာသွယ်လှသော လက်ချောင်းကလေးများက သူမဟာ ဘဝကို အဆင့်မြင့်မြင့် ဖြတ်သန်းလာခဲ့ရသူဖြစ်ကြောင်း သက်သေပြ၍နေသည်။

ပတ္တမြား ရတနာ ဆက်လိုက် ဝတ်ဆင်မြန်းထား သော ဤသူငယ်မ၏ အပေါ်ယံ အလှတရားများသည် နဂိုရှိရင်း စွဲအလှကြောင့် ပို၍ ပြိုးပြက်လတ္တံ့ ရှိသည်။

ဘွဲ့ဦးထုပ်အောက်က သူမနဖူးပြင်လေးသည်အမှ အစက် ကင်းစင်၍ ချောမွတ်၍နေသည်။ မကျဉ်းမကျယ်သော ထိုနဖူးပြင်လေးပေါ်မှာ ဆံမျှင်စ ဆံမြိတ်ကလေးတွေက ခပ်ကျဲ ဝဲကျ၍နေသည်။

ခပ်တန်းတန်း မျက်ခုံးရှည်ကြီးအောက်က မွေးမြူ မျက်ခွံရယ်၊ မျက်အိမ်စိုစိုကို ဝန်းထားတဲ့ မျက်တောင်ရှည်တေ





ကော့များရယ် ...၊ ရှားပါးခန်းကြယ်သော အလှတရား အစစ် များကို သူမဆီမှာပဲ လာစုပုံထားကြလေလေျာ့သလား ...။

စင်းချွန်မြနေသော နှာတံအောက်က ဖောင်းအစ်အစ် နှုတ်ခမ်းကလေးက ပြုံးရယ်၍နေလေသည်။

ပန်းရောင်ရွှဲရွှဲလေး ဆိုးထားသော နှုတ်ခမ်းဖူးကလေး ကို အရှေ့မှ ကင်မရာမဲန်းက 'ပြုံးပါဦး'ဟု ပြောလိုက်တိုင်း ပြုံးရယ်လိုက်လျှင် ညီညာပြီး ဖွေးဖြူစီတန်းသော သွားကလေးတွေ က ပေါ်လွဲလို့လာသည်။

နေရောင်သည် သူမ ဓာတ်ပုံအရိုက်ခံနေပုံကလေးကို ကြည့်နေရင်းကမှ အသက်အငွေ့ပင် ကျန်သေးရဲ့လားလို့ပင် သော က သံသယဝင်လောက်သည်။ တန်ဖိုးကြီးသော သူမ၏ အလှစစ် စစ်ကြားမှာ နေရောင် နစ်မြုပ်၍သွားလေပြီ ...။

"ဟော့ ... နေကြီး၊ မင်း ဘယ်လိုဖြစ်သွားတာလဲကွာ၊ မင်း တစ်ခါမှ မိန်းကလေးတစ်ယောက်ကို အဲသလို ငမ်းငမ်း တက် သွားရည်တမြမြနဲ့ မကြည့်ဖူးပါဘူး၊ ခုမှ ဘယ်လို ဖြစ်တာလဲ"

တေဇ၏ ပေဖန်မှုကြောင့် နေရောင်က အလွန်အကျွံ ငေးစိုက်ထားသော နေရောင့် မျက်ဝန်းစိုစိုများကို မင်းသမီးလေး ထံမှ ခဏသိမ်းဖယ်လိုက်ပြီး ...

"မင်းတို့ကော မမြင်ကြလို့လား၊ ငါ့လိုကောင်မျိုးကိုတောင် ဒီလိုပုံဖြစ်သွားလောက်အောင် ပြင်းပြင်းပြပြ လှတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမျိုး မင်းတို့လည်း ဒါ ပထမဆုံး မြင်ဖူးတာပဲ မဟုတ်လား"

"အေး ... ဟုတ်တော့ ဟုတ်ပါတယ်၊ လှတာတော့ တော်တော်လေးကို လှတာပါ၊ မင်း ဓာတ်ပုံရိုက်ထားလိုက်ပါလား"

တေဇ အကြံပေးတဲ့အတိုင်း သူမရဲ့ အလှဓာတ်ပုံလေးများကို ခွင့်တောင်းမနေတော့ဘဲ နေရောင့် စိတ်တိုင်းကျ ရိုက်ယူထားလိုက်သည်။

ခန်းမတွင်းသို့ ဝင်ချိန်တန်သောအခါ သူမ လက်ကလေးကို သူမ အမေဟုထင်ရသော အမျိုးသမီးကြီးတစ်ဦးက တွဲခေါ်ယူသွားလေသည်။

"ချမ်းသာမယ့် ပုံပဲကွ"

"ဟုတ်တယ် ...၊ ငါတို့ထက် အပြန်တစ်ရာ သာတဲ့ပုံပဲ၊ ဒါပေမယ့် မင်း တကယ် ရင်ထဲကပါရင်တော့ လက်လျှော့စရာ မလိုဘူးနော် နေကြီး"

"အေးပါကွာ၊ ငါ အဲ့ဒီကောင်မလေးအကြောင်း သိချင်လိုက်တာကွာ"

"သိချင် စုံစမ်းရမှာပေါ့၊ ငါ့ညီမ သိချင်သိမှာပေါ့"

နေရောင်က တေဇပခုံးကို လှမ်းဖက်ပြီး မျက်စိမှိတ်ပြလိုက်လျှင် တေဇ သဘောပေါက်သွားသည်။

နေရောင်နှင့် တေဇက မူလတန်းကျောင်းသားဘဝ





ကတည်းက ငယ်သူငယ်ချင်းများ ဖြစ်သည်။ ဒီနေ့တော့ တေဇ ညီမလေး ဘွဲ့ယူမှာမို့ နေရောင်က တေဇနှင့်လိုက်ပြီး ဓာတ်ပုံရိုက်ပေးနေရာမှ မိန်းသမီးလေးနှင့် တွေ့ခွင့်ရခဲ့တာပဲ ဖြစ်သည်။

"ကိုကိုနဲ့ ကိုနေ ဒီမှာ ရပ်စောင့်မနေနဲ့လေ၊ canteen မှာ ဖြစ်ဖြစ် သွားနေပါလား၊ ညီမလေးက ခန်းမထဲ ဝင်တော့မှာ"

တေဇ ညီမလေး မိုးမိုး လာသတိပေးမှပဲ နေပူထဲ ရပ်နေမိသော ကိုယ့်ကိုယ်ကိုပင် ရှက်သွားမိပါသည်။

❑ ❑ ❑

ဘွဲ့ဝတ်ရုံကြီး ဝတ်ကာ ငြိမ်ငြိမ်လေး ထိုင်ရင်း မောက်ကြီး ဩဝါဒခြွေနေခြင်းကို နားထောင်နေမိပါသည့် မွေး။

မွေး အာရုံတို့က တစ်ချက်တလေမှာ ကိုကြီးဆီကို ပြေးပျံ့ထွက်သွားနေသည်။ မွေး ခုလို အင်ဂျင်နီယာ တစ်ယောက် ဖြစ်လာဖို့ တကယ် ပံ့ပိုးပေးခဲ့သူဟာ ကိုကြီးပဲဖြစ်သည်။

မွေးနဲ့ ခင်လကျော်က ငယ်ငယ်ကလေးတည်းက ခမြဲ ရန်ဘက်ဖြစ်နေခဲ့သမျှကို ကိုကြီးကပဲ ကြားဝင်ဖျန်ဖြေပေးခဲ့သည်။

ခင် ဆယ်တန်းတက်တော့ ပြင်ဦးလွင်က ဘော်ဒါမှာ သွားတက်တော့မှ မွေး ကိုးတန်းကို အေးအေးချမ်းချမ်း သင်ယူနေထိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေး အပျော်ဆုံးနေ့ရက်တွေ ပြောပါဆိုလျှင်
ခင်မရှိသည့် ထိုတစ်နှစ်ကတော့ မွေး အပျော်ရွှင်ဆုံးရက်များ
ဖြစ်သည်။

မှတ်မှတ်ရရ မွေး ပျိုဘော်ဝင်စပြုချိန်ကလည်း
ကိုးတန်းမှာပဲဖြစ်သည်။ မွေး အပျိုရွယ်ရောက်တာ သူများတ
ထက် နောက်ကျမည်ထင်သည်။ မွေး ဘားမှာထိုင်တဲ့ ရွှေယမင်း
ခုနစ်တန်းလောက်ကတည်းက အပျိုဖြစ်နေခဲ့ပြီး အပျိုစိတ်
သဖြင့် ရှစ်တန်းမှာ သူမ ရည်းစား သုံးယောက် ထားပြီးနေခဲ့သ

မွေးကတော့ ကိုးတန်းအထိ ဘာစိတ်မှ မဝင်သေး
စာကိုပဲ ကြိုးစားခဲ့သည်။ မွေးရဲ့ ဘော်ဒီဂတ် မကြည် ပြော
တော့ မွေးက စန်းပွင့်တယ်တဲ့။ မေမေ ထားစေချင်လို့ ထား
မွေးရဲ့ ဆံပင်တွေက ကိုးတန်းမှာပဲ ခါးထိရှည်နေခဲ့ပြီဖြစ်သ
မွေးက အရမ်းလှတယ်တဲ့။

ဒါပေမယ့် မွေးကတော့ အလှ မပြင်တတ်ခဲ့
မကြည်ပြောတာတော့ ကောင်လေးတွေက မွေးအနားမှာ မကြ
အမြဲရှိနေလို့ မွေးကို မချဉ်းကပ်ရဲတာတဲ့ ... ။

မွေး ထိုကောင်လေးဆိုတာတွေကိုလည်း စိတ်မ
စားခဲ့ပါ။ မွေး အခန်းထဲမှာ ငယ်ငယ်ကလိုပဲ မကြာခဏ ဝင်
တတ်တဲ့ ကိုကြီးကိုလည်း မွေး ရှက်ရမှန်း မသိပါ။

ဒါပေမယ့် တစ်နေ့မှာတော့ မွေး ကိုကြီးကို အ
အပိုင် နှင်ထုတ်ခဲ့ပါသည်။ အဲဒီနေ့ မနက်စောစောမှာ မွေး အိ





ရေချိုးတဲ့အချိန်မှာ မွေး သူများတကာတွေလိုပဲ အရွယ်ရောက်
ဆိုတာ သိလိုက်ရသည်။

မေမေက မွေးကို နေထိုင်တတ်အောင် သင်ပေးပြီး
န်းထိန်းသိမ်းသိမ်းနှင့် ဣန္ဒြေရရ နေတတ်ရမည်ဟုလည်း မှာ
သည်။

အဲဒီနေ့မှာ မေမေက အိမ်နေရင်းပေမယ့် လှပသော
ဘာဆန်ဆန် အမျိုးသမီး ရင်ဖုံးနှင့် လုံချည်ကလေး ဆင်မြန်း
ခဲ့သည်။ ခါးထိရှည်သော ဆံပင်များကို ကျစ်ဆံမြီးတစ်ချောင်း
ည်း စည်းချထားပေးသည်။ မျက်နှာကိုလည်း မိတ်ကပ်၊ နှုတ်
ခမ်းနီများ ခြယ်သပေးပြီး ရေမွှေးလည်း စွတ်ထားပေးသည်။

မှန်ထဲမှာပေါ်နေသော မွေးသည် လှပနေခဲ့ပြီး ပါး
ပြင်တွေက အလိုလို နီနေခဲ့သည်။

ထိုနေ့ ညနေမှာပဲ ကိုကြီးကလည်း ထူးဆန်းစွာပင်
သို့ စောစော ပြန်ရောက်လာခဲ့သည်။

ထမင်းစားဝိုင်းမှာ ဆုံမိကြမှ ကိုကြီးအကြည့်များကို
ရင်မဆိုင်ရဲလောက်အောင် ရှက်နေခဲ့မိသည်။ ကိုကြီး မွေးကို
ကြည့်ခဲ့တာလေ။ တစ်ခါမှ မကြုံတွေ့ဖူးတဲ့ အကြည့်စူးစူးတွေ
အောက်မှာ မွေးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ထူပူရှိန်းဖြနေခဲ့လို့ ထမင်း
အောင် ကောင်းကောင်း မစားဝင်ခဲ့ပေ။

ညနေတိုင်း စန္ဒရားတီးတဲ့ အကျင့်ကလေး ရှိနေခဲ့
မယ့် အဲဒီနေ့မှာ မွေး ဘာမှကို လုပ်ချင်စိတ် ရှိမနေခဲ့လောက်
အောင် ရှက်နေခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ည သန်းခေါင်ယံအချိန်မှာ ကိုကြီး ထံ
အတိုင်း ရောက်လာခဲ့ပါသည်။ ပြီးတော့ သူ့ဘာသာ ကြမ်းပြ
ပေါ်မှာ ခေါင်းမြီးခြုံအိပ်နေခဲ့ပေမယ့် မွေးဘက်ကပဲ စကားစပြေ
ရပါတော့သည်။

"နောက်ဆို မွေးအခန်းထဲကို တံခါးမခေါက်ဘဲ ဝင်မ
ပါနဲ့တော့ ကိုကြီး"

ခြုံလွှာထားတဲ့ စောင်က ကိုကြီးကိုယ်ပေါ်မှ တဖြေ
ဖြည်း ကွာလာပြီး ကိုကြီးမျက်နှာက မွေးဘက်လှည့်ကြည့်
သည်။

မွေးလည်း ခုတင်ပေါ်မှ ဆင်းပြီး အခန်းမီးဖွင့်လိုက်
သည်။ ကိုကြီးကတော့ ပက်လက်လှဲအိပ်သည့် အနေအထား
မွေးကို စောင့်ကြည့်နေသည်။

"မွေး အခန်းထဲမှာ ခုလိုလည်း လာဝင်မအိပ်ပါနဲ့တေ
ကိုကြီး၊ မွေး ကလေးမဟုတ်တော့ဘူး၊ မွေး အရွယ်ရော
နေပြီ၊ ကိုကြီးနဲ့ ခုလို တစ်ခန်းတည်းမှာ အတူတူရှိနေတ
ကို တစ်ယောက်ယောက် မြင်သွားရင် မွေး သိက္ခာကျ
မယ်"

"ငါ မင်းကို လက်ဖျားနဲ့တောင် တို့ခဲ့ဖူးလို့လား ပန်းမွေ
ခတ္တာ"

"ဘယ်လိုပဲ သန့်ရှင်းခဲ့တယ်ဆိုပေမယ့် ခုနေတော့ မသ
တော်တော့ပါဘူး ကိုကြီး၊ မွေး မနှစ်မြို့တော့လို့ပါ၊ ကျေ





ပြုပြီး နောက် ဘယ်တော့မှ မွေး အခန်းထဲ ဝင်မလာပါနဲ့၊ ခုလည်း ကိုယ့်အခန်း ကိုယ်ပြန်ပါတော့"

ကိုကြီးက လှဲနေရာမှ ထရပ်လိုက်ပြီး...

"ကောင်းပါပြီ၊ မင်း စိတ်အနှောင့်အယှက် ဖြစ်ခဲ့မယ်ဆိုရင် ငါ တောင်းပန်ပါတယ်၊ ဒါပေမယ့် ငါ့အခက်အခဲကြောင့် မင်းအခန်းမှာ လာအိပ်ခဲ့ရပေမယ့် မင်းအပေါ် မရိုးသားတဲ့ စိတ်မျိုး တစ်ညမှာမှ မဖြစ်ခဲ့ဖူးဆိုတာတော့ ငါ့လိပ်ပြာ ငါ လုံတယ် ပန်းမွေးခတ္တာ၊ ငါ ဘယ်တော့မှ မင်းအခန်းထဲ မလာတော့ဘူး"

ကိုကြီး စောင်ဆွဲကာ အခန်းထဲမှ ထွက်ဖို့ပြင်နေသည်။

"ကိုကြီး..."

မွေး အခေါ်ကြောင့် ကိုကြီး လှည့်ကြည့်လာသည်။

"အခက်အခဲဆိုတာ ဘာလဲဟင် ကိုကြီး"

"ငါပြောလည်း မင်း ယုံမှာမှ မဟုတ်တာ သေချာပါတယ်၊ မင်း မယုံပါဘူး"

ကိုကြီးက ထိုစကားကိုပြောပြီး မွေးအခန်းထဲက ထွက်သွားပြီးတဲ့နောက် အဘယ်ညများမှာမှ မွေးအခန်းတံခါးကို လာမတီးခေါက်တော့ပေ။

ဒါပေမယ့် မွေးနဲ့ ကိုကြီး စိမ်းကားမသွားခဲ့ဖို့ အကြောင်းအရာက ဖန်လာခဲ့သည်။ မွေး ကိုးတန်းစာမေးပွဲ ဖြေခါ



www.burmeseclassic.com

www.burmeseclassic.com



နီးမှာ မွေးရဲ့ Guide ဆရာမက နိုင်ငံခြားသွားလိုက်သဖြင့် မွေး အခက်တွေ့ရသည်။

နောက်ထပ် Guide တစ်ယောက် ငှားခဲ့ပေမယ့် Guide က ယောကျ်ားတွေပဲ ငှားလို့ရခဲ့သဖြင့် ကိုကြီးက လက်မခံခဲ့ပေ။

နောက်ဆုံး ကိုကြီးကိုယ်တိုင်ပဲ မွေးကို Guide လုပ်ပေးခဲ့ပါသည်။ ည ညဥ့်နက်တဲ့အထိ မွေးအခန်းထဲမှာ စာကူကျက်ပေးပြီး မနက်ဆိုလည်း ကုမ္ပဏီ ပုံမှန်သွားကာ ညနေဘက် စာသင်ချိန်မှာလည်း စောစောပြန်လာ စာသင်ပေးခဲ့သဖြင့် ကိုကြီးနှင့် မွေး အတူနေရသော အချိန်တွေက မေမေနှင့် တွေ့ရသည်ထက်ပင် ပိုများနေခဲ့ပါသည်။

ကိုကြီးရဲ့ စေတနာ၊ မွေးရဲ့ ကြိုးစားမှုများကြောင့် မွေး ကိုးတန်းကို ဘာသာစုံဂုဏ်ထူးနှင့်တောင် အောင်ခဲ့သေးသည်။

မွေး ကိုးတန်းကို ထူးချွန်စွာ အောင်ပေမယ့် ခင်က တော့ ဆယ်တန်းကျခဲ့သည်လေ။ ခင်က ထိုဘော်ဒါမှာပဲ ဆက်နေချင်သည်ဆိုသဖြင့် ခင့် ဘော်ဒါကို ပြန်ပို့ပေးကြရသည်။

မွေးကို ဆယ်တန်းတစ်နှစ်လုံး ကိုကြီးကပဲ Guide လုပ်ပေးခဲ့သည့် နောက်မှာတော့ ကိုကြီးကို မွေး ငြိတွယ်ကာ သံယောဇဉ် ရှိလာခဲ့သည်။

မွေး ဂုဏ်ထူး လေးဘာသာနှင့် ဆယ်တန်း အောင်ချိန်မှာ ခင်ကတော့ ရိုးရိုးပဲ အောင်ခဲ့သည်။





ခင့်အတွက် စိတ်မကောင်းပေမယ့် မွေးကိုတော့ ကြီး ဂုဏ်ပြုခဲ့ပါသည်။

ဆယ်တန်း အောင်မြင်ခဲ့သည်အထိ မွေးဘဝမှာ ပျော်အပါး မရှိခဲ့သဖြင့် ကိုကြီးက မွေးကို နေရာအစုံ လိုက်ပို့ ခဲ့သည်။

အစားအသောက် ကောင်းများ ဝယ်ကျွေးပြီး အကျီ ဖန်စီ (Fancy) လေးများလည်း လက်ဆောင်ပေးခဲ့သည်။

မွေးအတွက် ပလက်တီနမ် ဆွဲကြိုးကလေး ဝယ်ပေး သူ့ရင်ခွင်ထဲမှာ ခဏလေး မွေ့ပိုက်ထားခဲ့သည်။

ခဏကလေးမှ တကယ့် ခဏကလေးဖြစ်သည်။ ရင်ထဲမှာတော့ ကိုကြီးအပေါ် ကျေးဇူးတွေ အထပ်ထပ် တင် ခဲ့သည်။

"မင်း ဘာဆက်လုပ်ချင်လဲ ပန်းမွေးခတ္တာ၊ ဆေးတက္ကသိုလ် တက်ချင်လား"

"ဟင့်အင်း၊ မွေး အင်ဂျင်နီယာ ဖြစ်ချင်တာ ကိုကြီး"

"ဒါဆို ကိုယ်တို့လုပ်ငန်းနဲ့ ပိုသင့်တော်တာပေါ့၊ ကြိုးစားပါ၊ ကိုယ် အားပေးပါတယ်၊ မင်း လက်နဲ့ ဖန်တီးထားတဲ့ အဆောက်အဦးကြီးမှာ ကိုယ်တို့ ဆိုင်ခွဲကြီးတွေ ဖွင့်ရတော့ မယ် ထင်တယ်"

မွေး ထိုအချိန်တုန်းက ကိုကြီးနှင့်အတူ ပြုံးနေခဲ့သော ခုလည်း မွေး ပြုံးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုကြီးကို ခုလို မွေး အင်ဂျင်နီယာဘွဲ့ ရ
နေ့မှာ ရှိစေချင်လိုက်တာရှင်"

❑ ❑ ❑



## အခန်း(၁၃)

* * *

"ဟင် ... ဒါ ပန်းမွေးခတ္တာ ပုံတွေပါလား"

တော်ဇ ညီမလေးက နေရောင့်ဆီမှ ဓာတ်ပုံတွေ ယူလာရင်းမှ နေရောင့် မင်းသမီးလေးပုံကို တွေ့မြင်သွားပြီး ထိုသို့ ရေရွတ်လိုက်ခြင်းဖြစ်သည်။

"ဒီလောက်များတဲ့ ပုံတွေ ဘာလုပ်ဖို့လဲ ကိုနေ၊ အင်း ... သူကလည်း လှလိုက်တာနော်"

"ညီမလေး သိလို့လား"

"သိတာပေါ့၊ သဇင်တို့နဲ့ တစ်ခန်းတည်းပဲ တက်တာလေ၊ အရမ်းချမ်းသာတာ"

"ဟုတ်လား ..."

"ကဲ ... သဇင် နှင်သိသလောက် ပြောပြလိုက်စမ်းပါမယ်၊ ဒီမှာ ငါ့ကောင်ကြီး လည်မျိုမှာ အီးနှင်သလိုဖြစ်နေတာ နှင်မို့ အကဲမခတ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ… ကိုနေက ပန်းမွှေးခတ္တာကို သဘောကျနေတာလား၊ မဟုတ်ပဲတော့ သွားမစနဲ့နော်၊ ဟိုက သန့်သန့်လေးရယ်၊ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ ရည်းစားမပြောနဲ့ ယောကျ်ားလေး သူငယ်ချင်းတောင် ရှိတာမဟုတ်ဘူး၊ စာလည်း အရမ်းတော်တာ"

"ဟာ… ညွှန်းလှချည်လား"

"ညွှန်းဆို အကောင်းတွေချည်းပဲကိုး၊ သူလှတာတော့ ကိုနေတို့ မပြောနဲ့၊ သဇင်တို့ မိန်းကလေးချင်းတောင် ငေးယူရတာ ကိုနေလည်း သိမှာပေါ့…"

"ဒါဆို သူ့ကိုလိုက်တဲ့ ကောင်တွေ ဘာတွေ မရှိဘူးလား"

"ကြိုက်ချင်ကြတဲ့ သူတွေချည်းပဲပေါ့၊ ဒါပေမယ့် သူ့ဆီက ဘော်ဒီဂတ်ကြီးကို ကြောက်လို့ ဘယ်သူမှ မကပ်ရဲကြဘူး"

"ဘယ်လို… ဘော်ဒီဂတ်နဲ့… ဟုတ်လား"

"အင်း…၊ အရမ်းချမ်းသာတာကိုး ကိုနေရဲ့၊ သူ့အမေက ဟို Super Market တွေ၊ Super Center တွေ၊ Hyper Mart ကြီးတွေရဲ့ ဥက္ကဋ္ဌ ဦးစွန်လကျ်ာရဲ့ ဇနီးတဲ့၊ ဒုတိယ အိမ်ထောင်ပေါ့၊ ဒါပေမယ့် တရားဝင် လက်ထပ်ထားတာတဲ့၊ မယားပါ သမီးဆိုပေမယ့် ပန်းမွှေးခတ္တာကို ချစ်တာ တုန်နေတာပဲတဲ့"

"ဪ… ဒီလောက်တောင် ချမ်းသာတာကိုး"

နေရောင်သည် သူမ၏ အမည်လေးကို ရေရွတ်ပြီး ခဏတော့ ငေးငိုင်၍ သွားမိပါသည်။





မြန်မာနိုင်ငံမှာ အကြီးဆုံးနဲ့ အကျယ်ပြန့်ဆုံး ကုမ္ပဏီကြီးရဲ့ သမီးကို သူ့လိုဘာမှမဟုတ်သေးတဲ့ ဓာတ်ပုံဆရာ တစ်ယောက်က မှန်းထိုက်ပါရဲ့လား။

သူမ မိဘရဲ့ လုပ်ငန်းတွေနဲ့ယှဉ်ရင် နေရောင့်မိဘတွေရဲ့ ပြင်ဦးလွင်က ဘော်ဒါလုပ်ငန်းလောက်လေးက မဖြစ်စလောက်လေးသာ ရှိသည်လေ။

တကယ်လို့ သူ့အချစ်ကိုများ ပန်းမွှေးခတ္တာက မတော်တဆ လက်ခံလိုက်လျှင်တောင် မိဘတွေက အမွှေပြတ်စွန့်လွှတ်ထားပြီး တစ်ကိုယ်ရည် ရုန်းကန်နေသော သူ့ဘဝနှင့် ပေါင်းစပ်လို့မှ ရပါ့မလား။

သူမ ဓာတ်ပုံကလေးကို ခုံပေါ်မှာ ခဏချပြီး ဝရန်တာဘက် သူထွက်လာခဲ့သည်။

နဝမထပ်ရဲ့ ထောင့်စွန်းဘက်ကျကျ အခန်းလေးတစ်ခန်းမှာ ငှားနေရသော သူ့လို ဆယ်ကျော့တစ်ကျော့မှ ငွေရပေါက်ရှိသော လူငယ်လေးတစ်ယောက်အဖို့ သူမလို သူဌေးသမီးလေးကို လက်လျှော့လိုက်ဖို့သာ ရှိသည် မဟုတ်လား။

သူ သက်ပြင်းချ၍ ဆေးလိပ်ကို ရှိုက်ဖွာလိုက်သည်။ အနားကို တေဇာ ကပ်လာတာတော့ နေရောင် မကြည့်လည်း သိသည်။

❏ ❏ ❏



www.burmeseclassic.com

www.burmeseclassic.com



"ခင့်ကို ငါးအရိုးနှင်ပေးပါဦး မာမီ"

ထမင်းစားဝိုင်းမှာ တစ်မျိုးမဟုတ် တစ်မျိုး ဂျီကျကာ မာမီ့ ဂရုစိုက်မှုကို မွှေးထက် ပိုရဖို့ ကြိုးစားနေသော ခင်လက်ျာကို မွှေး စိတ်ပျက်စွာဖြင့်ပဲ ငေးကြည့်နေမိပါသည်။

သာမန် အဝေးသင် ဘွဲ့လေးတစ်ခု ယူထားပြီးတော့ model လိုလို၊ Hip Hop လိုလိုနှင့် ဟိုယောင်ယောင်၊ ဒီယောင်ယောင် အလေလိုက်နေသော ခင့်အတွက် မွှေးက ပူပန်နေမိသည်။

ခုဆို မွှေးက ဒက်ဒီ ခွန်လက်ျာရဲ့ ကုန်တိုက်အသစ်နေရာချထားသည်များကို မြေနေရာကြည့် တွက်ချက်၍ ဆောက်လုပ်ရေးပိုင်းမှာ စတင် ဦးစီးရင်း လုပ်ငန်းအတွေ့အကြုံ ရှာမှီးချိန်မှာ ခင်ကတော့ မိဘစီးပွားရေးကို ဘယ်တော့မှ စိတ်မပါ။

ဒက်ဒီ ခွန်လက်ျာက မွှေးနှင့်ယှဉ်ပြီး ဆူလိုက်တိုင်းတော့ ခင်က သူမနှုတ်ခမ်းများကို တမင်မဲ့ကာ တီမထင်စွာကြည့်၍

"မနေ့ တစ်နေ့ကမှ အင်ဂျင်နီယာဘွဲ့လေး ရပြီး ဒက်ဒီ အရှိန်နဲ့ ဒက်ဒီခန့်ထားတဲ့ ရာထူးမှာ အခန့်သား မိန့်မိန့်ကြီး ထိုင်ပြီး နေတဲ့သူကိုများ အထင်ကြီးစရာလား ဒက်ဒီရာ၊ ခင့်ကို ဒီလို အရည်အချင်းမရှိတဲ့ မိန်းမမျိုးနဲ့ လာနှိုင်းမနေပါနဲ့ ..."





ပြီးခဲ့ပြီးသော စကားလုံးများကို ပြန်ကြားယောင်ရင်း ...လက်စ ထမင်းကို အနားသတ်လိုက်ပြီး ထမင်းစားဝိုင်းမှ ...လိုက်ပါသည်။ မေမေကတော့ မွှေးကို လိုက်မော့ကြည့်ရင်းဖြင့်

"မွှေး ... စားလို့ မကောင်းလို့လား"

"မဟုတ်ပါဘူး မေမေ၊ မွှေး အသက်ရှူရတာ သိပ်အဆင်မပြေ ဖြစ်နေလို့ပါ၊ ခြံထဲဆင်းပြီး လေညှင်းခံရင် ကောင်းမလားလို့"

မွှေးက မေမေ့ကို ကျေနပ်အောင်အဖြေပေးပြီး ခြံထဲ...င်း လမ်းလျှောက်ဖို့ ထမင်းစားခန်းထဲက ထွက်လာခဲ့သည်။

ခြံရှေ့မှာပဲ အမြဲလျှောက်ရတာ ပျင်းနေသဖြင့် တိုက်...းဘက်ကို ပတ်လျှောက်ရင်း တိုက်အဖြူကြီးကို မော့ကြည့်မိ...သည်။

လသာဆောင်ကြီးကို မြင်ရတော့ မွှေး ကိုကြီးကို ...တိရမိပြန်သည်။ မွှေး ဆယ်တန်းတုန်းက ခြံထဲမှာ စာထိုင်ကျက်...င်းက လသာဆောင်ဆီ တက်တဲ့ ကြောင်အိမ်လှေကားလေးကို ...တ်မထင် တွေ့ရှိခဲ့သည်။

မွှေးတက်ချင်လို့ ရပ်ငေးနေချိန်မှာပဲ ကိုကြီးက ဘယ်...ချိန်က ပြန်ရောက်လာမှန်း မသိဘဲ မွှေးအနားသို့ အပြေးအလွှား...က်ရှိလာပြီး ...

"မင်း ဒီလှေကားအောက်မှာ ဘာရပ်လုပ်နေတာလဲ"

မွှေး ခန္ဓာကိုယ်လေးက ရုတ်တရက် ထွက်ပေါ်လာ...သော ကိုကြီးအသံကြောင့် တုန်တောင် တုန်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ... ဒီလှေကားလေးက တက်ရင် လသာဆောင်

တက်လို့ရတယ် မဟုတ်လား"

မွေး မေးခွန်းကို ခေါင်းညိတ်ပြ၍ ကိုကြီးဖြေ

"မွေး အဲဒီ လသာဆောင်မှာ စာတက်ကျက်ချင်တ

မွေးတို့ အဲဒီမှာ စာသင်ကြရအောင်လေ ကိုကြီးနော် ...

"တော်စမ်း ...၊ လသာဆောင် တက်ဖို့မပြောနဲ့၊ ဒီလှေ

အောက်မှာ မင်းရပ်နေတာကို ငါ နောက်တစ်ကြိမ် မ

ချင်ဘူး၊ နောက်တစ်ကြိမ် ငါတွေ့လို့ကတော့ မင်း

ထောက်တွေကို ရိုက်ချိုးပစ်မယ်"

မျက်လုံးပြူးကာ မွေးကို လက်ညှိုးထိုး၍ အော်

အမိန့်ပေးလိုက်သော ကိုကြီးကြောင့် မွေး လန့်သွားရလေသ

ကိုကြီး မွေးကို တစ်ခါမှ ဤသို့ မအော်ခဲ့ဖူးသဖြင့် မွေး မျက်

မှာ မျက်ရည်များ စို့ရက်လာရပါသည်။

မျက်ရည်စို့ဝဲနေသော မွေးကို လျစ်လျူရှုပြီး ခြေ

ကျဲများဖြင့် ခြံအနောက်ဘက် ဘကြီးကျော်တို့ အိမ်တန်းလျ

လျှောက်လှမ်းသွားခဲ့သည်။

ဘကြီးကျော် အိမ်ပေါက်ဝကို ပြေးထွက်လာ

ကိုကြီးနှင့် မျက်နှာချင်းဆိုင်လိုက်ချိန်မှာ ကိုကြီးက ခြေ

တယမ်းယမ်းနှင့် လှေကားလေးကို လက်ညှိုး ညွှန်လိုက်၊ စ

တွေ ပြောလိုက်ဖြင့် လှုပ်ရှားနေခဲ့ပြီး ဘကြီးကျော်ကတော့

တညိတ်ညိတ်နှင့် နားခံနေတာ တွေ့ခဲ့ရသည်။





အဲဒီနေ့က မွေး ကိုကြီးနဲ့ စာမကျက်ဘဲ မွေးဘာသာ တီတ်တီတ်ကလေး သချ်ာတွက်နေခဲ့သည်။

ညနေဘက်မှာတောင် ခေါင်းမူးသည်ဟု အကြောင်း ပြပြီး ထမင်း ဆင်းမစားဘဲ နေပစ်လိုက်သည်။

မွေး အခန်းတံခါးကို ဘယ်တော့မှ လာမခေါက် တော့ပါဘူးဟု ကတိပေးထားသဖြင့် သူ့ကတိနှင့်သူ ဝင်မလာနိုင် ဖြစ်ကာ မရိုးမရွဖြစ်နေမှာကို တွေးပြီး မွေး ကျိတ်ကျေနပ်ခဲ့သည်။

သူ လှူဝင်မလာနိုင်ပေမယ့် မွေး ကွန်ပျူတာပေါ်မှာ သူပို့လိုက်သော message များ တလိပ်လိပ် ပေါ်လာခဲ့သည်နောက်

"ပန်းမွေးခတ္တာ ... မင်း စာမကျက်ဘူးလား"

"မင်း တစ်နေ့စာ တစ်နေ့ ကျက်မှ စာမေးပွဲအောင်မယ် ဆိုတာ နားမလည်ဘူးလား"

"ငါ ကျက်ခိုင်းထားတဲ့ equation တွေ ရပြီလား"

"မင်း ခု ဘာလုပ်နေလဲ၊ ငါ့ကို စိတ်ဆိုးချင်ယောင်ဆောင် ပြီး မင်း ရည်းစားစာ ဖတ်နေတာလား"

သူ့စာတွေ ဖတ်ပြီး မွေး ဟီခနဲ ရယ်မိသည်။ တွက် လက်စ သချ်ာစာအုပ်ကိုဆွဲကာ ကိုကြီး အခန်းထဲ မွေး ခပ်တည် တည် ဝင်သွားခဲ့သည်။

မွေးကို မြင်မြင်ချင်း အံ့သြသွားသော ကိုကြီးမျက်နှာ က ပြုံးကြည်၍သွားသည်ကို လှစ်ခနဲ လွှဲဖယ်ကာ မှန်တဘောင်ဖြင့် ပြန်ပြောင်းကြည့်ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဝင်လာတာလဲ…"

"မဝင်လာရဘူးလား၊ ဒီမှာ မွေးက စာမရလို့ မေးချင်လို့"

ကိုကြီး မကြိုက်လို့ ပြန်ထွက်သွားရမှာပါ ဆိုတဲ့ မျက်နှာမျိုးဖြင့် အခန်းထဲမှ ပြန်ထွက်ဖို့ မွေး ဆုံးဖြတ်လိုက်သည်။

"ဘာမေးမှာလဲ"

ကိုကြီးအသံကြောင့် မွေး ခြေလှမ်းတို့ တုံ့သွားပြီးမှ

"နေပါစေတော့…"

မွေး မှင်သေသေဖြင့် အခန်းတံခါး ဆွဲဖွင့်လိုက်လျှင် လျှင်မြန်သော အဟုန်နှင့်အတူ သန်မာသော လက်တစ်ဖက်က မွေးလက်ကောက်ဝတ်ကလေးကို ဖမ်းဆွဲလိုက်လေသည်။

"မင်း ငါ့ကို စိတ်ကောက်နေတာလား"

"ဟင့်အင်း၊ ကိုကြီးကို ကြောက်နေတာပါ"

"ငါက မင်းကို ဘာလုပ်လို့လဲ"

"အော်တယ် မဟုတ်လား"

"အဲ့ဒါ စိတ်ပူလို့ပါ"

"ရှင်…"

"ဟုတ်တယ်…၊ မင်း ပြုတ်ကျမှာစိုးလို့၊ ငါမှာမိလို ဖြစ်မှာစိုးလို့"

"ကိုကြီး မာမီက ခုန်ချခဲ့တာ မဟုတ်လား"

"အဲ့ဒါကြောင့် မင်းကို ငါ စိုးရိမ်တာပေါ့ မွေးရယ်"

"ဘာဖြစ်လို့…"





"မင်း အမေးအမြန်း ထူလှချည်လား၊ ကဲ… မေး၊ တခြား တော့ မဟုတ်ဘူး၊ နားမလည်တဲ့ စာကိုပြောတာ"

ကိုကြီးက စကားကို ဖြတ်ဝစ်လိုက်သဖြင့် မွေးမှာ ောင့်အင်းသည်းခံရင်းဖြင့်ပင် နားမလည်သော စာကိုပဲ မေးလိုက် ပါသည်။

နောက်နေ့မှာတော့ လှေကားပေါ်သို့ လှမ်းတက်လို့မရ အောင် တံတိုင်းအမြင့်ကြီး ကာနေတာကို တွေ့ရပါသည်။

ခုဆိုရင်တော့ ဒီတံတိုင်းကြီးက ရေညှိများဖင်တက်၍ နေခဲ့ပြီ။

"ကိုကြီးရယ်… မွေး ဒီပေါ်ကို မတက်ပါဘူးရှင်"

မွေးက ရင်ထဲမှ ကိုကြီးကို တပြီး လည်ပင်းမှာ မြဲဆွဲထားသော ကိုကြီးပေးသည့် ပလက်တီနမ် ဆွဲကြိုးလေးကို မ်းနေမိသည်။

ဘာလော့ကက်မှ ထည့်မထားသော ထူပျော့ပျော့ ဆွဲကြိုးလေးက မွေး လက်မလေး ကုတ်ယူရာကို မြှောက်တက် လာသည်။

"မွေး… လေညှင်းခံနေတာလား"

"ဟုတ်ကဲ့ ဒက်ဒီ၊ မွေး လမ်းလျှောက်နေတာပါ၊ ဒက်ဒီ ဒီနေ့ ပြန်လာတာ စောတယ်နော်"

"အင်း… ဆိုင်ခွဲတွေ လှည့်ကြည့်ရင်း မူးလာတာနဲ့ ဆေး ခန်းဝင်ပြီး တစ်ခါတည်း ပြန်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းလိုက်တာ ဒက်ဒီရယ်"

"ပင်ပန်းအောင် ထားရက်ခဲ့သူက ထားရက်ခဲ့သလို ထား
သွားအောင် လုပ်တဲ့သူကလည်း လုပ်တာကိုး"

ဒက်ဒီ ခွန်လကျာ်က ခပ်ပြုံးပြုံးနှင့်ပြောသော်လည်
မွေး ရှက်စနိုး ခေါင်းငုံ့ထားမိသည်။ ဒက်ဒီ ခွန်လကျာ် ဘယ်သူ
ဘယ်သူ့ကို ရည်ညွှန်းပြီး ပြောသည်ဆိုတာ မွေးသိပါသည်။

ကိုကြီး မရှိတော့ကတည်းက ဒက်ဒီပဲ ကုမ္ပဏီ
မှန်မှန် ရုံးပြန်တက်ပြီး ပြန်အုပ်ချုပ်နေရသဖြင့် ပင်ပန်းနေခဲ့ရ
မွေးအသိပင်။

မွေးကလည်း ကျောင်းမပြီးခင်တုန်းက ကျောင်းတ
ဖက်နှင့်မို့၊ ခု ကျောင်းပြီးတော့လည်း ဆောက်လုပ်ရေးပိုင်းကလွဲ
ဘာစီးပွားရေးအကြောင်းမှ နားမလည်သဖြင့် ဒက်ဒီကို မကူညီ
ဖြစ်နေခဲ့ရသည်။

ကိုကြီးနှင့် ဒက်ဒီကတော့ အဆက်အသွယ်မပြ
ခဲ့ပေမယ့် မွေးကိုတော့ ကိုကြီးက လုံးဝကို မဆက်သွယ်တော့
ဖြစ်သည်။

ဖုန်းဆက်ဖို့ပင် မဆိုထားနှင့် Email လေးနှင့်
နေကောင်းလား တစ်ခွန်းမရှိသော ကိုကြီးကို မွေးကလည်း စိ
တော့ အနာမိသားရှင် ...။

တစ်ခါတလေ ခုလို အကြောင်းတိုက်ဆိုင်တိုင်းလေ
မွေး ကိုကြီးကို သတိတရရှိနေတတ်ပါသည်။ ဒါပေမယ့်လည်





အကြောင်းတိုက်ဆိုင်မှုများက တစ်နေ့တစ်မျိုး မရိုးနိုင်အောင်
စဉ်ရှိနေတတ်သဖြင့် မွေးရင်ထဲမှာ ကိုကြီးကို နေ့တိုင်း သတိရ
ဆုံး ဖြစ်ရပါသည်။

"ကိုကြီး နေကောင်းတယ်တဲ့လား ဒက်ဒီ"

"ဆိုပါတော့ မွေးရယ်၊ သူက ဖုန်းပြောတိုင်းလည်း အလုပ်
အကြောင်းပဲပြောပြီး ဖုန်းအရင် ချချသွားတတ်တယ်လေ"

မွေးအကြောင်းလေးတောင် မမေးဘူးပေါ့။

မွေးသည် နှုတ်ခမ်းလေးစူရင်း ကိုကြီး နေကောင်းဖို့
ဆုတောင်းနေခဲ့မိသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

* * *

သီရိလက်ာဆိုတဲ့ ရဲတိုက်လို အိမ်အကြီးကြီးကို လှမ်း မျှော်ကြည့်ရင်း နေရောင် စိတ်တွေ လှုပ်ရှားနေရသည်။

တေဇ စကားများကို ပြန်ပြန်တွေးနေရင်းဖြင့် ကိုယ့် စိတ်ကိုယ် အားတင်းနေမိသည်။

"မင်းက ဘာစိတ်ဓာတ်ကျနေတာလဲ နေကြီး၊ ဘာလဲ မင်းအခုလုပ်နေတဲ့ ဓာတ်ပုံလုပ်ငန်းက ဘယ်တော့မှမအော မြင်တော့ဘူးလို့ တွက်ထားလို့ စိတ်ဓာတ်ကျနေတာ ဟုတ်လား"

အဲသလိုတော့ သူ အပြောမခံနိုင်ပါ။ ဒီလုပ်ငန်း ပတ်သက်ရင် သူ့မှာ အရည်အချင်းတွေ အပြည့်ရှိနေသည် ယုံကြည်ထားသည်။

သူ တစ်နေ့မှာ အောင်မြင်တဲ့ ဓာတ်ပုံဆရာ ဖြစ် ဖြစ်ရမည်ဟု ကြွေးကြော်ပြီး အိမ်ကနေတောင် ဆင်းလာခဲ့တာ





"ပြီးတော့ မင်းလည်း အင်ဂျင်နီယာဘွဲ့ ရထားပြီးသားပဲကွ၊ မင်း ဘာ အားငယ်စရာ ရှိလို့လဲ၊ ဒါကို မင်း လက်လျှော့ မယ်ဆိုရင်တော့ မင်း တကယ် အချစ်စစ်နဲ့ သူ့ကို မချစ် လို့ပဲ"

"ငါ သူ့ကို တကယ်ချစ်မိတာပါကွာ"

"ဒါဆို မင်း ရှေ့တိုးလေ၊ သူ့မှာ ရည်းစားတောင်မရှိဘူး ဆိုတာလည်း မင်းသိတာပဲ"

"အေး...၊ ကျေးဇူးပဲကွာ တေဇ၊ ငါ ဆုံးဖြတ်လိုက်ပြီ၊ ပန်းမွှေးခတ္တာ ငါ့ကို ချစ်လာစေရမယ်"

နေရောင် ပြုံးလိုက်သည်။ သီရိလက်ာ ခြံဝန်းတံခါး ကြီး ပွင့်သွားပြီး အမိုးပွင့် ကားလေးတစ်စီး ထွက်လာတာ တွေ့ လိုက်ရလေသည်။

နေရောင် မျက်မှန်လေးချွတ်ပြီး ကားထဲကို မသိ မသာလေး ငုံ့ကြည့်လိုက်စဉ် ကားထဲမှာ ပန်းမွှေးခတ္တာကို မတွေ့ လိုက်ရပေ။ မတွေ့မယ့်အတူတူတော့ နေရောင် ဆက်ကြည့်မနေ ဘဲ မျက်မှန်ကို ပြန်တပ်ရင်း ခပ်တည်တည် ရပ်နေလိုက်သည်။

ထိုစဉ်မှာ နေရောင့်အနားသို့ အမိုးပွင့် ကားအနီ လေး တဖြည်းဖြည်း နောက်ဆုတ်ရပ်လာခဲ့သည်။

နေရောင် လှည့်ကြည့်လိုက်တော့ အသားညိုညို၊ မျက်နှာသွယ်သွယ် မိန်းမပျိုကလေး တစ်ယောက် ကားမောင်းသူ နေရာကနေ ပြုံးပြနေတာကို တွေ့လိုက်ရသည်။ နေရောင်ကတော့ ခုချိန်ထိ ဘယ်သူမှန်း မသိသေးသဖြင့် စူးစမ်း၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများလဲလို့ ကြည့်နေတာ၊ ရင်းရင်းနှီးနှီး သိနေတာ ပါလို့၊ ခင့်ကို မှတ်မိလား ..."

"ခင် ... ။"

"ခင်လကျာ်လေ၊ ပြင်ဦးလွင်က ဆရာနဲ့ ဆရာမတို့ရဲ့ တစ်ဦးတည်းသော သား ကိုနေရောင် မဟုတ်လား"

"သြော် ... ဟို အော်ကြောလန်မ ခင်လကျာ်လား"

"ဟွန်း ... ကိုနေကလည်း"

"မင်း ဆယ်တန်းကော အောင်ရဲ့လား"

"အောင်ရုံဘယ်ကမလဲ၊ ခင် ဘွဲ့ရပြီးပြီ"

"သြော် ... သြော်"

နေရောင်က နှုတ်ဆက်ပြီးပြီမို့ လှည့်ထွက်လိုက်ပါသည်။

ခင်လကျာ်ကို သူ့အိမ်မှာ တစ်ခါဆုံဖူးပါသည်။ နေရောင် ဓာတ်ပုံရိုက်တာ ဝါသနာပါမှန်း သိပြီး ခြံဝိုင်းထဲမှာ နေရောင် အလုပ်လုပ်နေတုန်း အတင်းနှုတ်ဆက်၊ ဓာတ်ပုံတွေ ရိုက်ခိုင်းခဲ့တာ မှတ်မိသေးသည်။

ဘော်ဒါကနေ ခိုးထွက်တာတို့၊ ရည်းစားထားတာတို့၊ စာမေးပွဲစစ်တိုင်း မအောင်တာတို့ကို အမြဲ ကျူးလွန်လေ့ရှိခြင်းမှာ နာမည်ကြီးသဖြင့် နေရောင် သိနေခဲ့ရပါသည်။

နေရောင်က မိဘစီးပွားရေးလုပ်ငန်းပိုင်းကို စိတ်မဝင်စားသဖြင့် ခပ်ဆိုးဆိုး ကောင်မလေးအကြောင်းကို သိပ်တော့မသိခဲ့ပေ။





အဲဒီတုန်းက နေရောင်ကလည်း GTC ကျောင်းသား ထမနှစ်ဆိုတော့ အိမ်မှာမကပ်ဘဲ သူငယ်ချင်းတွေနှင့် စုနေဖြစ်သည်က များသည်။ ကျောင်းပိတ်ရက် အိမ်ပြန်လည်လျှင်တော့ ဘော်ဒါက ကလေးမကလေးများ သည်းသည်းလှုပ်သည်အထိတော့ နေရောင်လည်း စန်းပွင့်ခဲ့သားပင်။

ပြင်ဦးလွင်က ဆယ်တန်း ဘော်ဒါဆောင်ထဲတွင်ဆော့ နေရောင့်မိဘတွေရဲ့ ဘော်ဒါဆောင်က နာမည်ကြီး သတင်းမွှေးလှပါသည်။

အဲဒီအထဲကတော့ ခင်လကျာ်လို မိန်းကလေးမျိုးကြောင့် အဆောင်နာမည်ပျက်မှာစိုးသဖြင့် ဖေဖေနဲ့ မေမေက မိဘအိမ် ပြန်ပို့ဖို့ စီစဉ်ကြမှန်း နေရောင်သိသော်လည်း တစ်နှစ်ကျပြီး နောက်တစ်နှစ် မအောင် အောင်အောင် ခေါ်ယူသင်ပေးခဲ့တာကို အံ့သြစွာမဆုံးပေ။

"ဟိတ် ... ကိုနေ ဘယ်သွားမလို့လဲ"

"ကိုယ် ... အင်း ... ဒီနားက အသိတစ်ယောက်အိမ်ကို လာရှာတာ"

"အိမ်နံပါတ် ဘယ်လောက်လဲ၊ ခင် ကူရှာပေးမယ်လေ၊ လာ ကားပေါ်တက်ပါ"

"အိမ်တွေ့ပြီးပြီ၊ ဒါပေမယ့် ကိုယ့်အသိက ပြောင်းသွားပါပြီ၊ ကိုယ် ပြန်တော့မှာပါ"

"အဲ့ဒါဆို ခင်တို့အိမ်ထဲ လိုက်လည်ပါလား၊ ကိုနေနဲ့ ခင်တို့က မိတ်ဆွေတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ၊ မင်းလည်း အမြင်သွားမှာမဟုတ်လား"

"အပြင်သွားတာက ပျင်းလို့သွားမှာပါ၊ ဘာကိစ္စမှ မရှိ ဘူး၊ လိုက်လည်ပါ ကိုနေရယ်"

နေရောင့်ခြေလှမ်းတွေက လိုက်သွားချင်နေပါသည် အိမ်အဖြူကြီးထဲ တစ်နေရာရာမှာ နေရောင်ရဲ့ ပန်းလေး ရှိနေမှ သိရှိခံစားနေရသည်။

"လိုက်ခဲ့ပါနော်၊ အပျော်သဘောပေါ့ ကိုနေရယ် နော်"

ကားပေါ်ကနေတောင် ဆင်း၍ အတင်းဆွဲခေါ် သော ခင်လကျာ်ကြောင့် နေရွှောင်လည်း ဟန်ဆောင်ချုပ်တည်း နေရသော စိတ်ကို လွှတ်ပေးလိုက်ပါသည်။

ခင်လကျာ် ကားလေးပေါ် ထိုင်လိုက်လာရင်း သူ တို့ရဲ့ ကျယ်ဝန်းရှည်လျားသော ခြံထဲက လမ်းပြေးလေးအတိုင်း နေရောင်လည်း လိုက်ပါလာခဲ့သည်။ နေကျကာစဖြူနေချိန်ဆိုတော့ ပန်းမွှေးခတ္တာလေးများ ခြံထဲမှာ ရှိမလားဟု နေရောင် လိုက် နေမိသည်။

"ဘာလဲ ... ပြင်ဦးလွင်မှာလိုပဲ ခြံအကျယ်ကြီး တွေ့ရ အံ့သြနေတာလား ကိုနေ"

"အင်း ... ဆိုပါတော့"

အိမ်ရှေ့ ဆင်ဝင်လေးအောက်မှာ ကားရပ်လိုက် မှာ ဝေ့ဝဲနေသော နေရောင့် မျက်လုံးများက ဒန်းအဖြူလေး ရောက်ရှိရပ်တန့်သွားလေသည်။





ဒန်းကလေးကို ခြေဖျားလေးနှင့် ထောက်ထောက်ပြီး လွှဲစီးနေသော ပန်းကလေးကို နေရောင် ငေးသွားမိသည်။ ဆံပင် တွေက နက်အိစင်းကျနေတဲ့အပြင် သူ့မခေါင်ကလေးပေါ်မှာလည်း ခွေပုံပုံလေး ပုံနေသေးသည်ဆိုတော့ အတော်ကြီး ရှည်လျားမှန်း နေရောင် သိနေသည်။

မိုးပြာနုရောင် ဂါဝန်ရှည်ကလေးဖြင့် အေးအေးလူလူ ထိုင်နေသော သူမရဲ့ ကြည်စင်သောအလှများကို နေရောင် မမှိတ် မသုန် ငေးကြည့်နေချင်မိသည်။

ပြင်ဆင်ခြယ်သထားခဲ့တုန်းကလည်း တန်ဖိုးမဖြတ် လောက်အောင် တောက်ပနေခဲ့သလို ယခုလို ဘာမှ မခြယ်သပဲ အာဃာတ ကင်းကင်းဖြင့် ထိုင်နေပုံကလေးကလည်း ပိုပြီးတော့ တောင် တန်ဖိုးကြီးလွန်းလှသည်။

"ကိုနေ ... လာလေ၊ အိမ်ထဲဝင်မယ်"

ခင်လကျာ်က နေရောင့် လက်မောင်းမှာ လာခိုတွဲ လိုက်လျှင် ပန်းမွှေးလေးဆီကို နေရောင် လှမ်းကြည့်မိလိုက်သည်။

ခင်လကျာ်နှင့် နေရောင့်ဆီ တစ်ချက်ကလေး လှမ်း အကဲခတ်လိုက်ပြီးနောက် ဒေါင်းမှာချထားသော စာအုပ်ကလေးကို ကောက်ဖတ်နေသည်။

နေရောင်က ခင်လကျာ် လက်ကို ဖယ်ချပစ်လိုက် ပြီး ...

"ကိုယ် အပြင်မှာပဲ ထိုင်ချင်တယ်၊ ကိုယ့်ကို တစ်ခုခုနဲ့ ဖြစ်ဖြစ် ဧည့်ခံပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ ... ကော်ဖီလား၊ အအေးလား"

"ကော်ဖီ ..."

ခင်လကျာ်က နှုတ်ခမ်းကို ဟ၍ တစ်စုံတစ်ယောက်ကို လှမ်းခေါ်ဖို့ ပြင်ပြီးမှ ...

"ပန်းမွေးခတ္တာ ... ငါ ညှိသည်နဲ့ စကားပြောစရာရှိလို့ ဒန်းပေါ်မှာ ထိုင်ချင်တယ်"

ပန်းမွေးခတ္တာက စာဖတ်နေရာမှ မော့်ကြည့်လာပြီး ခင်လကျာ်ကို မျက်စောင်းလေး လှစ်ခနဲ ထိုးလိုက်ပုံကလေးကို နေရောင်က ချစ်စနိုးဂလေး ကြိတ်ပြုံးလိုက်မိသည်။

သူမ ခင်လကျာ်ကို တစ်စုံတစ်ခု ပြောချင်ဟန်ရှိသော်လည်း စာအုပ်ကလေးကိုင်ကာ ဒန်းပေါ်မှ ထလိုက်သည်။

"ဩော် ... ကော်ဖီ ပူပူလေးနှစ်ခွက်ပါ ဖျော်ပြီး လာပို့နော်"

"ဘာ ..."

သူမက ဆံပင်တွေလှုပ်ယမ်းသွားသည်အထိ ဆတ်ခနဲ ခါသွားသည်။ မျက်ဝန်းကလေးများက နေရောင့်ဆီကိုလည်း ဖြတ်ပြေးလာသည်။

ခင်လကျာ်ကို မလိုလားပေမယ့် ညှိသည်ဖြစ်သည့် နေရောင့်ကိုတော့ အားနာဟန်ရှိသည်။ ဘာမှမပြောချင်တော့သည့် ဟန်ကလေးဖြင့် နေရောင့်ရှေ့ကနေ ခါးလေးကိုင်း၍ ဖြတ်သွားသည်။ နက်မှောင်ထူစင်းသော ကတ္တီပါဆံစကလေးများက သူမကို ပို၍ လှုံခြုံနေစေသည်။





"ခင်လကျာ် မင်း ကိုယ်တိုင်ဖျော်ပေးပါလား၊ မင်းညီမ သူ့ဘာသာ စာဖတ်နေတာ နှောင့်ယှက်မနေပါနဲ့လား"

"အို ... သူလည်း အားနေတာပဲ ကိုနေ၊ သူ ကော်ဖီဖျော်တာ ခင့်ထက် ကောင်းတယ်လေ၊ ပန်းမွေးခတ္တာ သွားဖျော်လိုက်နော်"

ပန်းမွေးခတ္တာသည် ဘာမျှ မတုံ့ပြန်နေဘဲ အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

"ကိုနေ ခု ဓာတ်ပုံစတူဒီယို ထောင်နေပြီလားဟင်"

"မထောင်ရသေးပါဘူး"

"ကိုနေ အဆင်ပြေရင် ခင့်ကို outdoor တွေ လိုက်ရိုက်ပေးပါလားဟင်၊ ခင်က ခု Model show တွေ စလျှောက်နေပြီလေ၊ ဓာတ်ပုံပြိုင်ပွဲတွေ ဝင်ပြိုင်မလို့ပါ"

"အင်း ... အဆင်ပြေမယ့် နေ့တစ်နေ့ ကိုယ် လိုက်ရိုက်ပေးပါ့မယ်"

ထိုအချိန်မှာပဲ ဗန်းကလေးကိုင်ကာ နေရောင်ရဲ့ ပန်းမွေးခတ္တာကလေး သိမ်မွေ့စွာ လျှောက်လှမ်းလာလေသည်။

"အင်း ... ခဏနော် ကိုနေ"

နေရောင် ဘာကောင်းချင်လို့ပဲလားတော့ မသိ၊ ခင်လကျာ် ဟန်းဖုန်းက မြည်လာသဖြင့် ခင်လကျာ်က ခပ်ဝေးဝေးကို ပြေးထွက်သွားပြီး ဖုန်းပြောနေသည်။

"သုံးဆောင်ပါဦးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းမွှေးကလေးက နေရောင့်ရှေ့မှာ ကော်ဖီနှင့် မုန့်ပန်းကန်လေး ချပေးရင်းက ပြောလာသည့် ဟန်ပန်ကလေးကို နေရောင် ရင်တွေခုန်လာရသည်။

သနပ်ခါး ရေမွှေးအနံ့ကလေးက သူမဆီမှ သင်းသင်းကလေး လွင့်ပျံ့နေလေသည်။ နေရောင် ရှိသမျှ အင်အားတွေ စုစည်းပစ်လိုက်ပြီး ...

"မင်းကိုယ်တိုင် ဖျော်လာတာလား မွှေး"

"ရှင် ...၊ ဟုတ်ကဲ့ ... မွှေးကိုယ်တိုင် စိတ်လိုလက်ရ ဖျော်လာတာပါ၊ သုံးဆောင်လိုက်ပါဦးနော်"

နေရောင့် အမေးကြောင့် ရုတ်တရက် အံ့ဩသွားပေမယ့် ဣန္ဒြေရရလေး အဖြေပေးပါသည်။

"ဟိုလေ ...၊ ဟို ... ကိုယ် ... မွှေးရဲ့ ..."

"ဟုတ်ကဲ့ ..."

နေရောင် ထစ်ထစ်အအဖြင့် မပြောရဲဖြစ်နေစဉ်မှာပဲ ခင်လက်ျာက ပြန်ရောက်လာတာမို့ ဘာတစ်ခွန်းမှ မပြောဖြစ်လိုက်တော့။

သူမလည်း အိမ်ထဲကို သွက်သွက်ကလေး ပြန်ဝင်၍ သွားပြီးသည့်နောက် နေရောင် ပြန်သည်အထိ ပေါ်မလာခဲ့တော့ပေ။

❑ ❑ ❑



## အခန်း(၁၅)

* * *

မွှေး လက်ကလေးများ စန္ဒရားခလုတ်လေးတွေပေါ်မှာ လျှပ်ပြေးနေရင်း စိတ်တို့က ပြီးခဲ့တဲ့ အဖြစ်အပျက်များဆီကို ဆနှင့်၍သွားသည်။ အဲဒီနေ့က ကိုကြီးနှင့် မွှေး စတင်ဆေးကွာဖို့ အကြောင်းဖန်လာစေခဲ့တာပါပဲ။

ဒက်ဒီ ခွန်လက်ျာက မွှေး ဆယ်တန်း အမှတ်စာရင်း ထွက်တဲ့နေ့မှာ ကိုကြီးနှင့် မွှေးကို စိမ်းလန်းစိုပြည်မှာ ညစာလိုက်ကျွေးခဲ့ပါသည်။

"ခုလို အမှတ်တွေ အများကြီးနဲ့ ထူးထူးချွန်ချွန် အောင်ခဲ့တဲ့ မွှေးကို ဒက်ဒီ အရမ်းချီးကျူးပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒက်ဒီလုပ်ငန်းတွေမှာ အားကိုးရမှာပေါ့နော် မွှေး"

"ဟုတ်ကဲ့ ဒက်ဒီ၊ မွှေး ကျောင်းပြီးတာနဲ့ ဒက်ဒီ ကုမ္ပဏီမှာ အလုပ်ဝင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မွေးရကျိုးနပ်လိုက်တဲ့ ကလေးပဲနော် ... ထင်"

ကိုကြီးက မွေးကိုလှမ်းကြည့်ပြီး ဒက်ဒီ့စကားကို ထောက်ခံပါသည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။ မွေးက ပြုံးစ ကလေး ရယ်လိုက်ပါသည်။

"မွေးကို ခုလို အောင်မြင်အောင် ပျိုးထောင်ပေးနိုင်တဲ့ ထင့်ကိုလည်း ဒက်ဒီ ဂုဏ်ပြုပါတယ်"

ကိုကြီးက ပြုံးရုံကလေးပဲ ပြုံးပြီး စတီးတူကလေးကို မသိမသာလေး လှည့်ကစားနေပါသည်။

ထမင်းစားနေရင်းကမှ ဒက်ဒီက ကိုကြီးကို လှမ်း အကဲခတ်ပြီး ...

"မွေး ငယ်ငယ်တုန်းက သားပေးခဲ့တဲ့ ကတိကို ခုထော တည်တုန်းပဲလား"

ကိုကြီး မျက်နှာပြင်က စိမ့်ခနဲ ရဲတက်လာတာ မွေး မြင်လိုက်သည်။

"အဲ့ဒီကတိ တည်ပါတယ် ဒက်ဒီ"

"တခြား ရည်မှန်းထားတဲ့သူ မရှိဘူးပေါ့"

ကိုကြီး ဘာမှပြန်မပြောခဲ့ပေ။ မွေးကတော့ ရှေ့ ဘာတွေ ဆက်ပြောကြမလဲဆိုတာကို စိတ်ဝင်တစား နားထော နေပါသည်။

"ဒါဆို မွေး ကျောင်းမတက်ခင်မှာ မင်္ဂလာပွဲလေး လု လိုက်ရအောင်"





"ရှင် ..."

မွေးသည် သောက်လက်စ ရေတာစ်ငုံကို မနည်းမျိုချ လိုက်ရပါသည်။

"ဒက်ဒီ ... ဘာကိုဆိုလိုချင်တာလဲ မသိဘူး"

"ဘာကို ဆိုလိုချင်တာလဲဆိုတော့ ... ဟင်း ... သမီးကို ထင်နဲ့ လက်ထပ်ထားပေးချင်တယ် မွေး၊ မွေး ငယ်ငယ် လေးကတည်းက ထင်နဲ့ လက်ထပ်ပေးဖို့ ဒက်ဒီ တွေးခဲ့ပြီး သားပဲ၊ ထင်ကလည်း မွေးကို လက်ထပ်ချင်တဲ့ဆန္ဒ ရှိပြီး သားပဲလေ"

"ဟို ... ဒက်ဒီ ... မွေး ... မွေးလေ ကိုကြီးကို လက်မထပ် ချင်ပါဘူး"

"ဟင် ..."

မွေးကို ကိုကြီးက ဆတ်ခနဲ လှည့်ကြည့်လာသည်။ ဒက်ဒီလည်း အံ့ဩစွာဖြင့် သောက်ဖို့ပြင်ထားတဲ့ ကော်ဖီခွက်ကို ပြန်ချထားလိုက်သည်။

"ဘာဖြစ်လို့လဲ ...၊ မွေးမှာ ချစ်သူရှိနေလို့လား"

"ဟင့်အင်း ... မဟုတ်ပါဘူး ဒက်ဒီ"

"ဒါဖြင့် ထင့်ကို လက်မထပ်ချင်တာက ..."

"ကိုကြီးကိုမှ မဟုတ်ပါဘူး၊ မွေး ဘယ်သူ့ကိုမှ လက်မထပ် ချင်ပါဘူး ဒက်ဒီ၊ မွေး ခုမှ ဆယ်တန်းအောင်တာလေး၊ မွေး အိမ်ထောင်ပြုဖို့ အချိန်မတန်သေးဘူးလို့ ယူဆထား တယ်"



www.burmeseclassic.com

www.burmeseclassic.com



မွေးအဖြေကို ဒက်ဒီ ခေါင်းညိတ်နားထောင်နေပေမယ့် ကိုကြီးကတော့ ...

"သန့်စင်ခန်း ခဏသွားလိုက်ဦးမယ် ဒက်ဒီ"

ကိုကြီး ရှောင်ထွက်သွားမှန်းသိသာပါသည်။ ကိုကြီးကို မွေး အားတော့နာမိပါသေးသည်။ ဒါပေမယ့် မွေးမှ အိမ်ထောင်မပြုချင်သေးပဲလေ။

"မွေးက ဘယ်အရွယ်ကျမှ အိမ်ထောင်ပြုဖို့ စဉ်းစားထားတာလဲ"

"မွေး အသက်နှစ်ဆယ်ကျော်မှပါ၊ နောက် ငါးနှစ်လောက်နေမှ အဲ့ဒီအကြောင်းတွေ စဉ်းစားဖို့ ဆုံးဖြတ်ထားတယ်"

"နှစ်ဆယ်ကျော်မှ လက်ထပ်ချင်တာက မွေးဘက်က စဉ်းစားရင်တော့ ဟုတ်သလိုလိုရှိပေမယ့် ထင့်ဘက်ကကျတော့ နောက်ကျနေပြီလေ ...၊ နောက်ငါးနှစ်ဆို ထင့်အသက်က သုံးဆယ်ကျော်ပြီ၊ ဒက်ဒီကလည်း ဘယ်တော့ ခေါင်းချရမှန်း သိတာမဟုတ်ဘူး၊ မသေခင် ထင့် ရင်သွေး ဒက်ဒီ့မြေးလေးကို ချီသွားချင်သေးတယ်"

မွေး ရင်ထဲမှာ ရှက်စိတ်နှင့်အတူ ရင်ဖိုလှိုက်မောမှုတို့ လိပ်တက်၍လာလေသည်။

"တောင်းပန်ပါတယ် ဒက်ဒီ"

ဒက်ဒီ့အနေနှင့် မွေးကို နားချ၍ မရတော့သည့်အဆုံး သက်ပြင်းတစ်ခုကို စူးစူးနစ်နစ် ချပစ်လိုက်လေသည်။





အဲ့ဒီနောက် ကိုကြီး မွေးတို့အနား ပြန်ရောက်လာခဲ့ပြီး ...

"ပြန်ရအောင်လေ ဒက်ဒီ၊ ဆိုင်ဝင်ဦးမယ်ဆို"

"အေး ... ဟုတ်တယ်"

မွေးသည် ဒက်ဒီခွန်လကျာ် ဘေးကနေ ဖြည်းဖြည်းမှန်မှန်လေး လျှောက်လာခဲ့ရင်း ကိုကြီးရဲ့ အရိပ်အခြည်လေးကို စောင့်ကြည့်နေမိသည်။

ကားပါကင် ရောက်သည့်အခါ ဒက်ဒီက ...

"ထင် ဒက်ဒီ့ကို Taxi ငှားပေးလိုက်ကွာ"

"ဘာဖြစ်လို့လဲ ဒက်ဒီ၊ ဒက်ဒီနဲ့ ထင် အတူသွားရမှာမဟုတ်ဘူးလား"

"ဒက်ဒီ တစ်ယောက်တည်း သွားချင်တယ်၊ ထင်က မွေးကို အိမ်ပြန်ပို့ပေးလိုက်"

ကိုကြီးကလည်း ဘာမှငြင်းဆန်မနေတော့ဘဲ Taxi ငှားပေးကာ ဒက်ဒီခွန်လကျာ်ကို ကားထဲပို့ပေးပြီးသည်နှင့် မွေးအနားကို ပြန်လျှောက်လာခဲ့သည်။

"ပြန်မယ် ...၊ ကားပေါ်တက်"

မွေးရာပါ အမိန့်သံဆန်မှုဖြင့် အမိန့်ပေးလိုက်သော ကိုကြီး စကားအတိုင်း မွေး ကားပေါ်တက်လိုက်ပါသည်။ ကိုကြီးလည်း လိုက်တက်လာပြီး မွေးကို ခါးပတ်သိုင်းပေးပါသည်။ ဟိုးငယ်ငယ် ကိုကြီး ကားပေါ်တက်စီးတိုင်း မမေ့မလျော့ ခါးပတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပေးတတ်ခဲ့တဲ့ ကိုကြီး ခုလည်း သတိတရနှင့် ပတ်ပေးပြ
သည်။

ကားကိုပဲ အာရုံစိုက် မောင်းနှင်နေသော ကိုကြီး
မျက်နှာလေးကိုပဲ မွေးမှာ အရိပ်တကြည့်ကြည့် ကြည့်နေရပါသည်။

"ဘာလဲ ... ၊ မင်း ငါ့ကို ပြောစရာရှိလို့လား"

မွေးကို လှည့်မကြည့်လည်း မွေး ဘာဖြစ်နေသည်ကို
သိပါသည့်ဆိုသည့် သဘောနှင့် အရှေ့တူရူကိုသာ စူးစိုက်ကြည့်နေ
သည်။

"ဟုတ်တယ် ကိုကြီး၊ မွေး ပြောစရာ ရှိလို့ပါ"

"ပြောလေ ..."

"ဟို ... မွေးကို စိတ်ဆိုးနေတာလားဟင်"

"စိတ်ဆိုးတယ်၊ ဘာကို စိတ်ဆိုးရမှာလဲ ... ဪ ... မင်း
ငါ့ကို လက်မထပ်ချင်ဘူးဆိုတာလား"

"မွေးကလေ ကိုကြီးကိုမှ ရွေးပြီးငြင်းတာ မဟုတ်ပါဘူး
ခု မွေး ငယ်သေးလို့ အိမ်ထောင်မပြုချင်သေးလို့ပါ၊ ကိုကြီး
က မွေး ငြင်းရမယ့်လူမျိုးလည်း မဟုတ်မှန်း သိပါတယ်
မွေး ... မွေးကို ခွင့်လွှတ်ပါနော်"

ကိုကြီး တစ်စုံတစ်ခု တုံ့ပြန်လာဖို့ မွေး စောင့်မျှော်
နေခဲ့သော်လည်း ကိုကြီး နှုတ်ခမ်းများက ပြုံးနေလေသည်။ အဲ
နောက်တော့ ကိုကြီးနှင့် မွေးကြားမှာ အရာအားလုံး တိတ်ဆိတ်
ညံ့သက်၍ သွားပါတော့သည်။





အိမ်ရှေ့ ခြံဝင်းတံခါးအရောက်မှာ ဘကြီးကျော်
တံခါးလာဖွင့်အပေးကို စောင့်ရင်းဖြင့် ...

"မင်း ငါ့မာနကို ရိုက်ချိုးလိုက်တာပဲဆိုတာ မသိဘူးလား
ပန်းမွေးခတ္တာ၊ မင်းကို အဲ့ဒီငယ်ငယ်ကတည်းက ငါ ရွေး
ချယ်ထားခဲ့တာပဲ၊ မင်းမှာ တကယ်ဆို ငြင်းပိုင်ခွင့် မရှိဘူး
ပန်းမွေးခတ္တာ၊ ဘာပဲဖြစ်ဖြစ် ဆောရီးပဲကွာ၊ အပိုင်တွက်
ထားခဲ့တာ ငါ့အမှားပဲ၊ ပန်းမွေးခတ္တာ ငါ့လေ ခင်းကို"

ကိုကြီးရဲ့စကား အဆုံးမသတ်ခင်မှာ ကိုကြီးက
ဘွန်းကို သံရှည်ကြီးဆွဲတီးပစ်လိုက်သဖြင့် သူ့စကားလုံးတွေကို
မွေး မကြားလိုက်တော့ပေ။

"မွေး ... တောင်းပန်ပါတယ်"

"မလိုပါဘူး ..."

ကိုကြီးနှင့် မွေးကြားမှာ တစ်စုံတစ်ခုက ကာဆီးသွား
ပြီဆိုတာကို ကိုကြီး မျက်ဝန်းရိပ်များမှတစ်ဆင့် မွေး သိရှိလိုက်
သည်။

နောက်တစ်နေ့မှာတော့ ခင်လက်ချာက မွေးအခန်း
တံခါးကို ဆောင့်ဖွင့်ဝင်လာခဲ့ပြီး ...

"နင် ငါ့အစ်ကိုကိုငြင်းလိုက်တယ်ဆို၊ နင့်လို အဆင့်အတန်း
မျိုးက ဒီလိုအခြေအနေမျိုးကို ငြင်းပိုင်ခွင့်ရှိလို့လား၊ နင်က
ဘာသွေးကြောင်တာလဲ၊ သူများတွေလိုပဲ အဖေကို အမေက
ယူ၊ သားကို သမီးကယူနဲ့ ဘယ်လောက် အဆင်သင့်ဖြစ်
သလဲ၊ ဘာလဲ ... မတင်တောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်စကားတွေ လွန်နေပြီ ခင်၊ ငါတို့ သားအမိမှာ နင်ပြောသလို အောက်တန်းကျတဲ့ စိတ် မရှိဘူး၊ ငါ မချစ်သေးလို့ လက်မထပ်ချင်တာပဲ ရှိတယ်"

"ဘာ ... မချစ်သေးလို့ ဟုတ်လား၊ ငါ့အစ်ကိုကို နင်က မချစ်သေးလို့ ... ၊ ဟင်း ... ဟင်း ... ဟင်း ... နင်တို့လို အဆင့်မရှိတဲ့ ပါးစပ်နဲ့ အချစ်ဆိုတဲ့ ဝေါဟာရနဲ့ မတန်လိုက်တာ ပန်းမွှေးရယ်၊ အေးလေ ... ကိုထင်ကလည်း နင့်ကို ချစ်လို့ယူချင်တာမှ မဟုတ်တာ၊ ငယ်ငယ်က ပေးထားတဲ့ ကတိကို တည်ချင်လို့သာ ယူရမှာ၊ ခုလို နင်က အလိုက်ကန်းဆိုးသိသိနဲ့ အနောက်ဆုတ်ပေးလိုက်တော့ ကိုထင်နဲ့ ဂုဏ်တူ၊ အဆင့်တူထဲက အမျိုးသန့်၊ အမျိုးမှန်တွေကို ရွေးချယ်ခွင့်ရသွားတာပေါ့ ...၊ ကျေးဇူးတောင် တင်ရသေး ..."

မွှေးသည် ခံပြင်းစိတ်ဖြင့် မြွေဟောက် တစ်ကောင်လို ဆတ်ဆတ်ခါကာ ခင်လကျာ်ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ချင်စိတ်များကို အံကြိတ်ထိန်းချုပ်ရင်း ကျောခိုင်းပစ်လိုက်ပါသည်။

"နင် ငါ့အခန်းထဲက ထွက်သွားတော့ ခင်လကျာ်၊ ငါ နင့်ကို တစ်ခုခုမလုပ်မိခင် နင် သွားပါတော့ ..."

"အံမယ် ... နင်က ငါ့ကို ဘာလုပ်ချင်လို့လဲ၊ ဟင်းဟင်း"

"ဟုတ်တယ် ... ခင်၊ ထွက်သွားပေးပါလား၊ ကိုထင် သူနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"





"ဘာလဲ ... နိုင်ငံခြားမှာပဲ လည်ပတ်ပြီး ရန်ကုန်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတဲ့အကြောင်းပြောရင်း အလွမ်းသယ်ဦးမလို့လား"

မွှေး အံ့သြစွာဖြင့် အနောက်ပြန်လှည့်ကြည့်လိုက်သောအခါ ခင်လကျာ်က အခန်းအပြင်သို့ ထွက်သွားခဲ့ပြီး ကိုကြီးကတော့ မွှေးကို စူးနစ်စွာ စိုက်ကြည့်နေခဲ့သည်။

မွှေး နှုတ်ခမ်းတို့က တဆတ်ဆတ် တုန်လှုပ်၍လာခဲ့ပြီး ...

"တကယ် ... တကယ်လား ကိုကြီး၊ သူပြောသွားတာ တကယ်လား၊ ကိုကြီး ပြန်မလာတော့ဘူးဆိုတာ သူနောက်တာ မဟုတ်လား ... ဟင်"

မွှေးနှုတ်ခမ်းလေးက ကိုကြီးမဖြေမချင်း တဖွဖွမေး၍နေမိသည်။ မွှေးရဲ့ စန္ဒရားခုံပေါ်မှာ ဝင်ထိုင်ရင်း စန္ဒရားခလုတ်လေးများကို ဟိုဒီလျှောက်နှိပ်ကာ တီးခတ်နေသည့် ကိုကြီးကျောပြင်ကို မမိုတ်မသုန်ကြည့်ရင်း မွှေး စိတ်တွေလှုပ်ရှားခဲ့ရပါသည်။

"ငါ့ကို မချစ်သေးလို့လို့ ပြောတာ စိတ်ရင်းအမှန်လား"

သူ့အသံက နာကျင် စိမ်းပြတ်လျက်ရှိပြီး သူ့မေးခွန်းကိုတော့ မွှေးမှာ ပြန်ဖြေစရာမရှိပေ။

"ဟင်း ... မချစ်သေးလို့ လက်မထပ်ချင်တာ၊ မင်းအကြောင်းပြချက်က ဒါပဲကိုး ..."

"မွှေးကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလည်း ခွင့်လွှတ်ပါ၊ ငါ မင်းပြန်ချစ်အလာကို မစောင့်နိုင်တော့ဘူး၊ ငါ မင်းရှေ့မှာ ဘယ်တော့မှ ပေါ်လာတော့မှာ မဟုတ်ဘူး၊ ငါ အချစ်သစ်ရှာဖို့ ဆုံးဖြတ်လိုက်ပြီ"

"မွေး ... မွေးကို မစောင့်တော့ဘူးလားဟင်"

"ဆောရီးပဲ၊ ငါ နှစ်ခါ အငြင်းမခံနိုင်ဘူး၊ မင်းသိအောင် ပြောရဦးမယ်၊ ထင်လက်ျာဆိုတဲ့ ငါ့ဘဝမှာ အငြင်းခံရတယ် ဆိုတာ မင်းနဲ့ကျမှ ကြုံဖူးတာပဲ၊ အဲ့ဒါကြောင့် ငါ မင်းကို တော့ တစ်သက်လုံး မေ့မှာမဟုတ်ဘူး၊ ငါ မင်းကို နှုတ်ဆက်ခဲ့ပါတယ်"

ခု မွေး မျက်ရည်ကျနေမိပါသလား။ မွေး စိတ်တို့က အဲ့ဒီအချိန်ထက် ခုနစ်နှစ်နီးပါး ရှေ့ရောက်လာခဲ့ပြီးမှ တသသ ပြန်ဖြစ်နေမိပါလား။

အဲဒီတုန်းကတော့ မွေးမှာ စိတ်လှုပ်ရှားခဲ့ရတာ မှန်ပေမယ့် ကိုကြီးရှေ့မှာတော့ မွေးရဲ့ မျက်ရည်တွေ မကျခဲ့ပါဘူး။

အဲ့ဒါကြောင့်လား မသိဘူး။ အဲဒီနေ့က ကိုကြီး မွေးကို နောက်ဆုံးပြောခဲ့တဲ့ စကားက ...

"မင်း အသည်း သိပ်မာတဲ့ မိန်းမပါလား"

တဲ့။

"ငါ မင်းဆီမှာ ဝန်ခံစရာ တစ်ခု ကျန်သေးတယ်၊ မင်း အခန်းထဲမှာ ငါ လာအိပ်ခဲ့တာက ငါ ယောကျ်ားတစ်ယောက်ဆိုပေမယ့် ကြောက်တတ်လို့ပဲ၊ ရှင်းရှင်းပြောရရင်





သရဲကြောက်တာ၊ ငါ့အခန်းရဲ့ ခေါင်းရင်းက လသာဆောင်ကို တက်တဲ့ လှေကားမှာ ထောင့်ဖိနပ်သံတစ်ခု ငါ့ကို ညပေါင်းများစွာ ခြောက်လှန့်နေလို့ပဲ၊ ဒီအဖြစ်အပျက်ကို ဒက်ဒီကလွဲရင် အားလုံးသိတယ်၊ ဒါပေမယ့် သူတို့ ငါ ပြောတာ မယုံကြဘူး၊ ငါကြားသလိုလည်း မကြားကြဘူး၊ ငါပြောပြရင် မင်းကြောက်မှာစိုးလို့ ထိန်ချန်ခဲ့တာ၊ ဒါပေမယ့် မင်းက အသည်းမာတော့ မကြောက်တတ်ဘူးထင်ပါတယ်"

ကိုကြီး စကားသံတွေ ပြန်ကြားယောင်မိတော့ မွေး ...ရားတီးခြင်းကို ရပ်တန့်၊ မျက်ရည်စီးစတွေကို ပွတ်သုတ်ပစ် ...ာ ကိုကြီးအခန်းထဲ ဝင်လာခဲ့လိုက်သည်။

သတိရတိုင်း အခန်းရှင်းပေးရင်းဖြင့် ကိုကြီးရဲ့အငွေ့ ...သက်တို့ကို မွေး နမ်းရှိုက်ပုံဖော်နေမိပါသည်။

အသေပိတ်ထားတဲ့ ပြတင်းတံခါးကို မွေးက လော့ ...ဖွင့်ပြီး အားရှိသလောက် တွန်းလိုက်သောအခါ တံခါးကပွင့် ...သွားလေသည်။ ဖုန်မှုန့်များ ကပ်ငြိနေတဲ့ ပြတင်းဘောင်လေးကို ...ထောက်ပြီး အပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်လျှင် ကြောင် ...လှေကားလမ်းကြောင်းလေးကို အခန်းမီး မှုန်မှုန်အောက်မှာ ...ရသည်။

အောက်ခြေကတော့ ကိုကြီး ပတ်ရုံကာခိုင်းထားတဲ့ ...တိုင်းကြီးက ခပ်မတ်မတ်ဖြင့် မွေးကို မော်ကြည့်နေသယော ...ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားတစ်လျှောက်မှာတော့ တိတ်ဆိတ်လျက် ရှိပြီး ဘာအရိပ်အယောင်မှ မတွေ့ရသလို အရာအားလုံးက တိတ် ဆိတ်အေးချမ်းလျက် ရှိသည်။

တစ်ချက်တလေ လေပြေနုနုတို့ တိုးတိုက်နေသည် ကို မွေးပါးပြင်က မွေးညှင်းနုလေးများကြောင့် သိထိခံစားနေ သည်။

မွေး ဟိုးကောင်းကင်ကြီးကို မော့ကြည့်နေရာမှ အေး လာသလိုခံစားရသဖြင့် ပြန်ဝင်ဖို့အပြုမှာပဲ လှေကားထစ်ရဲ့ အစွန်း ဖျားမှ လဲ့ခနဲ လင်းသွားသော အရာဝတ္ထုလေးကို မြင်လိုက်ရသော သည်။ မွေး ကိုကြီးအခန်းထဲမှာ မာတ်မီးတစ်လက်ကို အံဆွဲမှ ဆွဲဖွင့်ရှာဖွေလိုက်သောအခါ တွေ့လိုက်ရသည်။ အားပျော့ပျော့ လင်းနေသော မာတ်မီးရောင်ဖြင့် ခပ်လဲ့လဲ့ ပစ္စည်းလေး တွေ့ရ နေရာကို အာရုံစိုက်ကြည့်မိသောအခါ ငွေရောင်ဒေါက်မြင့်ဖိနပ်လေး တစ်ဖက်ကို လှေကား လက်ရန်းတန်းအောက်ခြေ အလှ သံပန်း ကလေးကြားမှာ ညှပ်နေသည်ကို တွေ့လိုက်ရသဖြင့် မွေး ပြတင်း တံခါးကို ပြန်ပိတ်ကာ ပြေးထွက်လာခဲ့မိပါသည်။

❑ ❑ ❑



## အခန်း(၁၆)

* * *

"ကိုယ် ခဏလောက် ထိုင်လို့ရမလား မွေး"

မွေးက မျက်လွှာလေးချကာ ဣန္ဒြေရရလေး မှန်စား နေရာမှ ထိုအသံကြောင့် မော့ကြည့်လိုက်ပါသည်။

"ဪ ... ရှင်"

"ဟုတ်ကဲ့ ...၊ ကိုယ်နဲ့ မွေး ဆုံဖူးပါတယ်၊ အဲ့ဒီနေ့က မွေး ဖျော်ပေးတဲ့ ကော်ဖီကို ကိုယ် ဒီတစ်သက် မမေ့တော့ ဘူး၊ သိလား ... မွေး"

မွေးသည် မှတ်မှတ်ရရဖြစ်နေသော သူ့ကို တွေ့ပြီး ... ည့်နောက် သူ့စကားကြောင့် မွေး ရယ်လိုက်မိပါသည်။

"အဲ့လောက် မမြှောက်ပါနဲ့ရှင်၊ မွေး ဒီလောက် မတော်ပါ ဘူး၊ သာမန်ပါပဲ"

"ကျွန်တော်ကတော့ ပိုတောင် ပိုသေးတယ်လို့ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားရှင်"

"ဒါပေါ့ဗျာ ..."

သူက မွှေးကို မြှောက်ပင့်နေမှန်း သိသော်လည်း မွှေး အနေရမခက်ပေ။

သူ့မျက်လုံးများက အေးချမ်းသည်။ ပြတ်သားပုံ ရပေမယ့် ရိုးသားပုံလည်း ရနေသည်။

လူငယ်ဆန်ဆန်၊ ဆံပင်များက ရှည်ကျနေပြီး ဖြူ သန့်သော အသားအရည်၊ ပိန်သွယ်သော သူ့ခန္ဓာကိုယ်ကြောင့် လူငယ်လေးတစ်ယောက်လို ပေါ့ပါး၍နေသည်။

ခင်လကျာ်နှင့် အိမ်ကို အလည်ပါလာသည့် မေ ကတည်းက သူ့မျက်ဝန်း၏ ရိုးသားမှုကြောင့် သူ့ကို ခင်လကျာ် မိတ်ဆွေဆိုပေမယ့် မွှေး မမုန်းခဲ့မိပေ။

"ဟို ...၊ ကို ..."

"နေရောင် ပါ"

"သြော် ... ဟုတ်ကဲ့ ကိုနေရောင်၊ ကျွန်မကတော့ ပန်းမွှေး ခတ္တာပါ"

"ကျွန်တော် သိပါတယ်"

"သြော် ခင့်ဆီက ထင်တယ်"

"မဟုတ်ပါဘူး"

"ဘယ်လို ..."

မွှေးက စိတ်ဝင်တစား မေးလိုက်လျှင် သူသိုင်းလွယ်





ထားသော အိတ်ကိုဖွင့်ကာ တစ်စုံတစ်ခုကို ထုတ်ယူနေသည်။ နောက် မွှေးရှေ့သို့ album တစ်အုပ် ချပေးလာသည်။ မွှေးက ဆွဲယူ လှန်လှောကြည့်လိုက်လျှင် ဘွဲ့ယူတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသက်ဝင်လှပသော ရုပ်ပုံကလေးများကို တွေ့လိုက်ရလေသည်။

"ဒါ ကျွန်မပုံတွေမှ ဟုတ်ရဲ့လားရှင်"

"ဘာဖြစ်လို့လဲ ... မလှလို့လားဟင်"

သူ့အမူအရာက မွှေးသဘောမကျမှာ စိုးရိမ်သွားပုံ ရပါသည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ဘဝမှာ ဒီလောက်လှတဲ့ ပုံမျိုး တစ်ခါမှ မတွေ့ခဲ့ဘူးလို့ပါ၊ ကျွန်မ ဘွဲ့ယူတုန်းက နာမည် ကြီးဆိုင်မှာ အလှပုံ ရိုက်ခဲ့သေးတယ်၊ ဒါပေမယ့် ဒီလောက် မလှပါဘူး၊ ဒါ ဘယ်သူရိုက်တာလဲ၊ ကိုနေရောင်လား ..."

"ဟင်း ...၊ ကိုယ် တကယ်မနေတတ်တော့ဘူး၊ ကိုယ် ဝါသနာပါတဲ့ အနုပညာအပေါ်မှာ ဒီလောက်အထိ စိတ် အားထက်သန်စွာနဲ့ ချီးကျူးခံရတာ ဒါပထမဆုံးပဲ၊ ကျေးဇူး တင်ပါတယ်"

သူ့ပါးနှစ်ဖက်မှာ ပန်းရောင်သမ်းစိုနေတာကို ကြည့် ပြီး မွှေး ပြုံးနေမိသည်။

"ပြီးတော့ ... မွှေးကို ကိုယ် တောင်းပန်ချင်ပါတယ်၊ မွှေး သိလား ... သဇင်ချို ဆိုတဲ့ တစ်ယောက်လေ၊ မွှေးတို့ ကျောင်းကပဲ၊ သဇင်ကတော့ မွှေးနဲ့ တစ်ခန်းတည်းလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သခင်ချို...၊ ဩော်...သိတာပေါ့ရှင်၊ မွေး ခင်ပါတယ်"
"ဒါဆို ပြောလို့ ပိုကောင်းတာပေါ့၊ သခင် အဲ့ယူတဲ့နေ့...
သူ့ကို ဓာတ်ပုံလိုက်ရိုက်ပေးရင်းနဲ့က မွေးကိုတွေ့လိုက်...
တာ၊ မွေးအလှတွေက ကိုယ့်ကို လုံးဝ ညှို့ငင်လိုက်တာ...
ခွင့်တောင်းဖို့တောင် လုံးဝ မေ့သွားခဲ့တယ်လေ၊ အဲဒါကြော...
ခုတောင်းပန်ပါတယ်"
"ဩော်...ဒီလိုလား၊ စိတ်ဆိုးလို့ ရတယ်ပေါ့"
"ရပါတယ်...ရပါတယ်"
"ဟင်း...ပါးစပ်နဲ့ပဲ တောင်းပန်ရင်တော့ ဘယ်ကျေ...
ပါ့မလဲရှင်"
"ဒါဆို ကိုယ် ညနေစာ ကျွေးပါ့မယ်"
"တကယ်..."
"တကယ်ပေါ့ဗျာ"
"ဒါဆို ကျွေးမယ့် ညနေစာကို ကြည့်ပြီး ကျေနပ်သ...
မသင့် ကျွန်မ ကြည့်မယ်လေ၊ ခုတော့ ကိုနေရောင် ဂျ...
တိုက်တဲ့ ကော်ဖီ သောက်ပါဦး"
"ဟုတ်ကဲ့...ကျေးဇူးပါပဲဗျာ"

သူနှင့် မွေးသည် သာမန်ထက် မြန်ဆန်စွာ ခင်...
သွားကြသည်။ သူ့ဇာ ရယ်မောကာ စကားပြောရှင်သဖြင့် ...
ခေါင်းလှုပ်သွားတိုင်း ဆံပင်လေးများပါ ခါလှုပ်သွားတတ်သ...
နှုတ်ခမ်းကို လျှာနှင့်သပ်သပ်ပြီး စကားပြောတတ်သဖြင့် သူ့န...
ခမ်းသားတွေ နီထွေးနေလေသည်။





သူနှင့် ကြာကြာထိုင် စကားပြောနေရလေလေ သူ့
...ကော်နှာကို မြင်ဖူးရင်းနီးလာသလို ခံစားရလေသည်။
"မွေး အိမ်ကို စုံစမ်းလို့ရကတည်းက ကိုယ် သီရိလက်ာ
ခြံရှေ့မှာ လာလာစောင့်နေခဲ့တာလေ၊ ဟား...ဟား...
မွေးများ ညနေခင်း လမ်းလျှောက်ထွက်မလားဆိုပြီးပေါ့၊
ကံဆိုးချင်တာလား...ကံကောင်းချင်တာလားတော့ မသိဘူး၊
ခင်လက်ျာနဲ့ တွေ့ပြီး အိမ်ထဲလိုက်လည်ခွင့်ရသွားတာပဲ၊
ကိုယ် ကံကောင်းတာလို့ပဲ ဆိုရမှာပေါ့၊ မွေး စိတ်လိုလက်ရ
ဖျော်ထားတယ်ဆိုတဲ့ ကော်ဖီလေး သောက်လိုက်ရတယ်
လေ"

ဒါကြောင့် အဲဒီနေ့က သူ မွေးကို တစ်ခုခုပြောချင်
...ပုံ ရတာကိုး...။

"ဒါနဲ့ ခင်လက်ျာနဲ့က..."
"ခင်လက်ျာ ဆယ်တန်း ပထမနှစ်နဲ့ ဒုတိယနှစ်ကို ကိုယ်တို့
အိမ်မှာ လာနေတာလေ"
"ဒါဆို ကိုနေရောင်က ပြင်ဦးလွင်ကပေါ့"
"ဟုတ်တယ်၊ ကိုယ့်မိဘတွေက ဘော်ဒါဖွင့်ထားတယ်လေ၊
ဆရာနဲ့ ဆရာမပေါ့..."
"ကိုနေရောင်ကရော..."
"ကိုယ်ကတော့ မိဘလုပ်ငန်းကို အမွေမဆက်ခံဘဲ ရန်ကုန်
ဆင်းလာပြီး ဓာတ်ပုံလုပ်ငန်းပဲ လုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ..."

"ဆိုးတယ်မလား ... ဆိုးလို့တဲ့၊ မိဘတွေက ကိုယ့်ကို
လိုက်ကြတယ်လေ၊ တစ်ကောင်ကြွက်ပေါ့ ..."

"စွန့်တော့ ဘယ်စွန့်ရက်ပါ့မလဲရှင်၊ ဒါ ကိုနေရောင်ဆိုး
မဟုတ်ဘူးလေ၊ ဝါသနာပါတဲ့ ခုအလုပ်ကို တကယ်အော
မြင်အောင် လုပ်နိုင်ရင် မိဘတွေ ကျေနပ်သွားကြမှာပ"

"ဟုတ်ရဲ့လား ...၊ မွေးက ဘာလို့ ဒီလောက် စိတ်ကော
ရှိရတာလဲ၊ ကိုယ် တကယ် လေးစားပြီးရင်း လေးစားလို
ရတာ"

"အဲလောက် မဟုတ်ပါဘူးရှင်"

"ကိုယ်တို့ ဆိုလိုရင်းတော်င် ဘယ်ရောက်သွားပြီလဲ၊
သိပြီ၊ ခင်လက်ဂျနဲ့ သိလှတယ်လည်း မဟုတ်ဘူး၊ ကိုယ်
မလိမ္မာဘူးဆိုပေမယ့် စာမေးပွဲကျအောင် ဆိုးတဲ့ ကလေး
ကိုတော့ သဘောမကျခဲ့ဘူးလေ၊ သူကတော့ ကိုယ့်
ခင်ရှာပါတယ်၊ ကိုယ် ဓာတ်ပုံရိုက် ကျွမ်းကျင်တာ သူ
တယ်လေ"

ခင်နဲ့ သူနဲ့ ဆက်ဆံရေးက သာမန်ဆက်ဆံ
ဆိုတာ သူ မွေးသိအောင် မသိမသာလေး ပြောလိုက်တာပဲ

မွေးစိတ်က ယုံနေသလိုလို။ သူ့အပေါ် ကြည်လ
နေခဲ့သည်။ မွေး ဘဝမှာ ရင်းနှီးသင့်သလောက် ရင်းနှီး
ယောကျ်ားဆိုလို့ 'ကိုကြီး' တစ်ယောက်တည်းပဲ ရှိခဲ့ပေမယ့်
သူ့ကို မွေး ခင်နေသည်။





ရိုးသားပြီး ပွင့်လင်းဟန်ကလေး ရှိလို့ပဲ ထင်သည်။

အဲ့ဒီနေ့က မွေး တောင်းဆိုတဲ့ ညနေစာကို သူက မွေး တစ်ခါမှမစားဖူးတဲ့ နေရာလေးတွေကို ခေါ်သွားပြီး ကျွေးခဲ့သည်။

မွေးဘဝမှာ လမ်းဘေးပလက်ဖောင်းပေါ်မှာ သပ်သပ်ရပ်ရပ် ရောင်းနေတဲ့ ဆိုင်ငယ်လေးတွေမှာ ထိုင်စားရဖို့ဆိုတာ အိပ်မက်ပင် မက်ခဲ့ဖူးတာ မဟုတ်ပေ။

သူနှင့်ကျမှ ကားလေးကို ခပ်ဝေးဝေးမှာ ရပ်ထားခဲ့ပြီး ပလက်ဖောင်းအတိုင်း လျှောက်ကာ သန့်ပြန့်လတ်ဆတ်သော မွေးမြသော မာလာငါးဟင်း၊ ဝက်ခေါင်းသုပ်များလည်း အဝစားခဲ့ရသည်၊

ညနေခင်း အလုပ်မှအပြန် ဗိုက်ဆာဆာနှင့် ဝင်စားနေကြသော သူလိုကိုယ်လို လူမျိုးတွေကိုကြည့်ပြီး မွေးမှာ တစိမ်းယောကျ်ားတစ်ယောက်နှင့် လျှောက်သွားနေရခြင်းအပေါ် စိတ်ကျဉ်းကြပ်မှု လုံးဝ ရှိမနေခဲ့ပေ။

အဲ့ဒီနေ့က သူ့ရဲ့ ညနေစာကို မွေးက ကျေနပ်စွာဖြင့် သူ့အမှားကို စိတ်မဆိုးကြောင်းပြော၍ ဓာတ်ပုံလေးကော့ကို မှတ်မှတ်ရရ ယူဆောင်ပြီး ပြန်ခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

* * *

မွေးက လက်ချောင်းကြားမှာ ညှပ်ထားသော ပုံ[...] ခဲတံကို စားပွဲပေါ်သို့ စိတ်ပျက်စွာ လွှတ်ချလိုက်ပါသည်။ မွေး[...] ရှုံ့မဲ့စွာကြည့်၍ မကျေမနပ်နှင့် ခုံကို ထိုလူက တစ်ချက်ထုလိုက်[...] ပါသည်။

"ဒုံး ..."

မွေးစိတ်ထဲမှာ ထိုလူ၏ ကြမ်းတမ်းသော အမူအရာ[...] အား စိတ်ပျက်နေသည်မှလွဲ၍ နည်းနည်းလေးမှ မကြောက်မိပေ[...]

ထိုလူဆိုတာ ဒက်ဒီ ခွန်လက်ျာ ကုမ္ပဏီပိုင် ဆောက်[...] လုပ်ရေးလုပ်ငန်းရဲ့ ဗိသုကာ အင်ဂျင်နီယာတစ်ယောက် ဖြစ်သည်[...] ဦးမိုးထက်မြင့် ဖြစ်သည်။

နဂို ညိုသော သူ၏အသားအရေမှာ ဒေါသကြော[...] နီအိုအိုဖြစ်နေသည်။





သူနဲ့ မွေးကလည်း အသက်ချင်း သိပ်ကွာလွန်းလှတာလည်း မဟုတ်ပါဘဲနှင့် မွေး အတွေးအခေါ်အား သူက သဘော မပေါက်နိုင်ပေ။

သူနှင့် မွေးတို့၏ အချေအတင် စကားများရသည့် အကြောင်းအရင်းကတော့ ပြင်ဦးလွင်မှာ super market အသစ်ဖွင့် မည့်ကိစ္စနှင့် ပတ်သက်၍ အဆောက်အအုံ ဒီဇိုင်း ရွေးချယ်ရင်း ငြင်းခုန်နေရ၍ ဖြစ်သည်။

"ငါပြောပြမယ် ... ပန်းမွေးခတ္တာ၊ မင်းက မနေ့တစ်နေ့ကမှ ဘွဲ့ရပြီး မတောက်တခေါက် အတွေ့အကြုံနဲ့ ထင်သလို ရမ်းလုပ်ချင်နေတာ၊ ငါ ဒီလုပ်ငန်းမှာ အန်ကယ်ခွန်လက်ျာနဲ့ လက်တွဲလာတာ ငါးနှစ်ရှိပြီ၊ ငါရောက်ပြီးနောက်ပိုင်း ဆောက်ခဲ့တဲ့ အဆောက်အအုံ ကုန်တိုက်တွေ အားလုံး ထည်ဝါတယ်၊ ခံ့ညားတယ်၊ ဈေးဝယ်သူကို ဟိတ်[...]န် ကောင်းကောင်းနဲ့ ဆွဲဆောင်နိုင်ခဲ့တယ်၊ အဲ့ဒါကြောင့် ခု မေမြို့ကုန်တိုက်ကိုလည်း ငါကိုယ်တိုင် ပုံဖော်မယ်၊ မင်းက ငါညွှန်ကြားသလိုပဲ လုပ်ရမယ်၊ ဒါပဲ ..."

အမိန့်သံဆန်စွာ ပြောဆို၍ သူ့ဘောက ဆုံလည် ထိုင်ခုံအား ခြေထောက်နှင့် ကန်ပစ်လိုက်လေသည်။

"ဦးမိုးထက်မြင့် ... လူကြီး လူကောင်းမှန်ရင် အမူအရာ ဆင်ခြင်လိုက်ပါ၊ ကျွန်မတို့ ခု ဆွေးနွေးနေတာပါ၊ ငြင်းခုန် သတ်ပုတ်နေကြတာ မဟုတ်ပါဘူး၊ ကျွန်မဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



customer တွေကို ပိုပြီး ဆွဲဆောင်နိုင်မယ့် အဆောက်အအ
ပုံစံမျိုးကို ရေးဆွဲပေးပါလို့ တောင်းဆိုနေတာပါ၊ ဦးမိုးထ
မြင့် ဆောက်ခဲ့တဲ့ ကုန်တိုက်တွေ မထည်ဝါဘူးလို့ ထေ
နေတာလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ပြင်ဦးလွင်ဆို
မြို့ကလေးနဲ့ လိုက်ဖက်မယ့် အဆောက်အအုံ လှလှလေ
တစ်ခုပဲ ပုံစံဆန်းသစ်ပြီး ဆောက်ပေးစေချင်တာပါ၊ ဒီထ
ပိုပြီး အမိန့်ထပ်မပေးပါနဲ့ ...”

ထိုလူက တဆတ်ဆတ် ခါလျက်ရှိပြီး သူ၏ ရှိ
စိုင်းသော အမူအရာအား ထောက်ပြခံလိုက်ရသဖြင့် ခံပြင်းသွ
ရသည်။

နောက် လေသံ ခပ်တင်းတင်းဖြင့် မွေးကို သူ့အ
ခေါင်ငင်လာပြန်သည်။

“အေး ... မင်းရဲ့ လုပ်ချင်စိတ်၊ ဖြစ်ချင်စိတ်တစ်ခုတ
ကိုပဲ တတွတ်တွတ် ပြောနေတဲ့စိတ်ကို ငါနားလည်တ
ဒါပေမယ့် ငါတို့ကုမ္ပဏီက ကုန်တိုက်ဖွင့်တာ၊ ဟိုတ
မဟုတ်ဘူး၊ မိုတယ်လည်း မဟုတ်ဘူး၊ အပန်းဖြေစခ
လည်း မဟုတ်ဘူး၊ ကလေးကလားဆန်တဲ့ မင်းအပြေ
ငါလက်မခံနိုင်ဘူး၊ ဒီမှာ ကလေး မင်းငယ်ပါသေးတ
လက်လျှော့လိုက်ပါကွာ၊ ငါ့ကိုမှီဖို့ မင်း ... ဟင်း ... ပြ
စားလိုက်စမ်းပါဦးကွာ၊ ဘယ်လိုလဲ ... လက်ခံလား၊
တပည့်အဖြစ်ပဲ နေဖို့လေ”





မွေး ထိုင်ရာမှ ထရပ်လိုက်ပါသည်။ မွေး စိတ်တွေ
ာ ရဲဝံ့တင်းထန်နေခဲ့ပါသည်။ မွေး စိတ်ကူးထားတဲ့ ဒီအဆောက်
အအုံ လှလှလေးကို ပြင်ဦးလွင်မှာ ဆောက်ကို ဆောက်ချင်နေခဲ့
ါသည်။ မွေး လုံးဝ အလျှော့ပေးဖြစ်မှာ မဟုတ်ပေ။

“ဦးမိုးထက်မြင့်က ဒီလောက်ထိ တောင်းဆိုရခက်ခဲနေမယ်
ဆိုရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ”

မွေး စကားမဆုံးခင်မှာ ‘မွေး ဘာတတ်နိုင်သေးလဲ’
ဆိုသည့် သဘောနှင့် သူက ပခုံးတွန့်လိုက်သည်။

“ဒီတစ်ခေါက် ရှယ်ယာရှင်များ meeting မှာ ကျွန်မ
လိုချင်တဲ့ ပုံကြမ်းကို ကျွန်မကိုယ်တိုင် တင်ပြပါ့မယ်၊
ဒါ ကျွန်မ ဦးမိုးထက်မြင့်ကို အသိပေးထားတာပါ၊ ခွင့်ပြု
ပါဦး ...”

မွေးသည် အနောက်ပါး၌ ယောကျ်ားဖြစ်ပြီး ဖျပ်ဖျပ်
ား ကျန်ခဲ့မည့် ဒေါသကုမ္ဘာရအား လှည့်၍ပင် ကြည့်မနေတော့ဘဲ
သူ့ရုံးခန်းထဲမှ ထွက်လာလိုက်ပါသည်။ ဒါနဲ့များတောင် စကား
တစ်ခွန်းကို ကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။

“တောက် ... ပထွေးအရှိန်နဲ့ လူပါးဝနေတဲ့ မိန်းမ၊ တွေ့ကြ
သေးတာပေါ့”

မွေး လက်က နာရီကို ငုံ့ကြည့်လိုက်တော့ ရုံးဆင်း
ချိန် ဖြစ်နေခဲ့ပြီ။ မွေး ရုံးခန်းမှာ မွေးရဲ့ ပိုက်ဆံအိတ်နှင့် သော့
သော့လေးကို ယူပြီး မွေး ရုံးဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့မှာ ချိတ်ဆွဲထားသည့် keychain ကလေးက မွေး ရေကူးတတ်သည့် နေ့က ကိုကြီးပေးခဲ့သော ရေသူမငါးကြီးချိန်းကလေး ဖြစ်သည်။

မွေးအတွက် ကိုကြီး စီစဉ်ပေးခဲ့တဲ့ သင်တန်းတွေလည်း မနည်းခဲ့ပေ။ စန္ဒရားတီး၊ ကွန်ပျူတာ၊ ကျောင်းစာ၊ ရေကူး၊ ဂေါ့(ဖ်)ရိုက်၊ တင်းနစ်၊ ကားမောင်း ... အစစမှာ ဆရာမတွေကျွမ်းကျင်အောင် သင်ပေးခဲ့ပါသည်။

ကိုကြီး ပေးခဲ့တဲ့ လက်ဆောင်တွေ အားလုံးထဲမှာ မွေးက ကားအဖြူလေးကို အမြတ်နိုးဆုံးဖြစ်သည်။ ကားထဲမှာ ကိုကြီး တွယ်ချိတ်ပေးခဲ့သည့် အရုပ်လေးများစွာ ရှိနေဆဲဖြစ်သည်။ ဒီကားလေး စမောင်းခဲ့တဲ့ မကြည်ကတော့ အိမ်ထောင်ကျသွားပြီ၊ ဒီကားလေး စစီးခဲ့တဲ့ ကလေးလေးကတောင် ခု အင်ဂျင်နီယာဖြစ်နေခဲ့ပေမယ့် ကားလေးကတော့ အရင်တိုင်း ကလေးဆန်ဆဲဖြစ်ပါသည်။

တက္ကသိုလ် ပထမနှစ်မှာ ဒက်ဒီဝယ်ပေးသည့် အနီဖွင့် ကားလေးကိုတောင် အမြဲရပ်ထားခဲ့ပြီး ဒီကားလေးကိုပဲ မွေးအမြဲ လက်စွဲခေါ်ဆောင်ခဲ့သည်။ သူငယ်ချင်းများကတောင် မွေးကကလေးစိတ်လို့ ပြောကြသေးသည်ပေ။

ရွှေပုစွန် bakery လေးထဲသို့ မွေးက စိတ်ပြေလက်ပျောက်သဘောဖြင့် ဝင်လာခဲ့ပါသည်။ မှန်တံခါး တွန်းဖွင့်ပြီးမွေး ခြေလှမ်းလေး တစ်လှမ်း ကြွေပြားပေါ် ချနင်းလိုက်စဉ်မှာ





စာရွက်ကလေး တစ်ရွက်က မွေး ခြေဖမိုးလေးပေါ် အုပ်ကျလာလေသည်။

မွေးက ထိုင်ချကာ စာရွက်ကလေးကို ကောက်ကိုင်ကြည့်လိုက်လျှင် မွေးအတွက် အဖိုးတန် ရတနာတစ်ပါး ရှာတွေ့လိုက်ရသလို ဝမ်းသာ၍သွားပါသည်။ ဒါ မွေးလိုချင်တဲ့ ကုန်တိုက်ပုံကြမ်းကလေးပဲ ဖြစ်သည်။

သုံးထပ်တိုက် ပြားပြားကလေးကို ခပ်ဝိုက်ဝိုက်ကလေး ဆောက်ချင်ခဲ့ပြီး Romance ဆန်တဲ့ မှန်ပြတင်းများ တပ်မည်။

ခြံဝန်းနေရာချန်၍ ပန်းခြံကလေးလည်း ဆင်မည်။ ကားပါကင်လည်း ကျယ်ကျယ်ကလေး လုပ်ပေးမည်။

အလျဉ်းသင့်လျှင် center တောင် ဖြစ်ချင်ဖြစ်သွားနိုင်သည်ဆိုတော့ မွေးတို့အတွက် ပိုပြီး ရောင်းအားကောင်းနိုင်လာသည်လေ။

ရန်ကုန်ကလို အရမ်း ထည်ဝါ မတ်စောက်တဲ့ အဆောက်အအုံမျိုးက ပြင်ဦးလွင်မှာဆိုရင်တော့ ဘယ်လိုမှ လိုက်ဖက်မှုမရှိတာကြောင့် မွေး ဦးမိုးထက်မြင့်နှင့် အတိုက်အခံလုပ်နေခြင်း ဖြစ်သည်။

စာရွက်ကလေးကို လက်နှစ်ဖက်နှင့် တရိုတသေကိုင်ပြီး ဗောဓိဝဲယာကို ဝေ့ကြည့်လိုက်လျှင် ထောင့်စွန်းက ခုံကလေးမှာ လူတစ်ယောက် ခေါင်းမှောက်ချနေတာကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ စားပွဲပေါ်မှာ မွေးလက်ထဲက ပုံကြမ်းစာရွက်ကလေးများ ပြန့်နေတာ တွေ့လိုက်ရသဖြင့် ထိုတစ်ယောက်၏ အနားသို့ တိုးကပ်သွားလိုက်ပါသည်။

"တဆိတ်လောက် ခေါင်းထောင်ပေးလို့ ရမလားရှင်"

သူ့ဦးခေါင်းသည် တဖြည်းဖြည်းချင်း ထောင်မတ်လာသည့်နောက်မှာ မွေး နှုတ်ခမ်းများလည်း တဖြည်းဖြည်း ပြုံး၍ လာခဲ့သည်။

သူ့မျက်လုံးများသည် တဖျတ်ဖျတ် ရွှန်းလဲ့၍လာခဲ့ပြီး ...

"မွေး ..."

"ဟုတ် ...၊ မွေး မုန့်လာစားတာပါ၊ ဝင်လာရင်းနဲ့ ဒီစာရွက်ကလေး မွေးဆီလွင့်ကျလာလို့ ကြည့်လိုက်တော့ ကိုနေရောင်ကို တွေ့တာနဲ့ ..."

"ဪ ... အဲ့ဒါ ကိုယ့်စာရွက်ပါ မွေး"

"ကိုနေရောင် ဆွဲထားတာလားဟင်"

"အင်း ...၊ ပျင်းတာနဲ့ ဆွဲကြည့်နေတာပါ၊ ဒီဆိုင်လေးကို ကြည့်ရင်း စိတ်ပါလာတာနဲ့လေ ..."

"ဟုတ်တယ်နော်၊ ဒီ Bakery လေးက အရမ်း ကဗျာဆန်ပြီး အေးချမ်းတယ်၊ ဒါထက်ကို ကိုနေရောင့် ပုံကြမ်းလေးက မွေးကို ဆွဲဆောင်လိုက်ပြီ သိလား"

"ဟုတ်ရဲ့လား မွေးရယ်၊ ကိုယ်က အဲ့ဒီအလုပ်ကို ဝါသနာမပါဘူး"





ရှက်နေသော သူ့ဟန်ပန်ကလေးက ပိုပြီး လှုငယ်ဆန်နေပါသေးသည်။ သူက ရှက်ရင် ပါးပေါ်ကဝ်နေသော ဆံပင်များကို ခါပစ်လိုက်ပြီး တစ်နေရာရာကို အကြည့်တွေ ပို့လွှတ်လိုက်တတ်သည်ကို မွေး သတိထားမိလိုက်သည်။

"ကိုနေရောင် ဒီပုံကို ဆွဲနိုင်တယ်ဆိုတော့ ပုံဆွဲတတ်ရုံတော့ မဟုတ်ဘူး ထင်တယ်"

"ဟုတ်ပါတယ် မွေး၊ ကိုယ်က အာခီပါ ...၊ အဲ့ဒါကို မွေး မသိပါစေတော့ဆိုတဲ့ ဆန္ဒနဲ့ လျှို့ဝှက်ခဲ့တာမဟုတ်ပါဘူး၊ ကိုယ့် ဝါသနာမပါဘဲ ရခဲ့တဲ့ ဘွဲ့မို့ ပြောပြချင်စိတ်မရှိလို့ပါ"

"ဝါသနာ မပါဘဲနဲ့တောင် ဒီလောက်ထိ ဆွဲနိုင်ရသလားရှင်၊ ကိုနေရောင် သိလား ... မွေး ဒီလိုပုံကြမ်းမျိုးကို ရှာနေတာ"

"ဟုတ်လား ..."

"အင်း ...၊ မွေး ဒက်ဒီ ခု ပြင်ဦးလွင်မှာ super market တစ်ခုဖွင့်ဖို့ ဆောက်လုပ်ရေးပိုင်း စတော့မယ်လေ၊ မွေးက ရန်ကုန်မှာ ရှိတဲ့ အဆောက်အအုံတွေထဲက ခွဲထွက်ပြီး ကဗျာဆန်၊ ချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့ အဆောက်အအုံလေး ဆောက်ဖို့ အထက်ကို တင်ပြချင်နေတာ ...၊ ကိုနေရောင့် စိတ်ကူးထဲက ဒီပုံလေးကို မွေးကို ပေးနိုင်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မွေးက မက်မက်မောမောကလေး ထောင်းခံဖို့ ကြိုး
စားလိုက်ပါသည်။ ကိုနေရောင်က မွေးလက်ထဲက ပုံကလေး
ပြန်ဆွဲယူကာ သူကိုယ်တိုင် တစ်ချက်ကြည့်လိုက်ပြီးမှ မွေးလက်ထဲ
ပြန်ထည့်ပေးသည်။

"ယူပါ ... မွေးရယ်၊ ကိုယ် ပေးနိုင်သမျှအရာတိုင်း မွေးသာ
လက်ခံမယ်ဆိုရင် အားလုံး ကိုယ်ပေးပါ့မယ် ..."

မွေးက ပုံကလေးရတာကိုလည်း ဝမ်းသာသလို သူ့
စကားကြောင့်လည်း ကျေနပ်သွားပါသည်။

ကြည့်ကောင်း နူးညံ့လှသော သူ့မျက်နှာကလေး
သန့်စင်မှုမှာ မွေး သာယာသွားမိသလို ထင်ရ၏။

သူနှင့် မွေး ပထမအကြိမ် ဆုံတာလည်း မြို့ထဲက
ရွှေပုစွန်ဆိုင်မှာပဲဖြစ်ပြီး ခုတစ်ခါလည်း သာကေတ ခြံဝန်းကျယ်
ကြီးရှိတဲ့ သာယာအေးချမ်းတဲ့ ရွှေပုစွန်မှာပဲ ဖြစ်လေသည်။

❑ ❑ ❑



အခန်း(၁၈)

* * *

ခင်သည် ဒေါ်ပန်းနု အဆီဖယ်ပေးနေသော သုံးထပ်
သား ဝက်သားကင်ကို အားပါးတရ စားနေရင်းဖြင့် ဒက်ဒီနှင့်
မွေးခတ္တာ စကားပြောနေသည်ကို နားစွင့်ထားလိုက်သည်။

သူတို့ပြောသည့် အကြောင်းအရာထဲတွင် ခင်စိတ်ဝင်
စားသည့်အကြောင်းအရာ တစ်ခုမှ မပါပေမယ့်လည်း ခင် စိတ်
ဝင်စားနေခဲ့သည်။ ခင့်ရင်ထဲက နာမည်ကလေးတစ်ခု ပါဝင်နေ၍
ဖြစ်သည်။

"ဒီနေ့ အစည်းအဝေးမှာ မွေး တင်ပြခဲ့တဲ့ အဆောက်အအုံ
ပုံစံကို ရှယ်ယာရှင်တွေ သဘောကျကြတယ်၊ ဆုံးဖြတ်ချက်
ကိုတော့ နောက်တစ်ကြိမ် အစည်းအဝေးမှာ ဆုံးဖြတ်မယ်၊
မွေး မိတ်ဆက်ပေးတဲ့ လူငယ်လေး နာမည်က ..."
"ကိုနေရောင်ပါ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူ့အရည်အချင်းက မဆိုးဘူးပဲ၊ သူ ဘယ်ကုမ္ပဏီမှာ အလုပ်လုပ်နေတာလဲ မွေး"

"သူက ဓာတ်ပုံဆရာပါ ဒက်ဒီ၊ အင်ဂျင်နီယာအလုပ်ဟာ သူ လုပ်မှာမဟုတ်ပါဘူး"

"နမြောစရာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ... သူသာ ဆန္ဒရှိမယ်ဆိုရင် သူ့လိုလူမျိုး ဒက်ဒီ့ကုမ္ပဏီမှာ ခန့်လိုက်ရလို့ ဒက်ဒီ ရှုံးမယ်မထင်ပါဘူး"

"ဟုတ်ကဲ့ ... ပြောပြလိုက်ပါ့မယ် ဒက်ဒီ"

ပန်းမွေးခတ္တာကို ကြည့်နေရင်းက ခင် မျက်စောင်းကို လှစ်ခနဲ ထိုးပစ်လိုက်ပါသည်။

မာမီ ဒေါ်ပန်းနုက မြင်သွားပြီး ...

"အဲဒီသူငယ်နဲ့ သမီးနဲ့က ဘယ်လိုသိကျွမ်းခဲ့တာလဲ၊ မေမေတောင် မသိရပါလား"

"ဟင်း ... သိတာ မကြာသေးပါဘူး မေမေ၊ သူက ခင် ဘော်ဒါတက်ဖူးတဲ့ ပြင်ဦးလွင်က ဆရာနဲ့ ဆရာမတို့ရဲ့သားပါ၊ ခင့်ဆီလာလည်ရင်း မွေးနဲ့ဆုံခဲ့တာပါ မေမေ"

"သြော် ... ခင့် မိတ်ဆွေပဲပေါ့"

ခင် ပြုံးရုံသာ ပြုံးပြလိုက်ရပေမယ့် စိတ်ထဲကတော့ ပန်းမွေးခတ္တာကို ကိုင်ဆောင့်ပစ်ချင်နေသည်။

ကိုနေနဲ့ သူနဲ့က ဘယ်လိုကြောင့်နဲ့များ မိတ်ဆွေ ဖြစ်သွားခဲ့ကြပါသလဲ။

❑ ❑ ❑





မွေး ရေကူးနေရခြင်းကို အလွန် နှစ်သက်ပါသည်။ ရေကူးနေတဲ့အချိန်မှာ စိတ်ကူးယဉ်လို့လည်း ရသည်။ နောက်ကြောင်းပြန်တွေးရင်း ကျေနပ်နေ၍လည်း ရသည်။

"ကိုယ့်မှာ ဒီလိုအရည်အချင်းတွေ ရှိမှန်း မသိခဲ့ဘူး၊ မွေးနဲ့ တွေ့မှပဲ ကိုယ့်ဘဝ လမ်းစတွေ ရလာတယ်၊ မွေး ဒက်ဒီကြီးရဲ့ ချီးကျူးစကားတွေ ခံယူခွင့်ရခဲ့တယ်၊ ကိုယ် တကယ် ပျော်လာရတယ် မွေးရယ်"

သူ့ရဲ့ လွတ်လပ်စွာ ပြောဆိုတတ်ပုံကလေးကို မွေး သဘောတကျ ရယ်မောခဲ့ဖူးသလို ခုနေ ပြန်တွေးလည်း မွေး သပ်ပြုံးဖြစ်ပြန်ပါသည်။

"ပန်းမွေးခတ္တာ ... ခဏ တက်လာဦး၊ ငါ နင်နဲ့ စကားပြောစရာရှိတယ်"

မွေး ရေပေါ်မှာ မျက်နှာကလေး မော့လိုက်စဉ် အသံတစ်ခု ကြားလိုက်ရသည်။ မွေး ရေထဲ တစ်ချက်ပြန်ငုံ့ကာ ပြုံးလိုက်ပါသည်။

ခင်လက်ျာ ပြောချင်တယ်ဆိုတဲ့ စကားကို မွေး ကြိုသိနေပါသည်။ ကိုနေရောင်နဲ့ မွေးရဲ့ သိကျွမ်းမှုကို ခင် သိသွားပြီဆိုတာလေ ...။



www.burmeseclassic.com

www.burmeseclassic.com



မွေး ကန်ဘောင်လေးပေါ် လှမ်းတက်လာခဲ့သည်
အဆင်သင့် ချထားတဲ့ ပဝါကြီးကို ခါးမှာရုံလိုက်ပြီး ရေကူးမျက်
ကို ချွတ်ကာ ခင်လကျာ်ကို ရင်ဆိုင်လိုက်ပါသည်။

"ဆိုပါဦး ... ငါ့မိတ်ဆွေ ကိုနေရောင်နဲ့ နင်နဲ့က ဘယ်
ကနေ ဘယ်လို သိနေရတာတုန်း ..."

"အဲဒီမေးခွန်းကို ငါဖြေမှဖြစ်မှာလား၊ ဒါ ငါ့ကိုယ်ရေးကိုယ်
တာပဲ၊ နင့်ကို ပြောပြနေစရာ မလိုပါဘူး"

ခင်လကျာ်က ဒေါသထွက်သွားပြီး အံကြိတ်လို
သည်။

"နင် ... ဒါ တမင်သက်သက် ကိုနေကို ဝင်ရောတာပေါ့
လား၊ ငါနဲ့ ကိုနေ ခင်မှန်းသိလို့ နင်ကြားက ဖြတ်လာ
နေတာများလား ပန်းမွေးခတ္တာ၊ နင့်လောက် အောက်တ
ကျတဲ့ မိန်းမမျိုး ငါတစ်ခါမှ မမြင်ဖူးဘူး သိလား၊
အတွက် ယောကျာ်း ရှားသလား ပန်းမွေးခတ္တာရယ်"

မွေး နှုတ်ခမ်းတွေက လှုပ်ပပလေး ပြုံး၍ ခင်လ
ကို သရော်လိုက်သည်။

"ဟုတ်တယ် ...၊ ငါ့အတွက်တော့ ရှားတယ်၊ ယော
ကောင်း ရှားတယ် ခင်လကျာ်၊ ငါက နင့်လို တွေ့တဲ့
တိုင်းကို ဘယ်တော့ ငါ့ရည်းစားဖြစ်လာမလဲဆိုတဲ့
လင့်ချက်နဲ့ အသက်ရှင်နေတဲ့ မိန်းမမျိုး မဟုတ်
ယောကျာ်း ရှားတာလေ ..."





"ဖြန်း ..."

မွေး မျက်နှာကလေးက လည်ထွက်သွားပြီး မွေး နှုတ်ခမ်းလေးက သွားစွယ်ကလေးနှင့် ကိုက်မိတာကြောင့် သွေးစို့၍ သွားလေသည်။

အသား နာလာသဖြင့် အသည်းက ခါးသက်လာခဲ့ သည်။

"နင်နဲ့ငါ ကိုနေ့အချစ်ကို ပြိုင်ယူကြတာပေါ့ ..."

"မပြိုင်ခင်ကတည်းက နင်ရှုံးနေမှန်း နင့်ကိုနင် မသိဘူး လား ခင်လကျာ်"

"ဘာပဲဖြစ်ဖြစ် အဖြေရှာကြည့်ရတာပေါ့လေ၊ မွေးကတည်း က မြကော်ဇောပေါ် အိပ်လာခဲ့တဲ့ ငါ့လို အထက်တန်းစားနဲ့ ဆန်ကောထဲ ပက်လက်အိပ်ခဲ့တဲ့ နင့်လို အဆင့်ကိုဘယ် ယောကျာ်းမဆို ကွဲကွဲပြားပြား ရွေးချယ်နိုင်မှာပါ"

ဆံပင်ကောက်များကို ကြိုးထည့်ကျစ်ပြီး ဘောင်းဘီ တွကြီးထဲ လက်ထည့်ကာဖြင့် ခပ်မိုက်မိုက်နိုင်စွာ မွေးကို ကျောခိုင်း ထွက်သွားတဲ့ ခင်လကျာ် ကြားရအောင် ...

"အိုကေပါ သူဌေးသမီးလေး ...၊ တို့ စောင့်ကြည့်နေပါ့ မယ်၊ အထူးသဖြင့် မင်းလို Rapper ပုံကို ကိုနေရောင် ရင်ခုန် မခုန်ဆိုတာကိုပေါ့ ..."

ရှေ့မှာရှိတဲ့ ဘောလုံးလေးကို အားပြင်းပြင်းနှင့် ဆိတ်ကန်ရင်း ထွက်သွားတဲ့ ခင်လကျာ်ကို မွေး ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့တာ သေချာလေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



မွေး အသားနာသလို မွေး သွေးလည်းထွက်ခဲ့ရသ
အတွက် မွေး ဘယ်တော့မှ ခင်လက်ျာအပေါ် သနားငဲ့ညှာ
သည်းခံမှာလည်း မဟုတ်တော့ပေ။ မွေး ကိုနေရောင်ရဲ့ တစ်
ခေါ် ဖုန်းကို ခေါ်လိုက်ပြီး သူလာကိုင်လျှင်တော့ ...

"ကိုနေရောင် ... မွေး ခြေထောက်နာနေလို့ မွေးကို လာ
ပါလားဟင်၊ မွေးမှာ အရေးကြီးကိစ္စ ရှိနေလို့ပါ၊ အ ...
ခြေထောက်ကလည်း နာလိုက်တာ အရမ်းပါပဲ ..."

"ဟာ ... ဟုတ်ပြီ မွေး၊ ပြောပါ ... ကိုယ် ဘယ်ကိုလာ
ရမလဲ၊ ခုချက်ချင်း လာခေါ်ပါ့မယ်"

"မွေး အိမ်မှာ ...၊ လာခဲ့နော်"

"ခု လာပြီ ..."

တစ်ဖက်မှ စိတ်ပူထိတ်လန့်သော စကားသံ
အလျင်အမြန် ဖုန်းချသွားသံများကြောင့် မွေး ဖုန်းပိတ်ရင်း
လိုက်ပါသည်။

မွေးအသံကပဲ တကယ် သနားစရာ နာနာကျင်ကျ
ကလေး ဖြစ်နေလို့ပဲလား၊ မွေးဆိုလျှင် နဂိုကတည်းက ကိုနေရော
သည်းသည်းလှုပ်ချင်နေတာလား စဉ်းစားစရာပဲနော် ...။

ဘာပဲဖြစ်ဖြစ် သူ မွေးဆီ ရောက်ကိုရောက်လာ
ဆိုတာ ယုံကြည်နေလေသည်။

❑ ❑ ❑





နေရောင်သည် မွေးနှင့် ဖုန်းပြောပြီးပြီးချင်းမှာပဲ အခန်းပေါ် ပြန်ပြေးတက်ကာ ပုဆိုးအစား ဘောင်းဘီလဲဝတ်ပြီး ပြန်ဆင်းလာခဲ့သည်။

"ဟာ ... ကိုနေရောင် ဒီမှာ ဖုန်းထပ်လာနေတယ်"

ဖုန်းဆိုင်ကကောင်လေးက ထပ်ခေါ်သဖြင့် နေရောင် ဖုန်းပြန်ကိုင်လိုက်ရသည်။

"ဟဲလို ..."

"ဟင့် ... ကိုနေ ...၊ လာပါ ... အမြန် လာပါဦး၊ ဒီမှာ ခင် စင်ပေါ်က ပြုတ်ကျတာ ခြေထောက်ခေါက်သွားလို့၊ ကိုနေ လာခေါ်ပေးပါနော်"

"ဟင် ..."

နေရောင်သည် စိတ်ရှုပ်၍သွားလေသည်။ မွေး စောင့်ရတာ ကြာနေမှာ စိုး၍လာခဲ့သည်။

"ကိုယ် လာလို့မဖြစ်ဘူး ခင်လက်ျာ၊ ကိုယ် အရမ်းအရေးကြီးနေလို့ မင်းကို လာမခေါ်နိုင်ဘူး၊ မင်း Model agency က Model boy တစ်ယောက်ယောက်ကို ခေါ်လိုက်ပေါ့၊ အဲ့ဒါ မင်းအတွက် ပိုသင့်တော်လိမ့်မယ်"

နေရောင် ဖုန်းကိုအမြန်ချကာ လမ်းမအတိုင်း ပြေးလာခဲ့သည်။ Taxi ငှားစီးလာပေမယ့်လည်း ကြာနေပြီဟု ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရှေ့ဆိုမှ မွေးတို့ လမ်းထိပ်က မီးပွိုင့်မှာ ကြာနေသဖြင့် နေရောင် ကားပေါ်က ဆင်းကာ ပြေးလာခဲ့သည်။

လမ်းထိပ်မှ မွေးတို့ အိမ်အထိဆို ဆယ့်ငါးမိနစ် လောက် လျှောက်ရသဖြင့် နေရောင် ငါးမိနစ်နှင့် ရောက်အောင် ပြေးလာခဲ့သည်။

သီရိလက်ာ ခြံတံတိုင်း ရှေ့နားမှာ မွေးရဲ့ ကား ကလေး ရပ်ထားတာ တွေ့ရလေသည်။ နေရောင် ပြေးလာရာ ကားလေးအနားရောက်သောအခါ ကားထဲမှ မွေး ဆင်းလာတာ တွေ့လိုက်ရလေသည်။

"ဟင် ... မွေး၊ မွေး ခြေထောက်နာနေတယ်ဆို ..."

မွေးက ယခင်နေ့များထက်ပို၍ပြီးတော့တောင် လှ ကြွယ်နေသေးသည်။ နှုတ်ခမ်းမှာလည်း ပန်းရောင်စိုစို နှုတ်ခမ်းနီ ကို ဆိုးထားကာ ပြုံး၍နေသည်။

ပြီးနောက် ခြေထောက်ကလေးကို ခါပြရင်း ...

"ကောင်းပါတယ် ကိုနေရောင်၊ မွေး ဘာမှမဖြစ်ပါဘူး"

အားတင်းထားသော နေရောင့်မျက်ခုံးများ ပြေလျော့ ကျသွားသည်။ နားထင်စပ်မှ ချွေးများ ပါးသိုင်းတောက်လျှော စီးဆင်း၍လာသည်။

အလျင်အမြန် လှုပ်ရှားခဲ့၍ နှလုံးခုန်သံက မြန်ဆန် နေခဲ့ရသည့်အထဲ ချစ်ရသောသူရဲ့ အသည်းယားစရာ အပြုံးကြောင့် နှလုံးက ပို၍ခုန်လှုပ်လာနေသည်။

ရုတ်တရက် ... ရင်ခွင်ထဲသို့ မွေးခန္ဓာကိုယ်လေး





ခွဲသွင်းယူလိုက်မိသည်။ မွေးက မငြင်းဆန်ဘဲ တိုးလျှသော အသံ ကလေးဖြင့် ...

"ကိုနေရောင် ... မွေးကို သိပ်အလေးထားတာပဲနော်၊ ကျေးဇူး တင်ပါတယ်၊ နောက် ဒီလို မစတော့ပါဘူး"

"ကိုယ် စိတ်ပူနေခဲ့တာ ကိုယ့်ပုံစံကို ကြည့်ရုံနဲ့တင် သိနိုင် ပါတယ် မွေးရယ်၊ ကိုယ့်ဆီကို ခင်လက်ျာလည်း ဖုန်းဆက် ခေါ်တယ်၊ စင်ပေါ်က ပြုတ်ကျလို့တဲ့၊ တကယ်ဆို သူက ပိုစိတ်ပူဖို့ကောင်းတာ မဟုတ်လား၊ ဒါပေမယ့် ကိုယ် မွေးဆီကိုပဲ လာချင်တယ်၊ မွေးနဲ့ပဲ တွေ့ချင်နေတယ်"

နေရောင် မွေးကို တင်းတင်းကြပ်ကြပ်ကလေး ဖက် ထားလိုက်သည်။

"အဲ့ဒါ ဘာလို့လဲဟင် ..."

"အဲ့ဒါ ... အဲ့ဒါ သိပ်ချစ်လို့ပေါ့၊ မင်းကို ကိုယ် သိပ်ချစ် နေခဲ့တာပေါ့ မွေးရယ် ..."

မွေးသည် နေရောင့် ရင်ခွင်ထဲမှာ အကြာကြီး ငြိမ် သက်နေခဲ့ပါသည်။

"မွေး ... ကိုယ့်ကို ချစ်သလားဟင်၊ မွေး ကိုယ့်အပေါ် ခံစားချက် ရှိသလားဟင် ..."

မွေး သူ့ရင်ခွင်ထဲက ထွက်သွားပြီး ကျော်ပေးထား သည်။

"ကားပေါ်တက်ပါ ကိုနေရောင်၊ ကျွန်မတို့ တစ်နေရာရာ ကို သွားကြရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ လမ်းကိုပဲ အာရုံစိုက် မောင်းနေသော နှုတ်ခမ်းစေ့မှတ်နေသည့် နေရောင်ရဲ့ ပန်းကလေးကို ငေးကြည့်နေ လာမိသည်။

မွေးက ပန်းခြံထဲသို့ရောက်သောအခါ ငြိမ်သက်နေ သဖြင့် နေရောင်ကပဲ ...

"ကိုယ့်ကို မချစ်ဘူးလားဟင် ...၊ ကိုယ် ဒီလိုမေး စိတ်ဆိုးသွားပြီလား"

မွေးက ခေါင်းကလေး ရမ်းပြသည်။

"မွေးကို ရိုးသားစွာ ချစ်တာပါ မွေးရယ်၊ ဘာတပ်မက်မှု မပါပါဘူး၊ ကိုယ့်ကို ယုံပါ"

"ယုံပါတယ် ကိုနေရောင်၊ ဒီနေ့အဖြစ်ကြောင့် ပိုယုံ တယ်၊ မွေးကတော့ ကိုနေရောင် ထင်သလောက် မရို ခဲ့ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုနေရောင့်ကို မွေး ရင်းနှီး တယ်၊ ခင်လည်းခင်တယ်၊ ချက်ချင်းကြီး ချစ်သူဖြစ်ဖို့ တာတော့ စောနေသေးတယ် မဟုတ်လား၊ မွေး စဉ်း ပါရစေဦးနော် ..."

နေရောင် စိတ်ရှည်စွာနှင့်ပဲ ခေါင်းညိတ်ပြလိုက် သည်။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ပန်းမွေးခတ္တာကို ချစ်နေမှာတော့ သေချာပါသည်။ ပန်းတို့ရဲ့အပေါ်မှာ နေရော နွေးထွေးမှုက အစဉ်သဖြင့် ရိုပ်မိုးထားသလိုပေါ့ ...။

❑ ❑ ❑



## အခန်း(၁၉)

* * *

မွေးသည် လက်ထဲတွင် တဆတ်ဆတ်နှင့် လှုပ်နေ သေးသော ဒိုင်ယာရီစာအုပ် အမည်းရောင်လေးအား နောက်တစ် ကြိမ် မဖတ်ကြည့်ဝံ့တော့ဘဲ ပြန်လည်သိမ်းဆည်းလိုက်ပါသည်။

တကယ်တော့ ဒီအခန်းလေးထဲသို့ ဝင်လာကြည့်ချင် စိတ်ကြောင့်သာ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ တစ်အိမ်လုံးမှာ ရှိသမျှ အခန်းများအား ဒေါ်ထိုက်နှင့် ဘကြီးကျော်တို့ ရှင်းလင်း ကြသော်လည်း ဒီအခန်းထဲသို့ မည်သူမျှ မဝင်ကြတာကို မွေး သတိထား စောင့်ကြည့်မိတာ ကြာပြီဖြစ်သည်။

ယနေ့တော့ ဤရှေ့ခန်းမှ ဖြတ်အသွား လက်ဝါး ကလေးက တံခါးကို မသိမသာ တွန်းကြည့်လိုက်ချိန်တွင် အလို ပြီ ဖွင့်ပေးလိုက်သလို ပွင့်သွားခဲ့ပါသည်။ ထို့ကြောင့် မွေး အလွယ် တကူ ဝင်လာလို့ ရသွားခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်သည်နှင့် မှန်ဗီရိုအမြင့်ကြီးတစ်ခုလုံးတွင် လှပသော ဖိနပ်များကို တွေ့ရှိလိုက်ရပါသည်။ မွေ တစ်ကိုယ်လုံး ကြက်သီးများထကာ ဟိုတစ်နေ့ညက ကိုကြီးအခန်းပြတင်းဝမှ တွေ့ခဲ့သော ဖိနပ်လေးကို သတိရလိုက်မိသည်။

နံရံများဆီ သတိထားလိုက်မိသောအခါ မင်းသမီးလေးလို ပြင်ဆင်ခြယ်မှုန်းပြီး လှပစွာ ဓာတ်ပုံရိုက်ခံထားသော အမျိုးသမီးတစ်ယောက်ပုံကို တွေ့လိုက်ရပါသည်။ ထိုအမျိုးသမီး မျက်ဝန်းများက ကိုကြီး မျက်လုံးများနှင့် လုံးလုံးလျားလျား တူလွန်းလှလေသည်။

"ခင့် အမေ ထင်တယ်"

မွေးသည် ဟိုဟိုဒီဒီ ငေးကြည့်ရင်း ပြန်လှည့်ထွက်ဖို့ ပြင်လိုက်ချိန်၌ ...

"အမေ့ ..."

စာအုပ်စင်ပေါ်မှ စာအုပ် သုံးလေးအုပ်သည် မွေ လည်း ဝင်မတိုက်မိရပါဘဲ အလိုလို ပြုတ်ကျလာခြင်း ဖြစ်ပါသည်။ ရင်တုန်နေခြင်းကို ခေတ္တမျှ လျစ်လျူရှုကာ စာအုပ်ကလေးများကို ကောက်ယူလိုက်ပါသည်။ စာအုပ်များထဲမှ တစ်အုပ်မှာ ဒိုင်ယာရီ စာအုပ်ကလေး ဖြစ်နေသဖြင့် မွေးလက်များက စာရွက်များကို လှန်လှောကြည့်မိပြီး ဖြစ်သည်။

မျက်လုံးများကလည်း ရှည်သွယ်သော လက်ရေးများကို အလိုလို ဖတ်မိခဲ့ပြီး ဖြစ်သည်။

စာများဖတ်ပြီးသွားချိန်တွင် မွေး တစ်ကိုယ်လုံး





ဆတ်ဆတ်တုန်၍ ရင်ထဲ၌ နာကျင်ကာ ဆောက်တည်ရာမရဖြစ်ခံစားလိုက်ရပါသည်။

"တိုက်ဆိုင်တာလား၊ သိလျက်နဲ့ မေမေ ဖွတ်တိုးခဲ့တာလား ... ၊ မွေး ဖေဖေနှင့် ကိုကို့ကို ကားနှင့် တိုက်သတ်မိခဲ့တဲ့ မိန်းမရဲ့ ယောကျ်ားကိုမှ အားကိုးတကြီး လက်ထပ်ခဲ့တာတွေ၊ သူ့သားနဲ့ သမီးရဲ့ မိတွေးဆိုတဲ့ ဘဝကိုခံယူပြီး ပြုစုပေးခဲ့တာတွေဟာ ဖွတ်တိုးခဲ့တာလားဟင်"

မွေး၏ ပါးပြင်ပေါ်တွင် မျက်ရည်များ နင့်နေရင်းမှ ဝမ်းနည်းစွာ ရေရွတ် ငိုကြွေးမိပါသည်။

စာအုပ်ကလေးကို ပြန်ထားကာ အခန်းထဲမှ ထွက်ခဲ့ပါသည်။ တံခါးလေးကို အသာအယာ စေ့ပိတ်လိုက်ပြီး လက်ကလေးနှင့် ထပ်တွန်းဖွင့်လိုက်သော်လည်း တံခါးကြီးမှာ အသေပိတ်သွားခဲ့လေသည်။ အားဖြင့် ဆောင့်တွန်းဖွင့်သော်လည်း လုံးဝပွင့်မလာတော့ပေ။

မွေးသည် ကြောင်အစွာဖြင့် အခန်းတံခါးရှေ့မှာ အကြာကြီး ရပ်ငေးမိလေသည်။

"မွေး သိသွားအောင် တမင်ခေါ်ပြတာလား အန်တီရယ်၊ မွေး ရင်ထဲမှာ နင့်နေအောင် နာကျင်လိုက်တာ"

မွေးသည် စိတ်ထဲမှနေပဲ ရေရွတ်ကာ ထိုအခန်းရှေ့မှာ အပြီးတိုင် ထွက်ခွာလာခဲ့လိုက်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

မွေးသည် ဒက်ဒီခွန်လကျ်ာနှင့် ခင်လကျ်ာတို့ မရှိကြသည့်အချိန်ကို ရွေး၍ မေမေနှင့် နှစ်ယောက်တည်း စကားပြောဖို့ မေမေ့အခန်းထဲ ဝင်သွားခဲ့ပါသည်။ မေမေက အိပ်ရာခင်းတွေ ချွတ်လဲနေရင်းမှ မွေးကို လှည့်ကြည့်လာပါသည်။

"မေမေ့ကို ပြောစရာရှိလို့"

"အံမယ် ... သားအမိများ စကားပလ္လင် ခံနေရတယ်လို့ ပြော ... ပြော ..."

"မေမေနဲ့ ကိုကို့ကို ကားနဲ့တိုက်မိတာ ဒက်ဒီ့ရဲ့ မိန်းမလား ဟင် ..."

"ဟင် ... ဒါတွေ သမီး ဘယ်လိုသိတာလဲ၊ ဘယ်သူပြောတာလဲ၊ အဲ့ဒီအကြောင်းတွေ ..."

"ဘယ်သူမှပြောတာ မဟုတ်ပါဘူး မေမေ၊ မွေးဘာသာ ထင်နေတာပါ"

အိပ်မက်ထဲမှာ ဒေါ်မေရီနှင့်တွေ့ပြီး အားလုံးသိခဲ့ရသည်ကိုတော့ မွေး လျှို့ဝှက်ထားလိုက်ပါသည်။

"ဟုတ်တယ် ... သမီး၊ ထင်တို့ အမေပဲ ...၊ သူ အရက်မူးပြီး ကားမောင်းလာရင်းက တိုက်မိခဲ့ပြီး ကြောက်လန့်တကြားနဲ့ အဆုံးစီရင်သွားတာတဲ့၊ ဒီအကြောင်းတွေကို 'ထင်' တောင် မသိဘူး သမီးလေးရဲ့ ..."





"ဆက်ပြောပြပါ မေမေ ..."

"မွေး ဒက်ဒီက သူ့အမျိုးသမီးကြောင့် ခိုကိုးရာမဲ့ခဲ့ရတဲ့ မေမေတို့ကို လာရှာပြီး အမျိုးမျိုး အကူအညီပေးရင်းနဲ့မှ မေမေနဲ့ မေတ္တာမျှခဲ့ကြတာလေ၊ ဒါပါပဲ သမီးရယ် ..."

"အဲ့ဒီ ဒေါ်မေရီကို မေမေ မြင်ဖူးလားဟင်"

"ဟင် ... သမီးက နာမည် ဘယ်လိုလုပ် သိနေတာလဲ ..."

"ဟို ... ကုမ္ပဏီက ဝန်ထမ်းတွေဆီက တစ်ဆင့် ကြားလိုက်ဖူးလို့ပါ မေမေ"

"ဪ ... ညိုချောပဲ သမီးရဲ့၊ မေမေ ခင့်ဆီက ဓာတ်ပုံထဲမှာ တွေ့ဖူးတယ်"

"ဟုတ်လား ..."

မွေး မေမေနှင့် တခြားသော စကားကလေးများ ပြောဆိုကာ အနားကခွာလာခဲ့လိုက်သည်။ မွေး မြင်တွေ့ခဲ့တဲ့ပုံနှင့် မေမေပြောပြပုံက အားလုံးတူနေသဖြင့် မွေးမှာ ကြက်သီးမွေးညင်းများပင် ထလာခဲ့ရလေသည်။

မွေး ခြံထဲဆင်း လမ်းလျှောက်ကာ စဉ်းစားနေရာမှ ကြောင်အိမ်လှေကားကြီးနား ရောက်လာခဲ့သည်။

"သမီး ... လမ်းလျှောက်နေတာလား"

မွေးကို လှမ်းနှုတ်ဆက်သံ ကြားလိုက်သဖြင့် မွေး လှည့်ကြည့်လိုက်မိသည်။ ဘကြီးကျော်နှင့် ဒေါ်ထိုက်တို့ သစ်ပင်စိုက်နေကြတာကို တွေ့လိုက်ရပါသဖြင့် မွေး သက်ပြင်းချမိလိုက်သည်။ ဒေါ်ထိုက်တို့အနားသို့ တိုးကပ်သွားရင်းဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်ထိုက် ... သမီး မေးစရာရှိလို့ အမှန်အတိုင်းဖြေနော်"

"ကဲ ... မေးပါရှင်၊ အားလုံး အမှန်အတိုင်း ဖြေပါ့မယ်"

"ဟင်း ... ဒါဆို ကျေးဇူး၊ ဘကြီးနဲ့ ဒေါ်ထိုက်တို့က ခင်တို့မမွေးခင်ကတည်းက ဒီအိမ်မှာ နေလာတာဆိုတော့ ခင့်အမေကို ကောင်းကောင်းသိမှာပေါ့နော် ..."

"သြော် ... သိတာပေါ့ မွေးရယ်၊ မေရီ့အတွက်နဲ့ပဲ ဒေါ်ထိုက်ကို ငှားလို့ ဒီအိမ်ကြီးဆီ ရောက်ခဲ့ရတာပေါ့၊ သူ့ဒွေးနဲ့ စလက်ထပ်တာ၊ သူ့ဒွေးနဲ့ အဆင်မပြေတာအားလုံး အုမချေးခါး သိခဲ့ရတာပါကွယ်"

"ဒါဆို သူက ဖိနပ်တွေ ကြိုက်တတ်လားဟင်"

"အို ... ဒေါက်ဖိနပ်လှလှလေးတွေ တွေ့လို့ကတော့လား အကုန်ဝယ်စုတာ၊ ဒေါက်ဖိနပ်လေး စီးပြီး သူလမ်းလျှောက်လို့ကတော့ အားလုံး ငေးပြီးသားပဲ၊ သူဆုံးတုန်းကတောင် သူစီးထားတာ နောက်ဆုံးဝယ်ခဲ့တဲ့ ဖိနပ်ကလေးပဲ၊ ပြောရင်းနဲ့ သတိရလိုက်တာလေ၊ လှေကားပေါ်က ခုန်ချတော့ သူ့ခြေထောက်မှာ ဖိနပ်တစ်ဖက်ပဲပါတာ၊ အပေါ်မှာ တစ်ဖက် ကျန်ခဲ့တာ၊ ဒါပေမယ့် ဒီလှေကားပေါ်ကို ဘယ်သူမှ မတက်ရဘူးလို့ အမိန့်ထုတ်လိုက်ကတည်းက ဒေါ်ထိုက်တို့လည်း မတက်ခဲ့ရပါဘူး၊ မေရီလေးက သနားဖို့ကောင်းပါတယ်အေ၊ စိတ်ကောင်းရှိရှာပါတယ်၊ ကလေးလို ထင်ရစိုင်းတာကလွဲရင်ပေါ့ကွယ် ..."





"ကဲ ... တော်ပါတော့ အမေကြီးရယ်၊ ငိုမနေပါနဲ့တော့၊ မွေး စိတ်ညစ်နေပါဦးမယ်"

ဒေါ်ထိုက်ကို ဘကြီးကျော်က ချော့မော့ပြောဆိုရင်းဖြင့် ကျန်နေခဲ့ကြသည်။

မွေးကတော့ အဖြစ်အပျက်အားလုံး သိလိုက်ရပြီမို့ တစ်စုံတစ်ခုလုပ်ပေးဖို့ စီစဉ်ရန် စဉ်းစားရတော့သည်။

ခုနေအချိန်မျိုးမှာ ကိုကြီးရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ မွေး တမ်းတနေမိသည်။

ကိုကြီးကတော့ မွေးကို တကယ် စိတ်နာသွားခဲ့ပြီထင်သည်။ ခုနစ်နှစ်ကျော်လုံးလုံး မေ့ထားနိုင်တာ တကယ် မုန်းနေလို့ပဲဟု လက်ခံလိုက်မိတော့ မွေးပဲ ဝမ်းနည်းရပြန်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

* * *

"ရန်ကုန်မြို့တော်မှ လှိုက်လှဲစွာ ကြိုဆိုပါ၏"

ထင်သည် ကားပြတင်းမှ ဦးခေါင်းကိုထုတ်၍ ရန်ကုန်မြို့ဝင် ဆိုင်းဘုတ်ကို ကြည့်လိုက်ပါသည်။

ထို့နောက် ထင့် မျက်နှာက ပြုံး၍သွားလေသည်။ ထင် ဒီလိုမျိုး ကျေကျေနပ်နပ်ကြီး မပြုံးဖြစ်တာ ခုနစ်နှစ်တောင် ကြာခဲ့ပြီပေါ့ ...။

အလုပ်တွေထဲမှာပဲ အာရုံစိုက်ထားချင်ယောင်ဆောင်ပြီး အသည်းတစ်ခြမ်းလုံး မွမွအကြေခံပြီး နေခဲ့တာ ခုနစ်နှစ်တောင် ရှိခဲ့ပြီလေ ...။

ထင့်လို သူဌေးလေးတစ်ယောက်ကို မလိုချင်၊ မမက်မောသော မိန်းမဟူ၍ မရှိသလောက် ရှားပါးပေမယ့် ထင် သယ်မိန်းမကိုမှ ခံစားကြည့်၍ မရခဲ့ပေ။

---



www.burmeseclassic.com

www.burmeseclassic.com



ထင် အသစ်ရှာဖို့ ကြိုးစားလိုက်တိုင်း သေးနက်တဲ့ မျက်ခုံးကလေးကို တွန့်ကွေးထားပြီးမှ ထင်နဲ့ ရင်ဆိုင်လေ့ရှိတဲ့ ...

ထင့်လုပ်ရပ်တချို့ကို သဘောမကျလျှင် နှာခေါင်းချွန်ကလေးကို ရှုံ့ပြတတ်တဲ့ ...

ထင် ဆူလိုက်လျှင် အလိုလို ပြုံးယောင်သမ်းသည့် နှုတ်ခမ်းလေးကို စူပုပ်ထားထားတဲ့ ...

ဆံပင်အရှည်များကို လွှင့်ခနဲ ဝေ့သွားအောင် ခါယမ်းတတ်တဲ့ ...

စန္ဒရား အတီးကျွမ်းတဲ့ ...

ရေကူးလေ့ရှိတဲ့ ...

ကောင်မလေးကိုပဲ အမြဲတမ်း ထာဝရ သတိရနေတတ်ခဲ့ပါသည့် အဖြစ် ...။

ခုတော့ ထင် အိမ်ပြန်လာခဲ့ပြီ ...။ ထင် သူမနှင့် တွေ့ဆုံတော့မည်။ ထင် ဘာမှမကွယ်ဝှက်တော့ဘဲ သူမရှေ့မှာ သူမကို သိပ်ချစ်ကြောင်း ဖွင့်ပြောတော့မည်။

ထင် ဘယ်သူ့ကိုမှအသိမပေးဘဲ တိတ်တိတ်ကလေး ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။ ထင့်ကို သူမကလေး စောင့်မျှော်နေခဲ့ပါသလား။ သူလုပ်မည့် suprise ကို သူမ တကယ် အံ့ဩဝမ်းသာသွားမှာလား။

"ရပြီ ... ညီ၊ ကိုယ် ဒီနားမှာပဲ ဆင်းလိုက်တော့မယ်"

"ဩော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ အစ်ကို"





သီရိလက်ာရှေ့ မရောက်ခင် နှစ်ခြံအလိုမှာပဲ ထင် Taxi ကို ရပ်နိုင်းပြီး ဆင်းလိုက်ပါသည်။

လှူဝင်ပေါက်ကလေးရှေ့မှာ ထင် ရပ်လိုက်လျှင် တံခါးစောင့်ကလေး 'တာတီး'က ချက်ချင်းလာဖွင့်ပေးပါသည်။

"ဟား ... ကိုထင်၊ ရုတ်တရက်ကြီး"

"ရှူး ... ၊ ဒက်ဒီ ရှိလား"

"မရှိဘူး၊ ဘယ်သူမှ မရှိကြဘူး၊ ရွှေတိဂုံဘုရားကို မိသားတစ်စုလုံး သွားကြတယ်၊ ဘကြီးတို့ရောပဲ ..."

"ဟုတ်လား ... မွေးကော"

"မမမွေးတော့ ရှိတယ်၊ ဟိုးမှာ ရေကူးနေတယ်"

ထင်တော့ အထင်သားပဲ။ မွေးက လူအများကြီးနဲ့ဆို ဘယ်တုန်းကများ အပြင်သွားလေ့ ရှိလို့လဲ။

"ဟင်း ... ငယ်ငယ်က အတိုင်းပဲ"

ထင် ခြံထဲကို ပေါ့ပါးလန်းဆန်းစွာ လျှောက်လာနေခဲ့ပါသည်။ သီရိလက်ာခြံထဲကို စတင်ဝင်ရောက်လာတဲ့ ဟိုးလွန်ခဲ့ပြီးတဲ့ ဆယ့်နှစ်နှစ်တာကာလရဲ့ နေ့တစ်နေ့မှာကတည်းက သူမက ရေကူးကန်လေးကိုပဲ ငေးနေခဲ့ပြီး ရေကူးကန်ဘောင်ပေါ်မှာ ထိုင်နေခဲ့တာလေ ...။

အဲ့ဒီအချိန်ကတည်းက သူမ ရေကူးချင်နေတဲ့ ဆန္ဒရှိတာကို ထင် ရိပ်မိခဲ့ရမှာနော်။

ထင် အတော်လေး နောက်ကျခဲ့ပြီးမှ သိလိုက်ရတာ

www.burmeseclassic.com



ပါပဲ ...။ ထင်ရိပ်မိတော့ သူမ ရှစ်တန်းတက်ဖို့စောင့်ရင်း နွေရာသီ ပိတ်ရက် အားလပ်နေခဲ့ချိန်မှာ ဖြစ်သည်။

အဲ့ဒီနေ့က ထင် အပြင်ကနေ ပြန်လာခဲ့တဲ့အချိန် ဖြစ်သည်။ အရမ်းလည်း ပင်ပန်းနေခဲ့ပါသည်။ ထင်ကိုယ်တိုင် တောင် ကားမောင်းချင်စိတ် မရှိသဖြင့် ကုမ္ပဏီက တပည့်လေးကို မောင်းပို့ခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

ထင် ခြံထဲကို ကြည့်လိုက်ချိန်မှာ ရေကူးကန်ဘောင် လေးပေါ်တွင် လမ်းလျှောက်နေသော ကောင်မလေးကို တွေ့လိုက် ရသည်။ အဲဒီတုန်းကတည်းက ကျောပေါ်မှာ ဆံပင်လေးတွေ ဝဲနေပြီး စကတ်ကားကားလေး ဝတ်ထားသော ကလေးမလေးကို ကြည့်ပြီး ထင် စတင် ရင်ခုန်လာခဲ့တာဖြစ်သည်။

ထင့် ကားလေးက ဆင်ဝင်အောက်မှာ ရပ်တန့်သွား ခဲ့ပြီး ထင် ကားပေါ်ကဆင်းဖို့ တပည့်ကလေး ကားတံခါး လာဖွင့် ပေးသဖြင့် ထင် ဆင်းလာခဲ့သည်။

"အစ်ကို ကားသော့ အပ်ခဲ့မယ်နော်"

"နေပါဦးလား၊ တစ်ခုခု စားသွားဦးလေ"

"နေပါစေ အစ်ကို၊ ကျွန်တော် ဒီကနေပဲ အလုပ်ဆင်းတော့ မယ်၊ ဒီနေ့ စောစောပြန်ရမှာမို့ပါ"

"အေး ... ကောင်းပြီလေ၊ ရော့ တက္ကစီနဲ့ပြန်"

ထင်က ပိုက်ဆံအိတ်ထဲမှ ငွေအနည်းငယ် ထုတ်ပေး လိုက်သည်။





ကားသော့ကလေးကို လေထဲမြှောက်လိုက်၊ ပြန်ဖမ်း လိုက်ဖြင့် ဆော့ကစားကာ မွေးဆီ တစ်ချက်ကြည့်လိုက်လျှင် ဘောင်ပေါ်မှ ခြေချော်ကာ ထင့်မျက်စိရှေ့မှာ သူမအရိပ်က ပျောက် ကွယ်သွားသည်။

သူမ ရေမကူးတတ်လျှင်ဆိုသည့် အတွေးက ထင့် ခေါင်းထဲသို့ တိုးဝင်လာလျှင် ထင် အလွန်အကျွံ အစိုးရိမ်လွန်သွား သည်။

ခြေလက်တွေ မသယ်ချင်လောက်အောင် ကိုက်ခဲနေ ခြင်းတွေ ဘယ်ဆီကို လွင့်ပါးသွားခဲ့သလဲ မသိအောင်ပင် ထင့် ခြေလှမ်းများအားလုံး ရေကူးကန်ဆီ ဦးတည်၍ ပြေးလိုက်မိသည်။

အဲဒီအချိန်တုန်းက ခုန်လှုပ်ခဲ့တဲ့ရင်၊ ပူလောင်ခဲ့တဲ့ ရင်အစုံအကြောင်းကို ထင် အခုမှ ပြန်လည်နားလည်လာခဲ့ပါသည်။

ရေကန်ထဲမှာ ကြောက်လန့်တကြား ဖြစ်နေတဲ့ သူမ ပုံစံကလေးကို ထင် ခုထိ သနားနေတုန်းပင်။ ထင်ကိုယ်တိုင် ကန်ထဲဆင်းပြီး သူမကို ပွေ့ချီကာ ဆယ်ယူခဲ့သည်။ အပေါ်သို့ တိုကပ်နေသည့် စကတ်ကလေးကို ဆွဲချပေးခဲ့သည်။ မျက်နှာမှာ အုပ်နေသော ဆံပင်ရှည်များကို ငြိတင်းနာကျင်မှုမရှိအောင် ညင်သာ စွာ ဖယ်ရှင်းပေးခဲ့တဲ့အချိန်မှာ ထင့်၌ အင်အားတွေပြည့်နေခဲ့သည်။

သူမ အကြောက်ပြေသွားတော့ ကျေးဇူးတင်နေလေ ယော့်လည်း ရှက်စနိုးကလေးဖြင့် ...

"ကိုကြီး ... ဘာလို့ ဒီအချိန်ကြီး ပြန်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ့စာအုပ် ပြန်လာယူတာ၊ ဘာလဲ ... မင်း ဒီလောက် ရေတိမ်တိမ်လေးကို ကြောက်ရလား၊ ရေမကူးတတ်ဘူးလား"

"မကူးတတ်လို့ပေါ့ ..."

ထင့်ကို မျက်စောင်းကလေးထိုးပြီး သူမ အိမ်ထဲ ပြေးဝင်သွားခဲ့တုန်းက ထင် တစ်ယောက်တည်း ကြည်နူးကျန်ရတာ ဘယ်သူမှ မရိပ်မိခဲ့ဖူးလေ။

ထင့်ခြေလှမ်းတွေသည် အတိတ်၏လှုံ့ဆော်မှုအတိုင်း သူမရှိနေသည့် ရေကူးကန်ကလေးဆီ တိုး၍ ... တိုး၍ သွားနေသည်။ ထင့်ရင်ထဲက တုန်လှုပ်သံကိုတော့ ဘယ်သူမှ မရိပ်မိနိုင်ချင်သေးပါ။ ထင် အတိုင်းမသိ ကြည်နူးနေခဲ့ရတာဖြစ်သည်။

ရေကန်ထဲမှာ ပေါ့ပေါ့ပါးပါး လျှင်လျှင်မြန်မြန် ကျွမ်းကျွမ်းကျင်ကျင် ကူးခတ်နေလိုက်တာလေ ...။ အထက်စီး ငုံ့မိုးကြည့်နေရင်း လောကကြီးကို ထင် မေ့လျော့နေခဲ့သည်။

❑ ❑ ❑

မွေးသည် ရေကူးတိုင်း ပြန်ပြန် သတိရတတ်သော အတိတ်ကို ရောက်ရှိနေခဲ့ပါသည်။

မွေးခန္ဓာကိုယ်က ရေထဲနဲ့ ရေပေါ်မှာ စည်းချက်ညီညီ လှုပ်ရှားကူးခတ်နေခဲ့သည်။ မေမေက ချီးမွမ်းခဲ့ဖူးသည်





"မွေး ရေကူးတာ အရမ်းလှတယ်" ... တဲ့။

အဲ့ဒါတွေအားလုံး ကိုကြီးကြောင့်ပဲ ဖြစ်သည်။

မွေး ရေကန်ထဲ ပြုတ်ကျအပြီး နောက်တစ်နေ့မှာပဲ ကျန်းမာရေးဆရာမ ရောက်လာခဲ့ဖူးသလိုမျိုး ရေကူးသင် ဆရာမတစ်ယောက် ရောက်လာခဲ့ပါသည်။

ကိုကြီး လွှတ်လိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုကြီးက မွေးအတွက် ရေကူးမျက်မှန်နှင့် ရေကူးဝတ်စုံကိုပါ ဆရာမနှင့် တစ်ပါတည်း ပို့ဆောင်ပေးခဲ့ပါသည်။

ခုတော့ ထိုဝမ်းဆက်ကလေးကိုသိမ်းပြီး မွေးဘာသာ တစ်စုံဝယ်ဝတ်ခဲ့ရသည်။

ကိုကြီးရဲ့ လက်ဆောင်ကလေးကိုတော့ မွေး သိမ်းဆည်းထားခဲ့ပါသည်။

မွေး ရေငုပ်နေရာမှ ရေပေါ်သို့ ခေါင်းမော့လိုက်သည့်အခါ ရေကူးမျက်မှန်ထဲမှနေ ရေကန်ဘောင်ပေါ်၌ လက်ပိုက်၍ မတ်တတ်ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မွေး ထပ်တစ်ကြိမ် အသေအချာ ပြန်ကြည့်သည်။

ကိုကြီးလား ...။ မွေး ရေကူးမျက်မှန်ကို ချွတ်ပစ်လိုက်ရင်း ထပ်တစ်ကြိမ် ကြည့်လိုက်ပါသည်။

"ကိုယ် ... ရပ်နေတာကြာပြီ၊ မင်း ရပ်သင့်ပြီ"

မွေး ပီတိသွေးတွေ ဖြာထွက်လာခဲ့သည်။ နှင်းသို့သော သူ့အသားအရေဖြာ သန့်စိုဝင်းမွတ်နေသည်။ ပါးသိုင်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်းတွေက သူ့အရိုန်အဝါကို ပိုမြင့်မားနေသယောင်၊ သူ့အပြုံးတွေက တကယ့်ကို အသက်ဝင် ချိုသာနေသည်။

သူ အရင်ထက် ခံ့ညားပြီး ကျက်သရေရှိလာသည်။ မွေး ကန်အစပ်နားထိ ကူးခတ်လာခဲ့သည်။ ကန်ဘောင်ပေါ်သို့ ခိုတက်ဖို့ ပြင်စဉ် ကိုကြီးရဲ့ လက်များက မွေးထံ ကမ်းပေးလာသည်။

မွေး သူ့လက်များကို ခိုတွယ်ပြီး ဘောင်ပေါ်ရောက်လာသည်။ သူ့လက်တစ်ဖက်မှာ ချိတ်ထားတဲ့ သဘက်အကျီလေးကို မွေးကိုယ်ပေါ်မှာ ဝတ်ပေးသည်။ ကိုကြီး မွေးကို ဒီလောက်အထိ မကြင်နာခဲ့ဖူးပါဘူး။ ခုတော့ ကြင်နာနေသည်။ အကြည့်များက နူးညံ့၍နေသည်။

"မင်း ... တော်တော် ထွားလာတာပဲ"

"အင်း ... ကိုကြီးက အရမ်းခန့်လာတယ်

မွေးနှင့် သူ အတူတူ ပြုံးဖြစ်ကြသည်။

"ပိုလှမလာဘူးလား"

"ပိုလှလာတယ်"

"ဩော် ... ဟင်း ... ဟင်း ..."

အမေးနှင့် အဖြေကို နှစ်ဦးသား ပြိုင်တူ ပြောမိလိုက်ကြသဖြင့် ရယ်မောဖြစ်သေးသည်။

"ဒက်ဒီတို့ ကြာမယ်ထင်တယ်"

"ဟုတ်တယ် ...၊ ဒက်ဒီ ပုတီးသက်စေ့ စိတ်ပြီး ဘုရား





မှာမို့ နည်းနည်းတော့ကြာမယ်၊ ပြီးတော့ သူတို့ ညနေစာပါ တစ်ခါတည်း စားလာကြလိမ့်မယ်"

"အင်း ... မင်းကတော့ အရင်လိုပဲနော်"

"ဘာကို ..."

"အိမ်မှာပဲ အိမ်တွင်း ပုန်းပုန်းနေတာကိုပေါ့"

"အံမယ် ... လျှောက်သွားပါတယ်နော်၊ မွေးက ကလေးလေးမှ မဟုတ်တာပဲ ..."

"အဘွားကြီး ဖြစ်နေပြီပေါ့"

"ဟွန်းနော်၊ ကဲ ... ကိုကြီး နားဦးမလား၊ မွေး အဝတ်အစား သွားလဲလိုက်ဦးမယ်နော်၊ ခဏစောင့် ..."

"အေးပါ ..."

ထင့်ရှေ့က သွက်သွက်ကလေး ပြေးဝင်သွားသော သူမကို မျက်စိတဆုံး လိုက်ကြည့်နေမိသည်။

ထင့် မျက်လုံးတွေက ခြံဝန်းတစ်ခုလုံးကို အလိုလို ဆုဝဲကြည့်မိသွားရာမှ လသာဆောင် ကြောင်အိမ်လှေကားဆီ အကြည့်ရောက်သွားမိပါသည်။ ထင် မျက်လုံးလွှဲလိုက်သည်။ အဲ့ဒီ ဒီနှုပ်အသံကို ထင် ရင်မဆိုင်ရဲပေမယ့် ထင် ပြန်လာချင်နေခဲ့တာ တိုက ထူးဆန်းမနေဘူးလားဗျာ ... ။

ထင် ညှော့ခန်းထဲမှာ အေးအေးလူလူထိုင်ရင်း မွေး ဆင်းအလာကို ထိုင်စောင့်နေလိုက်သည်။ ညှော့ခန်းထဲမှာ မိသားစု ဓာတ်ပုံကြီး ချိတ်ဆွဲထားတာ အရင်အတိုင်းပင် ... ။



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံရိုက်ဖြစ်ခဲ့တာလည်း မွှေး ဒက်ဒီကို ပူဆာပြီး ရိုက်ခိုင်းခဲ့၍ဖြစ်သည်။ ဒက်ဒီနှင့် ဒေါ်ပန်းနုက အလယ်မှာထိုင်နေပြီး ခင်နှင့် ထင်က ဒက်ဒီဘေးမှာရပ်၍ မွှေးက သူ့အမေဘေးမှာရပ်ပြီး အားလုံးပြုံးထားသော ဓာတ်ပုံကလေးကို ထင် ပြန်လည်ခံစားဖြစ်နေသည်။

ထိုစဥ် လှေကားပေါ်မှဆင်းလာသော ခြေသံကလေးကြား၍ ထင် အနောက်လှည့်ကြည့်လိုက်သည်။

ရင်ထဲမှာ ဒိတ်ခနဲ တအား ဆောင့်ခုန်၍သွားခဲ့သည်။ ဒူးရင်းအထိ ရှည်လျားနေခဲ့ပြီဖြစ်သော ဆံနွယ်မျှင်များက မွှေးခန္ဓာကိုယ်အနောက်ပါးမှာ ဖြာကျ၍ စင်းမွတ်နေခဲ့ပြီ။

ဖြူနုဖွေးလျသော သူမ ကိုယ်နေဟန်ထားက ရေချိုးပြီးစမို့ လန်းဆန်းတက်ကြွနေလေသည်။ ထင်သည် ငယ်ငယ်ကလေးကတည်းက ညှို့အားတစ်မျိုးရှိလက်စ မွှေးမျက်နှာကလေးပေါ်ကနေ ထင့်အကြည့်များကို လွှဲဖယ်၍ မရနိုင်သေးပေ။

"ကိုကြီး ... လုံး၀ suprise လုပ်လိုက်တာပဲ သိလား၊ မွှေးလုံး၀ ထင်မထားခဲ့ဘူး၊ ဒက်ဒီ ပြန်လာရင်လည်း အရမ်းအံ့သြပြီး ၀မ်းသာသွားမှာပဲ၊ ခင်လည်း ပျော်မှာပဲ ..."

"မွှေးကော ..."

"ဟင် ..."

"မွှေးကော ပျော်လား၊ ကိုယ့်ကို မြင်တော့လေ ..."

ထင့်ရင်ထဲက အလိုလို အဖျားခတ်နေသော အသံကလေးဖြင့် မေးမိသွားသောအခါ မွှေးက ဣန္ဒြေကြီးဆည်ပြီးလည်း ဟန်မဆောင်၊ ကလေးလိုလည်း မချွဲနွဲ့ပဲ ရိုးရိုးကလေး ခေါင်းညိတ်၍ နှုတ်ခမ်းနှင့်အတူ မျက်လုံးများကပါ ပြုံးပြလေသည်။

"ပြန်မသွားတော့ပါဘူးနော်"

ထင် စိတ်ထဲက သဘောကျ ပြုံး၍ ဘာမှ မတုံ့ပြန်ဖြစ်ပေ။

အဲဒီအချိန်မှာပဲ ဒက်ဒီတို့ ပြန်ရောက်လာခဲ့ကြသည်။ ခင့်ရဲ့ ပျော်ရွှင်စွာ ထင့်ရင်ထဲ တိုးဝင်ချွဲနွဲ့ပုံတွေ၊ ဒက်ဒီ၏ အံ့သြတကြီး မေးခွန်းထုတ်သံတွေကြားမှာ ထင် အလိုက်သင့် ပျော်ရွှင်နေခဲ့သလို သူမကလည်း ဘေးကလေးမှာ ဒေါ်ပန်းနုနှင့်အတူရပ်၍ ကြည်နူးနေရှာပါသည်။

တကယ်ဆို ကိုယ် မင်းအတွက် ပြန်လာတာပါ ကလေးရယ် ...။

❑ ❑ ❑







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

*   *   *

အဲ့ဒီနေ့က မွေး သူငယ်ချင်းအိမ်ကို သွားလည်ရင်း မှ မွေးနှင့် ကိုကြီးဟာ တကယ်ကို ပြီးဆုံးသွားပြီဆိုတာ သိလိုက် ရပါသည်။

မွေးသူငယ်ချင်း အမေက မွေးအတွက် အိမ် က တလောက်များ ရှာပေးမည်ဆိုပြီး သူမအိမ်သို့ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

အမေ့ အိမ်မှာပဲ နေ့လယ်စာ စားပြီး တစ်နေ့ နီးနီး ပျော်ပျော်ပါးပါး ရှိနေခဲ့ကြသည်။

အလုပ်အကြောင်းရော၊ တခြား အလွှာပွသ များလည်း ပြောဆိုပြီးမှ မွေး ပြန်ဖို့ပြင်လိုက်ပါသည်။

"မွေး ပြန်မယ် မီ"

"ဒါဆို မီ ခြံရှေ့ထိ လိုက်ပို့မယ်လေ၊ ဒီနေ့ ကားမပါ လား"





"အင်း ... မမောင်းချင်လို့ ထားခဲ့တာ၊ တက္ကဆီနဲ့ပဲလာတာ၊ တက္ကဆီနဲ့ပဲ ပြန်ရမှာပဲ၊ ဒါနဲ့ မီ့ မေမေကော၊ မွေးနှုတ်ဆက် ရအောင်"

"မီ့မေမေ မအားဘူးထင်တယ် မွေးရဲ့၊ ခုနက စိန်ကြည့်တဲ့ လူတွေ ရောက်နေကြတယ်၊ ဝါကျွတ်တော့မှာဆိုတော့ လက်ထပ် လက်စွပ်တွေ လာကြည့်ကြပြီလေ၊ ဆိုင်ပိတ် လည်း ခင်မင်သူတွေကတော့ ဒီလိုပဲ အိမ်ထိလာပြီး ဝယ် ကြတာပဲ"

"ဪ ... ဒါဆို မနှုတ်ဆက်တော့ဘူးနော်"

မီ့ အမေက စိန်ဆိုင်ပိုင်ရှင်ဖြစ်သဖြင့် စိန်လာကြည့် တဲ့ သူတွေကို ဧည့်ခံနေရသဖြင့် မွေး မနှုတ်ဆက်ဘဲ ပြန်ဖို့ ဆုံး ဖြတ်လိုက်သည်။

"ဟိုမှာလေ ... ဧည့်သည်တွေ တွေ့လား"

မီ ညွှန်ပြရာဆီသို့ မွေး လိုက်ကြည့်လိုက်သည်။ မီတို့ ဧည့်ခန်းက အလှမိနိုယံ ဘောဆွဲတံခါးနှင့် စတောကာမှန်များ ကာထားသဖြင့် ဧည့်ခန်းနှင့် လှေကားပေါ်က ဆင်းလာသူတို့ တိုက်ရိုက်မတွေ့နိုင်ပေ။

ဧည့်ခန်းကြီးက မီးများထိန်နေအောင် ထွန်းထား သဖြင့် အထဲကလူကို မွေးကမြင်နိုင်ပြီး မွေးကိုတော့ အထဲက မမြင်နိုင်ပေ။

ဧည့်သည်ဆိုသည့် အမျိုးသမီးဘေးက အမျိုးသားကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရချိန်တွင် မွှေးအသက်ရှူသံများ ရပ်တန့်သွားခဲ့ပါသည်။

"အံ့မယ် ... မင်္ဂလာလက်စွပ်သဘောများ မှတ်နေလား မသိဘူး၊ သူ့အမျိုးသမီးကို ဝတ်ပေးလို့ပါလား"

မီ ပြောသည့်အတိုင်းပင် ...။ ကိုကြီးက လက်စွပ်ကလေးကို ကိုင်ပြီး ဘေးက ကပ်ထိုင်နေသည့် အမျိုးသမီးကို ဝတ်ပေး၍နေသည်။ မျက်နှာကလည်း ပြုံး၍နေခဲ့သည်။ ကိုကြီးရဲ့ အမျိုးသမီးက ကိုကြီးထက် အသက်ကြီးပုံရပြီး အရမ်းကို ခေတ်ဆန်စွာ ဝတ်စားထားသည်။

သူတို့ နှစ်ယောက်လုံး၏ မျက်နှာမှာ အပြုံးတွေ ပွင့်ဝေ၍နေလေသည်။ မွှေး အကြည့်တွေကို လွှဲဖယ်လိုက်ပါသည်။

"သွားတော့မယ် မီ"

"အင်း ... လာ မွှေး"

မီက မွှေးလက်ကို ချိတ်ကာ တက္ကဆီလာသည့် လမ်းထိပ်ထိ လိုက်ပို့ပေးပါသည်။

"အင်း ... သူများတွေကတော့ ကြင်ရာစုံလို့ လက်စွပ်တွေ ရွေးနေတဲ့အချိန်မှာ တို့များကျတော့ ရည်းစားလေးတောင် မရှိပါလား မွှေးရယ်၊ ပျင်းစရာကြီးနော်"

"အမယ်လေး ... မီရယ်၊ တို့က ငယ်ပါသေးတယ်"

"နှစ်ဆယ်ကျော်တာ ဘယ်မှာငယ်တော့လို့လဲ မွှေးရယ်၊ နောက်တောင်ကျနေပါပြီ"





"မကျသေးပါဘူး မီရယ်၊ ခုမှ ကျောင်းပြီးကာစ အလုပ်စလုပ်တုန်းပဲ ရှိသေးတာကိုး"

"ဒါပေမယ့် ရည်းစားလေးတော့ ရှိသင့်ပြီ မွှေးရဲ့"

မွှေး မီ့ကို ဆက်ငြင်းမနေတော့ပေ ...။ ဒီအကြောင်းတွေလည်း ဒီပါးစပ်နဲ့ ပြောမနေချင် ...။

မွှေး နင့်နင့်နဲနဲ ခံစားနေရတာပဲ သိသည်။ သူ့အမျိုးသမီးဘေးနားမှ ပြုံးပြုံးကလေး ထိုင်နေသော ကိုကြီးမျက်နှာကိုပဲ မြင်နေမိသည်။

❑ ❑ ❑

"ကျေးဇူးပါပဲ ထင် ...၊ ဒီနေ့ မမကို ကူညီတဲ့အတွက် တစ်နေ့လောက် ထင့်ကို ထမင်းကျွေးပါဦးမယ်"

"ရပါတယ် မမရယ်၊ အပင်ပန်း မခံပါနဲ့"

"အို ... ကိုယ့်မောင်လေးကို ဝယ်ကျွေးတာပဲ၊ ပင်ပန်းစရာလားကွယ်၊ မမရဲ့ သိင်္ချာတွေကို မောင်လေးက အဖတ်ဆည်ပေးလိုက်တာပဲလေ၊ ဒီနေ့ မောင်လေးသာ မလိုက်ပေးခဲ့ရင် အဲ့ဒီ စိန်မကြီးက စကားနာထိုးနေဦးမှာ၊ ခုတော့ ပါးစပ်ကို ပိတ်ရောလေ"

"ဟင်း ...၊ ကျွန်တော် သွားမယ်နော် မမ"

"အေး ... မောင်လေး သွား သွား ...၊ ဂရုတစိုက်နဲ့ ကားမောင်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ ..."

မမ စံမဏီကို သူ့အိမ်ထိ လိုက်ပို့ပေးပြီးမှ ထင် အိမ်ပြန်လာခဲ့သည်။ မမစံမဏီဆိုတာက ထင်တို့ ကုမ္ပဏီရဲ့ ရှယ် ယာဝင် တစ်ဦးဖြစ်ပြီး အပျိုကြီးလည်း ဖြစ်သည်။

ဒီနေ့ သွားခဲ့သည့် စိန်ဆိုင်ပိုင်ရှင် ဒေါ်စိန်မမ၏ သားအကြီးနှင့် မမစံမဏီက တစ်ခါက ချစ်သူအဖြစ် ရည်ငံခဲ့ ကြသော်လည်း ဒေါ်စိန်မမ ခွဲပစ်လိုက်သောကြောင့် ကွဲကွာသွား ခဲ့ရခြင်းဖြစ်သည်။

မမစံမဏီက သူ့ရဲ့ချစ်ဦးသူကလွဲလျှင် မည်သည့် ယောကျ်ားမျိုးကိုမှ စိတ်မဝင်စားဘဲ အပျိုကြီးလုပ်နေခဲ့သော်လည်း ဒေါ်စိန်မမကိုတော့ မိန်းမအချင်းချင်း ကလီစာထိုးချင်ပုံရပါသည်။

ထင့်ကို အကူအညီ လာတောင်းရင်းကတော့ ...

"သူ့သားလို အိုနာကြီး ယူမယ့်အစား လှလှပပနဲ့ ခုံ ကောင်လေး ငယ်ငယ်လေးကို ရည်းစားထားနိုင်သေးတယ် ဆိုတာ ပြလိုက်ချင်တယ် ထင်၊ ဟိုရောက်ရင် ထင်က မမရဲ့ရည်းစား ပုံစံနဲ့ နေနော်၊ ဟန်မဆောင်တတ်ရင် မရှိဘူး၊ ဘာမှ မလုပ်တတ်ရင်တောင် မမမျက်နှာကို ပြုံးပြုံး လေး စိုက်ကြည့်နေ သိလား၊ မမကတော့ အဘွားကြီး ရှေ့မှာ ထင်နဲ့ အိကို အိပြလိုက်ဦးမယ်"

သူ့အပြောအတိုင်းပင် ဒေါ်စိန်မမရှေ့၌ ထင့် လက် မောင်းကို ခပ်ဖွဖွချိတ်၍ ထင့်ကိုလည်း မောင် ... မောင်နှင့် ခွဲ၍ နေလိုက်တာ ထင်တောင် အော့ချင်လာသည်။





"လက်စွပ်လေး အစမ်းဝတ်ရအောင် မောင်"

ဆိုပြီး လက်စွပ်ချင်း အပြန်အလှန် ဝတ်ပေးပြီး တစ်ယောက်ကို တစ်ယောက် ရွှန်းရွှန်းစားစားလေး ကြည့်ရသေး လေသည်။ ဒေါ်စိန်မမရဲ့ သမီးအငယ်ဆုံးလေးဆိုတဲ့ တစ်ယောက် က ...

"မမနဲ့ အစ်ကို့ကိုကြည့်ရတာ လိုက်ဖက်လိုက်တာရှင် ...၊ မီတောင် အားကျတယ်၊ မမက အရမ်းနုပျိုတာပဲနော်"

"ဪ ... ညီမလေးက အန်တီရဲ့ သမီးအငယ်ဆုံးလေး ထင်တယ်၊ အန်တီနဲ့ မမ နောက်ဆုံးတွေ့တော့ ညီမလေး က နှစ်နှစ်လား ရှိသေးတာ၊ အင်း ... နှစ်နှစ်ဆယ်တောင် ရှိပါရောလား ... နော်၊ ညီမလေးရယ် မမက ကိုယ့်အလှ ကိုယ်တန်ဖိုးထားပြီး ငယ်ငယ်ကတည်းက ထိန်းထိန်းသိမ်း သိမ်း နေခဲ့တာလေ၊ အခုလိုအရွယ်ကျတော့ ကိုယ့်ထက် ငယ်တဲ့သူနဲ့ တွဲနေတာတောင် လိုက်ဖက်တုန်းလေ၊ ဟုတ် တယ်နော် ... အန်တီစိန်"

စကားနာထိုးခြင်း၊ အငေါ်တူးခြင်းများ စိတ်လိုလက် ရ စိတ်တိုင်းကျလုပ်ပြီးမှ သိန်းတစ်ရာ့ငါးဆယ်တန် စိန်လက်စွပ် နှစ်ကွင်းကို ချက်ချင်း ငွေချေပစ်ခဲ့တာပင်ဗျ ...။

ထင်ကတော့ မျက်နှာပူစွာနှင့် မမလုပ်သမျှကို ဟန် ဆောင်ပြုံးနေရင်းဖြင့် အဘွားလောက်ရှိနေသော ဒေါ်စိန်မမကြီးနှင့် မျက်လုံးချင်းတောင် မဆုံနိုင်အောင် အားနာနေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ မိန်းမတွေဟာ စကားနာ ထိုးခွ
ရဖို့အရေးမှာပင် ငွေတွေ ကုန်ရတာလည်း မမှုပေ ...။ သိက္ခာ
ကျတာလည်း မမှုတတ်ကြပေ ...။

တကယ်ဆိုရင် ဒေါ်စိန်မမကို စကားနာထိုးလိုက်ရ
အားရခဲ့ရလျှင်တောင် မမရဲ့အသည်းများက ကွဲကြေရာမှ ပို၍
ကြေမွပေဦးမည်။ ဒေါ်စိန်မမကလည်း ငြိမ်ခံကျန်ခဲ့လေတာမှမဟု
ဘဲ။ သိန်းသုံးရာ အပုံကြီးကို သူ့ဘက်ဆွဲယူလိုက်ပြီးမှ ...

"သားကတော့ ခု နိုင်ငံခြားမှာ မြေးတောင် ရတော့
လေ စံမထီ၊ သူ့မိသားစုနဲ့ ငြိမ်းချမ်းနေလိုက်တာ၊ အန
စိန်တောင် တရားမရသေးဘူး၊ သူက အရာရာကို တ
လေးနဲ့ ယှဉ်ယှဉ်တွေးပြီး အေးချမ်းနေပြီလေ"

တဲ့ ဗျာ ...။

❑ ❑ ❑



## အခန်း(၂၂)

* * *

မွေးသည် ပိဇာကို ငြိမ်ငြိမ်လေး ငုံ့စားနေရင်းက ကိုနေရောင်၏ လှိုက်မောဖွယ်ရာ အကြည့်များကို လက်ခံယူနေရပါသည်။

ကိုနေရောင်၏ နှုတ်ခမ်းလေးများ တဖြည်းဖြည်း ... လှုပ်ဟလာခဲ့သည်။ မွေး သက်ပြင်းငယ်လေးတစ်ခု ချလိုက် ...သည်။

"ကိုယ် ... မွေးကို သိပ်ချစ်တာပဲ မွေးလေးရယ်၊ ကိုယ့်ကို ယုံရဲ့လားဟင် ..."

မွေး ခေါင်းညိတ်ပြလိုက်ပါသည်။ သူကလည်း ကျေ ...မှာ ပြုံးနေသည်။ ကော်ဖီအေးကို ပိုက်ကလေးနှင့် စုပ်သောက် ...သော ကိုနေရောင့် နှုတ်ခမ်းများက နီရဲလို့နေသည်။

"ကိုယ့်ကို ချစ်လားဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



နမူးနဲ့ ပါးပေါ်က ဆံစများကို ဆတ်ခနဲ တစ်ချ
ခါလိုက်ပြီး မွေးကို မေးခွန်းထုတ်လာသောအခါ မွေး မပြောတ
အောင် ဖြစ်နေရသည်။ မွေးမပြောဘဲ အကြည့်တွေကို ခပ်လွဲ
လေး လုပ်ထားလိုက်သည်။

"ကိုယ် ဓာတ်ပုံဆိုင် ဖွင့်တော့မယ် မွေး၊ ကိုယ် ခုထ
ပိုပြီး ကြိုးစားရတော့မယ်ဆိုတာ သိလာတယ်၊ မွေး
နေထိုင်နေရတဲ့ ဘဝမျိုးကို အဆင်သင့်ထားနိုင်ဖို့ဆို
ကိုယ့်အတွက် မလွယ်တာမှန်ပေမယ့် ထားနိုင်အောင် ကြိ
စားမှာပါ"

မွေး ရင်ထဲမှာ သူ့ကိုအားနာသွားပြီး ...

"မွေးအတွက် ဒါတွေ မလိုပါဘူး ကိုနေရောင်ရယ်၊ မွေ
ရင်ထဲက တကယ်ချစ်မိလာရင် မွေး ကိုနေရောင့်ကို ပြေ
မှာပါ၊ ခု မွေးမှာ အဖြေအဆင်သင့် မရှိသေးလို့ပါ၊ မွေ
တမင်တကာ အိုက်တင်လုပ်တာမဟုတ်ပါဘူး"

"ကိုယ် သိပါတယ် မွေးရယ်၊ ဒါပေမယ့် ကိုယ် မွေ
စိတ်မချဘူး ဖြစ်နေတယ်"

"စိတ်မချဘူး၊ ကိုနေရောင်က ဘာကို စိတ်မချတာလ"

"တစ်မျိုးတော့ မထင်ပါနဲ့ ...၊ ကိုယ် မေးပါရစေ
မွေးကို ခင့်ရဲ့အစ်ကို ထင်လကျာ်က လက်ထပ်ခွင့်တော
ခဲ့ဖူးတယ်ဆို ..."

"ကိုနေရောင့်ကို ဘယ်သူပြောလဲ"





"ခင်လကျာ် ပြောတာပါ"

"ခင်လကျာ် ..."

မွေး တစ်စုံတစ်ခုကို သဘောပေါက်၍သွားပါသည်။
မွေး ခပ်ထေ့ထေ့ ပြုံးလိုက်ပါသည်။

"ဟုတ်တယ် ကိုနေရောင်၊ တကယ်တော့ မွေးနဲ့ ကိုကြီးကို
အားလုံးက သဘောတူနေခဲ့တာကို ကိုကြီးက လက်ခံခဲ့
ပေမယ့် မွေး ငြင်းခဲ့တာပါ"

"မွေးက ဘာလို့ ငြင်းခဲ့တာလဲ"

"မွေး ငယ်သေးလို့ပါ"

"မချစ်လို့လား ..."

"အင်း ... ဆိုပါတော့၊ မွေး လက်ထပ်ချင်စိတ် မရှိလို့
ငြင်းခဲ့တာပါပဲ ...၊ မွေး ငြင်းလိုက်တော့ ကိုကြီးက အတင်း
အကျပ် မတောင်းဆိုဘဲ မွေး စိတ်တိုင်းကျ လိုက်လျောခဲ့
ပါတယ်"

မွေးက ရှင်းပြသင့်သလောက် ရှင်းပြခဲ့ပြီးပေမယ့်
ကိုနေရောင့် မျက်ဝန်းရိပ်ထဲတွင် ရိဝေနေသေးခြင်းကို ကြည့်ရုံနှင့်
ခင်လကျာ် အဆုံးစွန်ထိ လီဆယ်ခဲ့ပြီဆိုတာ မွေးရိပ်မိလိုက်သည်။

"ကိုကြီးနဲ့ မွေးက ငယ်ငယ်လေးကတည်းက အတူနေခဲ့
တယ်ဆိုပေမယ့် သန့်ရှင်းခဲ့ပါတယ်၊ အဲ့ဒါတော့ ကိုနေရောင်
စဉ်းစားပြီးမှ ယုံပေးပါ၊ ဘယ်သူတွေ ဘာပဲပြောခဲ့ပြောခဲ့၊
ကိုနေရောင် ဘာပဲ ကြားခဲ့ ကြားခဲ့ပေါ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မွေးကို ယုံပါတယ် မွေးရယ်၊ တစ်မျိုးမထင်ပါနဲ့၊ ခု ခင့်အစ်ကို ပြန်ရောက်လာပြီလို့ ကြားတယ်၊ ဒါကြောင့် ကိုယ် စိတ်ပူတာပါ၊ ဒုတိယအကြိမ် မွေးဆီက လက်ထပ် ခွင့် တောင်းလာမှာကို ကိုယ် အရမ်းစိုးရိမ်နေတယ်"

"မဖြစ်နိုင်ပါဘူး ကိုနေရောင်၊ ကိုကြီးက မွေးကို ဘယ်တော့ မှ လက်ထပ်ခွင့်တောင်းမှာ မဟုတ်ပါဘူး၊ မွေး ငြင်းတာကို သူ ဒုတိယအကြိမ် မခံနိုင်ပါဘူး၊ ပြီးတော့ သူ့မှာလည်း ချစ်သူရှိနေပါပြီ ...၊ သူ့ချစ်သူနဲ့ လက်ထပ်လက်စွပ် ဝယ် နေတာတောင် မွေး တွေ့ထားပြီးပါပြီ"

"ဟုတ်လား ..."

"အင်း ..."

"ဝမ်းသာလိုက်တာကွာ၊ ဒါဆို ကိုယ် စိတ်ချပါပြီ"

မွေး ရင်ထဲမှာ ဘာလို့များ နာကျင်သွားရပါလိမ့်။

ကိုနေရောင် စိတ်ချနိုင်အောင် ပွင့်ပွင့်လင်းလင်း ပြောလိုက်ရပြီးမှ မွေး ဝမ်းနည်း၍လာသည်။ မျက်ရည်က လိမ့် ဝင့်တက်လာတာကြောင့် ...

"သွားရအောင် ကိုနေရောင်၊ ဈေးလည်းဝယ်ပြီးပြီ၊ မုန့် လည်း စားပြီးပြီဆိုတော့ မွေး ပြန်ချင်ပြီ"

"ကိုယ်ကတော့ မွေးနဲ့ မတွေ့ခင်မှာလည်း တွေ့ချင်တယ် တွေ့နေရရင်လည်း မပြန်ချင်ဘူး၊ ဒီမျက်နှာလေးကို သေ ကို မဝဘူး"





ရွှန်းလဲ့အိသော မျက်ဝန်းများဖြင့် ငေးမောကာ ပြောသဖြင့် မွေးပြုံးလိုက်ပါသည်။ နောက် နှစ်ယောက်အတူ centre ထဲက ထွက်လာခဲ့ပါသည်။

"ကိုယ် ကားမောင်းပေးရမလား မွေး"

"ဘာဖြစ်လို့လဲ ကိုနေရောင်"

မွေးကိုကြည့်ကာမေးခွန်းထုတ်လိုက်သော ကိုနေရောင့်ကို မွေး ပြန်မေးလိုက်စဉ်မှာပဲ မွေး မျက်လုံးထဲမှာ ကိုကြီးနှင့် ခင် ကားထဲက ဆင်းလာကြတာကို တွေ့လိုက်ရသည်။ သူတို့ မွေးကို မတွေ့သေးခင်မှာပဲ ကိုနေရောင်နှင့် ခွာခွာလေး လျှောက် လာရာမှ မွေးလက်များက ကိုနေရောင့် လက်မောင်းကို ချိတ်ခို လိုက်သည်။

"မွေးပုံကလေးက စိတ်ပျံ့လွင့်နေသလိုပဲ၊ အဲ့ဒါကြောင့် ကိုယ် မောင်းပေးရမလားလို့ ..."

"ကိုနေရောင်က အလိုက်သိလိုက်တာ ..."

ဆိုပြီး မွေး သူ့ကို တွဲခိုလိုက်တော့ သူပင် အံ့သြ၍ သွားပြီး နှုတ်ခမ်းရဲရဲကလေးက ကျေနပ်စွာ ပြုံး၍သွားလေသည်။

ဘယ်လိုလုပ်မလဲ ...။ ကိုကြီးနှင့် ခင် မွေးတို့ကို တွေ့သွားပြီ။ ရှောင်လို့မရလောက်အောင် မွေးတို့ အရှေ့တည့်တည့် ကနေ လျှောက်လာနေကြပြီ။

"ဟော် ... ဟိုမှာ ခင်လက်ျာပါလား မွေး၊ သူ့ဘေးကလူ ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးပါ ..."

"ခြော် ..."

ဝဖြည်းဖြည်းနှင့် ကိုကြီးနှင့် မွေး နီးကပ်လာခဲ့ပြီ။ မွေးတို့ ရင်ဆိုင်လိုက်ကြရပြီ။

ကိုကြီး အကြည့်တွေက မွေးထံမှာပဲ စူးနစ်နေခဲ့တာ ဘာကြောင့်များပါလိမ့် ...။ ခင်လကျွာ၏ ဒေါသအမြိုက် တောက် လောင်နေသော မျက်ဝန်းများကို တူးဆွဖို့လား၊ ကိုကြီး မြင်အောင် အရွဲ့တိုက်ချင်တာလား၊ ဘယ်တစ်ခုကြောင့်ဆိုတာ မသေချာသေ ဖယ့် မွေး ကိုနေရောင့်ကို ရဲရဲဝံ့ဝံ့ ခိုတွဲထားမိနေပါသည်။

"ဈေး လာဝယ်တာလား မွေး"

ကိုကြီးက နှုတ်ခမ်းဖျားကို ဆတ်ခနဲ တွန့်ပြုံးလိုက် ပြီး ပုံမှန်လေသံကလေးဖြင့် မေးလာခဲ့ပါသည်။

"ဟုတ်ကဲ့ ... မုန့်လာစားတာပါ ကိုကြီး၊ ကိုကြီးကရော ..."

"ခင်လေ ... ဖိနပ် ဝယ်ပေးပါဆိုလို့ ..."

"မိတ်ဆက်ပေးလိုက်ဦးလေ ပန်းမွေးခတ္တာ"

ခင်လကျွာ၏ ထေ့နောက်နောက် အသံကြောင့် မွေး အာရုံနောက်သွားခဲ့ပါသည်။

"ကိုကြီး ညီမက ရှက်နေတယ်ထင်တယ်၊ ကဲ ... ကဲ ... သွားပါ၊ ကိုကြီးတို့လည်း အချိန်သိပ်မရလို့ သွားလိုက်ဦး မယ်၊ လာလေ ... ခင်"

အခြေအနေကို အနေမခက်စေရန် ကိုကြီးက ရှောင်





ခွက်ပေးသွားပါသည်။ မွေးမျက်နှာကလေးမှာ စိတ်ထဲက လှုပ်ရှား မှုများ ပေါ်လွင်မနေစေရန် ဟန်ဆောင်ထိန်းချုပ်ထားနေရပါသည်။

"ကျေးဇူးတင်ပါတယ် မွေးရယ်၊ မွေး အစ်ကိုရှေ့မှာ ကိုယ့် လက်ကို တွဲပြပေးခဲ့တဲ့ အတွက်ပေါ့"

မွေးကတော့ ကိုနေရောင့်အပေါ် တရားခဲ့ရဲ့လား သိတော့ပါ။ သေချာတာတော့ တစ်စုံတစ်ခုကို အနိုင်ယူချင်လို့ ကိုနေရောင့်ကို အသုံးချမိခဲ့ပြီထင်သည်။

❑ ❑ ❑

"ဖြည်းဖြည်းသွားဝါ ကိုထင်ရယ်၊ အလာတုန်းက ဒီလိုခြေ လှမ်း မဟုတ်ပါဘူး၊ ဘယ်လိုဖြစ်ရတာလဲ"

ခင်လကျွာ၏ အငေါ်တူးစကားကြောင့် ထင့် ခြေ လှမ်းတွေ အနည်းငယ် တုံ့ဆိုင်းသွားခဲ့သည်။

ထင် ဘယ်လောက်အထိ စိတ်လှုပ်ရှားနေခဲ့ရသလဲ ဆိုတာသာပဲ သိနေခဲ့ပါသည်။ ပန်းမွေးခတ္တာ ချစ်သူရည်းစားနှင့် လာတာကို ကြည့်ဖို့မဆိုထားနှင့်၊ စာသင်တာတောင် အမျိုးသမီး ဘတ်လျှင် ထင် ကြည်ဖြူခဲ့ဖူးလို့လား ...။

ထင့်ရှေ့မှာမှ တစိမ်း ယောကျာ်းတစ်ယောက်ရဲ့ လက်ကို အားကိုးတကြီး ခိုတွယ်ထားတာဟာ ထင့်ကို စော်ကား လိုက်တာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိနေဖို့မဆိုထားနှင့် အင်ဂျင်နီယာတစ်ယော
နှင့် အလုပ်အတူလုပ်နေပြီဟု ဒက်ဒီပြောပြခဲ့တဲ့အကြောင်းကြော
လည်း ထင် ပြန်လာဖြစ်ခဲ့ခြင်းဖြစ်သည်။

ထင့် ရင်ဘတ်ကြီးက အကြီးအကျယ်ကို မြင့်လိုက်
မောက်လိုက် ဖြစ်နေသည်။

"သိပ်လည်း ခံစားမနေပါနဲ့ ကိုထင်ရယ်၊ မီပါသေးတယ်"

"အဲ့ဒါ ဘာစကားလဲ"

"ကိုထင် ပန်းမွေးခတ္တာကို လက်ထပ်ခွင့်တောင်းနိုင်တ
လို့ ပြောတာလေ ...၊ ခု သူတို့က ချစ်သူဖြစ်ကြသေး
မဟုတ်ပါဘူး၊ တွဲကြည့်နေကြတဲ့ သဘောပါ၊ ခုနကလည်း
ပန်းမွေးခတ္တာ မျက်နှာတစ်ခုလုံး ဖြူလျော်နေတာ မ
ဘူးလား၊ အဲ့ဒါ ကိုကြီးကို ရှက်နေလို့ပေါ့ မဟုတ်ဘူးလ

ထင် စိတ်ဝင်စားပေမယ့်လည်း အကြည့်မျာ
ပစ္စည်းတွေဆီကိုပဲ ပို့လွှတ်ထားလိုက်ပါသည်။

"မပြောနဲ့တော့ ခင်လကျာ၊ ငါ ဒါတွေ မကြားချင်
ခင် ဘာဖိနပ်ယူမှာလဲ၊ ကြိုက်တာယူ၊ ပြီးရင် မုန့်စား
မယ်"

ခင်က ထင်နဲ့ အလိုက်သင့်ကလေးပဲ ဖိနပ်ရွေး
ကာ ထင်ရွေးသည့် ဆိုင်မှာပဲ မုန့်စားခဲ့သည်။ ထင့်ရဲ့ အပြင်းအ
စားနေပုံကိုကြည့်ပြီး ခင်က စုတ်တစ်ချက် သပ်လိုက်ပြီး ...

"သြော် ... သြော် ... တို့ ကိုကို တစ်ခါမှ ဒီလောက် မ





ဖူးပါဘူး၊ ခု ဘယ်လိုဖြစ်လို့ စားကောင်းနေပါလိမ့်နော်၊
ခင်တောင် သနားလာပြီ၊ ပြောပါ ... အကူအညီလိုရင်
ခင် အစုအဆုံး ကူညီပါ့မယ်"

ထင် ဘာမှ မတုံ့ပြန်ဖြစ်နေချိန်မှာပဲ ထင့်ဆီကို
ဖုန်းကဝင်လာသည်။

"ဘာလဲ ... ဒါလေးတောင် မလုပ်တတ်ဘူးလား၊ ငါမရှိ
တုန်းက မင်းတို့ ဘယ်လိုလုပ်ခဲ့ကြသလဲ၊ နေရာတကာ
ငါ့ကို အားကိုးမနေနဲ့ ..."

ထင့် အတွင်းရေးမှူးကို ထင် တစ်ခါမှ မအော်ခဲ့ဖူး
ပေမယ့် ခု အော်ဟစ်မိပြီ။ သေချာတာကတော့ ထင့်စိတ်တွေ
ပုံမှန်မဟုတ်ဘူး ထင်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

* * *

ထင့် ခြေလှမ်းတွေသည် အပြင်းအထန်ကို မြန်ဆန်၍နေပြီး စိတ်တွေဟာလည်း အလွန်အမင်း လှုပ်ရှား၍နေပါသည်။

ကုမ္ပဏီအတွင်းက လက်ထောက်အင်ဂျင်နီယာရဲ့ အခန်းတံခါးကို ဆောင့်ဖွင့်ပစ်လိုက်ပါသည်။

ဂတ်စ်စုံတစ်ခုကို အာရုံစိုက် အလုပ်ရှုပ်နေသော မွေးမျက်နှာကလေးက ရုတ်တရက်မို့ လန့်သွားလေသည်။

ထင် ခပ်တည်တည် တိုးဝင်သွားခဲ့လျှင် မွေးက လုပ်လက်စ အလုပ်ကို ခဏရပ်ပြီး မတ်တတ်ထလာလေသည်။

"ကိုကြီး... ဘာကိစ္စရှိလို့လဲ"

"ငါ မင်းကို ပြောစရာရှိတယ်၊ ငါနဲ့ အပြင်ခဏ လိုက်ခဲ့ပေးပါ ပန်းမွေးခတ္တာ"





"ကိုကြီး... ဘာဖြစ်နေတာလဲ၊ ဒါ အလုပ်ချိန်လေ၊ အလုပ်ချိန်မှာ ဘယ်သူက ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ အပြင်သွားလို့ရလို့လဲ၊ ကိုကြီး ဒီကုမ္ပဏီရဲ့ ပိုင်ရှင် မဟုတ်ဘူးလား"

ထင်သည် အရှေ့အနောက် စဉ်းစားမနေနိုင်တော့ဘဲ သူမဘေးကို အမြန်တိုးကပ်ကာ သူမ ခန္ဓာကိုယ်လေးကို ထင့်ရင်ခွင်ထဲသို့ သိမ်းပိုက်လိုက်ပါသည်။

ရုတ်တရက်မို့ ထင့်ရင်ထဲသို့ ခပ်တောင့်တောင့်လေး လိုက်ပါလာခဲ့သော မွေးသည် သတိဝင်လာသောအခါ ရုန်းထွက်၍နေပါသည်။

"ကိုကြီး မွေးကို လွှတ်ပေးပါ၊ ဒါ ရုံးခန်းနော်၊ သတိထားပါဦးရှင်၊ လွှတ်ပါ ကိုကြီးရယ်"

"ဟင့်အင်း... လုံးဝမလွှတ်နိုင်ဘူး ပန်းမွေးခတ္တာ၊ ဒီတစ်ခေါက် ငါပြန်လာတာ မင်းကို လက်ထပ်ဖို့ပဲ...၊ ငါ မျိုသိပ်မထားနိုင်တော့ဘူး၊ မင်း ငါ့ကို လက်ထပ်ပါ ပန်းမွေးခတ္တာ"

"မြည်းမြည်းပဲ ပြောကြရအောင် ကိုကြီးရယ်... နော်၊ မွေးကို လွှတ်ပေးပါ"

"ဟင့်အင်း... ငါ့ကို လက်ထပ်မယ်လို့ မင်းမပြောမချင်း ငါ မလွှတ်ဘူး"

မွေး ခဏငြိမ်သက်၍ သွားသည်။ ထင့် အသက်ရှူသံတွေက ပြင်းထန်နေပေမယ့် စိတ်လှုပ်ရှားစွာဖြင့် တံတွေး



www.burmeseclassic.com

www.burmeseclassic.com



မျိုချနေသော မွေးလည်ချောင်းတွင်းက အသံကလေးများကို ကြား နေရသည်။

နောက် မွေး သက်ပြင်းချပစ်လိုက်ပါသည်။ ထင် မျှော်လင့်ထားခဲ့ပါသည်။ ကိုယ့်အတွက် မင်းပဲရှိပါတယ် ကလေး ရယ်…။

ကိုယ့်ကို မရက်စက်လိုက်ပါနဲ့ကွာ…။ ကိုယ် ခံနိုင် ရည် တကယ် မရှိတော့လို့ပါ…။ ခုနေ မင်းသာ ငြင်းလိုက်မယ် ဆိုရင်၊ ကိုယ့် မျှော်လင့်ချက်တွေ စုတ်ပြတ်သတ်ကုန်လိမ့်မယ်။ ပြောပါ ကလေးရယ်…။ ကိုယ်နဲ့ လက်ထပ်ပါ့မယ်လို့လေ…။

"မွေး … ကိုကြီးနဲ့ …"

သူ မျက်လုံးတွေ မှိတ်ထားခဲ့သည်။ အံတွေ ကြိတ် ထားခဲ့သည်။ တင်းကြပ်သထက် တင်းကြပ်စွာ ဖက်တွယ်ထားခဲ့ သည်။

"ကိုကြီး … ကိုကြီးနဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပေဘူး ပါဘူး"

ထင့် နားစည်များ ကွဲထွက်သွားပြီလားတောင် ထင် ရသည်။ မွေး အသံကလေးက အင်အားပျော့တော့ တိုးလျှနေတယ် ဆိုပေမယ့် ထင့်နားစည်သာမက ရင်တစ်ခုလုံးပင် ကွဲအက်ရှသွား ခဲ့ပါသည်။

အသိမဲ့ ခန္ဓာကိုယ်လိုမျိုး ထင့်လက်တို့က မွေးဆီမှ ကွာကျသွားခဲ့ပါသည်။





"ဘာဖြစ်လို့လဲ…၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ…"

"ကိုကြီးမှာ အပြစ်မရှိပါဘူး…"

"ဒါဆို မင်းမှာ ချစ်သူရှိနေလို့လား၊ ဟိုကောင်…၊ မနေ့က တွေ့ခဲ့တဲ့ ကောင်ကြောင့်လား၊ ပြောစမ်း… မွေး၊ မင်း ငါ့ကို ထပ်ငြင်းပြန်ပြီနော်…၊ ငါ မင်းကို လုံးဝ ခွင့်မလွှတ်နိုင် တော့ဘူး သိလား…"

"ဟုတ်တယ်… မွေးမှာ ချစ်သူရှိနေပြီ၊ အဲ့ဒါကြောင့် မွေး ကို ခွင့်မလွှတ်ဘူးဆိုလည်း ရတယ်၊ ကိုကြီး သဘောပဲ"

ကိုကြီးက မွေး လက်မောင်းနှစ်ဖက်ကို အတင်း ဆုပ်ကိုင်လိုက်ပြီး…

"မပြောနဲ့…၊ မင်းရဲ့ချစ်သူဟာ ငါပဲဖြစ်ရမယ်၊ ငါမဟုတ် ဘဲ တခြား ဘယ်ယောကျ်ားကိုမှ မင်း မချစ်ရဘူး"

မွေး ကိုကြီး လက်ချောင်းများကို ဖယ်ချပစ်လိုက် ပါသည်။

တော်ပါတော့ ကိုကြီးရယ်…။ မွေးမှာ ခံနိုင်ရည် မရှိတော့လို့ပါ။

"မသိခဲ့ဖူးလား မွေးရယ်၊ ငါ မင်းကို လှိုက်လှိုက်လှဲလှဲ ချစ်နေခဲ့ရတာကိုလေ…၊ မင်း တော်တော် ညံ့တဲ့ မိန်းမပဲ ကွာ၊ ကဲ… အခုသိပြီ မဟုတ်လား၊ ပြောပါ… ကိုယ့်ကို ချစ်တယ်လို့၊ ပြောပါကွာ၊ ကိုယ် ရူးတော့မယ်…"

မွေး မျက်ရည်များက တားမရနိုင် စီးကျလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မျက်စိစုံမှိတ်လိုက်စဉ်မှာ မီတို့အိမ်မှာ ကိုကြီးနှင့် အမျိုးသမီး တစ်ယောက်ကို ပြန်မြင်လာရပါသည်။

"ကိုယ့်ကို လက်ထပ်မယ် မဟုတ်လားဟင်၊ မင်းမှာ ချစ်သူ ရှိတယ်ဆိုတာ ညာတာမဟုတ်လား၊ တကယ်တော့ မင်း အတွက် လောကမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတာပါ မွေးရယ်"

ကိုကြီး မျက်နှာက နီရဲကာ မျက်ရည်များလည်း ရွှဲနစ်၍နေလေသည်။

မကြာခင်မှာ မွေး အပြင်လွှတ်ထားသော မွေးရဲ့ အတွင်းရေးမှူးကလေး ရောက်လာတော့မယ်။ မွေးကိစ္စကို အပြီး ရှင်းရတော့မည် မဟုတ်လား...။

"ကိုကြီး... မွေးကို ပိုင်ဆိုင်ချင်စိတ်တွေ ပျောက်လိုက်ပါ ဘာအတွက်ကြောင့် မွေးကို ချစ်တဲ့အကြောင်းတွေ လာ ပြောနေမှန်း မသိပေမယ့် ကိုကြီးမှာ ရည်ရွယ်ထားတဲ့သူ ရှိပြီးသားဆိုတာ မွေးသိပါတယ်၊ အဲ့ဒါထက် မွေး ကိုကြီး ကို မချစ်ပါဘူး၊ မွေးကို မေ့လိုက်ပါတော့ရှင်..."

မွေး စကားအဆုံးမှာ ကိုကြီးက မျက်ရည်တွေကို ပွတ်သုတ်လိုက်ပြီး မွေးကို အသေအချာ စိုက်ကြည့်၍ ကြာမြင့်စွာ ရပ်နေခဲ့သည်။ မွေးမှာ အနေခက်နေသော်လည်း မငိုမိအောင် အံကို တင်းတင်းကြိတ်ရင်း မျက်နှာလွှဲထားခဲ့ပါသည်။

"ရက်စက်တာလား ပန်းမွေးခတ္တာရယ်၊ မင်း ငါ့ရင်ကို





အခါခါ ခွဲတယ်နော်၊ ကောင်းပါပြီလေ... ငါမှားသွားခဲ့ ပါတယ်"

ကိုကြီးသည် တစ်ချက် ရှုံ့မဲ့လိုက်ပြီး မျက်ရည် များကို လက်ဝါးကြီးများဖြင့် တို့သုတ်ပစ်ပြီး မွေး အခန်းထဲက ထွက်သွားပါသည်။

ကိုကြီး မရှိတော့ဘူးဆိုတဲ့ အသိကြောင့် မွေး ရင်မှာ ဟာကျန်ခဲ့သဖြင့် ပါးစပ်ကို လက်ဝါးဖြင့်အုပ်ကာ စိတ်လွှတ်၍ ငိုချလိုက်ပါသည်။

*"အမှန်တကယ် xxx ဖွင့်ပြောပြချင်ပါတယ် xxx ကိုယ်ချစ်ခဲ့တာ အမှန်ကွယ် xxx ကိုယ့်စိတ်ကူးအိပ်မက်တွေရယ် အမှန်တကယ် လှည့်စားဖို့ရာ မရည်ရွယ် xxx မျှော်လင့်ချက်သာ ပြန်လည် ဟန်ဆောင် ထိန်းသိမ်းကာရယ် xxx တကယ်ဆို အသည်းကွဲမှာ ကိုယ်ကြောက်နေတယ် xxx "*

မွေးသည် ငိုလို့မဝခင်မှာပဲ အတွင်းရေးမှူးလေးဆီက ဖုန်းကို ပြန်ထူးလိုက်ပါသည်။

"ဟဲလို... မမ၊ ဒီ... ဒီမှာ ကို... ကိုထင်လကျော် မေ့လဲ သွားလို့၊ ကျွန်မ... ဘာ... ဘာလုပ်ရမလဲဟင်"

သူ့စကားပင် မဆုံးသေး မွေး အပြေးအလွှား လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့လျှင် ဝင်ပေါက်၌ ဝန်ထမ်း တွေ အုံနေသည်ကို တွေ့ရသည်။

ကောင်လေးများက ကိုကြီးကို ပွေ့ပြီး ကားပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြချိန်မှာ ထိုကားပေါ်သို့ မွေးလည်း ပြေးတက်ခဲ့သည်။ သို့ပေမယ့် ကိုကြီး သတိရမလာခဲ့ပါ။ ဆေးရုံရောက်ပြီး ဆရာဝန်တွေ အရေးပေါ် ကုသပေးလိုက်တော့မှ သတိပြန်ရ လာခဲ့ပါသည်။

သို့ပေမယ့် အပြင်မှာ ရပ်စောင့်နေရသော မွေးက လွဲလျှင် ဒက်ဒီနှင့် ခင့်ကိုတော့ အတွေ့ခံခွင့် ပြုခဲ့သည်ပေ ...။

မွေး ဘာမှားလို့လဲ ကိုကြီးရယ် ...။

❏ ❏ ❏



## အခန်း(၂၄)

* * *

"နှလုံး အားနည်းနေတာပါ၊ အိပ်ရေးပျက်တာတွေ များပြီး စိတ်ကယောင်ချောက်ချား ဖြစ်ရာက shock ရသွားတာ၊ စိုးရိမ်စရာမရှိပါဘူး၊ သူစိတ်ချမ်းသာအောင် မိသားစုက သူ့ကို ဂရုစိုက်ပေးလိုက်ရင် နေကောင်းသွားမှာပါ"

ဆရာဝန်ကြီး မှာလိုက်တဲ့အတိုင်း ကိုကြီးကို မွေးတို့ ဂရုစိုက်နေကြရပါသည်။ ကိုကြီးက မွေးကိုတော့ လုံးဝ အတွေ့ မခံခဲ့ပေ။

တစ်ပတ်လောက်အကြာမှာတော့ ကိုကြီး နေကောင်း သွားခဲ့ပါသည်။ အလုပ်ကို မသွားနိုင်သေးပေမယ့် ကျန်းကျန်းမာမာတော့ ရှိနေခဲ့ပါသည်။

တစ်ခုသော မနက်ခင်းမှာတော့ ကိုကြီး အခန်းထဲမှ ခုံတွေ၊ ပစ္စည်းတွေကို ပစ်ပေါက်သံများ အဆက်မပြတ် ကြားလာရသဖြင့် အားလုံး ကြောက်လန့်ကုန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ ဦးဆောင်၍ ကိုကြီးအခန်းထဲကို အလျိုလျို ဝင်သွားကုန်ကြတဲ့နောက်ကို မွေးလည်း လိုက်သွားခဲ့ပါသည်။ ကိုကြီးက စိတ်ဆိုးစွာနှင့် ပစ္စည်းများကို ကိုင်ပေါက်နေရင်းဖြင့် နှုတ်ခမ်းမှလည်း ...

"ကျုပ်ကို ထပ်မနှိပ်စက်ပါနဲ့တော့ဗျာ၊ အဲ့ဒီအသံတွေနဲ့ မခြောက်လှန့်ပါနဲ့၊ တောင်းပန်ပါတယ်"

အဆက်မပြတ် ရေရွတ်၍နေသောအခါ မွေး ဝမ်းနည်းလာရပါသည်။

"ကိုထင် ရူးသွားပြီထင်တယ်"

ခင်လက်ကျာက သူ့အစ်ကိုရဲ့ ပုံကို စိတ်ပျက်စွာကြည့်ရင်း ရေရွတ်သည်။

မွေးက ဘကြီးကျော်ဘက် လှည့်ကြည့်လိုက်ပြီး ...

"ဘကြီး ... ခေါင်းရင်း ပြတင်းပေါက်တွေ ဖွင့်ပေးပါ"

မွေးစကားကြောင့် ဘကြီး မျက်လုံးက ပြူးကျယ်သွားပြီး ...

"မဖြစ်ဘူးထင်တယ်၊ ဒီပြတင်းပေါက်ကနေ ဟိုလှေကားကို ဆင်းလို့ရလို့ လုံးဝမဖွင့်ဖို့ ထင်ကိုယ်တိုင် မှာထားတာ"

"ဖွင့်လိုက်ပါ ဘကြီးရယ်၊ အဲလို ပိတ်ထားလို့ နှစ်ပေါင်းများစွာ ကိုကြီး ခြောက်လှန့်ခံနေရတာပါ၊ မွေးတို့ ကူညီဖြစ်မှာ ..."

"ဟို ... သမီးရယ်"





"ကဲ ... ဖွင့်ပေးလိုက်ပါဗျာ၊ ကလေးတွေက ဘာဖြစ်ချင်ကြမှန်းမှ မသိတာပဲ"

ဒက်ဒီ ခွန်လကျာက ခွင့်ပြုခိုင်းလိုက်သဖြင့် ဘကြီး ပြတင်းပေါက် နှစ်ပေါက်ကို တွန်းဖွင့်လိုက်ပါသည်။

"ဘာလုပ်တာလဲ ... ဘကြီး၊ ဘာလို့ တံခါးတွေလာဖွင့်နေရတာလဲ၊ ဘယ်သူက ဖွင့်ခိုင်းလို့လဲ ..."

ကိုကြီး၏ ကြောက်ရွံ့တကြား တားမြစ်သံက ထွက်လာသဖြင့် မွေး ကိုကြီးရှေ့ကို ပိတ်ရပ်လိုက်ပြီး ...

"မွေး ဖွင့်ခိုင်းတာ ..."

"မင်းက ဘာမို့လို့လဲ ..."

"သိလို့ပေါ့ ..."

မွေးလည်း ပြန်အော်ပစ်လိုက်ပြီး တံခါးဖွင့်နေသော ဘကြီးဆီ လှည့်လိုက်ပါသည်။ ဘကြီးက အခုထိ တံခါးပေါက်များကို ဖွင့်၍မရသေးပေ။

"တံခါးတွေက မဖွင့်တာကြာတော့ အရမ်းကြပ်နေတယ် သမီးရဲ့၊ ဖွင့်လို့မရဘူး ..."

ဘကြီးလို သန်မာသော ယောကျ်ားတစ်ယောက်က ပြတင်းတံခါးတွေကို မဖွင့်နိုင်ဘူးလား။ ဒါဆို မွေး ဖွင့်ခဲ့တုန်းက အလွယ်တကူလေး ဘာကြောင့် ဖွင့်နိုင်ခဲ့သလဲ ...။ မွေး တံခါးအနားသို့ တိုးကပ်သွားပြီး ...

"မွေး ... ဖွင့်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဖြင့် လက်တစ်ဖက်ဖြင့် တွန်းကြည့်လိုက်သောအခါ တံခါးက ပွင့်၍သွားလေသည်။

မွေး လက်များမှာ ဘယ်လိုအင်အားမျိုးမှ ရှိမနေပါဘဲနှင့် တံခါးပွင့်သွားသောကြောင့် မွေး လက်များကို ပြန်ငုံ့ကြည့်နေမိသည်။

လှေကား လက်ရန်း အောက်ခြေမှာ ဖိနပ်ကလေး တကယ်ညှပ်နေသေးသားဆိုတာ မကြည့်ရဲပေမယ့်လည်း မွေး ငုံ့ကြည့်လိုက်ဝါသည်။

ငွေရောင် ဖိနပ်ကလေး တစ်ရံ ဟောင်းမြွေ၍နေခဲ့ပြီ ...။

"ဒက်ဒီ ... ဒီဖိနပ်က ဒေါ်မေရီ ခုန်ချခဲ့တဲ့ နေ့က စီးထားတဲ့ ဖိနပ် မဟုတ်လားဟင်"

မွေး အမေးကြောင့် ဒက်ဒီ ပြတင်းအနားသို့ ထိုးလာသည်။ ဖိနပ်ကလေးကို တကယ် အမြင်မှာ အံ့သြတကြီး ပါးစပ်များကို လက်ဖြင့် ဖိအုပ်ထားလေသည်။

"ဟုတ်တယ် ... ဟုတ်တယ်"

ဒက်ဒီသီက စကားသံတွေ အများကြီး ထွက်မလာနိုင်ခဲ့ပေ။

"ဘကြီး ... အဲ့ဒီဖိနပ်ကို ပြန်ယူခဲ့ပါ ..."

"ကလေးပြောတဲ့အတိုင်း လုပ်ပေးလိုက်ပါ မောင်ကျော်"

"ဟုတ်ကဲ့ .. အစ်ကိုကြီး"





ဘကြီးက ပြတင်းပေါက်ဘောင်မှ ကျော်တက်ကာ လှေကားဆီသို့ လျှောဆင်းလိုက်ပြီး သံပန်း၌ ညှပ်နေသော ဖိနပ်ကလေး ဆွဲထုတ်ယူလိုက်ပြီး ဒက်ဒီကို ကမ်းပေးလေသည်။

ဒက်ဒီက တုန်ရင်နေသော လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်ပြီး စိတ်မကောင်းဖြစ်၍နေသည်။

"အဲ့ဒီ ဖိနပ်ကို မီးရှို့လိုက်ပါ ဒက်ဒီ ...၊ ပြီးရင် ဒက်ဒီ ဦးဆောင်ပြီး အလှူတစ်ခု ပြုပေးပါ၊ ဒေါ်မေရီကို အမျှဝေပေးလိုက်ပါ၊ အဲ့ဒါဆို နောက် ကိုကြီး အိပ်ရေးပျက်တော့မှာ မဟုတ်ဘူး ..."

"ဘယ်လို ..."

"မွေး ပြောတဲ့အတိုင်း လုပ်ပေးပါ ဒက်ဒီ"

"အေးပါ ... ဒက်ဒီ လုပ်ပေးပါ့မယ် မွေးရယ်"

မွေး ကိုကြီးအခန်းထဲကနေ ဖြည်းဖြည်းကလေး ထွက်လာခဲ့ပါသည်။ ကိုကြီးက ခုတင်ခြေရင်းတွင် ခေါင်းစင်းစင်း ထိုင်နေပြီး ကျန်ရစ်ခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

* * *

"မွေး ပြင်ဦးလွင်မှာ ခဏ သွားနေချင်တယ် ကိုနေရောင်"
"ဘာဖြစ်လို့လဲ မွေး"
"ရန်ကုန်မှာ နေရတာ မွန်းကျပ်နေလို့ပါ၊ အထူးသဖြ
သိရိလက်မှာ မနေချင်တော့လို့ ပြင်ဦးလွင်က မွေး
အဆောက်အအုံကြီး ပြီးတဲ့အထိ သွားနေရင် ကောင်းမလာ
လို့ ..."
"ကိုယ် တစ်ခုခု ကူညီပေးရမလား မွေး"
"အင်း ... မွေးနေဖို့ အိမ်လေးတစ်အိမ်လောက် ရှာပေး
ထားနေမယ်လေ ..."
"မွေး စိတ်တွေ ဘာလို့ ရှုပ်နေရတာလဲ မွေး၊ မွေး တစ်
ကို ဆုံးဖြတ်လိုက်ရင် ကောင်းမယ်၊ ရွေးချယ်လိုက်တာမျိုး
ဖြစ်ဖြစ်ပေါ့"





"မွေးမှာ ဘာပြဿနာမှ မရှိပါဘူး၊ ခဏလောက် စိတ်ပြေလက်ပျောက် သွားနေချင်တဲ့ သဘောပါ၊ ဒက်ဒီကိုလည်း ခွင့်တောင်းပြီးပါပြီ၊ ခွင့်ပြုလိုက်တယ်၊ ကိုနေရောင် မွေးကို ကူညီမယ် မဟုတ်လားဟင်"

နေရောင် ခေါင်းညိတ်ပြလိုက်ပါသည်။

"ကိုယ် ဒီညနေ ကားနဲ့ပဲ တက်သွားပြီး အိမ်ရှာထားလိုက်မယ်၊ ကိုယ့်မိဘတွေနဲ့တော့ တွေ့ရတော့မယ်ထင်တယ်၊ ဟင်း ..."

"မွေး သန်ဘက်ခါလောက် လိုက်လာခဲ့မယ် ကိုနေရောင်၊ ကားဂိတ်မှာ မွေးကို လာကြိုပါနော်"

"အင်း ... ကိုယ် မွေးဆီက အဖြေကို စောင့်နေမယ်နော်၊ မွေးအတွက် ကိုယ် အမြဲတမ်း ရှိနေတယ်ဆိုတာ ယုံပါ"

"ကိုနေရောင်ရယ် ..."

မွေး လက်ကလေးအား ဆုပ်ကိုင်ပြီး နေရောင် ငြိမ်သက်နေလိုက်ပါသည်။

"မွေး ... ပြင်ဦးလွင်မှာ အနေကြာလာရင်တော့ ကိုနေရောင့်အတွက် အဖြေရှိလာမှာပါ၊ ကိုနေရောင့်ကို သံယောဇဉ်ရှိပါတယ်"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



"ကိုထင် ဒီအတိုင်းပဲ နေတော့မလား"

ထင် ကုမ္ပဏီလုပ်ငန်းတွေကို ပစ်ထားခဲ့တာ အတော် လေးကြာနေခြင်းကိုများ ခင် အပြစ်ပြောနေလေလျှော့သလား

"အဲ့ဒီလို အေးတိအေးစက်နိုင်နေလို့ကတော့ နောက်ဆုံးမှာ ဘာမှရလိုက်မှာမဟုတ်ဘူး၊ အားလုံး သူများလက်ထဲပါသွား လိမ့်မယ် ..."

"ခင် ... နင်ဘာတွေ ပြောနေတာလဲ"

"ကိုထင့်ကို ဒက်ဒီ ဘာမှမပြောဘူးလား"

"ဘာအကြောင်းမို့လဲ ..."

"ပန်းမွေးခတ္တာက ဒီအိမ်ကနေ ထွက်သွားဖို့ တောင်းဆို တယ်တဲ့ ..."

"ဘာပြောတယ် ..."

"ဟုတ်တယ် ...၊ ပြင်ဦးလွင်မှာ ခုဆောက်နေတဲ့ ကုန်တိုက် ပြီးတဲ့အထိ နေပါရစေဆိုပြီး တောင်းဆိုတာ၊ ဒက်ဒီလည်း ခွင့်ပြုလိုက်တယ်လေ၊ အဲ့ဒါ မနက်ဖြန်ဆို သွားတော့ မယ်"

"ခင် တကယ်ပြောနေတာလား ..."

"ဘာကယ်ပေါ့ ...၊ ကိုထင် တစ်ခုခု ဆုံးဖြတ်ရလိမ့်မယ်





မဟုတ်ရင် ကိုနေရောင်နဲ့ ပန်းမွေးခတ္တာရဲ့ မင်္ဂလာပွဲကို အစ်ကိုတစ်ယောက်အနေနဲ့ပဲ တက်နေရလိမ့်မယ်"

ထင် အံကို တင်းတင်းကြိတ်ထားရပါသည်။ အခုနေ သူ့ရှေ့မှာသာ မွေး ရပ်နေခဲ့လျှင် သူ ကိုင်ပေါက်မိမလားပင် မပြောတတ်။

"ကိုထင် ဘာမှမလုပ်ဘဲ လက်လျှော့မယ်ဆိုရင်တောင် ခင်ကတော့ ငြိမ်နေမှာမဟုတ်ဘူး၊ သူတို့နှစ်ယောက်ကို ရအောင်ခွဲမှာ၊ ပြီးတော့ ကိုနေ့ကို ခင်ပဲ လက်ထပ်မှာ ..."

"ဘာပြောတယ် ...၊ နင်က၊ နေရောင့်ကို ကြိုက်နေတာ လား ..."

"ဟုတ်တယ် ...၊ သူတို့အိမ်မှာ ဘော်ဒါသွားနေကတည်းက စွဲလမ်းခဲ့ရတာ၊ မွေးထက်အရင် ခင်ကတွေ့ခဲ့တာပါ၊ အဲ့ဒါ ကြောင့် ဖူးစာပါရင်လည်း ခင်နဲ့ပဲ ပါရမယ်"

"ခဏလေး ... ငါစဉ်းစားလိုက်ဦးမယ်"

ထင် ခဏလေး အချိန်ယူ ငြိမ်သက်နေလိုက်ပါသည်။ စားပွဲပေါ်မှာ ခေါင်းမှောက်ချထားလိုက်သည်။ နားစည်ထဲ တွင် ညက အိပ်မက်ထဲမှာ ...

"လက်မလျှော့ရဘူး သားရဲ့ ...၊ ကိုယ့်ဖူးစာရှင်ကို ကိုယ် ကိုယ်တိုင် ရှာဖွေမှရမှာ ..."

ထင် ခေါင်းထောင်လိုက်ပါသည်။ ထို့နောက် ခင့်ကို မျက်နှာချင်းဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင် ... ကိုထင့်ကို တစ်ခု ကူညီမလား"

"အင်း ... ပန်းမွှေးခတ္တာကို ယောင်းမ မတော်ချင်ပေမယ့် ကိုနေ့ကို လိုချင်လို့ ကူညီမှာပေါ့ ကိုထင် ..."

❑ ❑ ❑

မွှေး ကားလေးကို ဂိုထောင်ထဲမှာ ဝင်ရပ်ခဲ့ပြီး အိမ်ထဲသို့ တန်းမဝင်ချင်သေးသဖြင့် ရေကူးကန်ဘက်သို့ လျှောက်လာခဲ့သည်။

ကိုကြီးက မွှေးကို ယခုအချိန်အထိ အတွေ့မခံသဖြင့် မွှေး နှုတ်ဆက်ဖို့ မကြိုးစားတော့ပေ။ အတူရှိနေလျက် မသိယောင်ဆောင် အပြစ်ပေးခံနေရတာထက်စာလျှင်တော့ မွှေးနှင့် ကိုကြီး ဝေးနေတာပဲ ကောင်းပါလိမ့်မည်။

မွှေး ရေကူးကန်နှင့် နီးလာသောအခါ ရေကန်ထဲမှ တစ်စုံတစ်ရာကို ထိတ်လန့်စွာဖြင့် တွေ့လိုက်ရပါသည်။

"ကိုကြီး ..."

မွှေး ခေါ်ကြည့်သော်လည်း ရေပေါ်တွင် ပက်လက်မျောနေသော ကိုကြီးက လှုပ်မလာပေ။ ကိုကြီး ရေနစ်ပြီး ပြန်ပေါ်နေခဲ့တာများလား။

ဘုရား ... ဘုရား ...။ မွှေး ကားသော့နှင့် လက်ကိုင်အိတ်ကို ချကာ ရေကန်ထဲ ခုန်ချပြီး ကိုကြီးဆီ ကူးခတ်သွားလေသည်။





ကိုကြီး ခန္ဓာကိုယ်အား လက်ဖြင့် တွန်းကြည့်လိုက်ချိန်တွင် မွှေး အငိုက်မိသွားပါသည်။

သူက မွှေးခန္ဓာကိုယ်လေးကို အတင်းပွေ့ဖက်ပြီး နမ်းရှိုက်ပစ်လိုက်သောကြောင့် မွှေး ရှက်ရွံ့ထွေထွေသွားခဲ့ရပါသည်။

စိတ်ပူတာ၊ စိုးရိမ်တာ၊ လန့်တာ၊ ရှက်တာ၊ ရင်ခုန်တာ အားလုံး စုပေါင်းနေသော ရင်ခုန်သံကြီးသည် ကျယ်လောင်ဆူညံနေလေသည်။

မစဲသေးသော အနမ်းမိုးများကြားမှ မွှေး အင်အားရှိသလောက်သုံး၍ ရုန်းထွက်ပစ်လိုက်ပါသည်။

ဒီနေရာမှာ တခြား ယောကျ်ားတစ်ယောက်ဆိုလျှင်တော့ သူ့ပါးပေါ်မှာ မွှေး လက်ဝါးသံများ စဲတော့မည်တောင် မထင်။

ကိုကြီးကို မွှေး ကျောခိုင်းရင်း ကန်ပေါ်ပြန်တက်လာခဲ့သည်။ ကိုကြီးကလည်း မွှေးနောက်သို့ လိုက်လာခဲ့သည်။

"မွှေး ... စကားနည်းနည်း ပြောရအောင်"

သူ့အသံက လေးလံနေသဖြင့် မွှေး လှည့်ကြည့်မိသည်။ မျက်လုံးများကိုလည်း မှေးစင်းထားသည်။

"ကိုကြီး မူးနေတယ် ထင်တယ်"

"ဟုတ်တယ် ... မူးနေတယ်"

"အိပ်လိုက်ပါတော့၊ မွှေးလည်း အိပ်ချင်ပြီ၊ good night"

မွှေး ပြန်လှည့်ကာ ခြေဆက်လှမ်းလိုက်လျှင် ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီက စကားသံများ ထွက်ပေါ်လာတာကြောင့် မွေး ပြန်လည်တုံ့ဆိုင်းသွားပြန်ပါသည်။

"ငါ အမြဲမှုးသွားတော့မှာပဲ မွေး ...၊ မင်း အမှားတွေဆက်လုပ်နေသရွေ့ ငါမူးနေရဦးမှာပဲ၊ ငါ့ဘဝကို ငါဖျက်ဆီးနေရဦးမှာပဲ၊ ဒါပေမယ့် ရေကန်ထဲက မင်းနဲ့ငါရဲ့ အဖြစ်အပျက်ကတော့ မူးနေလို့မဟုတ်ဘူးနော်၊ သိပ်ချစ်လို့ ...၊ မင်း ဒါ ပထမဆုံး အတွေ့အကြုံလား၊ ငါကတော့ ရိုးနေပါပြီကွာ၊ ဘယ်နိုင်ငံရောက်ရောက် ...ဟား ...ဟား ...၊ ဒါပေမယ့် မင်းနဲ့ကျမှ ငါ့ရင်တွေခုန်နေတာ မင်းလာနားထောင်ကြည့်ပါလား"

မွေး ပါးပေါ်သို့ မျက်ရည်များ စီးကျလာခဲ့သည်။ မွေး နှုတ်ခမ်းဖူးကလေးကို နမြောစွာဖြင့် ပွတ်ပစ်လိုက်ပြီး ...

"ပထမဆုံးလို့ ဘယ်သူပြောလဲ ...၊ မေ့နေပြီထင်တယ်၊ မွေးမှာ ချစ်သူရှိတယ်လေ ကိုကြီးရဲ့"

မွေး အရွဲ့တိုက်ပစ်လိုက်သောအခါ ကိုကြီး ဆတ်ဆတ်ခါသွားသည်။

"မဖြစ်နိုင်လိုက်တာ၊ မွေး မင်း အဲဒီကောင်နဲ့ ပြင်ဦးလွင်မှာ သွားနေတော့မယ်ဆို ..."

"ဟုတ်တယ် ... နှုတ်ဆက်ပါတယ်နော်"

"မင်း မသွားရဘူး၊ မင်း သူများကို မချစ်ရဘူး၊ မွေး မင်း ငါ့ကို ဘာကြောင့် ငြင်းဆန်နေရတာလဲကွာ ..."





လက်စွပ်ရွေးပြီးတဲ့ အဆင့်ထိ မိန်းမတစ်ယောက်ရှိနေတာတောင် ဒီစကားမျိုး မေးရက်သလား ကိုထင်လက်ျာရယ်။

"မင်း ဒီလိုလုပ်သွားရင်တော့ ငါ့ကို အရှင်လတ်လတ်ဘဝနဲ့ ဘယ်တော့မှ တွေ့ရတော့မယ် မထင်နဲ့ မွေး ..."

"အဲဒါ ခြိမ်းခြောက်လိုက်တာလား၊ အသိဉာဏ်မဲ့ ပြောနေတာလား ကိုကြီး"

မွေး ဂရုမစိုက်တော့ဘဲ အိမ်ထဲသို့ ဝင်လာခဲ့ပါသည်။ မွေး အခန်းထဲမှာ အဝတ်အစားလဲနေရင်းဖြင့် ကားစက်သံကြားလိုက်ရသဖြင့် စိုးရိမ်စွာ သက်ပြင်းချလိုက်မိပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

* * *

နေရောင်သည် ကန်တော်ကြီးနှင့် မလှမ်းမကမ်းက ခြံဝန်း ကျယ်ကျယ်ကလေးနှင့် ရေကူးကန်လေးပါ တွဲပါသော တစ်ထပ်တိုက်ကလေးကို ငှားထားလိုက်ပါသည်။

အိမ်ကလေးကို နေရောင် တစ်ယောက်တည်း သန့်ရှင်းရေးလုပ်ရင်း လောကကြီးအား ကျေနပ်နေမိလေသည်။

နေရောင့်လက်နှင့် ပြင်ဆင်မွမ်းမံထားသော ဤအိမ်ကလေးထဲမှာ နေရောင် သိပ်ချစ်သည့် ချစ်သူလေးက လာရောက်နေထိုင်တော့မည်။

နေရောင် အလွန်ပျော်ရွှင်နေလေသည်။

ဓာတ်ပုံဆိုင်ကို ရန်ကုန်မှာ ဖွင့်ဖို့ ရည်ရွယ်ထားသော်လည်း မွေးနှင့် နီးစပ်ရအောင် ပြင်ဦးလွင်မှာပဲ ဖွင့်ရန် စီစဉ်ရတော့မည်။





နေရောင်သည် မွေး ရောက်တာနှင့် အိမ်ကြီးက လူမနေရသေးသည့်ဟန်၊ တိတ်ဆိတ်မှောင်မိုက်သည့်ဟန် ဖြစ်မနေရအောင် ပန်းတွေကို တစ်အိမ်လုံးအနှံ့ ထိုးစိုက်ပြင်ဆင်ထားခဲ့သည်။

နေရောင် တစ်ခဏလေး ပြန်အိပ်ပျော်သွားခဲ့သည်။ ဘရေးနိုးလာတော့ မွေးပါလာမည့် ကားလေး စိုက်တော့မည့်အချိန်တောင် နီး၍နေပြီ ...။

နေရောင် ကားဂိတ်သို့ ဆိုင်ကယ်လေးမောင်းရင်း ထွက်လာခဲ့သည်။

ကားဂိတ်ရောက်တော့ နေရောင် ရောက်သည့်အချိန်နှင့် ကားစိုက်သည့်အချိန်က ကွက်တိဖြစ်နေသဖြင့် ကားဘေးအနား ကပ်သွားကာ မွေး ဆင်းအလာကို စောင့်ကြိုနေသည်။

နေရောင့်ရှေ့က လူတွေ တရိပ်ရိပ် ထွက်သွားတာက ထက်ဝက်မကတော့သည့် အချိန်ကျမှ နေရောင် သိသည့် မျက်နှာကလေးတစ်ခု ကားပေါ်က ဆင်းလာသည်။

သူမက ဦးထုပ်ဝိုင်းဝိုင်းကလေး ဆောင်းထားပြီး နေရောင့်ကို တွေ့တော့ ပြုံးရွှင်၍လာလေသည်။

"ကိုနေ ... လာကြိုတာလားဟင်"

"ခင်လကျာ မင်း ဘာလို့ ရောက်လာတာလဲ ..."

"ကဲပါ ... ကိုနေရယ်၊ သွားကြရအောင်"

"ဘယ်ကိုလဲ ..."

"မွေး နေမယ့် အိမ်ကိုလေ ..."

"ဘာဖြစ်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကားဂိတ်ကြီးမှာ ပြောရမှာလား၊ အိမ်ရောက်မှ အေးအေးဆေးဆေး ပြောရအောင်"

"အဲဒါဆို ဆိုင်ကယ်ပေါ်တက် ..."

နေရောင်သည် ခင်လက်ျာကို ခေါ်လာရသော်လည်း စိတ်ထဲက တစ်ခုခုပဲလို့တော့ သိနေသည်။

အိမ်လေးထဲသို့ ရောက်သောအခါ ခင်လက်ျာက တစ်အိမ်လုံး လှည့်ပတ်ကြည့်ရင်း ...

"ကိုနေကတော့ အနုပညာသမားလို့ မပြောရဘူး၊ အရမ်းစိတ်ကူးယဉ် ဆန်တာပဲနော်၊ တစ်အိမ်လုံးလည်း ပန်းနဲ့လေးတွေ မွှေးလို့ပါလား"

"ပြောပါတော့ ခင်လက်ျာ၊ မွှေး ဘာလို့ မရောက်လာတာလဲ၊ ခု မွှေး ဘယ်မှာလဲ ... ငါ့ကိုပြော"

"ကိုနေကလည်း လောနေလိုက်တာ၊ ပြောမှာပေါ့၊ ဒီကိုပန်းမွှေးခတ္တာပဲ လွှတ်လိုက်တာလေ၊ ကိုနေ့ကို သူပြောချင်တာလေးတွေ ခင်က ကိုယ်စား ပြောပေးဖို့ပေါ့"

"ဘာလဲ ... မင်း လုပ်ကြံလီဆယ်တာလား"

"ကိုနေ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ခင်ကတော့ အတည်ပြောတာပါ၊ ခင်လေ ကိုနေ့ကို အရမ်းချစ်တယ်၊ ခင့်မှာ ရည်းစားတွေ ရှိတယ်ဆိုပေမယ့် ကိုနေ့ကိုတော့ အတည်ရည်ရွယ်ပါတယ်"

"ဘာတွေလဲ ...၊ ငါကြားချင်တာ ဒီစကားမှ မဟုတ်ဘဲ မွှေး ဘယ်မှာလဲ၊ မွှေး ဘာလို့ မရောက်လာတာလဲ၊ အဲဒါပဲ





ငါသိချင်တယ်၊ ငါ့ကိုပြောပြစမ်းပါ ခင်လက်ျာ၊ ငါ မွှေးနဲ့ တွေ့ချင်လို့ပါ"

နေရောင့်ရဲ့ ယောက်ယက်ခတ်နေသည့်ပုံကို စိတ်မသက်သာစွာကြည့်ကာ ...

"ခုမှတွေ့တော့ နောက်ကျနေရောပေါ့ ကိုနေရဲ့၊ ခုလောက်ဆို ပန်းမွှေးခတ္တာနဲ့ ကိုထင်တို့က ပျော်နေလောက်ပြီ"

"မင်း ဘာကိုဆိုလိုတာလဲ"

"ကိုထင်နဲ့ မွှေးတို့ ခိုးပြေးသွားပြီလေ၊ ကိုနေရယ် ... ညံ့လိုက်တာ၊ မွှေးနဲ့ ကိုထင်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ရက်နဲ့ ဟန်ဆောင်နေတယ်ဆိုတာ နည်းနည်းလေးမှ မရိပ်မိဘူးလား ..."

"မဖြစ်နိုင်တာ ..."

"အဲ့ဒါ ကိုနေညံ့တာပေါ့၊ သူတို့နှစ်ယောက် အချစ်စမ်းပွဲမှာ ကိုနေ့ကို အသုံးချလိုက်တာလေ ..."

"တော်ပြီ ...၊ မင်း ပါးစပ်ပိတ်ထား"

နေရောင်သည် အရူးတစ်ယောက်လိုမျိုး ပေါက်ကွဲတုန့်လှုပ်စွာ လှပအောင် ပြင်ဆင်ထားသော ပစ္စည်းများကို ဖျက်ဆီးပစ်မိသည်။

ပန်းအိုးများ၊ ပန်းများ မွမွကြေအောင် ဖျက်ဆီးရင်း နေရောင် ကိုယ်တိုင်လည်း ကြေကွဲနေရပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းသို့ သွားရန် မွေးထွက်လာခဲ့ချိန်က ညနေ သုံးနာရီခွဲ။ ဘယ်သူ့ကိုမှ လိုက်မပို့စေချင်လို့ကို မွေးဘာသာ တစ်ယောက်တည်း Taxi နှင့်ပဲ ထွက်လာခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ကွင်းသို့ မရောက်ခင် မြို့အထွက် မုခ်ဝမှာ ပွိုင့်မိနေသော မွေးတို့ Taxi လေးဆီသို့ ကပ်ရပ်လာသော ကားထဲမှ တစ်စုံတစ်ယောက်က လက်ကိုဇော့ယမ်းနေသဖြင့် မွေး လှည့်ကြည့်လိုက်သည်။

"မွေး ... ရှေ့မှာ ကားရပ်လိုက်၊ ကိုကြီး ပြဿနာတက်နေ လို့"

ခင်လကျာ၏ ထိတ်လန့်တကြား အော်သံကြောင့်

"ဦးလေး အဲ့ဒီရှေ့လေးမှာပဲ မွေး ဆင်းမယ်"

"အေး ... တူမ၊ ပွိုင့်လွတ်ရင် ရပ်ပေးမယ်"

မွေး ပစ္စည်းအိတ် ပြန်ချကာ Taxi ပေါ်က ဆင်း လိုက်ပါသည်။ မွေးတို့ ကားအနောက်၌ ကပ်ရပ်လိုက်သော ကား ထဲမှ ခင်လကျာလည်း ဆင်းလာပြီး မွေးဆီ ပြေးလာသည်။

ခင်လကျာက ရှိုက်ကြီးတငင် ငိုရှိုက်ထားသော ကြောင့် ခင့်မျက်နှာတစ်ခုလုံး မျက်ရည်များ ရွှဲနစ်၍နေသည်။

"ဘာဖြစ်လို့လဲ ခင် ..."





"ကယ် ... ကယ်ပါဦး မွေးရယ်၊ ကိုကြီး ... ကိုကြီး"

"ကိုကြီး ဘာဖြစ်တာလဲ ခင်၊ ပြောပါ ... မွေး စိတ်ပူလိုက်တာ"

"ကိုကြီး ညက အိမ်ကထွက်သွားပြီး ပဲခူးဘက်မှာ accident ဖြစ်လို့တဲ့ ...၊ အဲ့ဒါ ... အဲ့ဒါ ..."

"ဘာ ... အရမ်းပြင်းထန်လား၊ စိုးရိမ်ရလားဟင်"

"အင်း ... ဒဏ်ရာတွေ အများကြီးနဲ့ ပဲခူးဆေးရုံမှာ တင်ထားရတယ်တဲ့၊ အသက်အန္တရာယ်ပါ စိုးရိမ်ရတယ်တဲ့ ..."

"ဘုရားရေ ... ဒက်ဒီတို့ကော သိကြလား"

"မသိကြသေးဘူး၊ ခင်လည်း ခုမှ ခင့်ဆီ ဖုန်းဝင်လာလို့ သိရတာ၊ တော်သေးတာ မွေးကိုလှမ်းတွေ့လိုက်လို့၊ ဒီလို လုပ်ပါလား၊ မွေး ခင့်ကားနဲ့ အရင်လိုက်သွားလိုက်၊ ခင် ဒက်ဒီတို့ကို ပြန်ခေါ်ပြီး လိုက်လာမယ် ..."

"အင်း ..."

"ကားမောင်းတာ ခင့်သူငယ်ချင်းပဲ၊ မွေး ဘာမှ မစိုးရိမ်နဲ့၊ လိုက်သွားလိုက်နော်"

"အင်း ..."

"သြော် ... ခင့်ကို ဖုန်းငှားလိုက်ပါလား၊ ခင့်ဖုန်းက ခုလေးတင် ဘက်ထရီကုန်သွားလို့ ..."

"ရော့ ... ယူသွား၊ ဒက်ဒီသိရင် အရမ်းစိုးရိမ်သွားဦးမယ်၊ ထိန်းပြောနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မွေးရဲ့၊ ဟင် ... မွေးလက်ထဲမှာလည်း ရှုပ်လိုင်
တာ၊ ပေး ... ထားခဲ့၊ အရေးမကြီးတာတွေ၊ ကဲ ... ကဲ ...
တက်၊ စည်သူ ဂရုစိုက်နော် ..."

ခင်က ခုလိုကျတော့လည်း အကွက်ကျကျ စီး
တတ်ပြီး သွက်သွက်လက်လက် ရှိနေသည်။

မွေးကတော့ ဘာမှ မစဉ်းစားနိုင်ဘဲ ခေါင်းထဲ
အုံခဲ၍နေသည်။ ကိုကြီး ဆိုသည့် အသံကြားလိုက်တာနှင့် မွေး
မခံနိုင်လောက်အောင် ချောက်ချားသည်။

ပြီးတော့ မနေ့ညက မွေးနှင့် ပြဿနာဖြစ်ပြီး ဆေး
စက်လက်ကြီးနှင့် ကိုကြီး ကားမောင်းထွက်သွားတာလေ ...။

မတော်တဆ အသက်ပါ ဆုံးရှုံးလိုက်ရလျှင် မွေး
ပယောဂလည်း မကင်းပေ။ ပြီးတော့ ခုလေးတင်ပဲ သိလိုက်ရ
မွေး ကိုကြီးကို သိပ်ချစ်တယ် ဆိုတာပါပဲ။

ဘယ်လိုအကြောင်းကြောင့်နဲ့မှ ကိုကြီးကို အသေ
နိုင်ပါဘူး၊ အဆုံးရှုံး မခံနိုင်ပါဘူး ...။

ကိုကြီးကို အရမ်းတွေ့ချင်လှပြီ။ ကိုကြီးကို
လိမ်ညာခဲ့တာပါလို့ ဝန်ခံမည်။

သိပ်ချစ်နေလို့ လက်ထပ်ပါရစေလို့ ခွင့်တောင်း

နောက် မွေးတို့ တစ်သက်လုံး ပျော်ပျော်ရွှင်
နေမည်။ ကိုကြီး အနားက မခွဲဘဲ တစ်သက်လုံး ...။

❑ ❑ ❑



အခန်း(၂၇)

* * *

"ရှင် မြန်မြန်မောင်းပါလား ကိုစည်သူ၊ ကျွန်မ ကိုကြီးကို
တွေ့ချင်လှပြီ"

တအိအိနှင့် Model အမြင့်စား ဂုဏ်ကိုမှ မဆည်ဘဲ
မောင်းနေပုံကို မွေးက အသည်းယားလာသဖြင့် ပြောပစ်လိုက်ပါ
သည်။

ရန်ကုန်နှင့် ပဲခူး ဘယ်လောက်မှလည်း မဝေးဘဲနှင့်
ညနေ မှောင်ရီပျိုးစဖြစ်လာခဲ့ပြီ။

"ရှင် ... ကား သိပ်မမောင်းတတ်ဘူးထင်တယ်၊ အဲ့ဒါဆို
ကျွန်မ မောင်းမယ် ကိုစည်သူ ..."

"ဟား ... ဟား ... ဟား"

"ရှင် ဘာရယ်တာလဲ ..."

"ခင်ဗျား သိပ်အလောကြီးနေတာကို ရယ်ချင်တာပါ" ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြေး ပါဗျာ၊ ရောက်မှာပေါ့၊ ကိုထင်က ခင်ဗျားကိုပဲ
နေတာပါ"

"အဲဒါကြောင့် အမြန်မောင်းခိုင်းတာပေါ့ရှင်၊ ကိုကြီး
သွားရင်တောင် မီတော့မှာမဟုတ်ဘူး၊ ရှင် ကားမောင်း
ပုံက ..."

"ဘာလို့ သေရမှာလဲ၊ အကောင်းကြီး"

"ကား accident ဖြစ်လို့ ပြောနေတာ ရှင် မကြားဘူးလား
ခင် ငိုနေတာ ရှင် မမြင်ဘူးလား ... တော်"

"ခင်လက်ျာ ငိုတာလည်းမြင်တယ်၊ ခင်လက်ျာ ဟန်ဆော
နေတာကိုတောင် မရိပ်မိတဲ့ ခင်ဗျား တုံးပုံကိုလည်း
တယ်"

"ဘာ ... ခင်က ဟန်ဆောင်တာ"

"သရုပ်လည်း မဆောင်တတ်ဘဲ ငိုပြနေပုံကြီးက ဒီလော
ရယ်စရာကောင်းတာ ခင်ဗျားပဲ ယုံတယ်"

"ဒါဆို ကိုကြီး ဘာမှမဖြစ်ဘူးပေါ့"

"ကိုထင်လက်ျာ ကျန်းကျန်းမာမာနဲ့ ခင်ဗျားကို
ပါတယ် ပန်းမွေးခတ္တာ၊ မပူပါနဲ့ ... မြန်မြန်တွေ့ရ
ကျွန်တော် မြန်မြန် မောင်းပေးမယ်နော်"

မွေး အရမ်းထိတ်လန့်သွားခဲ့ပါသည်။ စည်သူ
လည်း သူ့အပြောအတိုင်း ကားအရှိန်ကို မြှင့်လိုက်ပါသည်၊
ကားတံခါးကို ဖွင့်ကြည့်လိုက်သည်။





"မဖွင့်ပါနဲ့ ပန်းမွေးခတ္တာ၊ ရှေ့က လော့(ခ်)ချထားတယ်"

"ကားရပ်လိုက်ပါ စည်သူ၊ ကျွန်မ ကိုကြီးကို မတွေ့ချင်တော့ဘူး၊ ကိုကြီး ဘာမှမဖြစ်ရင် ကျွန်မမှာလည်း တွေ့စရာအကြောင်းမရှိတော့ပါဘူး"

"ကိုထင်ကတော့ ခင်ဗျားကို အရမ်းတွေ့ချင်နေတာပဲလေ၊ သူ့ဆန္ဒကို လိုက်လျောလိုက်ပါဗျာ၊ ခင်ဗျားသာ ကိုထင့်ကို အသာတကြည် လက်ခံလိုက်ရင် ကိုထင်နဲ့ ခင်ဗျားလည်း အဆင်ပြေ၊ ခင်နဲ့ ဟိုခါတတ်ပုံဆရာလည်း အဆင်ပြေ ..."

မွေး တစ်စုံတစ်ခုကို ရိပ်မိသွားပါသည်။ ရင်တစ်ခုလုံး ကြေမွစုတ်ပြတ်၍ သွားခဲ့သည်။

ခုလောက်ဆို ကိုနေရောင် မွေးကို မျှော်နေလောက်ပြီ။ စိတ်ပူနေလောက်ပြီ ...။

"ကဲ ... ခင်ဗျား အမြန်ရောက်ချင်လှပါပြီဆိုတဲ့ နေရာရောက်ပါပြီဗျာ၊ ကဲ ... ဆင်း"

စည်သူ့ပြောစကားကြောင့် မွေး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

မီးရောင် ခပ်မှိန်မှိန်နှင့် တိုက်အဖြူလေးတစ်လုံးက မှောင်မဲကျယ်ပြန့်သော ခြံဝန်းကြီးထဲမှာ ငြိမ်သက်တိတ်ဆိတ်၍ နေလေသည်။

"ကဲ ... လာ ... ဆင်းလေ"

"ကိုကြီးရော ..."



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါး လာဖွင့်ကာ လက်ကမ်းပေးသူက တခြားတစ်ယောက်ဖြစ်သဖြင့် မွှေး ကိုကြီးကို ရှာမိသည်။

"ဟား ... ဟား ... အမိ ကြောက်တတ်လှချည်လား၊ ခင်ဗျား ကိုကြီး ရှိပါတယ်ဗျာ ... ရှိပါတယ်၊ ခင်ဗျားကို ကျုပ်တို့ မထိရဲပါဘူး၊ ရန်ကုန်ကနေ ပဲခူးအထိ ခေါ်လာတာတောင် ခင်ဗျားကို စေ့စေ့မကြည့်ဖို့ အမိန့်ပေးထားပြီးသား ..."

အငေါ်တူးနေသော စည်သူ့အား မျက်စောင်းထိုးပြီး မွှေးဘာသာ ကားပေါ်က ဆင်းလိုက်ပါသည်။

စိတ်ထဲအရှိအတိုင်းဆို မွှေး ပြန်လှည့်ပြေးချင်နေသည်။

မွှေး စိုးရွံ့နေပြီလေ ...။

"ရောက်ပြီလား ..."

စိမ်းပြတ်ပြတ် ထွက်ပေါ်လာသော အသံကြောင့် မွှေး လှည့်ကြည့်လိုက်သည်။

အိမ်ကလေးထဲကနေ ခြေလှမ်းမှန်မှန် ထွက်လာသော ကိုကြီးကို တွေ့လိုက်ရလေသည်။

"ရောက်ပါပြီ ကိုထင် ...၊ ကားပေါ်မှာ ဂျီကျလိုက်တာဗျာ၊ ကလေးကျနေတာပဲ"

"ဟင်း ... ကျေးဇူးပဲကွာ၊ ရော့ ... ညီတို့ကို ဒီညတော့ ကိုယ် လိုက်ကျွေးမခံနိုင်တော့ဘူး၊ ဒါပဲယူပြီး ခိမ်ယူလိုက်တော့ ..."





"ရပါတယ် ... ကိုထင်၊ အေးဆေးနားလိုက်ပါ၊ အားမနာပါနဲ့ ..."

စည်သူနှင့် ကောင်လေးတစ်ယောက်တို့ ခင့်ကားကြီးကို ပြန်မောင်းထွက်သွားပြီးသည့်နောက် ကိုကြီး အကြည့်များက မွှေးဆီ ရောက်လာလေသည်။

"မွှေး ... လာ အိမ်ထဲဝင်ရအောင်"

မွှေး ပခုံးလေးကို ဖက်ပြီး အိမ်ထဲသို့အတူဝင်ရန် ခေါ်သော ကိုကြီးလက်များကို မွှေး ဖယ်ရှားလိုက်သည်။

အရှေ့ကဝင်သော သူ့နောက်အပါးမှ မွှေး ကပ်လိုက်သွားခဲ့သည်။ အိမ်ထဲရောက်သောအခါ အဆင်သင့် တည်ခင်းထားသော နှစ်ယောက်စာ ထမင်းဝိုင်းကလေးကို တွေ့လိုက်ရသည်။

"ညနေကတည်းက ကားစီးလာရတာဆိုတော့ ဗိုက်ဆာနေရောပေါ့၊ ကိုယ်လည်း မွှေးကို စောင့်နေရတာ ဗိုက်ဆာလှပြီ၊ လာ ... စားရအောင်နော်"

"မွှေး စားချင်စိတ် မရှိဘူး"

မွှေး ကိုကြီးအနားမှ ဖယ်ခွာကာ ဧည့်ခန်းထဲက ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

ကိုကြီးက မွှေးအနားအထိ တိုးကပ်လာပြီး ...

"ဘာဖြစ်လို့လဲ မွှေးရယ်၊ ကိုယ့်ကို စိတ်ကောက်နေတာလား၊ မလုပ်ပါနဲ့ကွာ ... ကိုယ်တို့ရဲ့ မင်္ဂလာဦးညကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မွေး ဒေါသကြောင့် မတ်တတ်ထရပ်လိုက်မိသည်။

"ဘာမင်္ဂလာဦးညလဲ၊ မိန်းကလေးရဲ့ သဘောတူညီမှုမပါဘဲ ခိုးယူလုယှက်ဖြားခဲ့တာကို ဒီမိန်းကလေးက ပျော်နေရမှာလား"

"မင်းမှာ ငြင်းဆန်ခွင့် မရှိပါဘူး မွေး၊ မင်း နေရောင်ဆိုတဲ့ အင်ဂျင်နီယာကောင်နဲ့ တွေ့တယ်ဆိုတာကလည်း ငါ သင်ပေးထားတဲ့ ပညာတွေနဲ့ မင်း အွဲ့ရခဲ့လို့ပါ၊ မင်း ရွေးချယ်သလို ငါ မလိုက်လျောနိုင်ဘူး၊ ငါ့သဘောအတိုင်း မင်း နေသွားရမယ်"

မွေး ကိုကြီးကို နာကြည်းစွာ မော့ကြည့်လိုက်သည်။ ခုချိန်မှာတော့ ကိုကြီးကို မွေး အရမ်းမုန်းတီးစက်ဆုပ်နေလေသည်။

ကိုကြီးရဲ့ လက်တွေက အင်အားကြီးမားစွာဖြင့် မွေးကိုယ်ပေါ်သို့ ကျရောက်လာပြီး မွေးကို ပွေ့ချီလိုက်လေသည်။

နောက် အခန်းတံခါးကို ပခုံးနှင့် တွန်းလိုက်သည်။ ကြိုတင်ပြင်ဆင်ထားသော မင်္ဂလာအခန်းလေးကို မွေး စက်ဆုပ်စွာ မြင်နေရသည်။

မွေး သူ့လက်တွေပေါ်က တွန့်ကွေးရုန်းကန်လိုက်ပြီး ...

"မွေးကို လွှတ်ပေး၊ မွေး ပြန်မယ် ..."

"မကြောက်ပါနဲ့ မွေးရယ်၊ ကိုယ်နဲ့ မွေး ငယ်ငယ်ကတည်းက အတူအိပ်လာခဲ့တာပဲ"





ကိုကြီး လက်များက မွေး ခန္ဓာကိုယ်အား မွေ့ရာပေါ်သို့ လှဲစေသည်။ မွေး ပါးပေါ်တွင် မျက်ရည်များ ရွဲနစ်၍နေပြီး ...

"ကိုကြီးကို မုန်းတယ်၊ အရမ်းမုန်းတယ်၊ မွေး ဆန္ဒ၊ မွေး သဘောကို မမေးဘဲ အမြဲတမ်း ကိုကြီးရဲ့ အလိုဆန္ဒကို ဦးစားပေးခဲ့တယ်၊ ခု မွေးရဲ့ ခန္ဓာကိုယ်ကို ကိုကြီး သိမ်းပိုက်လိုက်ပြီဆိုပေမယ့် မွေးဘဝနဲ့ ထပ်တူထပ်မျှ ကိုကြီး အမုန်းခံတွေပဲ ပြန်ရစေရမယ်၊ စိတ်ချ ... မွေး ကိုကြီးကို ဘယ်တော့မှ လက်မထပ်ဘူး၊ မွေး တစ်ယောက်တည်းပဲနေသွားမယ်"

မွေး စကားအဆုံးမှာ ကိုကြီး၏ လက်များသည် မွေး ပါးပြင်ပေါ်မှ ခွာ၍သွားလေသည်။ ကိုကြီး မျက်လုံးများက ခွေးမြေ့၍နေပြီး လက်တွေကလည်း တုန်ရင်၍နေလေသည်။

ခုတင်ပေါ်ကနေ သူ အောက်ဆင်းကာ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် အသည်းပုံသဏ္ဍာန် ခေါင်းအုံးအနီလေး တစ်လုံး ဆွဲကာ အခန်းထဲမှ ထွက်သွားခဲ့သည်။

"မင်း အလိုဆန္ဒမပါဘဲ ငါ ဘာမှမလုပ်ပါဘူး မွေးရယ်၊ ကျေးဇူးပြုပြီး ငါ့ကို မမုန်းလိုက်ပါနဲ့ ..."

ကိုကြီး အခန်းထဲမှ ထွက်သွားပြီးသည့်နောက်တွင် မွေး အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့ရပါသည်။

မွေး ငိုရှိုက်လို့တောင် ဆုံးနိုင်ပါ့မယ်မထင် ...။

မွေးအချစ်တွေကို ကိုကြီး လှည့်စားပစ်လိုက်တာပဲ။ ရက်စက်လိုက်တာ ကိုကြီးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီညက မွေး လုံးဝ အိပ်၍မရဘဲ ခုတင်လေးပေါ်မှာ ငုတ်တုတ်ထိုင် အချိန်ကုန်ဆုံးခဲ့ရပါသည်။

ပြတင်းဝသို့ နေရောင်ခြည်အလင်းများ ဖြာကျနေချိန်တွင် အခန်းတံခါးခေါက်ကာ ဖွင့်ဝင်လာသူကို မွေး လှည့်မကြည့်ဖြစ်ပေ …။

"ညက မအိပ်ဘူးလား မွေး"

ဒီလိုမေးခွန်းမျိုး မေးစရာကို လိုမည်မထင်။ သွေးသားမတော်စပ်တဲ့ ယောကျ်ားတစ်ယောက်က ဘယ်လိုရည်ရွယ်ချက်မျိုးနှင့် ဒီလိုနေရာကို ခေါ်ဆောင်လာခဲ့တယ်ဆိုတာ သိနေတဲ့ မိန်းမတစ်ယောက်အဖို့ စိတ်ချလက်ချ အိပ်စက်နိုင်ပါမည်တဲ့လား။

"မျက်နှာသစ်ပြီး breakfast လာစား မွေး …"

နှ မွေး ရေချိုးခန်းထဲ၌ မျက်နှာသစ်ကာ အခန်းပြင် ထွက်လာခဲ့သည်။

ကိုကြီးက ထမင်းစားပွဲဝိုင်းမှာ ငြိမ်သက်စွာ ထိုင်စောင့်နေလေသည်။ သူပြင်ဆင်ထားသော မုန့်ကိုကြည့်ပြီး လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလတုန်းက ပထမဆုံးနေ့ သီရိလက်ာ အိမ်ကြီးမှာ breakfast စားခဲ့သော နေ့ကို သတိရမိသည်။

ကြက်ဥကြော်၊ ကြက်အူချောင်းကြော်နဲ့ ပေါင်မုန့် မီးကင်နဲ့ ကွေကာ …။

"ကိုယ်တို့နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ပြီး ပထမဆုံး breakfast စားခဲ့တဲ့ နေ့က ဒီအတိုင်းပဲ မွေး၊ ကိုယ်မင်းကို အဲဒီတုန်းကတည်းက အလေးထားခဲ့တာပါ"





မွေး ဘာမှမတုံ့ပြန်တော့ဘဲ မုန့်သာစားနေလိုက်သည်။ တကယ်တော့ မွေး ရင်ခုန်လို့နေခဲ့ပါသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး မမှတ်မိလည်း အပြစ်မဟုတ်တဲ့ အဖြစ်အပျက်ကလေးကို သတိတရနှင့် မှတ်မိနေခဲ့ပြီး သူကိုယ်တိုင် breakfast လုပ်ပေးထားခဲ့တာဟာ တကယ်တော့ မွေးကို စိတ်လှုပ်ရှားစေပါတယ်။

စားကောင်းပေမယ့်လည်း အိုက်တင်ခံကာ မွေး ထမင်းဝိုင်းမှ ထလိုက်သည်။

"စားတာ နည်းလှချည်လား မွေး၊ ကိုယ့်ကို စိတ်ကောက်နေတုန်းလား"

မွေး ပြန်မဖြေဖြစ်ခင်မှာပဲ ကားစက်သံကြားလိုက်ရသဖြင့် မွေးနှင့် ကိုကြီး အိမ်ရှေ့သို့ ပြိုင်တူကြည့်လိုက်မိပါသည်။

ကိုကြီးက ထရပ်လိုက်ပြီး ပြတင်းဝမှာ ကပ်ကာ လိုက်ကာစနောက်မှ ခိုးကြည့်လိုက်ပါသည်။ နောက် မကြာမီမှာ မွေးဘက်လှည့်ကြည့်၍ …

"ဒက်ဒီနဲ့ မွေး မေမေ လိုက်လာပြီ …"

ဟု ပြောသောအခါ မွေး ထိတ်ခနဲ ခံစားလိုက်ရပါသည်။ မွေးအင်္ကျီကို ကိုယ်ပေါ်မှာ ပြန့်ပြန့်ပြူးပြူးလေး ဖြစ်သွားအောင် လက်နှင့်သပ်ချလိုက်သည်။

"ဒေါက် … ဒေါက်"

တံခါးခေါက်သံကြောင့် မွေး တုန်ပင်တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ သမီး ... ဒက်ဒီတို့ပါ၊ တံခါးဖွင့်ပါဦး"

ကိုကြီးက ဖွင့်ရမည်လားဆိုသည့် သဘောနှင့် မွေးကို မေးဆတ်ပြသည်။ မွေး ခေါင်းညိတ်ပြလိုက်ပါသည်။ ကိုကြီး တံခါးဖွင့်လိုက်စဥ်တွင် နေရောင်ခြည်က ဖြာကျနေတဲ့ အလင်းတန်းတို့နှင့်အတူ ဒက်ဒီခွန်လက်ျာနှင့် မေမေ့ကို တွေ့လိုက်ရလေသည်။

"ဘယ်လိုလုပ်လိုက်တာတုန်း ထင်လက်ျာ ..."

ဒက်ဒီက မခုံးကို ဆုပ်ကိုင်ကာ မေးလာသည်။ မွေးသည် မေမေ့ကိုပြေးဖက်ကာ စိတ်လွတ်ကိုယ်လွတ် ငိုချလိုက်ပါသည်။

"မေမေရယ် ...၊ ဟင့် ... ဟီး"

"မွေးရယ် ... ဘာမှမကြောက်နဲ့၊ မေမေတို့က သမီးနဲ့ သားကို အပြစ်တင်ဖို့ လိုက်လာတာ မဟုတ်ပါဘူး၊ သဘောတူတဲ့အကြောင်း ပြောချင်လို့ပါ၊ ပြီးတော့ ခမ်းခမ်းနားနား လက်ထပ်မင်္ဂလာပွဲကြီးလည်း ဆင်နွှဲပေးမှာပါဆိုတဲ့အကြောင်း အသိပေးရင်း ပြန်လာခေါ်တာ ..."

မွေး ပီတိမျက်ရည် ဝမ်းနည်းသွားပါသည်။ ဒီအဖြစ်ကို မေမေတို့က မွေးလည်း အလိုတူအလိုပါဟု ထင်နေကြသဖြင့် မွေး စိတ်ဆိုးလှပါသည်။

"သမီး ... ထင့်ကို လက်ထပ်မယ် မဟုတ်လား"

ဒက်ဒီက နောက်ဆုံး တစ်ခွန်းမေး၍ အတည်ပြုသောအခါ မွေး မျက်လွှာလေး ချထားရင်း ခေါင်းညိတ်လိုက်ရပါသည်။





ထူးမှ မထူးတော့ပဲလေ ...။ ခုပဲ ခေါင်းညိတ်ညိတ်၊ နောင်မှပဲ ခေါင်းညိတ်ညိတ် ကိုကြီးနှင့် မွေးက ဖူးစာကို ပါလာကြတာပဲ။ လက်ထပ်လိုက်ပြီးမှ ဆက်မှန်းလည်း ဖြစ်တာပဲ မဟုတ်လား။

❑ ❑ ❑



www.burmeseclassic.com

## အခန်း(၂၈)

✻ ✻ ✻

မွေးနှင့်ကိုကြီး၏ မင်္ဂလာပွဲကို Sedona Ballroo
တွင် ခမ်းနားစွာ ကျင်းပပါမည်။

မွေးကို နာမည်ကြီး ဒီဇိုင်းနာ မိတ်ကပ်ပညာရှင်
အလှပြင်ပေးကြသည်။ ရွှေဝါရောင် သတို့သမီးဝတ်စုံလေး
ဆင်မြန်းထားသော မွေးအနားသို့ ကိုကြီး တိုးကပ်လာပြီး မ
မသုန် စိုက်ကြည့်ကာ ...

"သိပ်လှတယ် မွေးရယ်၊ ပြီးတော့ ကိုယ်နဲ့ လက်ထ
သဘောတူလိုက်တဲ့အတွက် အရမ်း ကျေးဇူးတင်ပါတ

ခံစားချက်အပြည့်နှင့်ပြောသော ကိုကြီးအား မွေး
ဂရုမစိုက်သည့်ဟန်ဖြင့် တခြားဘက်လှည့်ကာ ...

"မာမီ ... မွေး လှရဲ့လားဟင်"

"အော် ... လှတာပေါ့ သမီးရယ်၊ သမီးက နဂို
လှလွန်းလို့ မာမီတောင် မင်္ဂလာဆောင်ချင်လာတ





မာမီကြီးရဲ့ အရွှန်းဖောက် စကားကြောင့် အားလုံး
တဟားဟား ဖြစ်သွားကြချိန်မှာ မွေးကတော့ ကိုကြီးကို မျက်
စောင်းထိုးပစ်လိုက်သည်။

ကိုကြီးက ရှက်ရှက်နှင့် အပြင်ထွက်သွားသည်။

❑ ❑ ❑

ထင်သည် မွေး၏ ချစ်စဖွယ်မျက်စောင်းလေးကြောင့်
ငိုင်ခုန်ကာ အလှပြင်ခန်းထဲမှ ထွက်လာခဲ့ပါသည်။

အခန်းပြင်၌ တွေ့လိုက်ရသော ခင်နှင့် ခင့်နောက်က
င်မရာကိုင်ထားသော လူကို အမြင်မှာ ထင့်ရင်ထဲ ဒေါသက
င်ရောက်လာလေသည်။

"ကိုထင် ... ဒါ ကိုနေရောင်တဲ့၊ သူက ဓာတ်ပုံပညာရှင်လေ၊
လက်ရာ အရမ်းကောင်းတာ၊ ဒီနေ့ ကိုထင်နဲ့ မွေးပုံတွေကို
သူရိုက်ပေးလိမ့်မယ်"

ခင့် စကားဆုံးတော့ ထင့်မျက်ခုံးများ တွန့်ကွေး၍
သွားသည်။ ပြီးတော့ ထင့်မှာ အားနာစိတ် လုံးဝမရှိပေ။

"မလိုချင်ဘူး၊ နာမည်ကြီး ဓာတ်ပုံဆရာတွေကို ခေါ်ထား
ပြီးပြီ၊ တခြားလူ မလိုဘူးကွာ"

ထင့်အသံက ကျယ်လောင်၍ သွားသည်။ ထိုလူ့
ျက်နှာက ကျဆုံးသွားသော ပြိုင်ပွဲတစ်ခုအား ပြန်လည်ကျင်းပရန်
ောင်းလျှောက်ကြီးကို အသနားခံနေသည့်ပုံစံ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လကျ်ာ မိတ်ဆွေကို ပြန်နိုင်းလိုက် ..."

"အို ... ကိုထင်ရယ်၊ ကိုနေရောင်က မိကောင်းဖခင် သားသမီးပါ၊ သူက ဓာတ်ပုံကလေး ရိုက်ပေးရုံပါပဲ"

❑ ❑ ❑

ခင်လကျ်ာ ပြောပေးနေသော်လည်း ထင်လကျ်ာဘက်က အနည်းငယ်လေးမှ လျှော့ပေးမလာပေ ...။ နေရောင်နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်သည်။

"မင်္ဂလာလက်ဖွဲ့အနေနဲ့ ရိုက်ပေးချင်တာပါ ကိုထင်လကျ်ာ တခြား ဘာရည်ရွယ်ချက်မှ မပါပါဘူး"

"ခင်ဗျား ပြောတိုင်း ကျုပ်က လက်ခံရမှာလား၊ ဝေးသေးတယ်ဗျာ၊ လုံးဝပဲ ...၊ ခင်ဗျားအသိစိတ်နဲ့ ပြန်ရင်ပြန် မပြန်လို့ကတော့ ကျုပ် မောင်းထုတ်ရလိမ့်မယ်"

ထင်လကျ်ာ စကားနှင့်အတူ အခန်းတံခါးလေး ပွင့်သွားပြီး အရမ်းကို လှပကျက်သရေရှိသော၊ နေရောင် သိပ်ချစ်တဲ့ ပန်းမွှေးခတ္တာလေး ထွက်လာလေသည်။ နေရောင် မြင်ခဲ့ဖူးတုန်းကလည်း ဤကဲ့သို့ ပြင်ဆင်ခြယ်မှုန်းပြီး ဘွဲ့ယူခဲ့သော မိန်းကလေးမွှေးထက် ယခု ပို၍ပင် လှနိုင်ရက်ရှာနေသည်။

နေရောင့် မျက်အိမ်ထဲ မျက်ရည်စက ဝဲခနဲ တက်လာသည်။ မျက်ရည်မကျအောင် မွှေးကို ဓာတ်ပုံတစ်ချက် ရိုက်





လိုက်ပြီး စိတ်ထိန်းလိုက်စဉ်တွင် မေးရိုးဆီသို့ လက်သီးချက်တစ်ချက် ပြင်းထန်စွာ ကျရောက်လာလေသည်။

"ဘာလဲ ... နှစ်ဦးသား ကြေကွဲစွာနဲ့ သတို့သမီးက ကျုပ်ကို လက်ချိတ်ထားရင် မျက်ရည်ဝဲပြီး ခင်ဗျားကိုကြည့်၊ ခင်ဗျားကလည်း မျက်ရည်ပြည့်နေတဲ့ မျက်လုံးတွေကို ကင်မရာနဲ့ ကွယ်ပြီး ကျုပ်ဘေးက သတို့သမီးကိုကြည့်နဲ့ ကြေကွဲဆွေးမြည့်စရာ sence ရိုက်ချင်နေတာလား၊ လာလုပ်မနေနဲ့၊ ခင်ဗျားတို့ကို ငေးပြီး သနားမယ့် ပရိသတ်လည်း ဒီမှာမရှိဘူး၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး၊ အေး ... ကျုပ်ကလည်း ကင်မရာ မှန်ဘီလူး တစ်လှည့်ခြားပြီး ကျုပ်မိန်းမကို အားပါးတရ ငေးနေမယ့် ကောင်မျိုးကို မသိချင်ယောင်ဆောင်ပေးနေမယ့် နွားမျိုး မဟုတ်ဘူး၊ နားလည်ပါတယ်နော် ...၊ နားလည်ရင် ခင်ဗျား ပြန်တော့ ..."

နေရောင်သည် အနောက်သို့ ယိုင်လဲသွားသည့်အရှိန်ကို ထိန်းရင်း လူများကြားမှာ ခေါင်းငုံ့ခံနေရသည်။

နဂို စိတ်အရင်းခံက ကျွတ်ဆတ်မာကြောတတ်သူဖြစ်သော်လည်း မွှေးလေး စိတ်အားငယ်ရမှာစိုးသဖြင့် သည်းခံနေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး သိပ်လွန်တယ်၊ မွေး မင်္ဂလာမဆောင်ချင်တော့ဘူး"

မွေးသည် မိတ်ကပ်ဆရာနှင့် တချို့သော ဧည့်သည်များကြားမှာ ရိုင်းပျနေသော ကိုကြီးကြောင့် ရှက်ရှက်နှင့် ဆိုးနွဲ့ပစ်လိုက်သည်။

မွေး ငိုတော့ ကိုကြီးလည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်၍သွားသည်။ မိတ်ကပ်ပညာရှင် မာမီကြီးကတော့ မျက်ခတ်သွားတော့သည်။

"ခြော် ... သမီး မငိုရဘူးလေ၊ မိတ်ကပ်တွေ ပျက်ကုန်မယ်၊ အမယ်လေး သတို့သားလုပ်ပုံနဲ့တော့ ကျုန်မ စိတ်ညစ်တယ်၊ သမီးလေးက လန့်ပြီးငိုနေပြီ၊ ကဲ ... လာ သမီး အထဲပြန်ဝင်ပြီး ပေါင်ဒါလေး ဖို့ရအောင် ..."

မွေးကို အခန်းထဲပြန်ခေါ်လာကာ ပေါင်ဒါဖို့၊ ခေါင်းဖြီးနှင့် အလုပ်ကိုရှုပ်နေကြသည်။ ကိုကြီးက ပြန်ဝင်လာပြီး ...

"ကိုယ် မှားသွားတယ်၊ တောင်းပန်ပါတယ်"

မွေး ဘာမှမတုံ့ပြန်ဘဲ စူပုပ်နေလိုက်သည်။ ကိုကြီးက ...

"ခွင့်လွှတ်လိုက် သမီးရေ ... သူက သဝန်တိုတာ၊ အချစ်ကြီးတာ၊ သဝန်ကို ကျူနေ့ရရ မတိုတတ်တော့ အမှားတွေ ဖြစ်ကုန်တာ၊ နောက်ဆုံးတော့ သူက သမီးကို ချစ်လို့ပါပဲလေ ..."





မာမီကြီး ထပ်ပြောတော့မှ ကိုကြီး ဝိုရှက်၍သွားလေသည်။

အဲဒီနေ့က မင်္ဂလာပွဲကတော့ ခမ်းခမ်းနားနား အောင်အောင်မြင်မြင်နှင့် ပြီးဆုံးသွားခဲ့ပါသည်။

အနုပညာ လက်ရာမြောက်လှသော ကိုနေရောင်နှင့် ဓာတ်ပုံရိုက်ခွင့်မရလိုက်သည်က လွဲလို့ပေါ့ ...။

မွေး အထင်မှာလည်း ကိုနေရောင်ရဲ့ ကြေကွဲမကြည့်များကြောင့် မွေး အနေခက်နေရတာထက်စာလျှင်တော့ ဒီလိုကပဲ ကောင်းသည်ဟု ထင်မိသည်။ ကိုနေရောင့်ကို မွေး အားနာနေတာက လွဲရင်ပေါ့ ...။

---

မွေးက အိမ်ခွဲနေချင်သည်ဟု ပူဆာထားသဖြင့် ကိုကြီးနှင့်မွေး နှစ်ယောက်တည်း အိမ်အသစ်လေးသို့ ပြန်လာခဲ့ကြသည်။ မှန်တင်ခုံရှေ့မှာ သတို့သမီးဝတ်စုံလေးနှင့် ထိုင်ချလိုက်ရင်း

"ပန်းတွေ လာဖြုတ်ပေး ..."

ကလေးတစ်ယောက်လို ဆိုးနွဲ့ပူဆာဖို့ ကြိုတင်ပြင်

www.burmeseclassic.com



ဆင်ခဲ့သော မွေးအထာကို သိလျက်နှင့်ပင် ထင့်မှာ မွေးပူဆာသည့်အတိုင်း လုပ်ပေးဖြစ်သည်။

မွေး ဘယ်လိုဆိုးဆိုး ထပ်ခွင့်လွှတ်နိုင်သည်လေ။

"မွေး ... ရေချိုးမလို့"

ထင် ရေချိုးဖို့ပြင်စဉ်တွင် သူက အရင်ဦးအောင် ဝင်သွားသဖြင့် ထင် အလျှော့ပေးရင်း ရပ်လိုက်မိသည်။

ထင် ရေချိုးသည့် အလှည့်ကျတော့လည်း အခန်းပြင်ကနေ မီးပိတ်ထားလေသည်။

ထင် ပြန်ထွက်လာတော့ ခေါင်းမြီးခြုံကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိသည်။ ထင် ပြုံးကာ ပခုံးတွန့်လိုက်ပြီး သူမဘေး၌အိပ်မည်ကြံလိုက်လျှင် ခေါင်းအုံးပေါ်၌ စာတစ်စောင် တင်ထားတာ တွေ့ရလေသည်။

"မွေး အံရှမ်းပင်ပန်းနေတယ် ...

မနက်ကို လုံးဝ မနိုးပါနဲ့ ...

breakfast လုပ်ထားပေးပါ ..."

ထင် အသံထွက်အောင် ရယ်လိုက်မိသေးသည်။ ထင့်ကို ပညာပြပြီ။

ထင် သူမဘေး၌ လှဲအိပ်လိုက်သည်။ သူမရဲ့ ကိုယ်သင်းရနံ့လေးက ထင့် အာရုံထဲ တိုးဝှေ့၍ လာသည်။

ထင် ဘယ်လောက် စိတ်ရှည်ကြောင်း ပြသရတော့မည်။





အဲဒီ မင်္ဂလာဦးနေ့က စပြီး မွေးနဲ့ ထင်ဟာ ပြောင်းပြန် ဖြစ်ခဲ့တော့တာပါပဲ ...။

ထင်က မနက်စောစော ထချက်ပြုတ်ပြင်ဆင်ထားလျှင် မွေးက အဆင်သင့်လေး စားသောက်ကာ အလှပြင်၍ ကုမ္ပဏီ ထွက်သွားသည်။ ထင်က ပန်းကန်နဲ့ အဝတ်အစားများကို စက်နဲ့ ဆေးခြင်း၊ လျှော်ခြင်းများ ပြုလုပ်ကာ ဖုန်စုပ်စက်ဖြင့် ဖုန်သုတ် လှည်းကျင်းပြီးမှ ရေချိုး၊ အဝတ်အစားလဲကာ ကုမ္ပဏီ သွားရသည်။ ညနေဆိုလျှင်လည်း မွေးထက် စောပြန်လာကာ ညနေစာကို အဆင်သင့် ချက်ပြုတ်ထားရင်း မွေးပြန်အလာကို ထိုင်စောင့်နေခဲ့ရပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်တိတိ ကြာပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com

သို့

ချစ်မြတ်နိုးလှပါသော
ကိုကြီးရဲ့ ပန်းကလေး ...
လိပ်ပြာလေးတွေဟာ ပန်းကလေးတွေဆီက
အများကြီး မတောင်းဆိုတတ်ကြပါဘူး။
သူတို့ တစ်ခုပဲ တောင်းဆိုကြတာပါ။
အဲ့ဒါက ...
ပန်းကလေးတွေရဲ့ ရင်ခွင်မှာ
အစဉ်သဖြင့် ချိုမြတဲ့ ဝတ်ရည်ချိုကလေးတွေ
စုဆောင်းထားပေးဖို့ပါပဲ ...။
ပန်းကလေး ပေးတဲ့ ဝတ်ရည်ကသာ
လိပ်ပြာလေးရဲ့ အသက်ဖြစ်တယ် ...။
ပန်းကလေးရဲ့

တစ်ဦးတည်းသော

ကိုကြီး။

## အခန်း(၂၈)

* * *

မွေးသည် အိပ်ရာမှ နိုးထလာစဉ်တွင် ငှက်ကလေးရဲ့ တေးသံများကို ကြားနေရသည်။ တစ်စုံတစ်ခုကို သတိရလိုက်တော့ မွေး နှုတ်ခမ်းလေး စူ၍သွားလေသည်။

ဒီနေ့မနက် ကိုကြီးမှ မရှိဘဲ ...။ စင်ကာပူ ဆိုင်ခွဲမှာ ပွဲတော်လုပ်ပေးရမည်ဖြစ်သဖြင့် မနက်အစောကြီး အိမ်ကထွက်သွားပြီပဲ။ ကိုကြီး နေရာလေးကို လက်ဖြင့်အစမ်းမှာ ကွက်လပ်လေးကိုသာ တွေ့ရသဖြင့် မွေး ရင်ထဲ ဟာလှပ်ဟာ၍သွားသည်။

မွေးကို ကိုကြီးချစ်သလို မွေးလည်း ချစ်တာပါပဲ။ ဒါပေမယ့် မွေးဘက်ကို ဘယ်တော့မှ မငဲ့ညှာဘဲ အတင်းလက်ထပ်ယူပစ်ခဲ့လို့ ကိုကြီးကို ခုလို ဒဏ်ပေးနေရခြင်းဖြစ်သည်။

ကိုကြီးနှင့် အမျိုးသမီးကြီးတစ်ယောက် လက်ထပ်လက်စွပ် ဝယ်ခဲ့ကြသည့်အဖြစ်ကိုလည်း မွေး ရှင်းရှင်းလင်းလင်း သိခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာရှင် အစည်းအဝေး အတက်ကျဲသော မစံမထီနှင့် လွန်ခဲ့တဲ့ ငါးလလောက်ကမှ မွေး တွေ့ဆုံဖြစ်ခဲ့ကြရာမှ သိခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားသို့ ခရီးလွန်နေသဖြင့် မင်္ဂလာဆောင်ပွဲ မတက်ဖြစ်လိုက်ရသည့်အတွက် လာတောင်းပန်ရင်းက ကိုကြီးကို အကူအညီတောင်းပြီး မှီအမေ့ဆီမှာ လက်စွပ်ဝယ်ဖြစ်တာမှန်း သိခဲ့ရသည်။

မင်္ဂလာဆောင်တုန်းက မီကတောင် သတို့သားကို တွေ့ဖူးသလိုပဲလို့ မွေးကို ကပ်ပြောခဲ့သေးတော့ မွေး မသိချင်ယောင် ဆောင်နေခဲ့ရတာလေ။

မွေးသည် အတွေးတို့ စီးမျောနေရာမှ ထမင်းချက်ရန်အတွက် အိပ်ရာထလိုက်ပါသည်။

မီးဖိုထဲမှာ မွေး မနက်စာ ချက်ပြုတ်နေရင်းဖြင့် လွန်ခဲ့သော လေးလက အဖြစ်ကို ပြန်လည် သတိရမိသည်။

မွေးနှင့် သူ လက်ထပ်ပြီး သုံးလပြည့်ကတည်းက မနက်ခင်း အိပ်ရာထ မွေး ဆီးသွားလျှင် ဆီးချန်ပေးဖို့ ခွက်ကလေး ပေးထားတာခဲ့သည်။

မွေးကလည်း သူပြောသည့်အတိုင်း နေ့စဉ် ဆီးချန်ပေးခဲ့ပြီး ငါးလမြောက်မှာ ရေချိုးခန်းထဲမှ သူသည် အောင်မြင်မှု အော်ဟစ်၍ ထွက်လာခဲ့သည်။

မွေးက ကုမ္ပဏီသွားရန် ဖြီးလိမ်းပြင်ဆင်နေခဲ့ချိန် ဖြစ်သည်။





"မွေး ... မွေးမှာ ကိုယ်ဝန်ရှိနေပြီ ... သိလား၊ မွေး အမေဖြစ်တော့မယ်၊ ကိုယ်လည်း အဖေဖြစ်တော့မယ်"

ဆီးစစ်တံကလေးကို ပြကာ မွေးကို လာအသိပေးလိုက်သော ကိုကြီးအသံကြောင့် မွေးလည်း အရမ်းပျော်သွားခဲ့လေသည်။ မွေးနှင့် ကိုကြီး၏ အိမ်ထောင်သက် ရှစ်လမှာ ကိုယ်ဝန်ရှိမှန်း စသိခဲ့ရပါသည်။

ဆေးရုံမှာ စစ်ဆေး အတည်ပြုပြီးခဲ့သည့်နောက်တွင် မွေးက ကိုကြီးကို ဆိုးနွဲ့မနေတော့ဘဲ မွေး ဖြစ်ချင်သည့် တကယ့်သာယာတဲ့ မိသားစုဘဝ ဖန်တီးဖို့ ဆုံးဖြတ်ခဲ့သည်။ မွေးက တစ်ပြန် ကိုကြီးကို ပြုစုချင်သည်။

သို့သော်မယ့် မွေးကိုယ်ဝန်ရှိမှန်း သိကတည်းက အရင်ထက်သည်းကာ ဘာဆိုဘာမှ မလုပ်ခိုင်းဘဲ အိမ်မှာပဲ သက်သောင့်သက်သာ နေခိုင်းသည်။ ယောကျ်ားတိုင်း ကိုယ့်မိန်းမ ကိုယ်ဝန်ရှိလျှင် သည်းတတ်ကြတာမှန်သော်လည်း ကိုကြီးက ပို၍ အကဲပိုသည်။

"ကိုယ့် ကလေးကို ဂရုစိုက်နော်၊ မွေး မင်းကို ကိုယ် အရင်ကထက် ပိုချစ်ခဲ့တာ ခုလို မြန်မြန် ကိုယ်ဝန်ရှိပေးလို့ပဲ၊ အရမ်းကျေးဇူးတင်တယ်၊ မင်းက 'ပန်းဆို' ကလေးက 'ဝတ်ရည်'၊ ကိုယ်က 'လိပ်ပြာ' ပဲ၊ ပန်းကလည်း ဝတ်ရည်ရှိမှ တင့်တယ်သလို လိပ်ပြာကလည်း ဝတ်ရည်ရှိမှ အသက်ရှင်နိုင်မယ်၊ ကိုယ့်ရင်သွေးလေးကို ဂရုစိုက်ရမယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



မွေးသည် ရေချိုးနေရင်းဖြင့် ကိုကြီး အမှာစကားလေးကို ပြန်ကြားပြီး ပြုံးမိသည်။ ခုဆို မွေးရဲ့ ကိုယ်ဝန်လေးက လေးလရှိနေပြီ။

"ကလေး ... အဖေကြီးက အကဲပိုတယ်နော် ဟုတ်လား"

မွေးတစ်ယောက်တည်း ရေရွတ်ကာ ရေချိုးပြီးသဖြင့် သဘက်အင်္ကျီဝတ်၍ ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။

ရေချိုးခန်းအပြင်ဘက်၌ စက်လက်ကျစင်နေသော ရေတို့ကို မွေး လုံးဝ သတိမထားမိဘဲ တက်နင်းမိရင်းက မွေး ချော်လဲကျခဲ့ပါသည်။ မွေး ဗိုက်ထဲက နာကျင်မှုနှင့်အတူ မွေး ခြေသလုံးအထိ သွေးများ ဆင်းကျလာခြင်းကို မြင်လိုက်ရသော အခါ မွေး ခေါင်းတစ်ခုလုံး ရိုက်ခွဲခံရပြီး အစိတ်စိတ်အမြွာမြွာ ဖြစ်သွားသလို ခံစားလိုက်ရသည်။

မွေးသည် နာကျင်နေသည့် တန်းလန်းဖြင့်ပင် မေမေ့ဆီသို့ ဖုန်းခေါ်လိုက်ပါသည်။ မေမေ့ဘက်က ထူးသံကြားရသော အခါ ...

"မေမေ ... မွေး ... မွေး ချော်လဲလို့ ..."

ကို တစ်ခွန်းသာပြောနိုင်ပြီး မွေး မေ့လဲသွားခဲ့သည်။

မွေး သတိရလာတော့ မွေးဘေးမှာ မေမေနှင့် ခင်ပဲ ရှိသည်။

"သမီး ... သတိရပြီလား၊ မသေကောင်း မပျောက်ကောင်း ကွယ် ..."





"ကလေးရော မေမေ၊ ကလေး ဘာဖြစ်သွားသေးလဲ"

မေမေက မျက်နှာလွှဲ၍ ငိုနေပြီ ...။ ခင်ကပဲ ...

"နင် ငယ်ပါသေးတယ် မွေးရယ်၊ ထပ်မွေးလို့ ရပါတယ် တဲ့၊ ဆရာဝန်က ပြောတယ်"

မွေး အသက်ရှုပင် ရပ်တန့်သွားခဲ့ပြီထင်သည်။

မွေး နားထဲမှာ ကိုကြီးအသံများပဲ ကြားယောင်နေမိသည်။

"ကလေးမရှိရင် ကိုယ် သေမှာပဲ မွေးရယ်"

မွေး နားကို ဖိအုပ်ထားမိသည်။ ဝမ်းနည်းစွာ ငိုရှိုက်မိသည်။ ခုနေ မွေးပါ လိုက်သေလို့ရလျှင် သေလိုက်ချင်သည်။

ကိုကြီး စိတ်နာစွာ မွေးကို ပစ်ထားမှာထက်စာလျှင်တော့ မွေး သေတာပဲ ကောင်းဦးမည်။

❑ ❑ ❑

ထင်သည် လေဆိပ်သို့ ဝင်ဝင်ချင်းမှာပဲ မွေးဆီ ဖုန်းဆက်ခဲ့ချိန်မှာ လာကိုင်သောသူက ခင် ဖြစ်နေကတည်းက စိတ်ပူ၍ သွားပါသည်။ ဒက်ဒီက ပြောင်းလဲနေသော ထင့်အမူအရာကို ကြည့်ရင်း သဘောပေါက်ပုံရသည်။

ခင့် စကားဆုံးသည်နှင့် ထင် လေဆိပ်ထဲမှ အမြန် ပြေးထွက်ခဲ့သည်။ အိမ်က ကားလာကြိုတာတွေ ဘာတွေလည်း ထင် ဂရုမစိုက်တော့ပဲ အိမ်ကို တက္ကဆီနှင့် ပြန်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင် ခရီးထွက်သွားတာလေး တစ်ပတ်မှာ ထင့်အတွက် ကြီးမားတဲ့ ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားခဲ့လေသည်။

မွေးမေမေ၏ 'ချော်လဲတာ' ဆိုသည့် အကြောင်းပြချက်ကြီးကို ထင့် နားထဲမှာ ခါထုတ်ပစ်လိုက်သည်။

"မင်း ရက်စက်လိုက်တာကွာ၊ မင်း ... မင်း ... ငါ့ကို မုန်းတယ်ဆိုရင်လည်း ငါ့ကိုပဲ မင်း သတ်လိုက်ပါလားကွာ၊ ငါ သိပ်ချစ်တဲ့ ငါ့ရင်သွေးလေးကို ငါမရှိတဲ့အချိန်မှာ ဖျက်ဆီးရတယ်၊ ဒါကြောင့် ငါမရှိတုန်း သီရိလက်မှာ ပြန်နေပါဆိုတာကို မင်း ငြင်းခဲ့တာကိုး ..."

မွေးက ခေါင်းကိုခါယမ်းပစ်နေသည်။ မျက်ရည်များက မွေး မျက်နှာပေါ်မှာ ရွှဲနစ်၍နေသည်။

"မွေးကို မကျေနပ်ရင် သတ်ချင်သတ်လိုက်ပါ ကိုကြီးရယ်၊ မွေး သေရဲပါတယ်၊ မွေး နမော်နမဲ့နိုင်မှုကြောင့် ဖြစ်ခဲ့တဲ့ အမှားအတွက် မွေးကို ကြိုက်သလို အပြစ်ပေးပါ၊ ဒါပေမယ့် မွေးရင်သွေးကို မွေး ဖျက်ဆီးတာလို့တော့ မစွပ်စွဲပါနဲ့ရှင်၊ မွေး မခံနိုင်လို့ပါ"

ထင် သူမ၏မျက်နှာပေါ်မှ မိုးကြည့်လိုက်သည်။

"ပြောရမှာပဲ၊ ဒါအဖြစ်မှန်ပဲ၊ မင်း ငါ့ကို မချစ်ဘဲ ယူခဲ့ရတဲ့အတွက် ငါ့ကို အရမ်းမုန်းနေတယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ငါနဲ့ရတဲ့ ငါ့ကလေးကို သတ်ပစ်တဲ့အထိ မုန်းနေရသလားကွာ၊ မင်း ရက်စက်လိုက်တာ ..."





ထင့်မျက်ရည်များက မွေး မျက်နှာပေါ် ပိုးပိုးပေါက်ပေါက် စီးကျ၍နေသည်။ ထင် သူမလက်မောင်းကနေ ကိုင်ပြီး လှုပ်ယမ်းနေမိသည်။ ဒက်ဒီက ထင့်ကို အနောက်မှ သိုင်းဖက်ပြီး

"ထင် ... တော်တော့၊ မွေး အရမ်းပင်ပန်းနေပြီ၊ သွေးနုသားနုကို ဒီလိုမလုပ်ရဘူး၊ သေသွားလိမ့်မယ်"

ထင် လွှတ်ပေးလိုက်သည်။ ဝမ်းနည်းငိုရှိုက်နေသော ပန်းမွေးခက္ခာကို ထင် ကျောခိုင်း စွန့်ခွာပစ်လိုက်တော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

* * *

ကုမ္ပဏီမှ မွေးကို ထုတ်ပယ်လိုက်သော သတင်းကို မွေး ကြားလိုက်ရသည်။

မွေး အဲ့ဒါတွေလည်း မက်မောမနေပေ။ မွေး ပြန် လိုချင်တာ မွေး တကယ် ချစ်တဲ့ ကိုကြီးကို ဖြစ်သည်။ မွေးကို ဒက်ဒီကတော့ လာတွေ့ခဲ့ပါသည်။

"ထင်လက်ျာရဲ့ ထင်ရာစိုင်းမှုတွေကို ဒက်ဒီလည်း ဒီအတိုင်း စောင့်ကြည့်နေရတယ်၊ ခုက ကုမ္ပဏီရဲ့ သူဌေးက သူပဲလေ သူ့အမိန့် သူ့ဆုံးဖြတ်ချက်ကိုပဲ ဒက်ဒီက ပြန်နာခံနေ တယ်၊ အဲ့ဒါကြောင့် မွေးကို Termination လုပ်ပစ်တဲ့ကိစ္စ ကို ဒက်ဒီ မတားနိုင်တာ ခွင့်လွှတ်ပါ သမီးရယ်၊ ထင့်စိတ် က အရင်က ဒီလောက်မဆတ်ပါဘူး၊ ဒါပေမယ့် ကလေး က သူ့မျှော်လင့်ချက်၊ သူ့ဘဝလို ဖြစ်နေတော့ သူ့ဘ





ပျက်သွားသလို ခံစားနေရလို့ပါ ...၊ သူ့ကို ပြန်အားပေး နိုင်မယ့်သူက မွေးပဲရှိတယ်၊ မွေး သူ့ကို လာခေါ်ပါလား ကွယ် ..."

မွေး မဝံ့ရဲစွာ ခေါင်းခါလိုက်ပါသည်။

"မဖြစ်နိုင်ပါဘူး ဒက်ဒီရယ်၊ ကိုကြီးက မွေးကို မုန်းနေတာ ပါ၊ မွေးကို သူ တကယ် စွန့်ပစ်လိုက်ပါပြီ ..."

မွေးမှာ ကိုယ့်ကိုယ်ကို ယုံကြည်ရဲဝံ့တဲ့ သတ္တိမျိုး လည်း မရှိပေ။

ကိုကြီးရဲ့ လက်ရာတွေ မလွှတ်တဲ့ ဒီအိမ်က ပစ္စည်း တွေနဲ့ အတူနေရသရွေ့၊ ကိုကြီးအရိပ်တွေ ပြည့်ညပ်နေတဲ့ ဒီအိမ် မှာ နေရသရွေ့ မွေး ကိုကြီးကို မေ့နိုင်မှာ မဟုတ်ပေ ...။

မွေးသည် ကိုကြီး ပေးထားသည့် ကားလေးထဲ ဝင် ထိုင်ရင်း အလွမ်းဖြေနေရလေသည်။

ကလေး စရတဲ့နေ့ကတည်းက ကားမမောင်းခိုင်းခဲ့ သဖြင့် မွေး ဒီကလေးကို မမောင်းရတာတောင် ကြာနေခဲ့ပြီ ...။

မွေး ကားစက်နှိုးလိုက်သည်။ ကားကလေးက မွေး စေရာကို ဦးတည်၍လာနေသည်။

မွေး ကိုယ်တိုင်ကတော့ ဘယ်ကိုသွားနေမှန်း ရေရေ ရာရာ မသိပေ။

မွေး သိလိုက်တာကတော့ မွေးရဲ့ ကားကလေး သိရိလကၤာ ခြံတံခါးရှေ့မှာ ရပ်ပြီး ဟွန်းတီးလိုက်မိခြင်းကို ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မွေး မောင်းမဝင်သွားနိုင်ဘဲ မျက်စိများ မှိတ်ထားခဲ့ရပါသည်။

❑ ❑ ❑

"စီးပွားရေးမှာ အရမ်းအောင်မြင်တဲ့ ငါ့သားကြီး၊ ဘဝမှာလည်း အောင်ပွဲခံနိုင်မှာပဲလို့ ငါထင်ခဲ့တာ မှားသွားတာကိုး၊ မင်း ဘာလို့ ရှုံးနိမ့်သလဲ သိလား ..."

ထင် ခေါင်းခါလိုက်ပါသည်။ ထင် အမြဲ ခေါင်းခါနေကြပဲဖြစ်ပါသည်။ ထင့်ကို မွေး ရှိနေသည့် အိမ်ကိုပဲ ပြန်ခိုင်းလေ့ရှိတာကြောင့် ထင်ကလည်း ပုံမှန် ခေါင်းခါနေခြင်း ဖြစ်သည်။

"သဘောထား မကြီးလို့ပဲ၊ မွေးလောက်တောင် သားက သဘောထား မကြီးဘူး၊ သားသာ မွေးနေရာမှာဆို အစားထိုး မရနိုင်တဲ့ သူ့အဖေနဲ့ အစ်ကိုကို ကားနဲ့တိုက်သတ်ခဲ့တဲ့ မိန်းမရဲ့ သားကို ခွင့်လွှတ်နိုင်ပါ့မလား"

ဒက်ဒီကို ထင် မော့ကြည့်လိုက်ပါသည်။ ထင့် မျက်ခုံးများ တွန့်ရှုံ့၍နေသည်။

"မာမီက ကားနဲ့ မွေးအဖေနဲ့ အစ်ကိုကို တိုက်ခဲ့တာ ဟုတ်လား ဒက်ဒီ"

"ဟုတ်တယ် ...၊ ထင့် မာမီကြောင့် မွေးမှာ အစားမရနိုင်တဲ့ အဖေနဲ့ အစ်ကို ဆုံးရှုံးခဲ့ရတာကို သိရက်နဲ့တောင်





မသိသလို နေခဲ့ပေးနိုင်တယ် ထင် ...၊ ခုကိစ္စက မွေး တမင်လုပ်တာမှမဟုတ်ဘဲ၊ တကယ့် မတော်တဆပါ ထင်၊ ပြီးတော့ အစားလည်း ပြန်ရနိုင်တာပဲ မဟုတ်လား"

ဒက်ဒီက ထင့်ကို ထားခဲ့ကာ အခန်းပြင်ထွက်သွားခဲ့သည်။

ထင် မှားသွားပြီဆိုတာကို ထင် သိလိုက်သည်။ ထင် မလှုပ်နိုင်လောက်အောင် တွေဝေ၍ သွားခဲ့လေပြီ။

ထင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေရာမှ ထင့် ကျောကုန်းကို တစ်စုံတစ်ရာက ဝင်ဆောင့်လိုက်ပြီးမှ ခါးကိုသိုင်းဖက်လိုက်မှန်း သိလိုက်သည်။

"ကိုကြီး မွေးကို ခွင့်လွှတ်ပါနော် ...၊ မွေးလေ တမင်ဖျက်ဆီးတာ မဟုတ်ပါဘူး၊ မွေးရဲ့ ရင်သွေးလေးကို ကိုကြီးနဲ့ပဲ ထပ်တူပဲ မွေးချစ်ခဲ့၊ မျှော်လင့်ခဲ့တာပါ၊ မွေးကို ယုံပေးပါ၊ မွေး ကိုကြီးကို အယ်တုန်းကမှ တကယ် မမုန်းခဲ့ပါဘူး၊ သိပ်ချစ်ခဲ့တာပါ၊ သိပ်ချစ်လို့ ဆိုးခဲ့တာပါ ကိုကြီးရယ်"

ထင့် ရင်ထဲမှာ အေးမြ၍သွားလေသည်။ ထင် ကြားချင်တာ ဒီစကားလေး တစ်ခွန်းပဲ ...။

ကြည့်စမ်း ... ဒီစကားလေးသာ ဟိုး အစကတည်းက ပြောခဲ့ရင် ခုလို အထင်လွဲနာကြည်းစရာလည်း ရှိခဲ့မည်မဟုတ်။

ထင် မျက်ရည်ကျ၍ နေသည်။

သို့သော် ... ထင် ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှု ကင်းမဲ့နေသော ထင့်လက်များက ထင့်ရင်ဘတ်ကို အနောက်မှ သိုင်းထားသော မွေး လက်ချောင်းကလေးများကို နွေးထွေးညင်သာစွာ ဆုပ်ကိုင်လိုက်ပါသည်။

❑ ❑ ❑

မွေး၏ ကြေကွဲ ဝမ်းနည်းစွာ ကျနေသော မျက်ရည်များသည် နွေးထွေးညင်သာသော ကိုကြီး လက်ကလေးတစ်ဖက်နှင့် အတွေ့တွင် ရုတ်ခြည်းပင် ဝမ်းသာလှိုက်လှဲသော မျက်ရည်များအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကျောက်ရုပ်ဆန်သော ခန္ဓာကိုယ်က တဖြည်းဖြည်းချင်း ညွှတ်ပြောင်းလာပြီး မွေးဘက်ကို လှည့်လာသည်။

မွေး မေးစေ့လေးကို လက်ချောင်းကလေးများဖြင့်ပင့်မော့စေကာ သူ့မျက်လုံးများနှင့် မွေးမျက်လုံးများကို ဆုံတွေ့စေပါသည်။

ကြည်လင်သော သူ့အကြည့်များတွင် တကယ့်ကိုတိမ်ကင်းစင်နေပြီ ဖြစ်သည်။ သူက မွေး မျက်ခွံကလေးကို ငုံ့နမ်းရှိုက်ကာ . . .

"ဟိုအရင်ကတည်းက ချစ်နေခဲ့တာပေါ့ . . ."

"အင်း . . ."

"ဒါနဲ့များ . . ."





ကိုကြီး ဆက်မပြောတော့ဘဲ ငြိမ်သက်၍သွားလေသည်။

ကိုကြီး မျက်နှာက အပေါ်စီးမှ တဖြည်းဖြည်း ငုံ့မိုး၍လာနေခဲ့ပြီ။

မွေး မျက်လုံးတွေ မှိတ်ထားခဲ့ပါသည်။

မွေးတို့ ဘယ်တော့မှ မမုန်းတော့ဘူးနော် ကို . . .။

**မဒီခင်လေး**



www.burmeseclassic.com